http://www.dhammadownload.com



ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၌

"၂၂" နှစ်အတွင်း နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲကြီးများတွင်

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဒီနှိုက်ကြားတော်မူသော

ဩဝါဒတော်များ

ပဉ္စ-နှစ်ပေါ်ကော်၊ မဟာစည်ဩဝါဒခံယူပူဇော်ပွဲ
အထိမ်းအမှတ်အဖြစ်၊ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလတွင်
ပထမအကြိမ်ထုတ်ဝေခဲ့ပါသည်။

သာသနာ - ၂၅၆၁ ကောဇာ - ၁၃၇၉ ခရစ် - ၂၀၁၇

(ဒုတိယအကြိမ်)

http://www.dhammadownload.com
MHS 000054

http://www.dhammadownload.com

ဗုဒ္ဓသာသနာနှင့်ဂဟာအဖွဲ့.ချုပ်၊ မဟာစည်သာသနာ့ဂိုဏ်သာ
ရန်ကုန်ပြို့.



ရန်ကုန်ပြို့၊ မဟာစည်သာသနာ့ဂိုဏ်သာ၌
"၂၃" နှစ်အထွင်း နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲကြီးများထွင်
ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ဒီနှိုးကြားတော်မူသော

ဩဝါဒတော်များ

ပဉ္စ-နှစ်ဖြောက်၊ မဟာစည်ဩဝါဒခံယူပူဇော်ပွဲ
အာထိဗ်းအမှတ်အပြစ်၊ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလတွင်
ပထမအကြိမ်ထုတ်ဝေခဲ့ပါသည်။

သာသနာ-၂၅၆၁ ဇကာဇ-၁၃၇၉ ခရစ်-၂၀၁၇

(ဒုတိယအကြိမ်)

http://www.dhammadownload.com

မဟာခေတ္တဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော
၃၃-နှစ်အတွင်းဩဝါဒတော်များ

ပထမအကြိမ် - ၁၃၇၄ ခုနှစ်၊ နတ်တော်လ
၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ၊
အုပ်ရေ (၂၀၀၀)

ဒုတိယအကြိမ် - ၁၃၇၉-ခုနှစ်၊ ကဆုန်လ
၂၀၁၇ -ခုနှစ်၊ ဇွန်လ
အုပ်ရေ (၁၀၀၀)

ရောင်းဈေးနှုန်း - (၈၀၀) ကျပ်

©၂၀၁၇-ခုနှစ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
မဟာစည်သာသနာ့ရိပ်သာမူပိုင်
ဤစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊
တစ်အုပ်လုံးကိုဖြစ်စေ ထုတ်ဝေသူ၏ စာဖြင့်
ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ကူးယူပုံနှိပ်ဖြန့်ဝေခွင့်ရှိပါသည်။

ထုတ်ဝေသူနှင့် ဖြန့်ချိရေး
ဦးစံထူး (၀၁၂၇၉)
အတွင်းရေးမှူး
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၄၅၄၆၉၊ ၅၄၁၉၇၁
ပုံနှိပ်တိုက်
ယူနစ်ပုံနှိပ်တိုက်
အမှတ်(၂၂၉)၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၀၉ ၇၉၅၂၇၀၇၉၈

http://www.dhammadownload.com



ဆဋ္ဌသင်္ဂါတိပုစ္ဆက ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဂူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိအကျဉ်း က

၂။ ဒုတိယအကြိမ်ပုံနှိပ်အတွက်ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင့်စိုးလင်း၏
အမှာစာ ..... ၌

၃။ ပထမအကြိမ်ပုံနှိပ်အတွက်ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းထိန်၏ အမှာစာ ..... ပ

၄။ မင်္ဂလာဦးအောင်မြင့်၏ နိဒါန်း..... ၁
- မဟာစည်ဩဝါဒကထာပေါင်းချုပ်ရှင်းလင်းချက် . ၃

၅။ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၌ ဝိပဿနာ
ကမ္မဋ္ဌာန်း စတင်ပြခဲ့သည်မှ ၂၅-နှစ်အတွင်း နှစ်ပတ်လည်
မဟာစည်ဩဝါဒကထာပေါင်းချုပ် ၄-၆၀
(၁၃၁၂-ခု၊ နတ်တော်လပြည့်မှ ၁၃၃၆-ခု၊
နတ်တော်လဆန်း ၉-ရက်နေ့.) (၁၉၅၀-ခု၊
ဒီဇင်ဘာလ ၂၄ရက်၊ နေ့မှ ၁၉၇၄-ခု၊
ဒီဇင်ဘာလ ၂၂ရက်နေ့.)

- ဟောကြားသောတရားတော်များ

အကြိမ်	ဟောကြားသောနေ့နှင့်တရားတော်
၁	၁၃၁၂-ခု၊နတ်တော်လပြည့် (၂၄. ၁၂. ၅၀)
	ယမှာ ဓမ္မံ ဂါထာ
၂	၁၃၁၃-ခု၊ ပြာသိုလဆုတ်(၈)ရက်(၁၉. ၁. ၅၂)
	မဟာ ပစ္စဝေက္ခဏာ (၇)ပါး
၃	၁၃၁၄ခု၊နတ်တော်လဆုတ်(၄)ရက်(၅. ၁၂. ၅၂)
	မဟာ ပစ္စဝေက္ခဏာ (၇)ပါး

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄	၁၃၁၅ခုနှစ်တော်လဆုတ်(၇)ရက်(၂၈. ၁၂. ၅၃) ဩဝါဒ ပါတိမောက်တရားတော်	
၅	၁၃၁၆-ခုနှစ်တော်လဆုတ်(၂)ရက်၊(၁၂. ၁၂. ၅) ဩဝါဒ ပါတိမောက်တရားတော်	
၆	၁၃၁၇-ခုနှစ်တော်လဆန်း(၄)ရက် (၁၈. ၁၂. ၅၅) ဩဝါဒ ပါတိမောက်တရားတော်	
၇	၁၃၁၈-ခုနှစ်တော်လဆန်း(၇)ရက် (၉. ၁၂. ၅၆) ဩဝါဒ ပါတိမောက်တရားတော်	
၈	၁၃၁၉-ခုနှစ်တော်လဆန်း(၂)ရက် (၂၃. ၁၁. ၅၇) ဩဝါဒ ပါတိမောက်တရားတော်	
၉	၁၃၂၀-ခု၊ နှစ်တော်လဆန်း(၁၁)ရက်(၂၁. ၁၂. ၅၈) ကုမ္ဘကာပမံဂါထာ	
၁၀	၁၃၂၁-ခုနှစ်တော်လဆန်း(၁၁)ရက်(၁၃. ၁၂. ၅၉) မဟာပစ္စဝေက္ခဏာနှင့်ကုမ္ဘကာပမံဂါထာ	
၁၁	၁၃၂၂-ခုနှစ်တော်လဆုတ်(၂)ရက်(၄. ၁၂. ၆၀) စက္ကဝတ္တိသုတ်	
၁၂	၁၃၂၃-ခုနှစ်တော်လဆုတ်(၂)ရက်(၂၄. ၁၂. ၆၁) သီလဝန္တသုတ်	
၁၃	၁၃၂၄-ခုနှစ်တော်လဆန်း(၁၂)ရက်(၂၃. ၁၂. ၆၂) မဟာပစ္စဝေက္ခဏာသုတ်	
၁၄	၁၃၂၅-ခုနှစ်တော်လဆုတ်(၁)ရက်(၁. ၁၂. ၆၃) ပဋိပတ္တိပူဇာနာကာရတရားတော်	
၁၅	၁၃၂၆-ခုနှစ်တော်လဆုတ်(၁)ရက်(၂၀. ၁၂. ၆၃) ပဋိပတ္တိပူဇာနာကာရတရားတော်	
၁၆	၁၃၂၇-ခုနှစ်တော်လဆုတ်(၄)ရက်(၁၂. ၁၂. ၆၅) အရိယာပုဂ္ဂိုလ်တရားတော်	

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇	၁၃၂၈-ခု၊နတ်တော်လဆန်း(၆)ရက်(၁၈. ၁၂. ၆၆) အရိယာ(၇)ပါးတရားတော်	
၁၈	၁၃၂၉-ခု၊နတ်တော်လဆုတ်(၁)ရက်(၁၇. ၁၂. ၆၇) အရိယာ (၇)ပါးတရားတော်	
၁၉	၁၃၃၀-ခု၊ပြာသိုလဆန်း(၄)ရက်(၂၂. ၁၂. ၆၈) အနုမောဒနာသြဝါဒတရားတော်	
၂၀	၁၃၃၁-ခု၊ပြာသိုလဆန်း(၁၂)ရက်(၁၉. ၁၂. ၆၉) ဓမ္မဒါယဒသုတ်တရားတော်	
၂၁	၁၃၃၂-ခု၊နတ်တော်လပြည့် (၁၃. ၁၂. ၇၀) ဓမ္မဒါယဒသုတ်တရားတော်	
၂၂	၁၃၃၃-ခု၊နတ်တော်လဆုတ်(၃)ရက်(၁၅. ၁၂. ၇၁) အနာဂတ်ဘေးငါးပါးတရားတော်	
၂၃	၁၃၃၄-ခု၊နတ်တော်လဆုတ်(၄)ရက်(၂၄. ၁၂. ၇၂) သြဝါဒတရားတော်	
၂၄	၁၃၃၅-ခု၊နတ်တော်လပြည့် (၉. ၁၂. ၇၃) ဂေါလိယာနိသုတ်တရားတော်	
၂၅	၁၃၃၆-ခု၊နတ်တော်လဆန်း(၉)ရက်(၂၂. ၁၂. ၇၄) သြဝါဒတရားတော်	
၂၆	၁၃၃၇-ခု၊နတ်တော်လဆန်း(၄)ရက်(၁၂. ၁၂. ၇၅) သြဝါဒကထာ	
၃၂	၁၃၄၃-ခု၊နတ်တော်လဆုတ်(၁)ရက်(၁၂. ၁၂. ၈၁)	
(၁) ၁၃၁၂-ခုနှစ်၊ ယမှာ ဓမ္မံ ဂါထာတရားတော်. . . ၄		
(၂) ၁၃၁၃-ခုနှစ်၊ မဟာပစ္စဝေက္ခဏာ		
(၇) ပါးတရားတော်. ၅		

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

(၃) ၁၃၁၄-ခုနှစ်၊ ယင်းတရားပင်ထပ်ဟောသည်. . . ၁၀

(၄) ၁၃၁၅-ခုနှစ်၊ သြဝါဒပါတိမောက်တရားတော်. . ၁၁

(၅) ၁၃၁၆-ခုနှစ်၊ ယင်းတရားပင်ထပ်ဟောသည်. . . ၁၃

(၆) ၁၃၁၇-ခုနှစ်၊ ယင်းတရားနှင့် အကျဉ်းချုပ်
သြဝါဒသုံးပါး ၁၄

(၇) ၁၃၁၈-ခုနှစ်၊ ယင်းတရားနှင့် ကုမ္ဘကုပမံဂါထာ
တရားတော် ၁၅

(၈) ၁၃၁၉-ခုနှစ် ယင်းတရားနှင့်အရှင်မဟာကဿပ
ရရှိသော သြဝါဒတော်သုံးပါး ၁၆

(၉) ၁၃၂၀-ခုနှစ်၊ ကုမ္ဘကုပမံဂါထာတရားနှင့်
သြဝါဒသုံးပါး ၂-ရပ်. ၁၇

(၁၀) ၁၃၂၁-ခုနှစ်၊ မဟာပစ္စဝေက္ခဏာစသည်. . . ၁၉

(၁၁) ၁၃၂၂-ခုနှစ်၊ စက္ကဝတ္တိတရားတော်. ၂၀

(၁၂) ၁၃၂၃-ခုနှစ်၊ သီလဝန္တ- သုတဝန္တသုတ်
တရားတော် ၂၄

(၁၃) ၁၃၂၄-ခုနှစ်၊ မဟာပစ္စဝေက္ခဏာစသည်. . . ၂၆

(၁၄) ၁၃၂၅-ခုနှစ်၊ ပဋိပတ္တိပူဇနာဂါရတရားတော်. . ၂၇

(၁၅) ၁၃၂၆-ခုနှစ်၊ ယင်းတရားပင်ထပ်ဟောသည်. . ၃၁

(၁၆) ၁၃၂၇-ခုနှစ်၊ အရိယာပုဂ္ဂိုလ်တရားတော် . . . ၃၂

(၁၇) ၁၃၂၈-ခုနှစ်၊ အရိယာ (၇)ပါးတရားတော် . . ၃၆

(၁၈) ၁၃၂၉-ခုနှစ်၊ အရိယာပုဂ္ဂိုလ်တရားတော်ပင်
ထပ်ဟောသည်. ၃၉

(၁၉) ၁၃၃၀-ခုနှစ်၊ ကျောင်းအနုမောဒနာနှင့် သြဝါဒ ၄၀

(၂၀) ၁၃၃၁-ခုနှစ်၊ ဓမ္မဒါယဒသုတ်တရားတော် . . . ၄၄

http://www.dhammadownload.com

စဉ် အကြောင်းအရာ စာမျက်နှာ

(၂၁) ၁၃၃၂-ခုနှစ်၊ အကျယ်ဝေဖန်ချက်နှင့်
ယင်းတရားတော်ပင် ၄၇

(၂၂) ၁၃၃၃-ခုနှစ်၊ အနာဂတဘယ
သုတ္တန်တရားတော် ၅၁

(၂၃) ၁၃၃၄-ခုနှစ်၊ ယင်းတရားတော်ပင်
ထပ်ဟောသည် ၅၄

(၂၄) ၁၃၃၅-ခုနှစ်၊ ဂေါလိယာနိသုတ် ရဟန်းကောင်း
ကျင့်စဉ်တရားတော် ၅၅

(၂၅) ၁၃၃၆-ခုနှစ်၊ သြဝါဒပါတိမောက်နှင့်
ယင်းဂါထာတို့အနက် ၅၇

၆။ ၁၃၃၄-ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက်
(၂၄.၁၂.၁၉၇၂) ဓနု.တွင်ကျင်းပသော ၂၃-ကြိမ်မြောက်
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲ အကြိုဓနု.တွင်
ဟောကြားတော်မူသော သြဝါဒတရားတော်များ ၆၁-၈၁
(၁) ဝိနည်းကိုအလေးပြုရေး ၆၂
(၂) တရားအလေးပြုရေး ၆၇
(၃) နည်းလမ်းမှန်ကန်ကျနရေး ၆၈
(၄) အရှည်တည်တံ့ရေး ၆၉
(၅) အညီအညွတ်ဆောင်ရွက်ရေး ၇၀
(၆) နောက်နှစ်အတွက်အစီအစဉ် ၇၇
(၇) ဟောပြောရေးအတွက်အကြံပေးကြရန် ... ၇၉

http://www.dhammadownload.com

၇။ ၁၃၇၅-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်
(၈.၁၂.၁၉၇၃)နေ့တွင်ကျင်းပသော ၂၄-ကြိမ်မြောက်
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲ အကြိုနေ့တွင်
ဟောကြားတော်မူသော သြဝါဒကထာ ၈၃-၁၃၃
(၁) ဝိနည်းကိုအလေးပြုရေး ၈၅
(၂) တရားအလေးပြုရေး..... ၉၂
(၃) နည်းလမ်းမှန်ကန်ကျနရေး ၉၄
(၄) အရှည်တည်တံ့ရေး ၁၀၀
(၅) အညီအညွတ်ဆောင်ရွက်ရေး ၁၀၁
(၆) နောက်နှစ်အတွက်အစီအစဉ် ၁၁၅
(၇) ဟောရေး၊ ပြောရေးစသည်အတွက်
ညွှန်ကြားရေး ၁၂၄
၈။ ၁၃၇၇-ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက်
(၂၁.၁၂.၁၉၇၅) နေ့တွင်ကျင်းပသော ၂၆-ကြိမ်မြောက်
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
ဟောကြားတော်မူသော သြဝါဒကထာ ၁၃၅-၁၆၈
(၁) အခြေခံစကား ၁၃၅
(၂) မြော်လင့်ယုံကြည်ခဲ့တဲ့အတိုင်းမဟုတ်ဘူး .. ၁၃၆
(၃) အစကောင်းပေမဲ့အနှောင်းချွတ်ယွင်း ၁၃၇
(၄) ဝိကာလဘောဇနသိက္ခာပုဒ်..... ၁၃၈
(၅) ညစာမစားခြင်းအကျိုး ၁၃၉
(၆) ဝိနည်းအလေးပြုရေး ၁၄၁
- အရုဏ်တက်သတိပြုရန် ၁၄၃
- သင်္ကန်းရုံသွားဖို့..... ၁၄၆

http://www.dhammadownload.com

- ရွှေငွေကို အပြစ်ကင်းအောင်အလှူခံဖို့ . . ၁၄၇
- အကပ်ခံရေး ၁၄၉
- ကမ္မဋ္ဌာန်းဋ္ဌာနနှင့် နစ္စ, ဂီတ ၁၅၀
(၇) တရားအလေးပြုရေး ၁၅၀
- မင်္ဂိုလ်ရအောင်ညွှန်ပြဖို့. ၁၅၂
- ရဟန်းတော်နှင့်နတ်ကန်တော့ပွဲ ၁၅၃
(၈) အရှည်တည်တံ့ရေး ၁၅၅
- ကမ္မဋ္ဌာန်းကျောင်းများ မူလရည်ရွယ်ချက်
မပျောက်အောင်. ၁၅၆
- သံယောဇဉ်မမွေးဖို့. ၁၅၈
- သိမ်ထပ်၊ ကံထပ်ခြင်း ၁၅၉
(၉) အညီအညွတ်ဆောင်ရွက်ရေး ၁၆၀
- တစ်မြို့တည်းကမ္မဋ္ဌာန်းဋ္ဌာနတူ. ၁၆၂
(၁၀) နောက်နှစ်အတွက်အစီအစဉ် ၁၆၃
(၁၁) ဟောပြောရေးစသည့်အတွက်ညွှန်ကြားရေး ၁၆၅
- ဉာဏ်စဉ်တရားနာခွင့်. ၁၆၆

၉။ ၁၃၄၃-ခုနှစ်၊ နတ်တော်လဆုတ် (၁)ရက်
(၁၂.၁၂.၁၉၈၁)နေ့.တွင်ကျင်းပခဲ့သော ၃၂-ကြိမ်မြောက်
နှစ်ပတ်လည်ပွဲ အကြိုနေ့.တွင် ဟောကြားတော်မူသော
ဩဝါဒကထာ ၁၆၉-၁၉၃

****

http://www.dhammadownload.com

မဟာစည်ဆရာတော်ဘုရားကြီး၏ ဇရပ်တိုအကျဉ်း

မဟာစည်ဆရာတော် လောင်းလျာ သားရတနာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘို မြို့နယ်၊ ဆိပ်ခွန် ကျေးရွာ ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်အုပ်တို့က သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ (၂၉-၇-၁၉၀၄) သောကြာနေ့၊ နံနက်(၃း၀၀)နာရီအချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သား ရတနာဖြစ်ပါသည်။ ငယ်မည်မှာ **"မောင်သွင်"** ဖြစ်သည်။

၁၂၇၂-ခုနှစ် (၁၉၁၀-ခု) ၆-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ အင်ကြင်းတောတိုက်၊ ပျဉ်းမနား ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စထံတွင် အခြေခံစာပေများ သင်ကြားခဲ့ပါသည်။ ၁၂၇၈-ခုနှစ် (၁၉၁၆-ခု) ၁၂-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်း ငယ်ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စထံမှာပင် ခမည်းတော် မယ်တော်များ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ **"ရှင်သောဘန"** ဖြစ်ပါသည်။ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်း

http://www.dhammadownload.com

(ခ)

လပြည့်ကျော် (၄)ရက်၊ (၂၆-၁၀-၁၉၂၃) ဗုဒ္ဓဟူးနေ့ နံနက် (၈း၀၀)နာရီအချိန်တွင် အင်ကြင်းတောတိုက် ခဏ္ဍာသိမ်တော်တွင် ဦးအောင်ဘော်+ဒေါ်သစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ထန်းစင်ရွာ၊ သုမေဓာကျောင်း ဆရာတော် ဘဒ္ဒန္တနိမ္မလထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၈၆-ခုနှစ် (၁-၉-၁၉၂၅) ရဟန်း၀ါမရမီ အစိုးရပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ၁၂၈၈-ခုနှစ် (၁၉၂၇)တွင် ပထမလတ်တန်း၊ ၁၂၈၉-ခုနှစ် (၁၉၂၈)တွင် ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၀၃-ခုနှစ်၊ (၁၉၄၂)တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲကို ကျမ်းရင်း (၃)ကျမ်းနှင့်တကွ ဂုဏ်ထူး(၅)ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော် မူခဲ့သဖြင့် **ဘဒ္ဒန္တသောဘန (သာသနာဓဇ သိရီပ၀ရဓမ္မာစရိယ)** ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော် မူခဲ့သည်။

၁၂၉၀-ခုနှစ် (၁၉၂၉)၊ ငယ်ဆရာများနှင့်တကွ မန္တလေးမြို့ အနောက်ပြင်၊ ခင်မကန်ကျောင်းတိုက်၊ ဘွားတော်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက် ချမ်းသာကြီးတိုက်ဆရာတော်

http://www.dhammadownload.com

ဘဒ္ဒန္တလက္ခဏာ၊ ခင်မကန်တိုက် သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ စသော ပရိယတ္တိအကျော်အမော် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာစာပေ ကျမ်းစာများကို ဆည်းပူးလေ့လာ သင်ယူတတ်မြောက်တော်မူခဲ့သည်။ ၁၂၉၁-ခုနှစ် (၁၉၃၀) ဝါဆိုလတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးတိုက်ကျောင်းမှ မိမိ၏ ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စမထေရ်က ခေါ်ယူတော်မူသောကြောင့် သွားရောက်ပြီးလျှင် ထိုကျောင်းတိုက်ရှိ ရဟန်း, သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူသည်။

၁၂၉၃-ခုနှစ် (၁၉၃၂) ပြာသိုလတွင် သမထ၊ ဝိပဿနာ တရားအားထုတ် ကျင့်သုံးလိုသောကြောင့် သီတင်းသုံးဖော် ဘဒ္ဒန္တ တေဇိန္ဒြနှင့် ဇင်းကျိုက်၊ သထုံ၊ ကလာသ၊ မြသပိတ်တောင်၊ ကျိုက်ထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဦးအုန်းခိုင်တောကျောင်း စသည့်နေရာတို့တွင် ကမ္မဋ္ဌာန်းနည်းများကို ကျင့်သုံးစူးစမ်းလေ့လာရင်းမှ နောက်ဆုံး၌ သထုံမြို့၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရား ကြီးထံတော်၌ သတိပဋ္ဌာန် ရှုမှတ်နည်းများကို နည်းခံကျင့်သုံး ခဲ့ပါသည်။ ၁၂၉၄-ခုနှစ် (၁၉၃၃) ဝါဆိုလဆန်း (၇)ရက်နေ့တွင် မိမိဆရာဖြစ်တော်မူသော ဘဒ္ဒန္တအာဒိစ္စ

http://www.dhammadownload.com

(ဃ)

မထေရ်မြတ် မကျန်းမာကြောင်း အကြောင်းကြားသဖြင့် သထုံမှ မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းသို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်။

၁၃၀၀-ပြည့်နှစ် (၁၉၃၈-ခု၊ မေလ)တွင် ဇာတိမြေဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ညီဖြစ်သူ ကွယ်လွန်သဖြင့် ပြန်ကြွခဲ့သည်။ (၇)လတိတိ သီတင်းသုံးနေထိုင်လျက် မိမိဆွေမျိုးဦးထွန်းအေး၊ ဦးဖိုးချို၊ ဆရာကြွ(၃)ဦးတို့အား သတိပဋ္ဌာန်ဝိပဿနာတရားကို စတင်၍ ဟောကြားပြသတော်မူခဲ့ပါသည်။ ထို့နောက် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ပြန်ကြွပါသည်။ ၁၃၀၃-ခုနှစ် (၁၉၄၁-ခု)၊ နတ်တော်လတွင် ဒုတိယ ကမ္ဘာစစ်ကြောင့် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းမှ ဇာတိ ဆိပ်ခွန်ရွာသို့ တစ်ဖန်ပြန်လည် သီတင်းသုံး နေထိုင်တော်မူသည်။ ထိုနှစ်တွင် သတိပဋ္ဌာန်ဝိပဿနာတရားကို ဆက်လက်ဟောပြ ညွှန်ကြားရာ တရားအားထုတ်ကြသော ယောဂီများ တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာပြီး ဆိပ်ခွန်ကျေးရွာတွင် ယောဂီများ တရားအားထုတ်ရန်(ချိန်တွင်) နှီးဆော်တီးခတ်လေ့ရှိသည့် (ကြီးမားသော စည်ကြီးကိုအကြောင်းပြု၍) မှည့်ခေါ်ထားသော မဟာစည်ကျောင်းတွင် သီတင်းသုံးသဖြင့် **"မဟာစည် ဆရာတော်"** ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

http://www.dhammadownload.com

၁၃၀၅-ခုနှစ် (၁၉၄၄-ခု)တွင် စာမျက်နှာ(၉၅၀)ခန့်ရှိသော ဝိပဿနာရှုနည်းကျမ်းကြီး (ပ/ဒု)ကို (၇)လ အတွင်းမှာပင် ရေးသား ပြုစုခဲ့ပြီး အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ဖြန့်ချိပေးခဲ့ရပါသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ကျမ်း (၄)တွဲနှင့် အခြားဟောကြား ရေးသားသော ကျမ်းပေါင်း(၈၀)ကျော် ရေးသားပြုစုတော်မူခဲ့ ပါသည်။

၁၉၄၇-ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိနှင့်ပဋိပတ္တိသာသနာတော်ကြီးကို တိုးတက်ပြန့်ပွားစေရန် ရည်သန်လျက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဆာဦးသွင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ရန်ကုန်မြို့၌ တည်ထောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဆာဦးသွင်က ရန်ကုန်မြို့ ဗဟန်းရှိ မြေငါးဧကကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးလှူကာ မဟာစည်သာသနာ့ရိပ်သာကြီးကို ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ယခုအခါ ရိပ်သာကြီးသည် ဧက နှစ်ဆယ်အထိ ကျယ်ပြန့်လျက်ရှိပြီး ဓမ္မာရုံကျောင်းဆောင်ကြီးများ၊ နာယကကျောင်းဆောင်များ၊ ရဟန်း, ရှင်, လူ, အမျိုးသား, အမျိုးသမီးယောဂီ ကျောင်းဆောင်များဖြင့် တိုးတက်ကြီးပွားလျက် ရှိပါသည်။

၁၉၄၉ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုနှင့် ဆာဦးသွင်တို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအား

http://www.dhammadownload.com

ဝိပဿနာတရားတော်များ ဟောကြားပြသပေးတော်မူရန် ရန်ကုန်မြို့သို့ ပင့်ဆောင်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် မဟာစည်ဆရာတော်ကြီးသည် ပထမဆုံးအကြိမ် အဖြစ် ယောဂီ (၂၅) ယောက်တို့အား ဝိပဿနာတရားတော်များ ဟောကြားပြသ ပေးတော်မူခဲ့ပါသည်။ နှစ်အနည်းငယ်အတွင်း မဟာစည်တရား ရိပ်သာများသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဖွင့်လှစ်နိုင်ခဲ့ရာ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ရိပ်သာပေါင်း (၆၈၃) ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများတွင်လည်း အလားတူ ရိပ်သာများဖွင့်လှစ်ပြီး ဆရာတော်ကြီး၏ ဝိပဿနာ နည်းလမ်းအတိုင်း ပြသဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မဟာစည်နည်းဖြင့် ဝိပဿနာ တရားရှုမှတ် အားထုတ်ပြီးသည့် ပြည်တွင်း/ပြည်ပ ယောဂီအရေ အတွက်မှာ ၄,၈၁၅,၈၄၄ ရှိပါသည်။

သာသနာ့ရိပ်သာကြီးသို့ ရောက်ပြီးနောက် (၄)နှစ် ကျော်ကြာ ၁၃၁၅-ခုနှစ်၊ ၁၉၅၄-ခုနှစ်တွင် မဟာစည်ဆရာတော် ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် တို့ကို ကြည်ညိုလေးစား၍ နိုင်ငံတော်အစိုးရက လှူဒါန်းဆက်ကပ်သော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ၁၃၁၆ ခုနှစ် (၁၇. ၅. ၁၉၅၄) ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စတင်၍ ကျင်းပခဲ့ရာ (၂)နှစ်ခန့် ကြာအောင် ကျင်းပခဲ့ရာတွင် မဟာစည်ဆရာတော် ဘုရားကြီး သည် အလွန်အရေးပါသော အခန်းကဏ္ဍာမှ ပါဝင်ဆောင်ရွက် တော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နောက်ဆုံး တည်းဖြတ် စစ်ဆေးရသော ဩသာန သောဓေယအဖွဲ့တွင်ပါဝင်ပြီး ပါဠိအဋ္ဌကထာများကို ရွတ်ဆို၍ အတည်ပြုတော်မူခဲ့ပါသည်။ ထို့အပြင် မဟာစည် ဆရာတော်သည် အမေး(ပုစ္ဆက) ဆရာတော်အဖြစ် ပါဝင်၍လည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုအမေး(ပုစ္ဆာ)များကို ပိဋကသုံးပုံ အာဂုံဆောင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသက ဖြေကြား ပေးတော်မူခဲ့ပါသည်။

အရေးပါသော အခန်းကဏ္ဍကို ရေးသားဖော်ပြရမည်ဆို လျှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပထမ သံဂါ ယနာတင်တော်မူစဉ်က အရှင်မဟာကဿပ မဟာထေရ်မြတ်က အမေး(ပုစ္ဆက)အဖြစ် ဆောင်ရွက်တော်မူပြီး အရှင်ဥပါလိနှင့် အရှင်အာနန္ဒာ မထေရ်မြတ်တို့က ရွတ်ဆိုဖြေကြား၍ ပထမ သံဂါယနာ တင်တော်မူခဲ့ကြပါသည်။ ထိုနည်းအတိုင်း ပိဋကသုံးပုံ ပါဠိတော်များကို ရွတ်ဆို၍ သံဂါယနာတင်တော်မူပြီး

http://www.dhammadownload.com

နောက် အဋ္ဌကထာ ဋီကာတို့ကို မဟာစည်ဆရာတော် ဦးဆောင်၍ တည်းဖြတ်သုတ်သင် စစ်ဆေးကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ ကြပါသည်။ ထိုကြီးမားသော လုပ်ငန်းတာဝန် များကိုလည်း အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ဆောင်ရွက်ပေးတော် မူခဲ့ပါသည်။

ဆရာတော်ကြီးအနေဖြင့် တရားစာအုပ်ပေါင်း (၁၀၀) ကျော် ပြုစုရေးသားခဲ့ရာ ၎င်းအနက် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကို ပြုစုခဲ့ရာ ၁၃၂၈-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၂၃-၂-၁၉၆၇) နေ့ကမှ ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ နှစ်အားဖြင့်ဆိုလျှင် (၆) နှစ်ကျော် ကြာခဲ့လေသည်။ နိဿယ စာမူချောကို ၁၃၂၈-ခုနှစ် မှစ၍ ပုံနှိပ်စေခဲ့ရာ ပထမတွဲထွက်ပေါ် လာခဲ့သည်။ ၁၃၂၉-ခုနှစ်၊ (၁၉၆၈) တွင် ဒုတိယတွဲ၊ ၁၃၂၉-ခု၊ ၁၉၆၈ ခုနှစ်တွင် တတိယတွဲ၊ ၁၃၃၀-ခုနှစ် (၁၉၆၉)တွင် စတုတ္ထတွဲကို ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းကို ထုတ်နုတ်၍ **"ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယွန္တရပိုင်း ဂဏ္ဌိနိဿယ"** ဟူသော အမည်ဖြင့် ရေးသား ထုတ်ဝေ ဖြန့်ချိခဲ့ပြီး ဖြစ်လေသည်။

မဟာစည်ဆရာတော်သည် ကမ္ဘာ့နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ (သီဟိုဠ်) နိုပေါ၊

http://www.dhammadownload.com

အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန် စသည့် အာရှနိုင်ငံများ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသည့် အမေရိက ဥရောပ နိုင်ငံများသို့ ကြွရောက်တော်မူပြီး၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသ၍ ကမ္ဘာကိုထေရဝါဒ ဗုဒ္ဓသာသနာပြုတော်မူခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း မဟာစည်သတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း လက်ခံပြသလျက်ရှိသော ရိပ်သာများ၊ တရား ဌာနများလည်း တိုးပွားလျက်ရှိသည်။ ရန်ကုန်နှင့်မန္တလေးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး၏ သင်ရိုးညွှန်းတမ်းတွင် ပရိယတ္တိစာပေ စာတွဲ့သင်ကြားပြီး၍ ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာကြီးတွင် လက်တွဲ့တရားအားထုတ်ပြီးမှသာ ဘွဲ့လက်မှတ်တော် ဆက်ကပ်တော်မူပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန်ရှားပါးသော ဥပဓိရုပ်မြင့်မား၍ ထူးချွန်ထက်မြတ် သာလွန်သော အာသိဉာဏ်၊ ထူးခြားလေးနက်သော ဝိပဿနာဉာဏ်ရည်များနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်ပြီး မြတ်ဗုဒ္ဓဟောကြားခဲ့သော သတိပဋ္ဌာန် တရားများကို လက်တွဲ့ကျင့်သုံးအားထုတ်ပြီးလျက် ပရိယတ္တိ, ပဋိပတ္တိ နှစ်ရပ်စုံညီစွာဖြင့် တရားတော်များကို ဟောကြား၍ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကျွမ်းကျင်စွာ ပြသပေး

http://www.dhammadownload.com

တော်မူနိုင်သည်။

ဆရာတော်ဘုရားကြီး၏ ဘဝသက်တမ်းတစ်လျှောက်လုံး ဟောကြားပြသ၊ ရေးသားခဲ့သော ဝိပဿနာ တရားတော်များသည် အရှေ့အနောက် ကမ္ဘာတစ်ခွင်သို့ ပြန့်နှံ့၍ ထောင်ပေါင်းများစွာသော လူသားအပေါင်းအား ဝိပဿနာအကျိုးတရားများဖြစ်ပွား စေပါသည်။ ဆရာတော်ဘုရားကြီး၏ လက်တွေ့ကျင့်သုံးအားထုတ်ခဲ့သော ဝိပဿနာလုပ်ငန်းများနှင့် တစ်ဘဝလုံး ဆောင်ရွက်ခဲ့သော ဓမ္မလုပ်ငန်းများအရ ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထူးချွန်ထက်မြတ်သော ထိပ်တန်းပုဂ္ဂိုလ်တို့၏ စာရင်းတွင် မဟာစည်ဆရာတော်ဘုရားကြီးမှာ ပါဝင်လျက်ရှိပါသည်။

၁၉၈၂-ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့ ညနေပိုင်းတွင် မဟာစည်ဆရာတော် ဘုရားကြီးသည် ယောဂီ အသစ်များအား အလုပ်ပေးတရား ဟောကြားပြီး ညပိုင်းတွင် လေဖြတ်ရောဂါဝေဒနာ Severe Stroke ဖြစ်ပေါ်ခဲ့ပြီး သက်တော်(၇၈)နှစ်၊ သီကျွာတော် (၅၈)ဝါ၊ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်(၁၀)ရက်၊ (၁၄-၈-၁၉၈၂) စနေနေ့ မွန်းလွဲ(၁း၃၆)နာရီအချိန်တွင် မဟာစည် စံကျောင်းတော်၌ စံလွန်တော်မူခဲ့ပြီး အန္တိမအဂ်ိုဈာပနကို (၂၀-၈-၁၉၈၂) နေ့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပူဇော်ခဲ့ပါသည်။

(၂၀၁၇- ခုနှစ် မတ်လတွင် ပြင်ဆင်ပြုစုထားပါသည်။)

http://www.dhammadownload.com

ဗုဒ္ဓသာသနာနှဂ္ဂဟာအပွဲ.စျုပ်
ဥက္ကဋ္ဌကြီး ဒေါက်တာတင်စိုးလင်း၏
ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေသော
"သြဝါဒတော်များ" စာအုပ်အတွက်အမှာစာ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ်၊ (၄.၁၂.၁၉၄၉)ခု၊ "မဟာစည်သတိပဋ္ဌာန်လုပ်ငန်းစဉ်ကြီး" ကို ချမှတ်၍ ပဋိပတ္တိသာသနာစတင်ပြီး ပြုတော်မူခဲ့ပါသည်။ ၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်နေ့. (၂၄.၁၂.၁၉၅၀)တွင်၊ ပထမအကြိမ်ကျင်းပပြုလုပ်သော နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲမှစ၍ ၁၃၁၇-ခု၊ နတ်တော်လဆုတ် (၄)ရက်၊ (၂၁.၁၂.၁၉၅၅) နေ့တွင် ကျင်းပသော (၂၆)ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲအထိ၊ ၂၆-နှစ်တာ မိန့်ကြားခဲ့သောသြဝါဒတော်များနှင့် ဆရာတော်ဘုရားကြီး စံလွန်တော်မမူမီ ၁၃၄၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက် ၊ (၁၂.၁၂.၁၉၈၁) နေ့၌ ကျင်းပပြုလုပ်သော ၃၂-ကြိမ်မြောက်၊ သြဝါဒခံယူပူဇော်ပွဲတွင် သြဝါဒတော်များကို မိန့်ကြားခဲ့ပါသည်။ ၎င်းသြဝါဒတော်များကို (၁၉၄၉-မှ၊ ၁၉၈၁-ခုနှစ်) ၃၃-နှစ်အတွင်း မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။ ယင်းသြဝါဒတော်များကို မပျောက်မပျက်စေရန်စုစည်း၍ ၁၃၇၄-ခုနှစ်၊

http://www.dhammadownload.com

နတ်တော်လ၊ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသော (၆၃)နှစ်မြောက် မဟာစည်သြဝါဒခံယူပူဇော်ပွဲ အထိမ်းအမှတ် အဖြစ် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်ဥက္ကဋ္ဌကြီး ဦးဝင်းထိန်က စီစဉ်၍စာအုပ်အဖြစ် ပထမအကြိမ်ပုံနှိပ်ဖြန့်.ဝေခဲ့ပါသည်။

ယခုအခါ မဟာစည်ဆရာတော်ဘုရားကြီးမိန့်.ကြား တော်မူသော " ၃၃-နှစ်အတွင်း သြဝါဒတော်များ" စာအုပ် လက်ကျန်နည်းပါး၍ မဟာစည်ပြည်တွင်း/ပြည်ပ ရိပ်သာများ၊ ကမ္မဋ္ဌာန်းဆရာများ၊ ဓမ္မမိတ်ဆွေယောဂီများအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်မှ ဒုတိယအကြိမ် ထပ်မံ၍ပုံနှိပ်ဖြန့်.ချိ လိုက်ရပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ရန်အတွက် စိစစ်သောအခါ (၂၇) ကြိမ်မြောက်၊ (၂၈) ကြိမ်မြောက် ၊ (၂၉)ကြိမ်မြောက်၊ (၃၀) ကြိမ်မြောက်၊ (၃၁)ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲ ၁၃၃၈-ခု၊ နတ်တော်လမှ ၁၃၄၂-ခု၊ နတ်တော်လ (၁၉၇၆-ခု၊ ဒီဇင်ဘာလမှ ၁၉၈၀-ခု၊ ဒီဇင်ဘာလအတွင်း)များတွင် မဟာစည် ဆရာတော်ကြီး၏ သြဝါဒများပါဝင် ခြင်းမရှိကြောင်း စိစစ်တွေ့.ရှိ ရပါသည်။ ယင်းနှစ်များတွင် ဆရာတော်ကြီးအနေဖြင့် သြဝါဒမိန့်.ကြားခြင်း ရှိ/မရှိ၊ မိန့်.ကြားခဲ့လျှင်လည်း မှတ်တမ်းတင်ထားခြင်း ရှိ/မရှိကို ထပ်မံစိစစ်ရန် လိုကြောင်း တွေ့.ရှိရပါသည်။

http://www.dhammadownload.com

ယခုဒုတိယအကြိမ် ပုံနှိပ်စာအုပ်တွင် အချိန်မရ၍ ယင်း (၅)နှစ်အတွက် ဩဝါဒများကို ထည့်သွင်းနိုင်ခြင်းမရှိသော်လည်း နောင်စိစစ်တွေ့ရှိသောအခါ တတိယအကြိမ်ပုံနှိပ်စာအုပ်တွင် ထည့်သွင်းမည်ဖြစ်ကြောင်း ဖော်ပြပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က နှစ်စဉ် မတ်လတွင် ကျင်းပပြုလုပ်သည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများတွင်လည်း တန်ဖိုးမဖြတ်နိုင်သော ဩဝါဒမိန့်ခွန်းများ မိန့်ကြားခဲ့ရာ ယင်းတို့ကို မပျောက်ပျက်စေရန်နှင့် တစ်စုတစ်ဝေးတည်းဆက်၍ လေ့လာလိုက်နာရန်အတွက် သီးခြားစုစည်းပုံနှိပ်ထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်း သတင်းကောင်းဖော်ပြပါသည်။

ဒေါက်တာတင့်စိုးလင်း

(ဥက္ကဋ္ဌ)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန်မြို့။

၂၀၁၇၊ ဇွန်လ

http://www.dhammadownload.com

ဗုဒ္ဓသာသနာနှုဂ်ဟအဖွဲ့.ချုပ် ဥက္ကဋ္ဌကြီး ဦးဝင်းထိန်၏

အမှာစာ

အနန္တကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသင်္ဂီတိ ပုစ္ဆက ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ်တွင် ပဋိပတ္တိသာသနာပြုမူအဖြစ် "မဟာစည် သတိပဋ္ဌာန်လုပ်ငန်းစဉ်ကြီး"ကို တည်ထောင်တော်မူခဲ့ပါသည်။ တစ်နှစ်ပြည့်မြောက်သည့်အခါ မြို့ရွာအသီးသီးတွင် မဟာစည်နည်းဥပနိဿယခံ ရိပ်သာများဖြစ်ပေါ်လာခဲ့ပါသည်။ ထိုအသီးသီးရှိ ရိပ်သာခွဲများ၏ ကမ္မဋ္ဌာနာစရိယဆရာတော်များအား သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို မှန်ကန်စွာ ဟောကြားပြသနိုင်ရေးအတွက် ညွှန်ကြား သြဝါဒပေးရန် လိုအပ်သည့် အလျောက် သြဝါဒခံယူပူဇော်ပွဲအဖြစ် စီစဉ်ဆောင်ရွက်ရန် မိန့်ကြားချက်အရ ဗုဒ္ဓသာသနာ နှုဂ်ဟအဖွဲ့.ချုပ် ဥက္ကဋ္ဌကြီး ဆာဦးသွင်မှာ "မဟာစည်သြဝါဒခံယူပူဇော်ပွဲ" အဖြစ် ကျင်းပရန် စီစဉ်ဆောင်

http://www.dhammadownload.com

ရွက်ပေးခဲ့ပါသည်။ ထိုစဉ်မှစ၍ နှစ်စဉ်ပင် တပည့်သံယာတော်များသည် မဟာစည်ဩဝါဒခံယူ ပူဇော်ပွဲကြီးသို့ ကြွရောက်လာကြပြီး ဆရာတော်ဘုရားကြီး မိန့်တော်မူသော ဩဝါဒတော်များကို ခံယူ၍ မှတ်သားလိုက်နာ ဆောင်ရွက်ကြပါသည်။ ၁၉၈၂-ခုနှစ် ဆရာတော်ဘုရားကြီး စံလွန်သော်လည်း သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ပင် ဩဝါဒခံယူပူဇော်ပွဲကြီးသို့ ကြွရောက်လာကြပြီး ဆရာတော်ဘုရားကြီး မိန့်ကြားဆုံးမတော်မူသော ဩဝါဒတော်များကို ခံယူလျက်ရှိကြပါသည်။

ထိုဩဝါဒခံယူပူဇော်ပွဲကြီးများတွင် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော ဩဝါဒတော်များသည် များစွာတန်ဖိုးရှိလှပါသည်။ ဆရာတော်ဘုရားကြီးသည် တည်ထောင်ထားရှိသော မဟာစည်သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ကြီး အရှည်တည်တံ့တိုးတက် ပြန့်ပွားစေရေးကို အလေးအနက်ထား၍ ဩဝါဒတော်တိုင်းတွင် မိန့်ကြားတော်မူပါသည်။ အထူးသဖြင့် ၁၃၃၄-ခုနှစ်တွင် သတိပဋ္ဌာန်လုပ်ငန်းစဉ်ကြီး အရှည်တည်တံ့ပြန့်ပွားရေးအတွက် အထူးပင် လေးလေးနက်နက် အသေးစိတ် ဩဝါဒမိန့်ကြားပေးတော်မူခဲ့ပါသည်။ ထိုမိန့်ကြားသော ဩဝါဒ

http://www.dhammadownload.com

(တ)

တော်များသည် “မဟာစည်သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ကြီး” အရှည်တည်တံ့ တိုးတက်ပြန့်ပွားရေးအတွက် အခြေခံသော့ချက်၊ လမ်းပြ လမ်းညွှန်မှုဖြစ်ပါသည်။

အနာဂတ်မဟာစည် သတိပဋ္ဌာန် ပဋိပတ္တိသာသနာတည်တံ့တိုးတက် ပြန့်ပွားရေးအတွက် ရရှိနိုင်သော မှတ်တမ်းမှတ်ရာများကို စုစည်းစုပေါင်း၍ “၆၃”နှစ်မြောက် မဟာစည် ဩဝါဒခံယူပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဦးဝင်းထိန် (ဥက္ကဋ္ဌ)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၃၇၄-ခုနှစ်

၂၀၁၂-ခုနှစ်

http://www.dhammadownload.com

ရန်ကုန်မြို့
မဟာစည်သာသနာ့ရိပ်သာ၌
"၂၅" နှစ်အတွင်း

မဟာစည်

ဩဝါဒကထာပေါင်းချုပ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်

သာသနာ ၂၅၁၈ ကောဇာ ၁၃၁၆ ဓနုဝါရီ ၁၉၇၅

http://www.dhammadownload.com

ထုတ်ဝေသူ ။ ။ မင်္ဂလာဦးအောင်မြင့် ၅/၆ စိတ်မေတ္တာလမ်း
ဟာမစ်တစ်၊ကုက္ကိုင်း၊ရန်ကုန်မြို့၊
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ်(၀၃၄၁၆)

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၈၈၅၇)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးလှမောင် M.A.,M.S.,B.L.,
(မှတ်ပုံတင်အမျှတ် ၀၈၇၉)က ပုံနှိပ်သည်။

http://www.dhammadownload.com

နိဒါန်း

ဘဝတူ သဗ္ဗမင်္ဂလံ၊

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်၊ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ ဝိပဿနာတရား ပြသတော်မူသည်မှာ ၁၃၃၆-ခုနှစ်၊ နတ်တော်လပြည့်နေ့၌ (၂၅)နှစ်ပြည့်မြောက်ပါသည်။ ယင်း(၂၅)နှစ်အတွင်း၌ ဩဝါဒခံယူပူဇော်ပွဲပေါင်း(၂၄)ကြိမ်ကျင်းပခဲ့ပါသည်။

၁၃၁၂-ခုနှစ်၊ ပဌမအကြိမ် ကျင်းပသော ဩဝါဒခံယူပူဇော်ပွဲမှတစ်ပါး ၁၃၁၃-ခုနှစ်မှစ၍ ကျင်းပခဲ့သော ဩဝါဒခံယူပူဇော်ပွဲတို့၌ နယ်လေးရပ်မှ ရဟန်း,ရှင်လူ ယောဂီအပေါင်းတို့ ပျားပန်းခတ်မျှ ထောင်ပေါင်း များစွာ လာရောက် ဩဝါဒခံယူ ပူဇော်ကြပါသည်။

ထိုနှစ်မှစ၍ ရွာမ်း,ပလောင်, ကယား၊စသော ပြည်နယ် ရဟန်း ရှင်လူ ယောဂီအပေါင်းတို့လည်း လာရောက်ဩဝါဒခံယူပူဇော်ကြသောကြောင့် တစ်ချို့နှစ်များ၌ ပရိသတ်များလွန်းသဖြင့် ရွာမ်း,ပလောင်, ရဟန်း,ရှင်လူ ယောဂီတို့အား ဩဝါဒခံယူပူဇော်ရန် တစ်ရက်သီးခြား စီစဉ်ပေးရသည်လည်းရှိခဲ့ပါသည်။

ဩဝါဒခံယူပူဇော်ပွဲကျင်းပသော အကြိမ်တိုင်းပင် မြန်မာနိုင်ငံအရပ်ရပ်၌ရှိသော ကျေးဇူးတော်ရှင် မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများစာရင်း၊ တရားအားထုတ်ပြီးသော ယောဂီစာရင်းတို့ကို တင်ပြလျှောက်ထားလေ့ရှိခဲ့ရာ ပြီးခဲ့သော ၁၃၃၅-ခုနှစ်၊(၂၄)ကြိမ်မြောက်

http://www.dhammadownload.com

သြဝါဒခံယူပူဇော်ပွဲ ကျင်းပခဲ့စဉ်က မြန်မာနိုင်ငံ အရပ်ရပ်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒခံကမ္မဋ္ဌာန်းဌာန ခွဲပေါင်း(၂၀၉)ဌာနရှိခဲ့သည်ကိုလည်းကောင်း၊ တရားအားထုတ်ပြီး ရဟန်း ရှင်လူ ယောဂီပေါင်း ၇၄၇၃၆၄ ဦးရှိခဲ့သည်ကိုလည်းကောင်း၊ တင်ပြလျှောက်ထားခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နှစ်လည်သြဝါဒခံယူပူဇော်ပွဲ ကျင်းပတိုင်းပင် အကြိုနေ့ညဘက်၌ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ရဟန်းတော်တို့အား သီးခြား သြဝါဒပေးတော်မူသည့်အပြင် အခမ်းအနားကျင်းပသည့်နေ့၌လည်း ရဟန်း ရှင်လူ ယောဂီမြောက်များစွာတို့အား မှတ်သားလွယ်ကူအောင် ဆောင်ပုဒ်များပို့ချ၍ သြဝါဒပေးသနားတော်မူလေ့ရှိခဲ့ပါသည်။

မင်္ဂလာပါခင်ဗျား၊
မင်္ဂလာဦးအောင်မြင့်၊
မဟာစည်ကျမ်းစာအုပ်များပုံနှိပ်ရေးအကျိုးဆောင်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ရန်ကုန်မြို့၊
၁၃၃၆-ခုနှစ်၊နတ်တော်လပြည့်။

http://www.dhammadownload.com

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ ဝိပဿနာကမ္မဋ္ဌာန်း စတင်ပြခဲ့သည်မှ ၂၅-နှစ်အတွင်း နှစ်ပတ်လည် မဟာစည်သြဝါဒကထာပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ ၁၃၁၃-ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် ဓမ္မစကြာသုတ်တရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်း ဌာနအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုနေ့မှစ၍ တရားအားထုတ်ကြသော ပထမဆုံးယောဂီများမှာ ၂၅-ဦးရှိခဲ့သည်။ နေ့စဉ်လိုလိုပင် ယောဂီအသစ်များလာရောက်၍ အားထုတ်ကြသဖြင့် ၁၃၁၂-ခုနှစ်၊ နတ်တော်လသို့ ရောက်သောအခါ ယောဂီပေါင်း(၅၈၆)ယောက်ရှိခဲ့လေသည်။

ထိုအခါမှာ တစ်လ၊ နှစ်လစသည် အားထုတ်ပြီး၍ ပြန်သွားကြသောအခါ ယောဂီဟောင်းတို့အား မိမိတို့အားထုတ်ခဲ့ရာဌာနသို့ ရောက်၍ ယခင်က အားထုတ်ခဲ့ပုံကို ပြန်လည်သတိရလျက် စိတ်အားတက်ကြွစေရန်နှင့် ယောဂီအဟောင်း အသစ်များအချင်းချင်း တွေ့ဆုံ၍ မိတ်သင်္ဃာဖြစ်လျက် စည်းလုံးညီညာ ပဋိပတ္တိသာသနာကို အားပေး ပြုစုနိုင်ကြစေရန် ရည်သန်ချက်ဖြင့် နှစ်ပတ်လည် ယောဂီအစည်းအဝေးပွဲကို ကျင်းပစေခဲ့သည်။ ထိုအစည်းအဝေးပွဲအမည်ကိုလည်း ဒါယကာကြီးဆာဦးသွင်၏ လျှောက်ထားချက်အရ သြဝါဒခံယူပူဇော်ပွဲဟု ခေါ်တွင်စေခဲ့သည်။

http://www.dhammadownload.com

၁၃၁၂-ခုနှစ်၊နတ္တော်လပြည့်နေ့
(ပဌမ)အကြိမ်ကျင်းပသော
နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင်
အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသိင်္ဂီတိပ္ပစ္ဆက
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ဩဝါဒတရား

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံ နမသေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။

သမ္မာသမ္ဗုဒ္ဓ ဒေသိတံ – မြတ်စွာဘုရား ဟောကြားတော်မူသော၊ **ဓမ္မံ** – ဝိပဿနာနှင့် အရိယမဂ်ဖိုလ်တရားကို၊ **ယမှာ** – အကြင်ဆရာ့ထံမှ ကြားနာရ၍၊ **ဝိဇာနေယျ** – မှန်ကန်ကျန သိရသည်ဖြစ်ငြားအံ့၊ **တံ** – ထိုသို့သိအောင် ထုတ်ဆောင်ညွှန့်ပြ ဆုံးမ သင်ကြားပေးသော ဆရာကို၊ **သက္ကစ္စံ** – ရှိသေစွာ၊ **နမသေယျ** – ရှိခိုးပူဇော်ရာ၏၊ **ကိမိဝ** – အဘယ်ကဲ့သို့နည်းဟူမူ၊ **ဗြာဟ္မဏော** – မီးကို ပူဇော်ခြင်းဖြင့် ဗြဟ္မာလောကသို့ ရောက်သည်ဟုယုံကြည်သော ပုဏ္ဏားသည်၊ **အဂ္ဂိဟုတ္တံ** – ပူဇော်အပ်သောမီးကို၊ **သက္ကစ္စံ** – ရှိသေစွာ၊ **နမဿတိ ဏ္ဍဝ** – ရှိခိုးပူဇော်သကဲ့သို့ပင် ရှိခိုးပူဇော်ရာသတည်း။

http://www.dhammadownload.com

၁၃၁၃-ခုနှစ်၊ ပြာသိုလဆုတ်(၈)ရက်
(ဒုတိယ) အကြိမ်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး အထူးကြားတော်မူသော
မူလပဏ္ဏာသပါဠိတော် ကောသမ္မိယသုတ်
သောတာပန်၏ မဟာပစ္စဝေက္ခဏာ(၇)ပါး

ဆောင်ပုဒ်များ

(၁၃၁၃-ခုနှစ်မှာ အရေးကြီးသော ယောဂီများ အစုံအညီ တက်ရောက်နိုင်စေရန် စောင့်ဆိုင်းနေရသဖြင့် ပြာသိုလဆုတ်(၈)ရက်နေ့ ကျမှ ဒုတိယ အကြိမ်နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲကို ကျင်းပရပါသည်။)

၁။ ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍ ဆင်ခြင်ရှုကြည့်၊
ဖြစ်ပျက်မိ၊ အသိရှင်းသည်သာ။

ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊
ကိလေဆိုး၊ဖြစ်ရိုးမရှိပါ။

ဤသို့သိရ၊ ပဌမ၊ ပစ္စဝေက္ခဏာ။

ဤဆောင်ပုဒ်များဖြင့် အကျဉ်းချုပ်ဆိုလိုသည်မှာ-သောတာပန်အစစ်အမှန် ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ မိမိရှုမြဲတရားကို ရှုမှတ်နှလုံးသွင်းနေလျှင် နိဝရဏ ကိလေသာများကင်းကာ သမာဓိ

http://www.dhammadownload.com

ရလျက် ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို ရှင်းလင်းစွာ သိရမြဲပင် ဖြစ်သည်။ ထိုသို့ မသိနိုင်အောင် တားမြစ်နှောက်ယှက်တတ် သော နိဝရဏကိလေသာတရားဆိုးများ မဖြစ်လာပဲ၊ ကင်းငြိမ်းနေမြဲ ဖြစ် သည်။ ဤသို့သိရခြင်းသည် သောတာပန်ပုဂ္ဂိုလ်၏ ပဌမ မဟာ ပစ္စဝေက္ခဏာဖြစ်သည်ဟုဆိုလို၏။

၂။ မဂ်သိပြီးဟန်၊ ဝိပဿဉာဏ်၊ဖန်ဖန်မှီဝဲကာ၊
အကြမ်းအနု ကိလေစု၊ ငြိမ်းမှု ထင်ရှားရာ။

ဤသို့သိရ၊ ဒုတိယ၊ ပစ္စဝေက္ခဏာ။

ဤဆောင်ပုဒ်များဖြင့် ဆိုလိုအပ်သောအကျဉ်းချုပ်မှာ - အရိယမဂ်သို့ ရောက်ပြီးသည်မှ နောက်ကာလ၌ ရှုမှတ်တိုင်း၊ စဉ်းစား ဆင်ခြင်ကြည့်တိုင်း၊ အနိစ္စ ဒုက္ခ အနတ္တ အသိများသည် ရှင်းလင်း လျက်ရှိ၏။ ထိုအသိများကို မှီဝဲရသည့်အတွက် ကိလေသာငြိမ်းမှုကို ရပါ၏လောဟု ရှုမှတ်ဆင်ခြင်ကြည့်လျှင် ရှုမှတ်ဆင်ခြင်နေသော ကာလ၌ လောဘ၊ ဒေါသ စိတ်ကူးအကြမ်းများ ကင်းနေသည်ကို လည်း တွေ့ရ၏။ ရှုမှတ်မိသောအာရုံတိုင်း၌ အနုသယကိလေသာ ကင်းငြိမ်းနေသည်ကိုလည်း တွေ့ရ၏။ ဒိဋ္ဌိဝိစိကိစ္ဆာစသော ကင်း သင့်သည့်ကိလေသာများ ကင်းနေသည်ကိုလည်း တွေ့ရ၏။ ဤသို့ သိရခြင်းသည် ဒုတိယ ပစ္စဝေက္ခဏာဖြစ်သည်ဟုဆိုလို၏။

၃။ ရှုမှတ်သိရ၊ ဤလမ်းမှ၊ ပြင်ပတခြားမှာ၊
ကိလေငြိမ်းဘိ၊ မြတ်အရိ၊ မရှိဆုံးဖြတ်ရာ။

ဤသို့သိရ၊ တတိယ၊ ပစ္စဝေက္ခဏာ။

http://www.dhammadownload.com

ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို ရှုမှတ်၍သိရသော ဤသာသနာမှအပြင်ပ၌ မိမိကဲ့သို့ ကိလေသာငြိမ်းသော အရိယာပုဂ္ဂိုလ်ရှိသေးသလောဟု ဆင်ခြင်ကြည့်လျှင် မရှိဟု သိမြင်သဘောကျ၏။ ဤသို့သိမြင်သဘောကျခြင်းသည် တတိယ ပစ္စဝေက္ခဏာ ဖြစ်သည်ဟုဆိုလို၏။

၄။ ကုစား:နိုင်ကောင်း၊ အာပတ်ပေါင်း၊
တိမ်း:စောင်း:ရောက်သေး:ရာ၊
မဖုံးကွယ်ပဲ၊ကုစား:မြဲ၊နောင်လဲ စောင့်ရှိးပါ။
ဤသို့သိရ၊ စတုတ္ထ၊ ပစ္စဝေက္ခဏာ။
ဤဆောင်ပုဒ်များဖြင့် ရဟန်းအရိယာ၏ ဆင်ခြင်ပုံကိုပြသည်၊ အရိယာရဟန်းမှာ အစိတ္တကအာပတ် အသေးအငယ်များ သင့်ရောက်တတ်သေး၏။ သို့သော် ထိုအာပတ်များကို ဖုံးကွယ်မထား:ပဲ လျင်မြန်စွာကုစား:၏၊ နောင်အခါ၌လည်း တဖန်မလွန်ကျူးမိအောင် ရှိသေစွာ စောင့်ရှောက်၏။ လူဝတ်ကြောင် သောတာပန်မှာလည်း အပါယဂမနီယမဟုတ်သော အကုသိုလ်အမှုများ မကင်း:သေး:သော်လည်း ထိုအကုသိုလ်အမှုများကို ဝန်ခံသင့်သောအခါ၌ မဖုံးကွယ်ပဲ ဝန်ခံနိုင်ရာ၏။ နောင်အခါ၌လည်း စောင့်ရှောက်နိုင်ရာ၏။ သောတာပန်သည် ဆင်ခြင်ကြည့်လျှင် ဤဖြစ်မြဲရိုး:ရာ ဓမ္မတာနှင့်ပြည့်စုံကြောင်း:သိရ၏။ ဤသို့သိရခြင်း:သည် စတုတ္ထ ပစ္စဝေက္ခဏာဖြစ်သည်ဟုဆိုလို၏။

၅။ ရောင်လွှဲမရ မှုကိစ္စ၊ ပြုရလေသောခါ၊
သိက္ခာသုံး:ပါး:၊ ကျင့်ရန်ကား:၊ စိတ်အား:ထက်သန်စွာ။
ဤသို့သိရ၊ ပဉ္စမ၊ ပစ္စဝေက္ခဏာ။

http://www.dhammadownload.com

ဤဆောင်ပုဒ်များဖြင့် ဆိုလိုသောအကျဉ်းချုပ်မှာ ကိစ္စကြီးငယ်ကို မလွဲသာ၍ ပြုလုပ်နေရသော်လည်း သောတာပန်ရဟန်းမှာ သိက္ခာသုံးပါးကျင့်ရန် စိတ်ဆန္ဒထက်သန်လျက်ရှိ၏။ အလုပ်လုပ်ယင်းလည်း စွမ်းနိုင်သမျှ ရှုမှတ်လျက်ရှိ၏။ ဆင်ခြင်ကြည့်လျှင် ဤဓမ္မတာနှင့် ပြည့်စုံသည်ကိုလည်း တွေ့ရ၏။ ဤသို့သိရခြင်းသည် ပဋိမ ပစ္စဝေက္ခဏာဖြစ်သည်ဟုဆိုလို၏။

၆။ ဗုဒ္ဓဟောထား၊မြတ်တရား၊ နာကြားရသောခါ၊
လုံးစုံမကြွင်း၊နှလုံးသွင်း၊နာခြင်းအားကောင်းစွာ။
ဤသို့သိရ၊ ဆဋ္ဌမ၊ ပစ္စဝေက္ခဏာ။

တရားတော်ကို စကားလုံးတိုင်း မကျန်မလွတ်ရအောင် ရိုသေစွာနားစွင့်၍ နာခြင်းသည် အရိယာ၏ ခွန်အားတစ်ခုဖြစ်သည်။ ထိုခွန်အားနှင့် ပြည့်စုံကြောင်းကိုလည်းသိရ၏။ ဤသို့သိရခြင်းသည် ဆဋ္ဌမ ပဋိဝေက္ခဏာဖြစ်သည်ဟုဆိုလို၏။

၇။ ဗုဒ္ဓဟောထား၊မြတ်တရား၊ နာကြားရသောခါ၊
အနက်သိမြင်၊စိတ်ကြည်ရွှင်၊ကိုယ်တွင်သိမ့်သိမ့်ဖြာ။
ဤသို့သိရ၊ သတ္တမ၊ ပစ္စဝေက္ခဏာ။

ဘုရားဟော တရားတော်ကို နားလည်နိုင်လောက်သော စကားဖြင့် ဟောကြားသည်ကို နာရသောအခါ အနက်အဓိပ္ပါယ်ဒေသနာအစဉ်ကို သဘောပေါက်၍ ဝမ်းမြောက်မှု ပီတိဖြစ်လျက် ကိုယ်ထဲ၌တသိမ့်သိမ့် ကြက်သီးမွေးညှင်းထလျက်ရှိတတ်၏။ ထိုသို့ဖြစ်ခြင်းသည် အရိယာ၏ ခွန်အားတစ်ခုပင်ဖြစ်သည်။ ထိုခွန်အားနှင့်ပြည့်စုံ

http://www.dhammadownload.com

ကြောင်းကိုလည်းသိရ၏။ ဤသို့သိရခြင်းသည် သတ္တမ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

နိဂုံး။ ။ ပစ္စဝေက္ခဏာ၊ ခုနစ်ဖြာ၊ ညီစွာဖြစ်ပါမူ။

အရိယာမှန်၊ သောတာပန်၊ ဧကန်ဆုံးဖြတ်ယူ။

(အဓိပ္ပါယ် ဖွင့်ပြချက်များမှာ ဆောင်ပုဒ်မဟုတ်၊ ငွေရတု သဘင် ယခုအခါမှာမှ ဖြည့်စွက်ပြချက်များဖြစ်သည်။)

http://www.dhammadownload.com

၁၃၁၄-ခုနှစ်၊နတ်တော်လဆုတ်(၄)ရက် (တတိယ) အကြိမ်ကျင်းပသော နစပ်တ်လည်ဩဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

တရားတော်

(ထိုနှစ်ပူဇော်ပွဲ၌ ၁၃၁၃-ခုနှစ်က "မဟာပစ္စဝေက္ခဏာ" တရားတော်ကိုပင် ထပ်မံ၍ ဟောကြားခဲ့ပါသည်။)

http://www.dhammadownload.com

၁၃၁၅-ခုနှစ်၊ နတ်လောဆုတ်(၇)ရက်
(စတုတ္ထ) အင်္ဂြိမ်ကျင်းပသော
နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဘုရားရှင်တို့၏

ဩဝါဒပါတိမောက်တရားတော်

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

သည်းခံကျင့်သုံး အမြတ်ဆုံးပေ။
နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်မေ။
ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ၊
ညှဉ်းဆဲက သာမဏမဟုတ်ချေ။

(၂) သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူ ပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

http://www.dhammadownload.com

မကောင်းမှုများ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ။
မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။

(၃) အနုပဝါဒေါ အနုပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

သူ့ကိုစွပ်စွဲ ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ လုံးဝလုံစေ။
အစာခွဲလဲ သိမြဲတိုင်းရှည်၊
လူသူဆိတ်တောင်း တောကျောင်းမှာနေ။
စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ၊
ဤခြောက်ပါး ဘုရားဆုံးမပေ။

(* အဋ္ဌကထာခွဲ ဖွင့်ပြသော(၃)နည်းတို့တွင် ပဌမနည်းအရ ပြန်ချက်ဖြစ်သည်၊ တတိယနည်းအရအားဖြင့် "ရဟန်းမှန်လတ်၊ မသတ်တတ်ပေ"ဟူ၍လည်း ပြန်ဆိုနိုင်၏။)

http://www.dhammadownload.com

၁၃၁၆-ခုနှစ်၊ နတ္တော်လဆုတ်(၂)ရက်
(ပဥ္စမ) အကြိမ်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

သြဝါဒပါတိမောက်တရားတော်

ထိုစဉ်အခါက ပါဋိတော် သံဂါယနာ ဒုတိယသန္နိပါတနှင့် တိုက်ဆိုင်လျက်ရှိ၍ သံဂါယနာဌ် အမေးပုစ္ဆကတာဝန် ဆောင်ရွက်ရန်ရှိနေသဖြင့် အချိန်များစွာမရသောကြောင့် ယခင်နှစ်က သြဝါဒပါတိမောက်ကိုပင် အကျဉ်းချုပ်ဟောကြား၍ သံဂါယနာအစည်းအဝေးသို့ကြွရောက်ရသည်။ သြဝါဒခံယူသောပရိသတ်မှာ (၂၀၀၀)ခန့်ရှိသည်။

http://www.dhammadownload.com

၁၃၁၇-ခုနှစ်၊ နတ်တော်လဆန်း(၄)ရက်
(၆) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဩဝါဒပါတိမောက်တရားတော်

ထိုစဉ်အခါက ပါဋိတော် သံဃာယနာ စတုတ္ထအကြိမ်နှင့် တိုက်ဆိုင်လျက်ရှိ၍ သံဂါယနာဌ် အမေးပုစ္ဆကတာဝန် ဆောင်ရန်ရှိနေသဖြင့် အချိန်များစွာမရသောကြောင့် ယခင်နှစ်က ဩဝါဒပါတိမောက်ကိုပင် အကျဉ်းချုပ်ဟောခဲ့သည်။ ထိုနှစ်က အထူးမှာ အောက်ပါအတိုင်း ဩဝါဒသုံးပါးကို ဖြည့်စွက်ဟောကြားခြင်းပင်ဖြစ်သည်။

အကျဉ်းချုပ်ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ပဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၁၈–ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်
(၇) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

သြဝါဒပါတိမောက်တရားတော်

ထိုပူဇော်ပွဲတွင်လည်း ယခင်နှစ်များကလိုပင် သြဝါဒပါတိ
မောက်တရားကို ဟောကြားခဲ့သည်။ အထူးမှာ တရားဆောင်ပုဒ်၏
ကျောဘက်၌ အောက်ပါအတိုင်းလည်း ဖြည့်စွက်၍ ဟောကြားခဲ့၏။

ဓမ္မပဒပါဠိတော်

ကုမ္မူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။
(၁) မြေအိုးသဖွယ်၊ ရုပ်ကိုယ်ဝယ်၊ ပျက်လွယ်သိပါလေ။
(၂) ရှုမှတ်စိတ်မှာ၊ မြို့ပမာ၊ ခိုင်စွာ တည်ရှိစေ။
(၃) ဉာဏ်ဗုံးဖြင့်ခွင်း၊ မာရ်သေမင်း၊ နှိမ်နင်းတိုက်ဖျက်လေ။
(၄) အောင်ပြီးစောင့်မြဲ၊ မရပ်ပဲ၊ တိုက်ပွဲပြီးဆုံးစေ။

အကျဉ်းချုပ်သြဝါဒသုံးပါးကိုလဲ ယခင်ကအတိုင်းပင် ဟော
ကြားခဲ့သည်။

http://www.dhammadownload.com

၁၃၉-ခုနှစ်၊ နတ်တော်လဆန်း(၂)ရက်
(၈) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ညီဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ညီဝါဒပါတိမောက်တရားတော်

ထိုပူဇော်ပွဲတွင်လည်း ယခင်နှစ်က ဟောခဲ့သော ညီဝါဒ ပါတိမောက်၊ ဓမ္မပဒဂါထာ၊ အကျဉ်းချုပ်ညီဝါဒသုံးပါးတို့နှင့် အရှင်မဟာကဿပ ရရှိသော ညီဝါဒတော် ၃-ပါးကို ဟောကြားခဲ့သည်။ ယင်း ညီဝါဒတော် ၃-ပါးမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

အရှင်မဟာကဿပ ရရှိသော ညီဝါဒတော် ၃-ပါး

(၁) သက်ကြီး, လတ်, ငယ်၊ အားလုံးဝယ်၊
နှစ်သွယ်ရက်ကြောက်ထင်ပါစေ။
(၂) ကုသိုလ် ညွှန်ကြား၊ မြတ်တရား၊ လေးစားစူးစိုက် နာယူလေ။
(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာ မစွန့် မြဲပါစေ။
(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊
ဆုံးမ ညီဝါမြတ်သုံးထွေ။

http://www.dhammadownload.com

၁၃၂၀–ခုနှစ်၊ နတ်တော်လဆန်း(၁၁)ရက်
(၉) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဓမ္မပဒဂါထာကိုအရင်းခံ၍ဟောကြားတော်မူခဲ့သော

ဓမ္မဒေသနာတော်

ဓမ္မပဒဒေသနာဆောင်ပုဒ်တော်

ကုမ္မုပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

(၁) မြေအိုးသဖွယ်၊ ရုပ်ကိုယ်ဝယ်၊ ပျက်လွယ်သိပါလေ။
(၂) ရှုမှတ်စိတ်မှာ၊ မြို့ပမာ၊ ခိုင်စွာ တည်ရှိစေ။
(၃) ဉာဏ်ဗုံးဖြင့်ခွင့်၊ မာရ်သေမင်း၊ နှိမ်နင်းတိုက်ဖျက်လေ။
(၄) အောင်ပြီးစောင့်မြဲ၊ မရပ်ပဲ၊ တိုက်ပွဲပြီးဆုံးစေ။

http://www.dhammadownload.com

အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး

(၁) သက်ကြီး, လတ်, ငယ်၊ အားလုံးဝယ်၊ နှစ်သွယ် ရှက်ကြောက် ထင်ပါစေ။

(၂) ကုသိုလ်ညွှန်ကြား၊ မြတ်တရား၊ လေးစားစူးစိုက်နာယူလေ။

(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာ မစွန့် မြဲပါစေ။

(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊
ဆုံးမ သြဝါမြတ်သုံးထွေ။

အကျဉ်းချုပ် သြဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊
အသင့်ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ပဲ၊
ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊
ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၂၁-ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက်
(၁၀) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဩဝါဒတရားတော်

ထိုပူဇော်ပွဲ၌ ၁၃၁၁-ခုနှစ် ၁၃၁၄-ခုနှစ်များက ဟောခဲ့ဘူးသော မဟာပစ္စဝေက္ခဏာတရားတော်နှင့် ကုမ္ဘကုပမံဂါထာတို့ကို အကျဉ်းချုပ် ဩဝါဒ ၃-ပါးနှင့်တကွ ဟောကြားခဲ့သည်။

---

http://www.dhammadownload.com

၁၃၂၂-ခုနှစ်၊ နတ်တော်လဆုတ်(၂)ရက်
(၁၁) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ညီဩဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ညီဝါဒတရားတော်

ထိုညီဝါဒခံယူပူဇော်ပွဲ၌ စက္ကဝတ္တိသုတ် တရားတော်ကို ဟောကြားခဲ့သည်၊ ထိုစဉ်အခါက ပုံနှိပ်ထုတ်ဝေသော စာမူမှာအောက် ပါအတိုင်းဖြစ်သည်။

ဟောကြားတော်မူသော
ဒီဃနိကာယ် ပါထိကဝဂ္ဂ ပါဠိတော်
စက္ကဝတ္တိသုတ်တရားတော်
ဆောင်ပုဒ်
ဆုတ်ကပ်ဆောင်ပုဒ်

ရှစ်သောင်းအာယု၊ အစပြု၍၊ ပါ, မု, ပိ, ကာ,၊ ဖ, ဘိဇ်, ဗျာနှင့်၊ မိစ္ဆာ, သုံး, ငါး၊ အကုပ္ပါး၍၊ လျော့ပါးထက်ဝက်၊၉-ဆင့်ပျက် သည်၊ အသက်ရာတမ်း ရောက်သတည်း။

http://www.dhammadownload.com

၉-ဆင့်ပျက်ပုံ

ရှစ်သောင်းတမ်းဌ္ဌ အဒိန္နာဒါန်နှင့်
ပါဏာတိပါတဖြစ်ပွား၍ .... ၄၀,၀၀၀ ရောက်
ထိုတမ်းဌ္ဌ မုသာဝါဒပွား၍ .... ၂၀,၀၀၀ ။
။ ပိသုဏဝါစာပွား၍ .... ၁၀,၀၀၀ ။
။ ကာမေသုမိစ္ဆာစာရပွား၍ .... ၅,၀၀၀ ။
။ ဖရုသဝါစာနှင့်
သမ္ဖပ္ပလာပပွား၍ .... ၂,၅၀၀ ။
။ အဘိဇ္ဈာနှင့် ဗျာပါဒပွား၍ .... ၁,၀၀၀ ။
။ မိစ္ဆာဒိဋ္ဌိပွါး၍ .... ၅၀၀ ။
(ထို ၅၀၀-တမ်းဌ္ဌ အကုသိုလ် ၃-ပါး*ပွား၍ .... ၂၅၀ ။
ထို ၂၅၀-တမ်းဌ္ဌ အကုသိုလ် ၎ါးပါး *ပွါးပြန်၍ အသက် ၁၀၀-တမ်း ရောက်ခဲ့သည်။ အထက်ပါ အကုသိုလ် ၁၈-ပါးတို့အတိုင်းထက်အလွန်တိုးပွား၍ ဆယ်နှစ်တမ်းရောက်မည်။)

အကုသိုလ်သုံးပါး ၎ါးပါးတို့ကို ဖော်ပြချက်

* အကုသိုလ် ၃-ပါးဟူသည်မှာ-
(၁) အဓမ္မရာဂ-လူ့အကျင့်မဟုတ်သော တပ်မက်မှု။
(၂) ဝိသမလောဘ-မမျှတသော အလိုဝ။
(၃) မိစ္ဆာဓမ္မ-မှုမမှန်သော ရာဂတို့ပင် ဖြစ်သည်။

* အကုသိုလ် ၎ါးပါးဟူသည်မှာ-

http://www.dhammadownload.com

(၁) အမိကိုပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၂) အဘကိုပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၃) ရဟန်းတို့ကို ရိုသေပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၄) သူတော်ကောင်းတို့ကို ရိုသေရန် ကျင့်ဝတ်ပျက်ခြင်း။
(၅) ကြီးသူတို့ကို မရိုသေခြင်းတို့ပင် ဖြစ်သည်။

တက်ကပ်ဆောင်ပုဒ်

ဆယ်နှစ်တန်းမှ၊ တဖန်စ၍၊ ကမ္မပထာ၊ ကုဆယ်ဖြာနှင့်၊ သုံးဖြာ, ငါးမျိုး၊ ကသိုလ်တိုး၍၊ ထပိုးပြန်လျက်၊ ဆဲ့နှစ်ဆင့်တက်သည်၊ အသက်ရှစ်သောင်း ရောက်လိမ့်တည်း။

၁၂-ဆင့်တက်ပုံ

ပါဏာတိပါတမှကြဉ်၍	အသက်တမ်း၁၀-နှစ်မှ	၂၀	ရောက်မည်	
အဒိန္နာဒါနမှကြဉ်၍	။	၂၀-နှစ်မှ	၄၀	။
ကာမေသုမိစ္ဆာစာရမှကြဉ်၍	။	၄၀-နှစ်မှ	၈၀	။
မုသာဝါဒမှကြဉ်၍	။	၈၀-နှစ်မှ	၁၆၀	။
ပိသုဏဝါစာမှကြဉ်၍	။	၁၆၀-နှစ်မှ	၃၂၀	။
ဖရုသဝါစာမှကြဉ်၍	။	၃၂၀-နှစ်မှ	၆၄၀	။
သမ္ဖပ္ပလာပမှကြဉ်၍	။	၆၄၀-နှစ်မှ	၂၀၀၀	။
အဘိဇ္ဈာကိုပယ်၍	။	၂၀၀၀-နှစ်မှ	၄၀၀၀	။
ဗျာပါဒကိုပယ်၍	အသက်တမ်း	၄၀၀၀-နှစ်မှ	၈၀၀၀	ရောက်မည်

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိကိုပယ်၍ ။ ၈၀၀၀-နှစ်မှ ၂၀၀၀၀ ။
အကုသိုလ်သုံးပါးကိုပယ်၍ ။ ၂၀၀၀၀-နှစ်မှ ၄၀၀၀၀ ။
ကုသိုလ်ငါးပါးကို ဘွါးစေ၍ ။ ၄၀၀၀၀-နှစ်မှ ၈၀၀၀၀ ။

၁။ ကုသိုလ်ငါးပါးဟူသည်မှာ အမိအဘ ရဟန်းသူတော်ကောင်းတို့ အပေါ်၌ ကျင့်ဝတ်ကြေခြင်းနှင့် ကြီးသူတို့အား ရိုသေခြင်းတို့ပင် ဖြစ်သည်။

ထို့ပြင် ထိုဆောင်ပုဒ်စာရွက်၌ အရှင်မဟာကဿပ ရရှိသော ဩဝါဒတော် ၃-ပါးနှင့် အကျဉ်းချုပ် ဩဝါဒဆောင်ပုဒ် ၃-ခုတို့ကိုလည်း ပြထား၏။ ယင်း ဩဝါဒတို့ကိုလည်း ဟောခဲ့၏။စက္ကဝတ္တိသုတ်၌ သတိပဋ္ဌာန်လေးပါးဟူသော ဓမ္မကို အားကိုးရန် ဟောတော်မူသည့်အတိုင်း သတိပဋ္ဌာန်လေးပါး အားကိုးရန်လည်း ဟောကြားခဲ့၏။

http://www.dhammadownload.com

၁၃၂၃-ခုနှစ်၊ နတ်တော်လဆုတ်(၂)ရက် (၁၂) ကြိမ်မြောက်ကျင်းပသော နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သြဝါဒတရားတော်

ထိုသြဝါဒခံယူပူဇော်ပွဲ၌ သီလဝန္တသုတ် သုတဝန္တသုတ် တရားတော်ကို ဟောကြားခဲ့သည်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဟောကြားတော်မူအပ်သော သံယုတ္တနိကာယ် ခန္ဓဝဂ္ဂပါဠိတော်

သီလဝန္တ, သုတဝန္တ သုတ်တရားတော် ဆောင်ပုဒ်များ

(က) ၁။ သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာရှုအပ်ပါသနည်း။
၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအပ်သည်။
၃။ မမြဲ, ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲအိုင်းတူသည်။ (၄+)
၄။ ငြောင့်, မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှုသူစိမ်းမည်။ (၄+)
၅။ ပျက်စီး, သုည၊ အနတ္တာ၊ ရှုရ ဆယ့်တစ်မည်။ (+၃=၁၁)

http://www.dhammadownload.com

၆။ သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

(ခ) ၁။ သောတာပန်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

၂။ သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။

(ဂ) ၁။ သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

၂။ သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

(ဃ) ၁။ အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

၂။ အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။

(င) ၁။ ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

၂။ ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုသော်ငြား၊ သစ်, ဟောင်းကား၊ တိုး,ပွားမရှိပြီ။

၄။ သတိ-သမ္မဇဉ်၊ ရှုတိုင်းယှဉ်၊ မျက်မြင်ချမ်းသာသည်။

ထို့ပြင် အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး နှင့် အကျဉ်းချုပ် သြဝါဒ ဆောင်ပုဒ် ၃-ခုတို့ကိုလည်း ထိုဆောင်ပုဒ် စာရွက်၌ ပြထားသည်။ ထိုသြဝါဒတို့ကိုလည်း ဟောကြားခဲ့သည်။

---

http://www.dhammadownload.com

၁၃၂၄-ခုနှစ်၊ နတ်တော်လဆုတ်(၁၂)ရက်
(၁၃) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ညီဩဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ညီဝါဒတရားတော်

ထိုညီဩဝါဒခံယူပူဇော်ပွဲ၌ ယခင်က သုံးကြိမ်တိုင်တိုင်ဟော ဘူးသော မဟာပစ္စဝေက္ခဏာ တရားတော်ကိုပင် အရှင်မဟာကဿပ ရရှိသော ညီဝါဒတော်သုံးပါး အကျဉ်းချုပ် ညီဝါဒဆောင်ပုဒ်များနှင့် တကွ ဟောကြားခဲ့သည်။

---

http://www.dhammadownload.com

၁၃၂၅-ခုနှစ်၊ နတ်တော်လဆုတ်(၁)ရက်
(၁၄) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ပဋိပတ္တိပူဇနာကာရ
တရားတော်

၁။ ဗုဒ္ဓါ သော ဘဂဝါ ဗောဓယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ– ကျွန်ုပ်တို့အများ၏ အားထား ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **ဗုဒ္ဓါ**–သစ္စာလေးပါး အမှန် တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ **ဗောဓယ**– သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှါ။ **ဓမ္မံ**– သစ္စာလေးတန် တရားမှန်ကို။ **ဒေသေတိ**–ကရုဏာရှေ့ သွား ပညာအားဖြင့်ဟောကြားတော်မူခဲ့ပါပေ၏။ (**တံ ဘဂဝန္တံ**– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ **အဟံ**– အကျွန်ုပ်သည်။ **ဝန္ဒာမိ**–ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရိုခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ– ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ် အစစ် ဖြစ်တော်မူသော .... ထိုမြတ်စွာဘုရားသည်။**ဒန္တော**– မြင်, ကြား, တွေရာ

http://www.dhammadownload.com

ကြံသိရာမှ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍။ **ဒမထာယ**– သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်းအကျိုးငှါ။ **ဓမ္မံ**– ယဉ်ကျေးစေ ရန် တရားမှန်ကို။ **ဒေသေတိ**– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (**တံ ဘဂဝန္တံ**– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ **အဟံ**– အကျွန်ုပ်သည်။ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ– ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူသော ..... ထိုမြတ်စွာဘုရားသည်။ **သန္တော**– ရာဂစသား အလုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေး တော်မူပြီးသည်ဖြစ်၍။ **သမထာယ**–သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက် ငြိမ်းအေး ကြပါစေခြင်းအကျိုးငှါ။ **ဓမ္မံ**– ငြိမ်သက် စေရန် တရားမှန်ကို။ **ဒေသေတိ**– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (**တံ ဘဂဝန္တံ**– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ **အဟံ**– အကျွန်သည်။ **ဝန္ဒာမိ**– ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ –ကျွန်ုပ်တို့အများ၏ .... အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူသောထိုမြတ်စွာဘုရားသည်။ **တိဏ္ဏော**– သြဃလေးဖြာ

http://www.dhammadownload.com

သံသရာ၏ ဟိုမှာ ကမ်းရောက် နိဗ္ဗာန်ပေါက် အောင် ကူးမြောက်တော် မူပြီးသည်ဖြစ်၍။ **တရဏာယ**– သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှါ။ **ဓမ္မံ**– ကူးမြောက်စေရန် တရားမှန်ကို။ **ဒေသေတိ**– ကရုဏာရှေ့သွား ပညာအားဖြင့်ဟောကြားတော်မူခဲ့ပါပေ၏။ (**တံ ဘဂဝန္တံ**– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ **အဟံ**– အကျွန်ုပ်သည်။ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ– ကျွန်ုပ်တို့အများ၏... အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **ပရိနိဗ္ဗုတော**– ကိလေသာခပ်သိမ်း အလုံးစုံ ငြိမ်းပြီးသည်ဖြစ်၍။ **ပရိနိဗ္ဗာ နာယ**– သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ ခပ်သိမ်း ငြိမ်းကြပါစေခြင်းအကျိုးငှါ။ **ဓမ္မံ**–ကိလေသာငြိမ်းရန် တရားမှန် ကို။ **ဒေသေတိ**– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါ ပေ၏။ (**တံ ဘဂဝန္တံ**– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ **အဟံ**– အကျွန်ုပ်သည်။ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ပါ၏ အရှင်ဘုရား)။

http://www.dhammadownload.com

အကျဉ်းချုပ် သြဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊
အသင့်ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊
ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊
ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၂၆-ခုနှစ်၊ နတ်တော်လဆုတ်(၁)ရက် (၁၅) ကြိမ်မြောက်ကျင်းပသော နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

ပဋိုပတ္တိပူဇနာကာရ တရားတော်

ထိုပူဇော်ပွဲ၌လည်း ယခင်နှစ်က အတိုင်းပင် သြဝါဒအကျဉ်းချုပ်နှင့် ပဋိုပတ္တိပူဇနာကာရ တရားတော်ကိုပင် ဟောကြားခဲ့သည်။

http://www.dhammadownload.com

၁၃၂၇-ခုနှစ်၊ နတ်တော်လဆုတ်(၄)ရက် (၁၆) ကြိမ်မြောက်ကျင်းပသော နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အင်္ဂုတ္တရနိကာယ် တိကနိပါတ် သိက္ခာသုတ်လာ

အရိယာပုဂ္ဂိုလ်တရားတော်

ထိုသြဝါဒခံယူပူဇော်ပွဲ၌ အင်္ဂုတ္တရနိကာယ် တိကနိပါတ် သိက္ခာသုတ်လာ အရိယာပုဂ္ဂိုလ် တရားတော်ကို ဟောကြားခဲ့သည်။

အရိယာပုဂ္ဂိုလ် တရားတော်ဆောင်ပုဒ်

၁။ မဂ္ဂင်၍စ်ပါး တရားရေယဉ်သို့ ရောက်သောသူကို **သောတာပန်** ဟုခေါ်သည်။

သောတာပန် ၃-ပါး

(က) အထက် မဂ်ဖိုလ်အတွက် ဝိပဿနာ ထက်လျှင် **ကဗီဖိ** သောတာပန်ဖြစ်သည်၊ တဘဝသာ ဖြစ်ရန် ရှိတော့သည်၊ ထိုဘဝမှာပင် ရဟန္တာဖြစ်၍ ဆင်းရဲခပ်သိမ်း ငြိမ်းမည်။

(ခ) အထက်မဂ်ဖိုလ် အတွက် ဝိပဿနာနဲ့လျှင် **သတ္တက္ခတ္တု ပရမ** သောတာပန်ဖြစ်သည်၊ ၇-ဘဝသာ ဖြစ်ရန် ရှိတော့

http://www.dhammadownload.com

သည်၊သတ္တမ ဘဝမှာ ရဟန္တာဖြစ်၍ ဆင်းရဲခပ်သိမ်း ငြိမ်းမည်။

(၈) အထက်မင်္ဂိုလ်အတွက် ဝိပဿနာမနဲ့ မထက် အလယ် အလတ်ရှိလျှင် **ကောလံ ကောလ** သောတာပန် ဖြစ်သည်၊ ၂-၃-၄-၅-၆-ဘဝဖြစ်ရန် ရှိသည်၊ ထို ၂-ဘဝ စသည်မှာပင် ရဟန္တာဖြစ်၍ဆင်းရဲ ခပ်သိမ်း ငြိမ်းမည်။

သောတာပန် ၁၂-ပါး

(၁) အခြေခံအကျင့်၌ ဆင်းရဲ၍ ဉာဏ်အတက်နှေးလျှင် **ဒုက္ခ ပဋိပဒါဒန္ဓာဘိညာ** ပုဂ္ဂိုလ်။

(၂) အခြေခံအကျင့်၌ ဆင်းရဲ၍ ဉာဏ်အတက် မြန်လျှင် **ဒုက္ခ ပဋိပဒါခိပ္ပါဘိညာ** ပုဂ္ဂိုလ်။

(၃) အခြေခံအကျင့်၌ ချမ်းသာ၍ ဉာဏ်အတက်နှေးလျှင် **သုခ ပဋိပဒါဒန္ဓာဘိညာ** ပုဂ္ဂိုလ်။

(၄) အခြေခံအကျင့်၌ ချမ်းသာ၍ ဉာဏ်အတက်မြန်လျှင် **သုခ ပဋိပဒါခိပ္ပါဘိညာ** ပုဂ္ဂိုလ်။

သောတာပန် ၃-ပါးကို ပဋိပဒါအဘိညာ ၄-ပါးနှင့် မြောက်ပွား လျှင် ၁၂-ပါးဖြစ်သည်။

သောတာပန် ၂၄-ပါး

(၁) **သဒ္ဓါဓုရ-** သဒ္ဓါဦးဆောင်သောပုဂ္ဂိုလ်။

(၂) **ပညာဓုရ-** ပညာဦးဆောင်သော ပုဂ္ဂိုလ်။

ဤဓုရ ၂-ပါးနှင့် ထပ်၍ မြောက်ပွားလျှင် သောတာပန် ၂၄-ပါးဖြစ်သည်။

http://www.dhammadownload.com

၂။ လူ့ဘဝသို့ တစ်ကြိမ်မျှသာ ပြန်လာပြီးလျှင် ဆင်းရဲခပ်သိမ်းငြိမ်းမည့်ပုဂ္ဂိုလ်ကို **သကဒါဂါမ်**ဟု ခေါ်သည်။

သကဒါဂါမ် ၁၂-ပါး

(က) မမြဲဟု ရှုလျက်ရသည့် မဂ်က **အနိမိတ္တာဝိမောက္ခ**၊ ဤဝိမောက္ခဖြင့်ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

(ခ) ဆင်းရဲဟု ရှုလျက် ရသည့်မဂ်က **အပ္ပဏိဟိတဝိမောက္ခ**၊ ဤဝိမောက္ခဖြင့် ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

(ဂ) အနတ္တာဟု ရှုလျက်ရသည့်မဂ်က **သုညတဝိမောက္ခ**၊ ဤဝိမောက္ခဖြင့်ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

ဤသကဒါဂါမ် ၃-ပါးကို ပဋိပဒါအဘိညာ ၄-ပါးနှင့် မြှောက်လျှင် ၁၂-ပါး ဖြစ်သည်။

၃။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသော ပုဂ္ဂိုလ်ကို **အနာဂါမ်** ဟု ခေါ်သည်။

(က) အဝိဟာဘုံ၌ အသက်တမ်း ထက်ဝက်ကို မလွန်မီ ရဟန္တာဖြစ်၍ကိလေသာငြိမ်းမည့် **အန္တရာပရိနိဗ္ဗာယီ** အနာဂါမ် ၃-ပါး။

(ခ) အသက်တမ်း ထက်ဝက်ကို လွန်မှ ရဟန္တာဖြစ်၍ ကိလေသာငြိမ်းမည့် **ဥပဟစ္စပရိနိဗ္ဗာယီ** အနာဂါမ် ၁-ပါး။

(ဂ) အထက်ဘုံများသို့ တက်ရောက်ပြီးမှ ရဟန္တာဖြစ်၍ ကိလေသာငြိမ်းမည့် **ဥဒ္ဓံသောတ** အနာဂါမ် ၁-ပါး။ ပေါင်း အဝိဟာဘုံ၌အနာဂါမ် ၅-ပါး။

http://www.dhammadownload.com

(၁) ထိုပုဂ္ဂိုလ် ၅-ပါးထဲမှ လွယ်ကူစွာနှင့်ရဟန္တာဖြစ်မည့် **အသဒိရ ပရိနိဗ္ဗာယီ** ပုဂ္ဂိုလ် ၅-ပါး။

(၂) အထူးကြောင့်ကြစိုက်၍ အားထုတ်မှ ရဟန္တာဖြစ်မည့် **သသဒိရ ပရိနိဗ္ဗာယီ** ပုဂ္ဂိုလ် ၅-ပါး။ ပေါင်း အဝိဟာဘုံ၌ အနာဂါမ် ပုဂ္ဂိုလ် ၁၀-ပါး။

(၃) ထိုအတူ အကပ္ပါဘုံ၌ ၁၀ ပါး၊ သုဒဿာဘုံ၌ ၁၀ ပါး၊ သုဒဿီဘုံ၌ ၁၀-ပါး၊ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတ ၂-ပါးမရှိ၍ ၈-ပါး။အားလုံးပေါင်း အနာဂါမ် ပုဂ္ဂိုလ် ၄၈-ပါး ဖြစ်သည်။

(၄) ကိလေသာခပ်သိမ်း အကုန်ငြိမ်း၍ အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်ကို **ရဟန္တာ**ဟု ခေါ်သည်။ ဤရဟန္တာသည် သကဒါဂါမ် ကဲ့သို့ပင် ဝိမောက္ခ ၃-ပါးနှင့် ပဋိပဒါ ၄-ပါးတို့ဖြင့် မြောက်ပွား၍ ၁၂-ပါး ဖြစ်သည်။

သောတာပန် ၂၄-ပါး၊ သကဒါဂါမ် ၁၂-ပါး၊ အနာဂါမ် ၄၈-ပါး၊ ရဟန္တာ ၁၂-ပါး၊ အားလုံးပေါင်း အရိယာ ပုဂ္ဂိုလ် ၉၆-ပါး ဖြစ်သည်။ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ပါးနှင့်တကွ **အရိယာပုဂ္ဂိုလ်မြတ်** အပါး၀တ်ရာ ဖြစ်သည်။

ဤအပါး၀တ်ရာ အရိယာအပေါင်းအား အရိအသေအလေး အမြတ် ပူဇော်ပါကုန်၏။

ဤသို့သော အရိယာအစစ်ဖြစ်အောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ။။

http://www.dhammadownload.com

၁၃၂၈-ခုနှစ်၊ နတ်တော်လဆန်း(၆)ရက်
(၁၇) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ပုဂ္ဂလပညတ် ပါဠိတော်လာ

အဓိယာ(ဂ)ပါးတရားတော်

ထိုစဉ်အခါက ပုံနှိပ်ဝေငှခဲ့သော ဆောင်ပုဒ်များမှာ အောက်ပါ အတိုင်းပင် ဖြစ်သည်။

အဓိယာပုဂ္ဂိုလ်(၇)ပါး တရားတော်ဆောင်ပုဒ်များ

၁။ **သဒ္ဓါနုသာရီ**-သဒ္ဓါသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်။
၂။ **ဓမ္မာနုသာရီ**-ပညာသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်။
၃။ **သဒ္ဓါဝိမုတ္တ**-သဒ္ဓါဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်။
၄။ **ပညာဝိမုတ္တ**-ပညာဖြင့် လွတ်မြောက်သော ရဟန္တာ ပုဂ္ဂိုလ်။
၅။ **ဒိဋ္ဌပ္ပတ္တ**-ပညာဖြင့် ရောက်သော ပုဂ္ဂိုလ်။
၆။ **ကာယသက္ခီ**-နာမကာယဖြင့် မျက်မှောက်ပြုသော ပုဂ္ဂိုလ်။
၇။ **ဥဘတောဘာဂဝိမုတ္တ**-နှစ်ပါးသောအဖို့မှာ နှစ်ကြိမ်လွတ် မြောက်သော ရဟန္တာပုဂ္ဂိုလ်။

http://www.dhammadownload.com

ဝေဖန်ချက်
ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒု (၄၆၈)

(က) **အနိစ္စ**– ရှု၍ အရိယာမဂ်သို့ရောက်လျှင် ယုံကြည်ဆုံး ဖြတ်မှုများသည်၊ **သဒ္ဓိန္ဒြေ**ထက်သည်၊ ပဌမမဂ်ခဏ၌ **သဒ္ဓါနုသာရီ**၊ အလယ် ၆–ဌာန၌ **သဒ္ဓါဝိမုတ္တ**၊ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တ မည်သည်။

(ခ) **ဒုက္ခ**–ဟု၍ အရိယာမဂ်သို့ရောက်လျှင် ငြိမ်းအေးမှုများသည်၊**သမာဓိန္ဒြေ**အားကြီးသည်၊ **ဒုက္ခ**ကို အကြောင်းပြု၍ **သဒ္ဓါ**လည်းထက်သည်၊ နည်းတူပင် သဒ္ဓါနုသာရီ၊ သဒ္ဓါဝိမုတ္တ၊ **ပညာဝိမုတ္တ**မည်သည်။

(ဂ) **အနတ္တ**–ဟု၍ အရိယာမဂ်သို့ရောက်လျှင် ပညာများသည်၊**ပညိန္ဒြေ**ထက်သည်၊ ပဌမမဂ်ခဏ၌ **ဓမ္မာနုသာရီ**၊ အလယ် ၆–ဌာန၌**ဒိဋ္ဌိပ္ပတ္တ**၊ **အရဟတ္တဖိုလ်**ခဏ၌ **ပညာဝိမုတ္တ** မည်သည်။

(ဃ) **အဂ္ဂပစ္စာန်**ကို အခြေခံပြု၍ **အနိစ္စ၊ ဒုက္ခ**–ဟု၍လျက် အရိယာမဂ်သို့ရောက်လျှင် ပဌမမဂ်ခဏ၌ **သဒ္ဓါနုသာရီ**မည်၏၊ **အနတ္တ**–ဟု၍လျက် အရိယာမဂ်သို့ရောက်လျှင် ပဌမမဂ်ခဏ၌ **ဓမ္မာနုသာရီ** မည်၏၊ အလယ် ၆–ဌာန၌ **ကာယသက္ခိ**၊ အရဟတ္တဖိုလ်ခဏ၌ **ဥဘတောဘာဂဝိမုတ္တ** မည်သည်။

ဤအရိယာပုဂ္ဂိုလ်(၇)ပါးတို့အား အလေးအမြတ်ပြု၍ ချီးကျူးပူဇော်ပါကုန်၏။

http://www.dhammadownload.com

အရှင်မဟာကဿပ ရရှိသော ဩဝါဒတော် ၃-ပါး

၁။ သက်ကြီး-လတ်-ငယ်၊ အားလုံးဝယ်၊
နှစ်သွယ် ရက်ကြောက်ထင်ပါစေ။

၂။ ကုသိုလ်ညွှန်ကြား၊ မြတ်တရား၊
လေးစားစူးစိုက်နာယူလေ၊

၃။ ကာယဂတာ၊ သတိဟာ၊
သင့်မှာမစွန့်. မြဲပါစေ။

၄။ အရှင်မဟာကဿပ၊ လက်ခံရ၊
ဆုံးမဩဝါ မြတ်သုံးထွေ။

အကျဉ်းချုပ် ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊
အသင့်ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊
ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊
ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၂၉-ခုနှစ်၊ နတ်တော်လဆုတ်(၁)ရက်
(၁၈) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ပုဂ္ဂလပညတ် ပါဠိတော်လာ

အရိယာ(၇)ပါးတရားတော်

ထိုပူဇော်ပွဲ၌ "၁၇" နှစ်မြောက်က ဟောခဲ့သော အရိယာပုဂ္ဂိုလ် တရားတော်ကိုပင် သာ၍ ရှင်းလင်းစွာ သိနားလည်ကြစေရန် ထပ်မံ ဟောကြား့သည်။

http://www.dhammadownload.com

၁၃၃၀-ခုနှစ်၊ ပြာသိုလဆန်း(၄)ရက် (၁၉) ကြိမ်မြောက်ကျင်းပသော နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင် ဟောကြားတော်မူသော

အနုမောဒနာဩဝါဒတရားတော်

၁၉-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ဆောက်လုပ်ပြီးခါစဖြစ်သော မဟာစည်ကျောင်းတော်သစ် ရေစက်ချပွဲနှင့် တပေါင်းတည်း ကျင်းပရန် စီစဉ်ကြသည်၊ ကျောင်းသစ်၌ မွမ်းမံရန် အနည်းငယ်လိုနေသေးသောကြောင့် ထိုနှစ်က ပြာသိုလဆန်း ၄ ရက်နေ့ မှာမှ ကျင်းပရသည်။ ထိုအခါက ပြာသိုလဆန်း ၁-ရက်နေ့ညက စတင်၍အကြိုတရားပွဲများကို ၃-ညတိတိ ကျင်းပခဲ့သည်၊ ပြာသိုလဆန်း ၄-ရက်နေ့၌ ကျောင်းအနုမောဒနာနှင့်တကွ ဩဝါဒတရားကို အကျယ်တဝင့်ဟောကြားခဲ့သည်၊ တရားတော်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဝိဟာရဒါနအကျိုးပြု အနုမောဒနာ

၁။ အေး-ပူ-စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေသည်။
၂။ ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်ဖြစ်ပေသည်။
၃။ စွာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ဇကန်သင့်ပေသည်။
၄။ ကျောင်းလှူဒါန၊ မြင့်မြတ်လှ၊ ဗုဒ္ဓချီးကျူးသည်။

http://www.dhammadownload.com

၅။ ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်။
၆။ နေ့ညမခြား၊ ကုသိုလ်များ၊ ဖြစ်ပွားလေတော့သည်။
၇။ ဆင်းရဲပယ်ရား၊ မြတ်တရား၊ နာကြားရပြန်သည်။
၈။ ကျောင်းအလှူရှင်၊ တရားမြင်၊ ခုပင်ငြိမ်းနိုင်သည်။
၉။ ခုနစ်နှစ်၊ ခုနစ်လ၊ ဝေလာမ၊ ကြီးစွာ့ပေးလှူသည်။
၁၀။ ဆဲ့နှစ်ယူဇနာ၊ ကျယ်ပြန့်စွာ၊ ချက်ကာကျွေးမွေးသည်။

(ဤ ၉-နှင့် ၁၀-နှစ်ပုဒ်တို့ဖြင့် ဆိုလိုသည်မှာ ဝေလာမမည်သော ဘုရားအလောင်းတော် ပုဏ္ဏားသည် ဂင်္ဂါမြစ်ကမ်းတလျှောက်ဝယ် ၁၂-ယူဇနာ ရှည်လျားကျယ်ပြန့်သော အရပ်၌ မီးဖိုချောင်းစပ်လျက် ချက်ပြုတ်စေ ပြီးလျှင် လာလာသမျှလူများအားယာဂုနှင့် ထမင်း ဟင်းတို့ကို (၇)နှစ် (၇)လ ပတ်လုံး ကျွေးမွေးလှူဒါန်း ခဲ့သည်ဟု ဆိုလို၏။ အကျယ်သိလိုလျှင် ထိုစဉ် အခါကထုတ်ဝေသော ကျောင်းအနုမောဒနာ တရားတော် စာအုပ်၌ ကြည့်ပါ။)

၁၁။ ရှစ်သောင်းလေးထောင်စီ၊ ဝတ်-ကိုးမည်၊ လှူသည် ရက်ရောစွာ။
၁၂။ ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက်ရထားပါ။
(အလှူဝတ် ငါးမျိုး)
၁၃။ နို့စား နွားမ၊ပလွက်၊ ကည ဝတ်ထည်ပါ။ (အလှူဝတ် ၄-မျိုး)
၁၄။ ထိုတွင် ဝတ်ထည်၊ ကငွေ့ချို၊ လှူသည် များလှစွာ။
(ဝတ်စုံ ၂၀-ကို ကငွေ့ဟု လောကဝေါဟာရရှိကြောင်း၊ ဤဌ်ကား ဆယ်ထည်ကို ကငွေ့ခေါ်ကြောင်း၊ ထိုသို့သော ကငွေ့ဖြင့် အဝတ်အထည်ကငွေ့ရှစ်သောင်း လေးထောင် လှူကြောင်း အဋ္ဌကထာအဆိုအားဖြင့် သိအပ်၏။)

http://www.dhammadownload.com

၁၅။ သောတာပန်တစ်ပါး၊ ကျွေးလှူငြား၊ ကျိုးများထို့ထက်သာ။
(ဝေလာမ အလှူကြီးထက် အကျိုးကြီးသည်ဟု ဆိုသည်။)

၁၆။ သောတာပန် တစ်ရာထက် သကဒါဂါမ် တစ်ပါးကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၁၇။ သကဒါဂါမ် တစ်ရာထက် အနာဂါမ်တစ်ပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၁၈။ အနာဂါမ်တစ်ရာထက် ရဟန္တာတစ်ပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၁၉။ ရဟန္တာတစ်ရာထက် ပစ္စေကဗုဒ္ဓါတစ်ပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၂၀။ ပစ္စေကဗုဒ္ဓါတစ်ရာထက် မြတ်စွာဘုရား ဆွမ်းလှူတာက သာ၍ အကျိုးကြီးသည်။

၂၁။ ဘုရားတစ်ပါးတည်းထက် ဘုရားအမှူးရှိသံဃာ ဆွမ်းလှူတာက သာ၍ အကျိုးကြီးသည်။

၂၂။ ဘုရားအမှူးရှိသံဃာ ဆွမ်းလှူတာထက် သံဃိက ကျောင်းအလှူက သာ၍ အကျိုးကြီးသည်။

သရဏဂုံ သီလ ဘာဝနာ အကျိုးပြအနုမောဒနာ

၂၃။ ကျောင်းအလှူထက် သရဏဂုံက သာ၍ အကျိုးကြီးသည်။

၂၄။ သရဏဂုံထက် ငါးပါးသီလက သာ၍ အကျိုးကြီးသည်။

၂၅။ ငါးပါးသီလထက် မေတ္တာဘာဝနာက သာ၍ အကျိုးကြီးသည်။

http://www.dhammadownload.com

၂၆။ မေတ္တာ ဘာဝနာထက် အနိစ္စာနုပဿနာက သာ၍ အကျိုး ကြီးသည်။

ဝိပဿနာ ၃-ပါးနှင့် ဝိမောက္ခ ၃-ပါး

၁။ မမြဟု ရှုမြင်တာက အနိစ္စာနုပဿနာ၊ အနိမိတ္တာ နုပဿနာ လဲ ခေါ်သည်၊ အနိမိတ္တာမက်ကို ရကြောင်းလဲ ဖြစ်သည်၊ ယင်း အနုပဿနာဖြင့် ရသောမက်ကို အနိမိတ္တာဝိမောက္ခခေါ်သည်။

၂။ ဆင်းရဲဟု ရှုမြင်တာက ဒုက္ခာနုပဿနာ၊ အပ္ပဏိဟိတာ နုပဿနာလဲ ခေါ်သည်၊ အပ္ပဏိဟိတမက်ကိုရကြောင်းလဲ ဖြစ်သည်၊ ယင်းအနုပဿနာဖြင့် ရသော မက်ကို အပ္ပဏိဟိတ ဝိမောက္ခ ခေါ်သည်။

၃။ အတ္တာမဟုတ်, အတ္တာမရှိ, သဘောတရားမျှဟု ရှုမြင်တာက အနတ္တာနုပဿနာ၊ သုညတာနုပဿနာလဲ ခေါ်သည်၊ သုညတ မက်ကို ရကြောင်းလဲ ဖြစ်သည်၊ ယင်းအနုပဿနာဖြင့် ရသော မက်ကို သုညတ ဝိမောက္ခ ခေါ်သည်။

အကျဉ်းချုပ် သြဝါဒသုံးပါး

၁။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။

၂။ ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲ ငြိမ်းပါစေ။

၃။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၃၁-ခုနှစ်၊ ဖြာသိုလဆန်း(၁၂)ရက် အင်္ကြိမ်(၂၀) မြောက်ကျင်းပသော နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

ဓမ္မဒါယာဒသုတ်တရားတော်

အင်္ကြိမ်(၂၀) မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲ၌ မဇ္ဈိမ နိကာယ် မူလပဏ္ဏာသ ပါဠိတော်မှ ဓမ္မဒါယာဒသုတ် တရားတော်ကို ဟောကြားခဲ့သည်၊ထိုစဉ်အခါက ပုံနှိပ်ဝေငှခဲ့သော ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

မူလပဏ္ဏာသ ပါဠိတော်
ဓမ္မဒါယာဒသုတ် (၁၅)
တရားအမွေခံတရားတော်

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာဟောမိန့်သည်။
၂။ ငါတပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။
၄။ တရားအမွေ၊ အစစ်ပေ၊ ဓ–ထွေလောကုတ်ပါ။
၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ။
၆။ စစ်–တု နှစ်ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။

http://www.dhammadownload.com

၇။ အာမိသမွေ၊ အစစ်ပေ၊ လေးထွေပစ္စည်းပါ။

၈။ လူနတ်သုခ၊ ရည်သန်က၊ ဒါန-သီလ-ဘာ။

၉။ အာမိသမွေ၊ အတုတွေ၊ မှတ်လေ မွေညှံ့သာ။

(လူ့ချမ်းသာ နတ်ချမ်းသာ တို့ကို ရည်သန်၍ ပြုသော ဒါန သီလ ဘာဝနာ ကုသိုလ်များကို အာမိသအမွေအတုဟု ဆိုလို၏၊ ယင်းသည်လည်း အာမိသ အမွေအစစ်ကဲ့သို့ပင် အမွေညှံ့သာ ဟူ၍လည်း ဆိုလို၏။)

၁၀။ ပစ္စည်းမျှတွင်၊ ခံယူလျှင်၊ လူရှင်ဆိုကြမှာ။

၁၁။ ဘုရားသားတွေ၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ။

(ရဟန်းတို့က ပစ္စည်းအမွေမျှသာ ခံယူနေကြလျှင် ဘုရားတပည့်များသာ ပစ္စည်းအမွေခံများသာဟု ကဲ့ရဲ့ကြလိမ့်မည် ဟု ဆိုလို၏)

၁၂။ ထပ်တလဲလဲ၊ အိုမစဲ၊ ဆင်းရဲနေကြမှာ။

၁၃။ ထပ်တလဲလဲ၊ နာမစဲ၊ ဆင်းရဲနေကြမှာ။

၁၄။ ထပ်တလဲလဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။

၁၅။ ထပ်တလဲလဲ၊ ပါယ်ဝရဲ၊ ကျမြဲ ကျနေမှာ။

၁၆။ သင်တို့နောင်ရေး၊ ငါမြော်တွေး၊ ဝန်လေးသနားပါ။

၁၇။ ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန်သည်။

၁၈။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

၁၉။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

၂၀။ ဆွမ်းဘုဉ်းပြီး၊ ဘုရားမှာ၊ များစွာဆွမ်းကျန်သည်။

(ဥပမာပြသည်)

http://www.dhammadownload.com

၂၁။ ရဟန်း ၂-ပါး၊ ဆာလောင်များ၊ ဘုရားထံရောက်သည်။
၂၂။ ဘုရားဆွမ်းကျန်၊ သုံးဆောင်ရန်၊ ဖိတ်မန်ခွင့်ပြုသည်။
၂၃။ တစ်ပါးသာစား၊ ကျန်တစ်ပါး၊ ပယ်ရှားကျင့်သုံးသည်။
၂၄။ ပယ်ရှားသူသာ၊ ကျိုးများမှာ၊ မြတ်စွာ ချီးကျူးသည်။
၂၅။ ဤသို့ မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာဆုံးမသည်။
၂၆။ ဘုရားစကား၊ တို့အများ၊ လေးစား ကျင့်ထိုက်သည်။
၂၇။ လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာ-ရပေမည်။

အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး

(၁) သက်ကြီး လတ်, ငယ်၊ အားလုံးဝယ်၊ နှစ်သွယ် ရှက်-ကြောက်ထင်ပါစေ။
(၂) ကိုသိလ်ညွှန်ကြား၊ မြတ်တရား၊ လေးစား စူးစိုက်နာယူလေ။
(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာမစွန့် မြဲပါစေ။
(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊ ဆုံးမ သြဝါမြတ်သုံးထွေ။

အကျဉ်းချုပ် သြဝါဒ ၃-ပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။
(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

---

http://www.dhammadownload.com

၁၃၃၂-ခုနှစ်၊ နတ်တော်လပြည့်နေ့.
(၂၁) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ဓမ္မဒါယာဒသုတ်တရားတော်

၂၁-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲ၌လည်း ယခင်နှစ်ကဟောခဲ့သော ဓမ္မဒါယာဒသုတ် တရားတော်ကိုပင် အလွန် မြတ်နိုးဖွယ်ကောင်းသောကြောင့် ထပ်မံ၍ ဟောကြားခဲ့သည်။ အထူးမှာ ထိုနှစ်က ဆောင်ပုဒ်၌ ထိုသုတ်မှ အရှင်သာရိပုတ္တရာ၏ ဝေဖန်ချက်ကို လည်း အောက်ပါအတိုင်း ဖြည့်စွက် ဟောထားသည်။

အရှင်သာရိပုတ္တရာ၏ ဝေဖန်ချက်

၁။ ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွားများထာဝစဉ်။
၂။ တပည့်တို့ကား၊ ထိုတရား၊ မပွား မလိုက်လျှင် (၁)
၃။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှား မပြုလျှင် (၂)
၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးလျော့ပေါ့လျှင်။
၅။ ဆုတ်ရန်ရှောင်ကွာ၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင် (၃)
၆။ ထေရ်ကြီး-လတ်-ငယ်၊ ကဲ့ရဲ့ဖွယ်၊ သုံးသွယ်ငြိုစွန်းသည်။
၇။ ဆိတ်ငြိမ်တရား၊ တပည့်များ၊ ကျင့်ပွားကြလေလျှင် (၁)

http://www.dhammadownload.com

၈။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားကြလေလျှင်(၂)

၉။ ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ရန်မလျှော့လျှင်။

၁၀။ ဆိတ်ငြိမ်ကျင့်ရေး၊ ရှေဆောင်ပေး၊ ဆုတ်ရေးပယ်ရှားလျှင် (၃)

၁၁။ ထေရ်ကြီး-လတ်-ငယ်၊ ချီးမွမ်းဖွယ်၊ သုံးသွယ်ပြည့်စုံသည်။

(၁) လိုချင်တပ်မက်တဲ့- လောဘလဲ ယုတ်မာသည်၊ ပြစ်များ ဖျက်ဆီးချင်တဲ့- ဒေါသလဲ ယုတ်မာသည်၊လောဘကိုလဲ ပယ်ရန်၊ ဒေါသကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်။ ဘယ်ဟာလဲ ဆိုလျှင်မဂ္ဂင်ရှစ်ပါး မြတ်တရားပင် ဖြစ်သည်။

ထိုတရားမှာလည်း-

သမ္မာဒိဋ္ဌိ-မှန်စွာ မြင်ခြင်း၊

သမ္မာသင်္ကပ္ပေါ-မှန်စွာ ကြံခြင်း၊

သမ္မာဝါစာ-မှန်စွာ ပြောဆိုခြင်း၊

သမ္မာကမ္မန္တော-မှန်စွာ ပြုလုပ်ခြင်း၊

သမ္မာအာဇီဝေါ-မှန်စွာ အသက်မွေးခြင်း၊

သမ္မာဝါယာမော-မှန်စွာ အားထုတ်ခြင်း၊

သမ္မာသတိ-မှန်စွာ အမှတ်ရခြင်း၊

သမ္မာသမာဓိ-မှန်စွာ စူးစိုက် တည်ကြည်ခြင်း ဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်သည်။

(၂) မှန်စွာ မြင်သိ ကြံမိ မှန်ကန်၊
မှန်စွာ ပြော-ပြု ရာမှလမ်းမှန်။
မှန်စွာ ကြောင့်ကြ မှတ်ရမှန်ကန်၊

http://www.dhammadownload.com

စူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။

(၃) အမျက်ထွက်တဲ့- **ကောဓ**လဲ ယုတ်မာသည်၊ ရန်ငြိုးဖွဲ့တဲ့- **ဥပနာဟ**လဲ ယုတ်မာသည်။

(၄) သူ့ကျေးဇူးကို ချေဖျက်တဲ့ **မက္ခ**လဲ ယုတ်မာသည်၊ မြင့်မြတ်သူကို ဂုဏ်ပြိုင်တဲ့-**ပဠာသ**လဲ ယုတ်မာသည်။

(၅) မနာလိုတဲ့ - **ဣဿာ**လဲ ယုတ်မာသည်၊ ဝန်တိုတဲ့ **မစ္ဆရိယ**လဲ ယုတ်မာသည်။

(၆) ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်စားတဲ့-**မာယာ**လဲ ယုတ်မာသည်၊ မရှိတဲ့ဂုဏ်နဲ့ ဝါကြွား စဉ်းလဲတဲ့- **သာဌေယျ**လဲ ယုတ်မာသည်။

(၇) မကိုင်းညွတ် မရိုသေနိုင်တဲ့ **ထမ္ဘ**လဲ ယုတ်မာသည်၊ နှိမ်ချိုးရန် သူ့ထက်ကျောအောင်ပြုတဲ့- **သာရမ္ဘ**လဲ ယုတ်မာသည်။

(၈) အထင်ကြီးတဲ့-**မာန**လဲ ယုတ်မာသည်၊ ဘဝင်မြင့်တဲ့ **အတိမာန**လဲ ယုတ်မာသည်။

(၉) မာန်ယစ်တဲ့- **မဒ**လဲ ယုတ်မာသည်.၊ မေ့လျော့တဲ့- **ပမာဒ**လဲ ယုတ်မာသည်။

မဒတရားအကျယ် ၂၇-ပါး

၁။ မျိုး, နွယ်, နာကင်း၊ ပျိုနုခြင်း၊ လွန်မင်းသက်ရှည်စွာ။

၂။ လာဘ်, သက္ကာရ၊ လေးပြုကြ၊ ဖြစ်ရရှေ့ဆောင်ပါ။

(အနဝညာတကို အလေးပြု၌ သွင်းပါ)

၃။ ခြံရံ, ဘောဂ၊ ရုပ်ဆင်းလှ၊ သုတ, ပဋိဘာ။

http://www.dhammadownload.com

၄။ သက်ကြီး, ပိတ္ထာ၊ ယာပထ၊ ယသ, ပြီးမြောက်တာ။
၅။ သီလ, စျာန၊ တတ်သိပွ၊ ညီမျှလုံးရပ်ပါ။
(သဏ္ဌာန, ပါရိပူရီတို့ကို လုံးရပ်ညီ၌ သွင်းပါ)
၆။ စွဲမှီပြုလျင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။

ပမာဒတရားအကျယ်

၁။ ဒုစရိုက်သုံးပါး၊ ကာမဂါး၊ စိတ်သွားစေဖို့လွတ်ထားလျှင်။
၂။ ကုသိုလ်တရား၊ ပွားဖို့ကား၊ လေးစား ကောင်းစွာမပြုလျှင်။
၃။ မပြတ်မပွား၊ စိတ်လျော့ငြား၊ လိုလား ဓရ ချထားလျှင်။
၄။ မမှီဝဲငြား၊ မပွားများ၊ အားပါးမထုတ် နေခဲ့လျှင်။
၅။ သွားလာသောက်စား၊ ပျော်နေငြား၊ သူအား မေ့လျော့ခေါ်သည်
ဝင်း။

http://www.dhammadownload.com

၁၃၃၃-ခုနှစ်၊ နတ္တော်လဆုတ်(၃)ရက်
(၂၂) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
အင်္ဂုတ္တရပါဠိတော် ပဉ္စနိပါတ် နာ(၉၃)မှ
အနာဂတ်ဘေးငါးပါးတရားတော်

ထိုသြဝါဒခံယူပူဇော်ပွဲ၌ အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ် နာ(၉၃) အနာဂတ်ဘေးငါပါး တရားတော်ကို ဟောကြားခဲ့ သည်။ ထိုတရားတော်၏ ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ပင်ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
အင်္ဂုတ္တရပါဠိတော်
အနာဂတဘယသုတ္တန် တရားတော် ဆောင်ပုဒ်များ

(က) နာဂတ်ဘေးများ၊ မြတ်ဘုရား၊ ငါးပါးဟောခဲ့သည်။
(ခ) "ခု မပေါ်သေး၊ လာမည့်ဘေး၊ မြော်တွေးသိရမည်။
(ဂ) သိပြီးလျှင်ကား၊ ထိုဘေးများ၊ ပယ်ရှားကြရမည်။"

http://www.dhammadownload.com

၁၃၃၄-ခုနှစ်၊ နတ်တော်လဆုတ်(၄)ရက် (၂၃) ကြိမ်မြောက်ကျင်းပသော နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သြဝါဒတရားတော်

ထိုသြဝါဒခံယူပူဇော်ပွဲတွင် ယခင်နှစ်က ဟောခဲ့သော အနာဂတ ဘယသုတ္တန် တရားတော်ကိုပင် အလွန်သတိပြုဖွယ်ကောင်းသော ကြောင့် ထပ်မံ၍ ဟောကြားခဲ့သည်။

(ထိုစဉ်အခါက သြဝါဒခံယူပူဇော်ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားချက်များမှာ အင်မတန် တန်ဖိုးရှိ၍ မှတ်သားဖွယ်ရာများ ဖြစ်ပါသောကြောင့် "၂၃" နှစ်မြောက် သြဝါဒခံယူပူဇော်ပွဲမှ သြဝါဒတရားတော်အား သီးခြားစာအုပ်အဖြစ် ထုတ်နုတ်ခဲ့ပါသည်။)

http://www.dhammadownload.com

၂၂။ ဤကားဘယ၊ စတုတ္ထ၊ သိရ ပယ်ရမည်။ (၄)

၂၃။ ထို့တူလေးဖြာ၊ ဘာဝနာ၊ ကင်းကွာနေကြမည်။

၂၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေး ပေါ့လျော့မည်။

၂၅။ ရောက်-သိစေဟု၊ အားထုတ်မှု၊ မပြုကင်းကြမည်။

၂၆။ အတုလိုက်သွား၊ တပည့်များ၊ အလားတူကြမည်။

၂၇။ ဤနည်းဖြင့်ပ၊ ဝိနယ၊ ဓမ္မပျက်စီးမည်။

၂၈။ ဤကားဘယ၊ ပဉ္စမ၊ သိရ ပယ်ရမည်။ (၅)

(ဃ) ဤဘေးငါးဖြာ၊ ပယ်ဖို့ရာ၊ မြတ်စွာမိန့်ခဲ့သည်။

သြဝါဒအကျဉ်းချုပ် သုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။

(၂) ထိဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

၁၃၃၅-ခုနှစ်၊ နတ်တော်လပြည့်နေ့.
(၂၄) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်သြဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ဂါလိယာနိသုတ်တရားတော်

ထိုသြဝါဒခံယူပူဇော်ပွဲ၌ "ရဟန်းကောင်းကျင့်စဉ်တရားတော်" ဟူသောအမည်ဖြင့် ဂါ.လိယာနိသုတ် တရားတော်ကို ဟောကြားခဲ့သည်၊ ထိုတရားတော်၏ ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော်
ဂါလိယာနိသုတ်
ရဟန်းကောင်းကျင့်စဉ်တရားတော်
ဆောင်ပုဒ်များ

၁။ တောနေရှင်မြတ်၊ သံဃာကပ်၊ တုပ်ဝပ်ရိုသေရာ။
၂။ ကြီး-ငယ်တို့အား၊ မထိပါး၊ မြစ်တားကင်းစေရာ။
၃။ ခန္ဓကဝတ်လဲ၊ မချွတ်ပဲ၊ အမြဲကျင့်သုံးရာ။
၄။ ဆွမ်းခံဝင်လဲ၊ မစောပဲ၊ ပြန်လဲမနောင်းရာ။
၅။ ဆွမ်းမစားခင်၊ စားပြီးလျှင်၊ အိမ်ဝင်မလည်ရာ။

http://www.dhammadownload.com

၆။ သံဃာ့ထံတော်၊ ကပ်နေသော်၊ လျှပ်ပေါ်ပျံ့လွင့်မရှိရာ။
၇။ ပြောဆိုကြမ်းတမ်း၊ နှုတ်သရမ်း၊ ရန့်ကြမ်းကင်းစေရာ။
၈။ မိတ်ကောင်းရှိရယ်၊ ဆုံးမလွယ်၊ နှစ်သွယ်ပြည့်စုံရာ။
၉။ တောကျောင်းနေတုံ၊ ဣန္ဒြေကိုယ်ဖုံ၊ လုံခြုံစောင့်ရှောက်ရာ။
၁၀/၁၁။ ဘောဇဉ်တိုင်းရှည်၊ သိပါစေ၊ အိပ်နေနည်းပါးရာ။
၁၂/၁၃။ ဝီရိ-သတိ၊ သမာဓိ၊ အသိပညာ ပြည့်စုံရာ။
၁၆။ အဘိဓမ္မာ၊ ဝိနည်းမှာ၊ လေ့လာအားထုတ်ရာ။
၁၇။ ဝိမောက်သန္တာ၊ အရှုပ၊ လေးဝစုံစေရာ။
၁၈။ လူမြတ်တရား၊ ရစေသား၊ ကြိုးစားအားထုတ်ရာ။
၁၉။ တဆဲ့ရှစ်ထွေ၊ ဤဝတ်တွေ၊ တောနေရဟန်း ကျင့်သုံးရာ။
၂၀။ ရွာကျောင်းနေလဲ၊ နည်းတူဘဲ၊ မလွဲကျင့်သုံးရမည်သာ။

အကျဉ်းချုပ် ဩဝါဒ ၃-ပါး

၁။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။
၂။ ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
၃။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

(ထိုစဉ်အခါက ဩဝါဒခံယူပူဇော်ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားချက်များမှာ အင်မတန် တန်ဖိုးရှိ၍ မှတ်သားဖွယ်ရာများ ဖြစ်ပါသောကြောင့် "၂၄" နှစ်မြောက် ဩဝါဒခံယူပူဇော်ပွဲမှ ဩဝါဒတရားတော်အား သီးခြားစာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။)

http://www.dhammadownload.com

၁၃၃၆-ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်
(၂၅) ကြိမ်မြောက်ကျင်းပသော
နှစ်ပတ်လည်ညီဝါဒခံယူပူဇော်ပွဲတွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ညီဝါဒတရားတော်

၁၃၃၆- ခုနှစ် နတ်တော်လဆန်း ၉-ရက် တနင်္ဂနွေနေ့ဌိ ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ဝိပဿနာကမ္မဋ္ဌာန်းစ၍ ပြခဲ့သည်မှ ၂၅-နှစ် ပြည့်မြောက်သည်ကို ရည်ညွှန်း၍ ငွေရတုသဘင်ဟူသော အမည် ဖြင့် နှစ်ပတ်လည် ညီဝါးခံယူပူဇော်ပွဲကို အထူးတလည် ခမ်းနားစွာ ကျင်းပသည်။ ထိုငွေရတုသဘင် ညီဝါဒခံယူပူဇော်ပွဲ၌ အထူး သဖြင့် အမှတ်တရဖြစ်စေရန်ဘုရားရှင်တို့၏ ညီဝါဒပါတိမောက် တရား တော်ကိုပင် ထပ်၍ ဟောသည်။ တရားဆောင်ပုဒ်များမှာ ၁၃၁၅-ခုနှစ် ၄-ကြိမ်မြောက် နှစ်ပတ်လည် ညီဝါဒခံယူပူဇော်ပွဲတုန်းက ဖြန့်ဝေခဲ့ သော ဆောင်ပုဒ်များအတိုင်းပင် ဖြစ်သည်။ သို့သော် အထူးမှတ်သားရန် ဤအရာ၌ ထိုညီဝါဒ ပါတိမောက် ဂါထာတို့၏ အနက်ကို ဖော်ပြ ပါမည်။

(၁) **တိတိက္ခာ**-ချုပ်တည်းခံလင့်ခြင်းဟူသော၊ (ဤဝိသေသန ဖြင့် ဓမ္မနိဗ္ဗာနခန္တီခေါ် နှစ်သက်သဘောကျသည့် ဉာဏ်ခန္တီမဟုတ်ဟု သိစေ၏) **ခန္တီ**-သည်းခံခြင်းသည်၊ **ပရမံ**-မြတ်သော၊ **တပေါ**-(သီလ

http://www.dhammadownload.com

စသည်တို့၏ ဆန့်ကျင်ဘက် ကိလေသာတို့ကို ပူလောင် ခြောက်သွေ့စေသည့်) အကျင့်ပေတည်း၊ [**တိတိက္ခာသဒ္ဒါတာ**–တိတိက္ခာဟု ဆိုအပ်သော၊ **အဓိဝါသနခန္တိ**–မိမိ အပေါ်၌ တက်နေစေခြင်းခံလင့်ခြင်း ဟူသော၊ ခန္တိ–(သည်းခံခြင်း)သည်၊ **ဥတ္တမံ**–မြတ်သော၊ **တပေါ**–အကျင့်ပေတည်း။ **ဣတိ အတ္ထော**–ဤကား "ခန္တီ ပရမံ တပေါ တိတိက္ခာ" ဟူသော အပိုဒ်၏ အနက်။ ဤအဋ္ဌကထာအဖွင့်၌ အဓိဝါသန–ပုဒ်ဖြင့်သည်းခံခြင်းဟူသော အနက်ကိုပင် ပြ၏၊ သဒ္ဒါနက်အားဖြင့် **အဓိ**–မိမိ၏ အထက်၌၊ **ဓိ**–မိမိအပေါ်၌ တက်+**ဝါသနာ**–နေစေခြင်း=**အဓိဝါသန**–မိမိ၏ အထက်၌ နေစေခြင်း၊ **ဝါ**–မိမိအပေါ်၌ တက်၍ နေစေခြင်း–ဟု အနက်ရ၏၊ ဆိုလိုသော အနက်မှာမူ သည်းခံခြင်းဟူ၍ပင် ဖြစ်သည်၊ ထိုပုဒ်၌ အဓိ–သဒ္ဒါကို အကြောင်းပြု၍ "အလွန်သည်းခံခြင်း" ဟူ၍ကား မပြန်အပ်၊ အဓိ–ကိုအလွန်ဟုပြန်လျှင် အဓိဝါသန–အလွန်နေခြင်းဟူ၍ မလိုအပ်သော အနက်ကိုသာ ရရာ၏။ ထို့ပြင် တိတိက္ခာ–ပုဒ်, အဓိဝါသန–ပုဒ်တို့ဖြင့် ခန္တီ–ပုဒ်ကို အထူးပြုခြင်းသည် "အသိညာဏ်မဟုတ်, သည်းခံခြင်းသာ"ဟု သိစေရန်ဖြစ်သည်။ အကယ်၍ "အလွန်သည်းခံခြင်း"ဟု အနက်ပြန်လျှင် မည်၍မည်မျှအထိ သည်းခံလျှင် သာမန်သည်းခံခြင်း မည်ပါသနည်း၊ မည်၍မည်မျှအထိ သည်းခံမှ အလွန်သည်းခံခြင်း မည်ပါသနည်း"ဟု သံသယဖြစ်ဖွယ်, မေးဖွယ် ရှိ၏၊ ထိုအမေးကို ပြေလည်အောင် ဖြေနိုင်မည်မဟုတ်ပေ။ စင်စစ်သော်ကား **တိတိက္ခာ, အဓိဝါသနံ, ခန္တီ**–ဟူသော ဤသုံးပုဒ်သည် ဤအရာ၌ သည်းခံခြင်းအနက်ဟော အနက်တူပုဒ်များသာ ဖြစ်သည်၊ ထို့ကြောင့်ပင် "တိတိက္ခံ ခမံ တိတိက္ခာ"ဟူ၍လည်းကောင်း။ "ခန္တိယာ ဇဝ ဝေဝစနံ" ဟူ၍လည်းကောင်း အဋ္ဌကထာဋီကာတို့၌ မိန့်ဆိုကြပေသည်။ သို့ဖြစ်၍ အမျက်ဒေါသကို ချုပ်တည်း၍ သည်းခံခြင်းဟူသမျှသည် မြတ်သော

http://www.dhammadownload.com

အကျင့်ချည်းသာ ဖြစ်သည်၊ သံဝရငါးပါးတို့တွင် ခန္တီသံဝရချည်းသာ ဖြစ်သည်၊ တရား ကိုယ်အားဖြင့် သည်းခံသည့် အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်, သို့မဟုတ် အဒေါသပင် ဟူ၍ မှတ်အပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ (ပ-၂၆)၌ "ခန္တီသံဝရော အဓိဝါသနာ၊ သာစ တထာပဝတ္တာ အဒေါသပဓာနာ ခန္ဓာ, အဒေါသော ဧဝ ဝါ" ဟုဖွင့်ပြထားပေသည်။]

နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ **ဗုဒ္ဓါ**-ဘုရားရှင်တို့သည်၊ **ဝဒန္တိ**-မိန့်ဆိုဟောကြားကုန်၏။ **ပရူပယာတီသူ**-တပါးကို ညှဉ်းဆဲသော သူသည်၊ ဝါ-သူတပါးကို သတ်သောသူသည်၊ **နှ ပဗ္ဗဇိတော**-ကိလေသာကို နှင်ထုတ်တတ်သော ရှင်ရဟန်းမဟုတ်။ **ပရံ ဝိဟေဌယနေန္တော**-သူတပါးကို ညှဉ်းဆဲသောသူသည်၊ **နှ သမဏော**-ကိလေသာငြိမ်းသူ ရဟန်းမဟုတ်။

(၂) **သဗ္ဗပါပဿ**-အလုံးစုံသော မကောင်းမှု အကုသိုလ်ကို၊ **အကရဏံ**-မပြုခြင်း-မဖြစ်စေခြင်းလည်းကောင်း၊ **ကုသလဿ**-အရဟတ္တမဂ်အထိ ကုသိုလ်အားလုံးကို၊ **ဥပသမ္ပဒါ**-ပြည့်စုံစေခြင်းလည်းကောင်း၊ **သစိတ္တပရိ ယောဒပနံ**-မိမိ၏ စိတ်ကို (အရဟတ္တဖိုလ်ဖြင့်) ဖြူစင်တောက်ပ စေခြင်းလည်းကောင်း၊ **ဧတံ**-ဤသုံးပါးသည်၊ **ဗုဒ္ဓါနံ**-ဘုရားရှင်တို့၏၊ **သာသနံ**-အဆုံးအမတော်ပေတည်း။

[ကွာတိ-ဤသို့လျှင်၊ **သီလသံဝရေန**-သီလတည်းဟူသော ပိတ်ဆို့ စောင့်စည်းမှုဖြင့်၊ **သဗ္ဗပါပံ**-အလုံးစုံသော မကောင်းမှု အကုသိုလ်ကို၊ **ပဟာယ**-ပယ်၍။ **သမထဝိပဿနာဟိ**-သမထ ဝိပဿနာတို့ဖြင့်၊ **ကုသလံ**-ကာမ, ရူပ, အရူပကုသိုလ်နှင့် အရိယမဂ် ကုသိုလ်ကို၊ **သမ္ပါဒေတွာ**-ပြည့်စုံစေ၍၊ **အရဟတ္တဖလေန**-အရဟတ္တဖိုလ်ဖြင့်၊ **စိတ္တံ**-စိတ်ကို၊ **ပရိယောဒပေတဗ္ဗံ**-ဖြူစင်စေအပ်၏-ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြ

http://www.dhammadownload.com

ထားသောကြောင့် ပဌမအပိုဒ်အရ သီလဖြင့် အကုသိုလ်ကို ပယ်ရမည်၊ လူမှာ လူတို့၏ သီလဖြင့်၊ ရဟန်းမှာ ရဟန်းတို့၏ သီလဖြင့် ပယ်ရမည်။ ဒုတိယအပိုဒ်ဖြင့် သမထဘာဝနာ ဝိပဿနာ ဘာဝနာ အလုပ်တို့ဖြင့် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် မဂ်ကုသိုလ် တို့ကို ပြည့်စုံအောင် အားထုတ်ရမည်၊ ထိုသို့ အားထုတ်၍ အရဟတ္တာမဂ် သို့ရောက်လျှင် စိတ်သည် စင်ကြယ်၏၊ သို့သော် အရဟတ္တာဖိုလ်သို့ ရောက်မှ စင်ကြယ်ခြင်းကိစ္စလုံးဝပြီးဆုံးသည်။ ထိုကြောင့် တတိယအပိုဒ် ဖြင့် အရဟတ္တာဖိုလ်ဖြင့် စိတ်ကိုဖြူစင်စေရမည် ဟု အဋ္ဌကထာ၌ ဆိုပေသည်။]

အနုပဝါဒေါ–သူတပါးကို မစွပ်စွဲခြင်းလည်းကောင်း၊ **အနုပယာတော**–သူတပါးကို(ကိုယ်ဖြင့်) မညှဉ်းဆဲခြင်းလည်းကောင်း၊ **ပါတိမောက္ခေစ သံဝရော**–ပါတိမောက်သီလ၌ စောင့်စည်းပိတ်ဆို့ခြင်းလည်းကောင်း၊ **မတ္တညုတာစ ဘတ္တသ္မိ**– စားဘွယ်၌ ခံယူခြင်း သုံးဆောင်ခြင်း အလိုအားဖြင့် အတိုင်း အရှည်ကိုသိခြင်းလည်းကောင်း၊ **ပန္တဉ္စ သယနာသနံ**–အစွန်ကျသော တောကျောင်း ၌ နေခြင်းလည်းကောင်း၊ **အဓိစိတ္တေ**–လွန်မြတ်သော စိတ်အလုပ်၌၊ **ဝါ**–သမထ ဝိပဿနာ အလုပ်၌၊ **အာယောဂေါ စ**–မပြတ် အားထုတ်ခြင်းလည်းကောင်း၊ **ဇော်**–ဤ ၆–ပါးသည်၊ **ဗုဒ္ဓါနံ**–ဘုရားရှင်တို့၏၊ **သာသနံ**–အဆုံးအမတော်ပေတည်း။

ရန်ကုန်မြို့၊မဟာစည်သာသနာ့ရိပ်သာ၌
ဝိပဿနာကမ္မဋ္ဌာန်းစတင်ပြခဲ့သည့်(၂၅)နှစ်အတွင်း နှစ်ပတ်လည်
မဟာစည်ဩဝါဒကထာပေါင်းချုပ်
ဤတွင်ပြီး၏

http://www.dhammadownload.com

ရန်ကုန်မြို့၊သာသနာ့ရိပ်သာ
နှစ်ပတ်လည် အကြိုနေ့၌ ပိန့်ကြားတော်မူသော
အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်ဘုရားကြီး

၏

တိပိဒကထာ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.
သာသနာ့ရိပ်သာ
အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ကုက္ကိုင်း
ရွှေဂုံတိုင်စာအုပ်၊ရန်ကုန်မြို့။

http://www.dhammadownload.com

(ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ်-၆၁၈၆)

ပုံနှိပ်ခြင်း

ပထမအကြိမ်

(၁၀၀၀)

ထုတ်ဝေနေ.

ဖေဖော်ဝါရီလ ၁၉၇၃

အဖုံးရိုက်

ဝေဝေလွင်

စာအုပ်ချုပ်

မိုးပြာ

ပုံနှိပ်/ထုတ်ဝေ

ဦးညီပု(ဝ၂၀၀၀) အမှတ်-၁၆၊သာသနာ့ရိပ်သာ၊
ဟာမစ်တစ်လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ခင်လှ
(ဝ၁၅၇၈) စာပေလောကပုံနှိပ်တိုက်၊ အမှတ်-၁၇၃/၃၃-
လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

http://www.dhammadownload.com

၁၃၃၄-ခုနှစ်၊နတ်တော်လဆုတ်(၄)ရက်
ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌
"၂၃"ကြိမ်မြောက် နှစ်ပတ်လည်ပွဲအကြိုနေ့တွင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ဩဝါဒကထာ

နက်ဖန်ကျင်းပမည့် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲ အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ အနယ် နယ်အရပ်ရပ်ရှိ သာသနာ့ ရိပ်သာ ကမ္မဋ္ဌာန်းဌာနများ၊ ကမ္မဋ္ဌာနာစရိယ၊ နာယကဆရာတော် များ ယခုလို တက်တက်ကြွကြွ ညီညီညွတ်ညွတ်နှင့် လာရောက်ကြတာကို တွေ့.ရတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ယခုနှစ်မှာ ကြွရောက်လာကြ တာဟာ ယခင်နှစ်များကထက် များပါတယ်။ ကမ္မဋ္ဌာနာစရိယ အပါး ရေ (၇၀)ကျော်ရှိတဲ့အကြောင်း ဦးသံဝရက ဖတ်ကြားသွားတာကို ကြား လိုက်ရပါတယ်။ တချို့ဆရာတော် များဆိုလျှင် လာရောက်နိုင်လိမ့်မယ် လို့တောင် မထင်မိခဲ့ပါဘူး၊ ဒါပေမယ့် လာရောက်ကြတာကို တွေ့.ရပါ တယ်။ အဝေးဆုံးဖြစ်တဲ့ မြစ်ကြီးနားကလည်း လာရောက်တယ်၊ လေယာဉ်ခရီးဖြစ်တဲ့ ထားဝယ်နဲ့ ကျောက်ဖြူမြို့များမှလည်း ကြွလာကြ တယ်။ မပင့်မဖိတ် ရဘဲနဲ့ မိမိတို့၏ သဒ္ဓါဆန္ဒအလျောက် ဒီလို ကြိုး စားပြီး လာကြတာကို တွေ့.မြင်ရတဲ့အတွက် အထူးဝမ်းမြောက်တဲ့

http://www.dhammadownload.com

အကြောင်း နှုတ်ခွန်းဆက်သည့်အနေ အားဖြင့် ရှေးဦးစွာ ပြောကြားပါတယ်။

ဒီကနေ့ညမှာ ယခင်နှစ်များကလိုပဲ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ နည်းပြ ကမ္မဋ္ဌာနာစရိယ နာယက အရှင်မြတ်များအား သတိပေးစကား ညွှန်ကြား ပြောဆိုဖို့ပါဘဲ၊ ပြောဖို့ ရည်ရွယ်ထားတာကတော့ အပိုင်း (၇)ခုရှိပါတယ်။ ဘာတွေလဲဆိုလျှင် ....

(၁) ဝိနည်းကိုအလေးပြုရေး၊
(၂) တရားကိုအလေးပြုရေး၊
(၃) နည်းလမ်းမှန်ကန်ကျနရေး၊
(၄) အရှည်တည်တံ့ရေး၊
(၅) အညီအညွတ်ဆောင်ရွက်ရေး၊
(၆) နောက်နှစ်အတွက်အစီအစဉ်၊
(၇) ဟောပြောရေးစသည်အတွက် အကြံပေးရန်။

ဆိုတဲ့ ဒီ(၇)ပိုင်းပါပဲ။

(၁) ဝိနည်းကိုအလေးပြုရေး၊

"ဝိနယော နာမ ဗုဒ္ဓသာသနဿာယု၊ ဝိနယေဌိတော သာသန ဌိတ ဟောတိ" လို့ မန့်ဆု ထားတဲ့ အဋ္ဌကထာနှင့်အညီ ဝိနည်းဆိုတာ ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်တယ်၊ ဝိနည်းတည်နေလျှင် သာသနာတော်တည်တာပဲ၊ ဝိနည်းတည်တယ်ဆိုတာကလဲ ကျင့်တဲ့ ပုဂ္ဂိုလ်ရှိမှ အဲဒီကျင့် တဲ့ပုဂ္ဂိုလ်၏ သန္တာန်မှာသာတည်ပါတယ်၊ ဒါကြောင့် သာသနာတော်ကို အလေးအမြတ်ပြုတဲ့ပုဂ္ဂိုလ်တိုင်း

http://www.dhammadownload.com

သာသနာတော် တည်တံ့ရေးအတွက် ကိုယ်တိုင်လည်း ရိုရိုသေသေ ကျင့်ဖို့လိုပါတယ်။ ကိုယ် နှင့်စပ်ဆိုင်တဲ့ တပည့်များကိုလည်း ရိုရိုသေသေ ကျင့်အောင် ညွှန်ကြားတိုက်တွန်းဖို့ လိုပါတယ်။ အဲဒီ ရိုရိုသေသေကျင့်ပုံကို မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်။

ကုဓ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ ပါတိမောက္ခ သံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရ သမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာ ပဒေသု။ (အံ ၁၊ ၂၃၇-စသည်)

ဘိက္ခဝေ-ရဟန်းတို့၊ **ကုဓဘိက္ခု**- ဤသာသနာတော်၌ ရဟန်းသည်၊ **သီလဝါ**-သီလနှင့် ပြည့်စုံသည်၊ **ဟောတိ**-ဖြစ်၏။ **ပါတိမောက္ခ သံဝရ သံဝုတော**-ပါတိမောက်သီလဟူသော အပိတ် အဆို့ဖြင့် ပိတ်ဆို့စောင့်စည်းလျက်၊ **ဝိဟရတိ**-နေ၏။ သီလနှင့်ပြည့်စုံစေရမယ်၊ သီလဆိုတာ ပါတိမောက်သီလပါဘဲ၊ ပါတိမောက်ဆိုတာ သူ့ကိုစောင့်ရှောက်လျှင် စောင့်ရှောက်တဲ့သူကို အပါယ် ဘေးစသည်မှ လွတ်မြောက်စေတတ်တဲ့သီလဘဲ အကျဉ်းချုပ်ဆိုလျှင် ကိုယ်ဖြင့် မသင့်လျော်တဲ့ အမှုကို မပြုဘဲ ကြဉ်ရှောင်ခြင်းနှင့် နှုတ်ဖြင့် မသင့်လျော်တဲ့စကားကို မပြောဘဲ ကြဉ်ရှောင်ခြင်း ဆိုတဲ့ ဒီ(၂)မျိုးပါပဲ။

နောက်ပြီးတော့ ဒီပါတိမောက်သီလ လုံခြုံစေဖို့ရာ၊ **အာစာရဂေါစရသမ္ပန္နော**- ကောင်းသော အလေ့အကျင့်နှင့်လည်း ပြည့်စုံရမယ်၊ အပြစ်ကင်းသော ကျက်စားချဉ်းကပ်ရာ ဆက်ဆံရာနှင့်လည်း ပြည့်စုံရမယ်၊ အဲဒီမှာ ကောင်းသော အလေ့အကျင့်နှင့် အပြစ်ကင်းသော

http://www.dhammadownload.com

ကျက်စားရာတွေကတော့ အလွန်ကျယ်ဝန်းပါတယ်၊ ဝိသုဒ္ဓိမဂ်သီလ နိဒ္ဒေသ (နှာ-၁၆၊ မြန်မာပြန် ၅၇ စသည်) မှာ ပြထားပြီး ရှိပါတယ်၊ အဲဒီမှာကြည့်ပြီး အပြည့်အစုံသိနိုင်ပါတယ်၊ အရှင်ဘုရားတို့လဲ အများအား ဖြင့် ကြည့်ရှု လေ့လာပြီးဖြစ်ပါလိမ့်မယ်။

နောက်ပြီးတော့ ရိုရိုသေသေနဲ့ အပြည့်အစုံကျင့်ဖို့ရာလည်း၊ **အဏုမတ္တေသု ဝဇ္ဇေသု**-အဏုမြူမျှ သေးငယ်လှသော အပြစ်တို့၌ သော်လည်း၊ **ဘယဒဿာဝီ** - ကြောက်ဖွယ်ဘေးကြီးဟု ရှုမြင်လျက် ကျင့်ပါ၊ ရဟန်းတော်များမှာသင့်ရောက်နိုင်တဲ့ အာပတ်အပြစ်တွေက (၇)ပါးရှိပါတယ်။ အဲဒီ(၇)ပါးထဲမှာ သေးငယ်တဲ့အပြစ်ဆိုတာ ဒုက္ကဋ်နှင့်ဒုဗ္ဘာသီအာပတ်များပါပဲ၊ ဒုဗ္ဘာသီအာပတ်ဆိုတာ မြင့်မြတ်တဲ့ရဟန်းကို ယုတ်ညံ့တဲ့ဂုဏ်နဲ့၊ ယုတ်ညံ့တဲ့ရဟန်းကို မြင့်မြတ်တဲ့ဂုဏ်နဲ့ အပြောင် အပျက် ပြောဆိုခြင်းဖြင့် သင့်ရောက်တဲ့အာပတ်ပဲ၊ ယခုကာလမှာ ရဟန်းတော်အချင်းချင်း "အရှင် ဘုရားတို့က ဓမ္မကထိကကြီးပဲ၊ ဘုန်းကြီးတဲ့ဆရာတော်ကြီးပဲ" စသည်ဖြင့် အပြောင်အပျက် ပြောလေ့ရှိကြတယ်၊ အဲဒါသတိပြုစရာကောင်းပါတယ်၊ ဒုက္ကဋ်သင့်စရာ အကြောင်းတွေကတော့ အများ ကြီးပါဘဲ၊ အဲဒီ ဒုက္ကဋ်အာပတ်တွေထဲမှာ ပဏ္ဏတ္တိဝဇ္ဇအာပတ်က လောကဝဇ္ဇအာပတ်ထက် သေးငယ်တယ်၊ အဲဒီ အသေးငယ်ဆုံးဖြစ်တဲ့ ပဏ္ဏတ္တိဝဇ္ဇအာပတ်ပေမယ့် ကျူးလွန် လိုတဲ့စိတ်ဖြင့် ကျူးလွန်မိတဲ့ အာပတ်ဆိုလျှင် အပါယ်လေးပါး ကျရောက်စေနိုင်တယ်ဆိုတော့ အလွန်ကြောက်ဖွယ်ကောင်းပါတယ်။ ဒါကြောင့် အဲဒီလိုအာပတ် အသေးအငယ်ကလေးပေမယ့် အလွန် ကြောက်ဖွယ်ဘေးကြီး အနေနဲ့မြင်ပြီးတော့ အပြစ်ကင်းအောင်

http://www.dhammadownload.com

ကျင့်ရ မယ်လို့ ဆိုလိုပါတယ်။ အဲဒီ ဒုက္ကဋ်ထက်ကြီးတဲ့ ပါဋိဒေသနီ ပါစိတ် အစရှိတဲ့ အာပတ်တွေကိုတော့ အထူးပြောစရာမလိုတော့ပါဘူး၊ သာပြီးကြောက် ဖွယ်ထင်ပြီးတော့ ကြဉ်ရှောင်ကြဖို့ပါဘဲ။

သဒ္ဓါသာဓနော ဟိသော (ပါတိမောက္ခသံဝရော)–လို့ မိန့်ဆို ထားတဲ့အတိုင်း၊ ပါတိမောက် သီလဆိုတာ ယုံကြည်မှု သဒ္ဓါတရားဖြင့် ပြည့်စုံစေရတဲ့သီလဖြစ်တယ်၊ သဒ္ဓါတရားအားကောင်း ယင် ဒီသီလကို ကျင့်ဖို့ရာ ဝန်မလေးဘူး၊ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေမှာ သဒ္ဓါတရားဟာ သာမန်ပုဂ္ဂိုလ်တွေမှာထက် အားကောင်းသင့်ပါတယ်၊ ဒါကြောင့် တရားအားထုတ်ထားကြတဲ့ အရှင်မြတ်တွေဟာ "သူတစ်ပါး တွေက မကျင့်တောင်မှ ငါတို့ကတော့ကျင့်ရမယ်"လို့ နှလုံးသွင်းပြီး ဝိနည်းကိုအထူးသဖြင့် ရိုရိုသေသေ ကျင့်သွားကြဖို့ပါဘဲ။

ယနေ့အခါမှာ အများအားဖြင့် ပေါ့လျော့နေတတ်ကြတာတွေ့ ကတော့ မြို့ထဲရွာထဲမှာ သင်္ကန်းရုံရတဲ့ သိက္ခာပုဒ်၊ စက္ခုန္ဒြေစောင့်စည်း ရတဲ့ သိက္ခာပုဒ်၊ ဒီလိုသိက္ခာပုဒ်တွေမှာပေါ့လျော့နေ တတ်ကြတယ်၊ ရွှေ,ငွေ ကိုင်ခံမှုနှင့်စပ်တဲ့ သိက္ခာပုဒ်, ဝယ်ခြမ်းရေးနှင့် စပ်တဲ့သိက္ခာပုဒ်၊ ဒီလို သိက္ခာပုဒ်တွေမှာလည်း ပေါ့လျော့နေတတ်ကြတယ်၊ တောင်းရမ်း အလှူခံမှုနှင့်စပ်တဲ့သိက္ခာပုဒ်၊ ဒကာ, ဒကာမများအား ဓည့်ခံရေး ဆက်ဆံရေးနှင့် စပ်တဲ့ သိက္ခာပုဒ်၊ ဒီလိုသိက္ခာပုဒ်တွေမှာလည်း ပေါ့လျော့နေတတ် ကြတယ်၊ တချို့မှာဆိုလျှင် ဘူတဂါမသိက္ခာပုဒ်, ပထဝီခဏသိက္ခာပုဒ်, သာမံပက္ကသိက္ခာပုဒ်၊ ဒီလိုသိက္ခာပုဒ်တွေမှာ တောင် ပေါ့လျော့နေတယ်လို့ ကြားရတယ်။ အရှင်ဘုရားတို့ တပည့် တော်တို့ ကမ္မဋ္ဌာန်းပဋိပတ် ဆိုင်ရာဘက်ကတော့ အဲဒီလိုဟာမျိုးတွေကို

http://www.dhammadownload.com

မချွတ်ယွင်းရအောင် အလေးပြုပြီး စောင့်ရှောက်ကြဖို့လိုပါတယ်။ အဲဒီလို အသေးအဖွဲ့မှစပြီး ကျင့်စရာဟူသမျှတွေကို အကြွင်းမဲ့ကျင့်ဖို့ရာ မြတ်စွာဘုရားက –

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿီ–အဏုမြူမျှ အလွန်သေးငယ်လှသော အပြစ်တို့၌ သော်လည်း အပါယ်လားကြောင်း ကြောက်ဖွယ်ကောင်းသည့်ဘေးကြီးဟု ရှုမြင်လျက်၊ **သိက္ခာ ပဒေသု**–သိက္ခာပုဒ်တို့၌၊ **သမာဒါယ**–ကျင့်ဖွယ်ဟူသမျှကို အကြွင်းမဲ့ဆောက်တည်၍၊ **သိက္ခတိ**– ကျင့်၏ လို့မိန့်တော်မူခဲ့ပါတယ်။ အဲဒီမှာ ကျင့်ရမယ်၊ ကျင့်လော့ဟု ဒီလိုတိုက်ရိုက် တိုက်တွန်းချက် မပါပေမယ့် ဘုရားဟောဟူက **အာဏာတ္တိ** ပါမြဲဆိုတဲ့၊ **နေတ္ထိ** နည်းအရအားဖြင့် ကျင့်ရမယ်။ ကျင့်လော့ ဟူ၍ပင် ဆိုလိုတယ်လို့ ယူရပါတယ်၊ မူပဏ္ဏာသအာကခေ်ယျသုတ်မှာတော့– **သမာဒါယ သိက္ခထ သိက္ခာပဒေသု** – သိက္ခာပုဒ်တို့၌ ကျင့်စရာဟူသမျှကို အကြွင်းမဲ့ဆောက်တည်၍ ကျင့်ကြလော့ လို့ တိုက်ရိုက်ဘဲ တိုက်တွန်းထားပါတယ်၊ ဒါကြောင့် သိက္ခာပုဒ်တွေနှင့် စပ်ပြီး ကျင့်စရာဟူသမျှတွေကို အကြွင်းမဲ့အကုန်လုံး သိမ်းကြုံးဆောက်တည်ပြီး ကျင့်ရမယ်လို့ ဆိုလိုတော်မူပါတယ်။ အဲဒီဘုရားမိန့်ခွန်းတော်အတိုင်း ဝိနည်းကို ကိုယ်တိုင်လည်း အလေးပြုပြီး ကျင့်သုံးကြဖို့ တပည့်များကိုလည်း အလေးပြုပြီး ကျင့်သုံး အောင်ညွှန်ကြားဆုံးမကြဖို့ရာ ဘုရားတပည့်တော်က ထပ်မံပြီး သတိပေးပါတယ်။

ဒီ ရန်ကုန်သာသနာ့ရိပ်သာမှာဆိုယင် အရှင်ဘုရားတို့တွေ့မြင်နေကြရတဲ့အတိုင်းဘဲ ဝိနည်းကို အလေးပြုတဲ့အပြင် အပို့စ္ဆာသန္နဒ္ဒီ

http://www.dhammadownload.com

သလွေခဂုဏ်များနှင့်လည်း ပြည့်စုံတန်သမျှပြည့်စုံအောင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးဝါးခြင်းများကိုပါ ကြဉ်ရှောင်နေကြပါတယ်၊ အဲဒီလို ကြဉ်ရှောင် နေကြတဲ့အတွက် ဆေးလိပ်၊ ကွမ်း၊ ဆေးတို့နှင့်စပ်ပြီး ကိစ္စပလီဇောခနည်းခြင်း၊ ပါသာဒိကဖြစ်ခြင်းအစရှိသော အကျိုးများကို ယခုလက်ငင်းဘဲရနေပါတယ်။ ဒီရိပ်သာကခွဲထားတဲ့ ကမ္မဋ္ဌာန်း ဌာနတွေမှာလည်း ဒီအချိုးအစားအတိုင်း ကျင့်သုံးနေကြတာကို ကြားသိရလို့ ဝမ်းမြောက်ပါတယ်။ ကမ္မဋ္ဌာန်းဌာနတွေအကုန်လုံး ဒီအတိုင်း ကျင့်သုံးသွားကြမယ်ဆိုလျှင် မိမိတို့အတွက်ရော၊ ပဋိပတ္တိသာသနာတော်အတွက်ရော၊ အကျိုးများဖွယ်ရှိပါတယ်။ ဒါကြောင့် ဝိနည်းကို အလေးပြုသည့်ပြင် ပါသာဒိကဂုဏ် မြောက်စေနိုင်တဲ့ အကျင့်များကိုလဲ အားပေးကျင့်သုံးနိုင်ကြပါစေလို့ ဘုရားတပည့်တော်က မျှော်လင့် တောင့်တပါတယ်၊ ဝိနည်းအလေးပြုရေးကတော့ တော်လောက်ပါပြီ၊ ယခုနံပါတ်(၂)တရားအလေးပြုရေးကိုပြောပါတော့မယ်။

(၂) တရားအလေးပြုရေး

တရားအလေးပြုရေးဆိုရာမှာ အလေးပြုရမည့်တရားကဘာလဲဆိုယင် မိမိတို့ကျင့်သုံးထား တဲ့ သမာဓိပညာ အကျင့်တရားပါပဲ၊ အဲဒီအကျင့်တရားတွေကို အလေးပြုဖို့ပါပဲ၊ မိမိကိုယ်တိုင်လဲ အဲဒီအကျင့်တရားကို အခွင့်ရတိုင်း အလေးပြုပြီးကျင့်ရမယ်၊ သူတစ်ပါးတွေကိုလဲ ကျင့်သုံးချင်အောင် ကျင့်သုံးနိုင်အောင် အလေးပြုပြီးဟောပြောတိုက်တွန်းပေးရမယ်၊ ဒါပါဘဲ၊ အထူးအရေးကြီးတာက တော့ သူများကိုသာ ဟောပြောနေပြီးတော့ ကိုယ့်အတွက် လစ်ဟင်းမနေစေဖို့

http://www.dhammadownload.com

အဲဒါက ပိုပြီးအရေး ကြီးပါတယ်၊ တရားအလေးပြုရေးကတော့ ဒါလောက်ဆိုယင် တော်လောက်ပါပြီ၊ ဘာကြောင့်လဲ ဆိုတော့ ကမ္မဋ္ဌာန်းဆရာတွေဟာ တရားအလေးပြုရန် မိမိတို့ကိုယ်တိုင်ပင် တိုက်တွန်း ဟောပြော နေကြတဲ့အတွက်ကြောင့်ပါဘဲ၊ ဒါကြောင့် ယခုနံပါတ်(၃)နည်းလမ်းမှန်ကန် ကျနရေးကိုပြောပါတော့မယ်။

(၃) နည်းလမ်းမှန်ကန်ကျနရေး

မိမိထံမှာ လာရောက်ပြီး တရားအားထုတ်ကြတဲ့သူတွေဟာ မိမိကို ယုံကြည်အားကိုးပြီး အားထုတ်ကြတာပါပဲ၊ ဒီလို ယုံကြည်အားကိုးပြီး အားထုတ်ကြတဲ့သူတွေမှာ ရသင့်ရထိုက်တဲ့ သမာဓိပညာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရသွားအောင် ညွှန်ကြားပြသဖို့ကိစ္စဟာ ကမ္မဋ္ဌာန်း ဆရာများအတွက် အလွန်ပင် အရေးကြီးပါတယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာနသုတ် ဒေသနာနှင့် အညီ မဟာစည်ရှုမှတ်နည်းအတိုင်း ြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်သောအားဖြင့် ဝိသုဒ္ဓိ(၇)ပါး၊ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စဝေက္ခဏာဉာဏ်အထိ ဉာဏ်စဉ်(၁၆)ပါးတို့ကို အပြည့်အစုံရရှိသွားအောင် ကျကျနန ညွှန်ကြားပြသပေးဖို့ပါဘဲ။

တချို့က မဟာစည်နည်းဆိုပြီး အချိန်နာရီ အနည်းငယ်မျှ (၃/၄)ရက်မျှ အားထုတ်ရုံနဲ့ ပြည့်စုံ တဲ့အနေဖြင့် ညွှန်ကြားနေတယ်လို့လဲ ကြားသိရတယ်၊ အဲဒါက ယခုရောက်ရှိနေကြတဲ့ အရှင်ဘုရားတို့၏ ဌာနကတော့ မဟုတ်ပါဘူး၊ အခြားဌာနကဖြစ်ပါတယ်။ အဲဒီလိုဌာနမှာ ညွှန်ပြနေပုံက ဖောင်းတာ ပိန်တာမှတ်ပုံလောက်သာ

http://www.dhammadownload.com

မဟာစည်နည်း နှင့် တစ်စိတ်တစ်ဒေသမျှတူတယ်၊ ဒွါရ(ဖ)ပါးက ရှုပုံလဲ မပြည့်စုံဘူး၊ ဉာဏ်စဉ်ဖြစ်ပုံတွေလဲ ဘာမှမပါဘူး၊ ဒါကြောင့် သူတို့ ပြနေတာဟာ စင်စစ် ကတော့ မဟာစည်နည်းမဟုတ်ပါဘူး၊ ဒါကြောင့် အဲဒီလို မပြည့်မစုံမဖြစ်ကြဘဲ ပြည့်ပြည့်စုံစုံ ဖြစ်ကြရအောင် ဉာဏ်စဉ် ဒေသနာ နှင့်အညီ မှန်ကန်ကျနအောင် စစ်ဆေးညွှန်ပြကြဖို့ရာ သတိပေးတဲ့ အနေဖြင့် အရှင်ဘုရားတို့မှတစ်ဆင့် ပြောကြားလိုက်ပါတယ်။ နောက်ပြီးတော့ တချို့ဌာနမှာ မဟာစည်ဌာနခွဲ အဖြစ်ဖြင့် အမည်ခံပြီး ကမ္မဋ္ဌာန်းမျိုးစုံ ပြနေတာလဲရှိတယ်လို့ ကြားရတယ်၊ အဲဒါလဲ မသင့်တော်ဘူး၊ အမည် နှင့်အညီ မှန်ကန်တိကျစွာ ပြောပော ညွှန်ပြသင့်ကြောင်း အရှင်ဘုရား တို့ မှတစ်ဆင့် သတိပေးလိုက်ပါတယ်။ ယခုနံပါတ်(၄) အရှည်တည်တဲ့ ရေးကိုပြောမယ်။

(၄) အရှည်တည်တဲ့ရေး

အရှည်တည်တဲ့ရေးဆိုတာ မိမိတို့ စောင့်ရှောက်နေတဲ့ ကမ္မဋ္ဌာန်းဌာန အရှည်တည်တဲ့ရေး ကိုဆိုလိုပါတယ်။ တစ်နေ့ကျလျှင် တပည့်တော်တို့ အရှင်ဘုရားတို့ဟာ ရှိကြမှာမဟုတ်ဘူး၊ အဲဒီ အခါမှာ ဆက်ခံတဲ့ပုဂ္ဂိုလ်က ဆရာ့နည်းကို ကျကျနနအမွေခံပြီး ဟောပြောညွှန်ပြသွားလျှင် ကမ္မဋ္ဌာန်း ဌာနဟာ တည်မြဲတည်သွားမှာပါဘဲ၊ အဲဒီလိုမဟုတ်ဘဲ ဆက်ခံတဲ့သူက တရားအမွေကိုမခံဘဲ ပစ္စည်း အမွေလောက်သာခံယူပြီး တာဝန်မဲ့နေသွားလျှင်တော့ ကမ္မဋ္ဌာန်းဌာနပျက်သွားမယ်၊ သာမန် ဘုန်းကြီး ကျောင်းတစ်ခုမျှ ဖြစ်သွားမယ်၊ အဲဒီလို ဖြစ်သွားတဲ့ကျောင်းများလည်း ဘုရားတပည့်တော်၏ မျက်မှောက်မှာဘဲ (၂)ခု၊ (၃)ခုရှိသွားပြီ၊ ဒါကြောင့် ကမ္မဋ္ဌာန်းဌာနမှာ ဝိပဿနာ

http://www.dhammadownload.com

တရားကို ပြည့်ပြည့် စုံစုံ အားထုတ်ပြီးတော့ ဝိပဿနာတရားကို အလေးအမြတ်ပြုတဲ့ပုဂ္ဂိုလ်ကိုသာ လက်ခံထားသင့်တယ်၊ တရားကို ဖြစ်ဖြစ်မြောက်မြောက် အားမထုတ်ပဲ ခပ်ပေါ့ပေါ့နေတဲ့ ရဟန်းများကိုတော့ လက်ခံ မထားသင့်ဘူး၊ ဆွေမျိုးရင်း တပည့်ရင်းဖြစ်ပေမယ့် အဲဒီလိုပုဂ္ဂိုလ်ကိုတော့ လက်ခံမထားသင့်ဘူး၊ ဒါကြောင့် ကမ္မဋ္ဌာန်းဌာန မှာရှိနေတဲ့ ရဟန်းများကို ပြည့်ပြည့်စုံစုံအားထုတ်အောင် စေခိုင်းတိုက်တွန်းပေးဖို့ လိုပါတယ်။ အရှင်ဘုရားတို့၏ဌာနမှာ အားထုတ်စေဖို့ မသင့်လျော် ဘူးထင်လျှင် ဒီ ရန်ကုန်သာသနာ့ ရိပ်သာသို့ ပို့ပေးပါ၊ ဒီက ကမ္မဋ္ဌာန်း ဆရာများက တတ်နိုင်သမျှ စောင့်ရောက်ပေးကြပါလိမ့်မယ်၊ အဲဒီလို ပြည့်ပြည့်စုံစုံအားထုတ်ပြီး ဖြစ်သည့်ပြင် တရားကိုလဲ အလေးအမြတ် ပြုတဲ့ တပည့်ကိုသာ လက်ခံထားကြစေလိုပါတယ်။ အဲဒီလို တပည့် ကောင်းကို ရအောင်လဲ ကြိုးစားကြစေလိုပါတယ်။ ယခု နံပါတ်(၅) အညီ အညွတ်ဆောင်ရွက်ရေးကိုပြောမယ်။

(၅) အညီအညွတ်ဆောင်ရွက်ရေး

ယခု ဒီသာသနာ့ရိပ်သာမှာ နှစ်ပတ်လည်စည်းဝေးပွဲ ကျင်းပတာဟာ အဲဒီ အညီအညွတ် ဆောင်ရွက်ရေးအတွက် ရည်ရွယ်ရင်းရှိခဲ့ပါတယ်၊ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့မှာ ဒီသာသနာ့ရိပ်သာဌာ ဝိပဿနာတရားကို စတင်ပြီးဟောကြားပြသခဲ့တယ်၊ ဒါကြောင့် ၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်ကာနီး ရောက်တဲ့အခါ အဲဒီ အညီအညွတ် ဆောင်ရွက်ရေးအတွက် ရည်ရွယ်ပြီး နှစ်ပတ်လည် အစည်းအဝေးပွဲ ကျင်းပဖို့ ညွှန်ကြားခဲ့တယ်၊ အဲဒီအခါမှာ ဒီသာသနာ့ ရိပ်သာဌာ၏ မူလရင်းဒါယကာကြီးဖြစ်တဲ့ ဆာဦးသွင်က ဩဝါဒခံယူပူဇော်ပွဲ

http://www.dhammadownload.com

ဆိုတဲ့ အမည်နှင့် ကျင်းပလျှင် ပိုပြီးလေးနက်လျက် ကျက်သရေရှိပါလိမ့်မယ်လို့ လျှောက်ပါတယ်၊ အဲဒီအမည်လဲ မှန်ကန် လေးနက်ပြီး ကျက်သရေရှိတဲ့အမည်ဖြစ်တဲ့အတွက် နှစ်ပတ်လည်ဩဝါဒ ခံယူပူဇော်ပွဲဆိုတဲ့ အမည်နှင့်ပင် နှစ်စဉ်ကျင်းပလာခဲ့ပါတယ်။ အဲဒီအမည်ထဲမှာ ပူဇော်ပွဲဆိုတာက တပည့်ပရိသတ်များ အတွက် တာဝန်ဝတ္တရားကို ဖော်ပြတဲ့ အမည်ဖြစ်ပါတယ်။ ဩဝါဒခံယူပွဲဆိုတဲ့အမည် ကတော့ ဘုရားတပည့်တော်၏ ရည်ရွယ်ချက်အတိုင်း ပဋိပတ္တိသာသနာတိုးတက်ရေးအတွက် အညီ အညွတ် ဆောင်ရွက်သွားစေနိုင်ဖို့ဖြစ်ပါတယ်။

ဒါကြောင့် နှစ်စဉ်နှစ်တိုင်း ဒီနှစ်ပတ်လည်အချိန်အခါမှာ ဒီသာသနာ့ရိပ်သာသို့ လာရောက်ပြီး အားပေး ကြတဲ့ ရဟန်း ရှင်လူတွေဟာ ဝိပဿနာ ပဋိပတ်တရားကို တိုးတက်ကြီးပွားအောင် ထောက်ပံ့ အားပေးကြ တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အထူးအားဖြင့် ကမ္မဋ္ဌာန်းဌာနအသီးသီးမှ လာရောက်ကြတဲ့ ကမ္မဋ္ဌာနာစရိယ နာယကဆရာတော် အရှင်မြတ်တွေဟာ ဒီ ဝိပဿနာ ပဋိပတ်တရားကို အလေးအမြတ်ပြုပြီး အားပေးကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီအတိုင်းဘဲ ဘုရားတပည့်တော်က အလေးအနက် အသိအမှတ် ပြုထားပါတယ်။ လာနိုင်လောက်တဲ့ အခြေအနေ ရှိပါလျက်နဲ့ မလာရောက်ပဲ လျစ်လျူရှုပြုနေတဲ့ ကမ္မဋ္ဌာနာစရိယ များကတော့ အားပေးသင့်တဲ့ တာဝန်ကို မဆင်ခြင်မိလို့ယင်လဲဖြစ်ပါလိမ့်မယ်။ အလေးပြုမှု အားနည်းလို့ ရှိယင်လဲ ဖြစ်ပါလိမ့်မယ်။ အထူးအားဖြင့်တော့ ဒီရိပ်သာကပဲ အခြေခံပြုပြီးတော့ အသစ်တည် ထားတဲ့ ကမ္မဋ္ဌာန်းဌာနက ဆိုလျှင် သာပြီး

http://www.dhammadownload.com

ပေါ့လျှော့ရာရောက်ပါတယ်၊ ယခုဒီမှာ ကြွလာတော်မူကြတဲ့ အရှင်မြတ်တွေကတော့ ပဋိပတ္တိလုပ်ငန်းစဉ်ကိုရော ဆရာသမားကိုရော အလေးအမြတ်ပြုတဲ့ ပုဂ္ဂိုလ်တွေ "အညီ အညွတ်ဝိုင်း ဝန်းပြီး အားပေးသင့်တယ်"ဆိုတဲ့ တာဝန်ဝတ္တရားကိုလည်း သိမြင်ဆင်ခြင်မိတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ အသိအမှတ်ပြုပါတယ်။

ဒါပေမယ့် ဒီနှစ်ပတ်လည်ပွဲကို လာနိုင်ပါလျက် မလာရောက်ကြရာမှာ သူတို့၏ အပြစ်ချည်းတော့ မဟုတ်ပါဘူး၊ ဒီသာသနာ့ရိပ်သာက မဖိတ်ခေါ်တဲ့ ချို့ယွင်းချက်လဲ ရှိပါတယ်၊ မဖိတ်ခေါ်တာကလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ ပူဇော်ပွဲဆိုတဲ့ အမည်အရ အပူဇော်ခံချင်လို့ ဖိတ်ခေါ်သလိုလို ထင်စရာ အကြောင်းကတစ်ခု၊ သူတို့၏ကမ္မဋ္ဌာန်းဌာနများမှာ အထူးအရေးကြီး စောင့်ရှောက်ရမည့် ယောဂီများရှိနေလျှင် အဲဒီယောဂီအား အနှောက်အယှက်မဖြစ်စေလိုတဲ့ အကြောင်းကတစ်ခု၊ ပွဲကြီးလမ်းကြီးဖြစ်မြောက်ရေးကို အားမပေးလိုတဲ့ အကြောင်းကတစ်ခု၊ ဒီအကြောင်းသုံးခုကြောင့် မဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လာမည့်နှစ်ကစပြီး ဖိတ်ခေါ် သင့်ပြီလို့ ထင်မြင်လာပါတယ်၊ ဘာကြောင့်လဲဆိုလျှင် သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းကို အညီ အညွတ်ဆောင်ရွက်နိုင်အောင်လို့ပါပဲ။

နောက်ပြီး **"အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ။ သမဂ္ဂါ သန္နိပတိသန္တိ သမဂ္ဂါသံဃကရဏီယာနိကရိသန္တိ"** ဟူသော မြတ်စွာဘုရား၏ ဩဝါဒတော်နှင့်အညီ မကြာခဏစည်းဝေးခြင်း၊ အကြိမ်များစွာစည်းဝေးခြင်း၊ အညီအညွတ် စည်းဝေးခြင်း၊ အညီအညွတ်ဆောင်ရွက်ခြင်းများဟာ မဆုတ်ယုတ် ကြောင်း ကြီးပွား

http://www.dhammadownload.com

တိုးတက်ကြောင်းများ ဖြစ်ကြသောကြောင့် မဟာစည်သြဝါဒခံဖြစ်ကြတဲ့ ကမ္မဋ္ဌာနာစရိယ များမှစ၍ တရားကို ကျကျနန အားထုတ်ဘူးသူ ရဟန်း ရှင်လူတိုင်း စိတ်အလိုဆန္ဒ တူညီစွာနှင့် အညီအညွတ် ဆောင်ရွက်ကြမှသာလျှင် သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ဟာ အရှည်တည်တဲ့ပြီး ကြီးပွားတိုးတက် သွားနိုင်မယ် ဆိုတာကို စဉ်းစားမိတဲ့ အတွက် ကြောင့်ပါဘဲ။

ယခုအခါမှာ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ချင်း တူပါလျက် မညီညွတ်တဲ့ အပြောအဆို အရိပ်အမြွက်အနည်းငယ်ကို ကြားသိရပါတယ်၊ လွန်ခဲ့တဲ့နှစ်က –

(၁) ပြည်ထောင်စု မြန်မာပြည်သူ-ပြည်သား ဗုဒ္ဓသာသနာဝင်တွေ အများအပြား ဗုဒ္ဓတရားတော်ကို ကြားနာခွင့် ရကြစေရန်။

(၂) နယ်က မဟာစည် ကမ္မဋ္ဌာန်းဌာနတွေမှာတရားအားထုတ်သူတွေတိုးပွားလာစေရန်။

ဆိုတဲ့ ဒီအခြေခံ ရည်ရွယ်ချက်(၂)ခုအရ ဒါယကာကြီးဦးညီပု၏ လျှောက်ထားချက်ဖြင့် မဟာစည်သြဝါဒခံ နယ်လှည့်ဓမ္မကထိက အဖွဲ့.များဖွဲ့.ပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ တရားဟောလှည့်လည်စေခဲ့ပါတယ်။ အဲဒီလို စေခိုင်းချက်ဖြင့် လှည့်လည်၍ တရားဟောရာမှာ ရောက်ရာ အရပ်က များသောအားဖြင့် လူတိုင်းရှင်တိုင်းကလိုလိုပင် နှစ်သက်အားရ သဘောကျပါတယ်။ နောက်နောက်နှစ်များမှာလဲ သူတို့.အရပ် သို့ တရားဟောကြဖို့ ပင့်လျှောက်ကြပါတယ်။ ဒါပေမယ့် မဟာစည်သြဝါဒခံ မဟာစည်ဌာနခွဲဆိုတဲ့

http://www.dhammadownload.com

အမည်ခံ ဌာန(၂)ခု (၃)ခုလောက်က အဲဒီ မဟာစည် ဓမ္မကထိက များကို အားမပေးဘဲ ရှိခဲ့ကြပါတယ်။ အားမပေးရုံ တင်မဟုတ်သေး ဘူး၊ မရှိမသေ မချေမငံစကားကိုလဲ ပြောဆိုကြသေးတယ်လို့ ကြားသိ ရပါတယ်။ အဲဒါဟာ ဘာကြောင့်လဲဆိုယင် သူတို့ဆီလာပြီး ဆရာလုပ် တယ်၊ သူတို့လောက် နေရာကျအောင်လဲ မဟောတတ်ဘူး၊ စသည်ဖြင့် အထင်သေးခြင်းကြောင့် ဖြစ်လိမ့်မယ်လို့ ကြံတွေး ယူဆကြပါတယ်။ အမှန်ကတော့ အဲဒီ ဌာနတွေဟာ ကမ္မဋ္ဌာန်းဌာနဆိုတဲ့ အမည် လောက်သာရှိပြီးတော့ အားထုတ်တဲ့ ယောဂီဆိုယင် မရှိသလောက် ပင်ဖြစ်နေတာကို တွေ့ခဲ့ရပါသတဲ့။ ဒါကြောင့် ဒါယကာကြီး ဦးညီပု ကတော့ **"ငွေကြေး အမြောက်အများ အကုန်ခံပြီး ဒါယကာတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ ကမ္မဋ္ဌာန်းရိပ်သာကြီးဟာ သာမန် ဘုန်းကြီးကျောင်းတစ်ခုအနေလောက်သာဖြစ်ပြီး အလဟဿကော နေတယ်"** လို့ မြင်ခဲ့ပါတယ်။ အဲဒီလို အကြောင်းအရာ တွေကို စဉ်းစား မိတဲ့အခါမှာ **"မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနတွေကို တစ်စိတ် တစ်ဝမ်းတည်းဖြစ်အောင် ညှွန်ကြားဖို့ အချိန်တန်ပြီ "** လို့ယူဆမိ ပါတယ်။

ဒါကြောင့် ၁၃၃၅-ခုနှစ်ကစပြီး ဒီသာသနာ့ရိပ်သာမှာ နှစ်ပတ် လည်ပွဲကျင်းပတိုင်း ခရီးစရိတ် လေးငါးခြောက်ဆယ်လောက်နဲ့ လာရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းဌာနများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော် များအား အကြောင်းအထူးမရှိပါက နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ကြရန် ဘုရားတပည့်တော်က ဖိတ်မန်တိုက်တွန်းပါတယ်၊ သွားလာရေးအတွက် ဝန်လေးတဲ့ ပုဂ္ဂိုလ်များ ကိုလဲ နှစ်စဉ်မဟုတ်

http://www.dhammadownload.com

တောင် တစ်နှစ် ခြားလောက်တော့ တက်ရောက်ကြစေလိုပါတယ်။ အလွန်ဝေးတဲ့ အရပ်များ၊ အသွားအလာ မလွယ်ကူတဲ့ အရပ်များကတော့ သုံးနှစ်မှတစ်ကြိမ်လောက် လာရောက်နိုင်လျှင်ဘဲ သင့်တော်လောက်ပါပြီ။

အကယ်၍ မကျန်းမာတဲ့ အကြောင်းဖြစ်စေ၊ အားထုတ်ဆဲ ယောဂီများအား အရေးတကြီး စောင့် ရှောက်နေရတဲ့အကြောင်းဖြစ်စေ၊ သာမန်တရားပွဲမဟုတ်ဘဲ အထူးဟောပြောနေရသည့် တရားပွဲဖြစ်စေ မလွဲမရှောင်သာသည့် ဆောင်ရွက်ဖွယ်ဖြစ်စေ ဒီလိုအရေးကြီးတဲ့ အကြောင်း များကြောင့် မလာရောက်နိုင် လျှင်လည်း အဲဒီအကြောင်း ကိုပါဖော်ပြပြီး သီတင်းသုံးဖော် သံဃာတော်များနှင့် ဆရာသမားထံ ခွင့်တောင်းစာ ပေးပို့ကြစေလိုပါတယ်။ နောက်ပြီးတော့ တချို့က ယောဂီစာရင်းကိုတောင် မပို့ဘဲ ပေါ့လျော့နေကြတယ်၊ ဒါကြောင့် သီတင်းကျွတ်လကုန်လျှင် ယောဂီစာရင်းကိုလဲ ပို့ဖြစ်အောင် သတိပြုပါလို့ အရှင်ဘုရား တို့မှ တစ်ဆင့်ပြောကြားလိုက်ပါတယ်။

နောက်တစ်ခုကတော့ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ် လမ်းမှန်ကို မည်သူကဘဲ ဟောသည်ဖြစ် စေ ဝမ်းမြောက် ဝမ်းသာနှင့် တတ်နိုင်သမျှ အားပေးကူညီကြစေလိုပါတယ်။ ငါ့နယ်မှာ သူတို့က လာကျယ် တယ်ဆိုတဲ့ အစွဲမျိုးကိုတော့ လုံးဝ လက်မခံဘဲ ပယ်ရှားကြစေလိုပါတယ်။ ငါ့ရိပ်သာ၊ ငါ့ကျောင်း ငါ့တပည့် အစရှိသဖြင့် စွဲလမ်းခြင်းမျိုးကိုလဲ ပယ်ရှားကြစေလိုပါတယ်။ ဒကာ ဒကာမများနှင့် ဆက်ဆံရာမှာလဲ အဆင်ပြေအောင်၊ ညီညွတ်အောင် ဆက်ဆံရန် အထူးသတိပြုကြစေလိုပါတယ်။ အချို့ကျောင်းဒကာက အကျိုးကြီးအောင်

http://www.dhammadownload.com

ကျောင်းကို သံဃိကလှူချင်တယ်၊ ဘုန်းကြီးက သူပိုင်ဖြစ်အောင် ပုဂ္ဂလိက အလှူခံချင်တယ်၊ အဲဒါကြောင့် ဆရာနှင့် ဒကာ အဆင် မပြေဘဲ မညီမညွတ်ပဲလဲဖြစ်သွားတတ်ပါတယ်။ ဒီလိုဟာကိုလဲ အထူး သတိပြုသင့်တယ်၊ ဘုရားတပည့်တော်များဆိုယင် ပုဂ္ဂလိကအဖြစ်နှင့် အလှူခံထားသည့် ကျောင်း ယနေ့အထိ တစ်ကျောင်းမျှမရှိပါ၊ သံဃာအား လှူသင့်ရာမှာ သံဃိကလှူစေပါတယ်၊ လူ ရှင် ရဟန်း ယောဂီများ နှင့် သင့်လျော်ရာမှာ ယောဂီအပေါင်းအား လှူစေပါတယ်။ ဒါကြောင့် ငါ့ကျောင်းဆိုတဲ့ အစွဲအလန်း ဖြစ်စေရာမရှိပါဘူး၊ ကိုယ်ပိုင် ကျောင်းမရှိတဲ့အတွက် မည်သူ့ကိုမျှ အမွေပေးစရာမရှိပါ၊ ဒို့သန္တက တိသန္တက စသည်ပြုစရာတို့မရှိပါ။ အဲဒါကို သိမြင်ပြီးတော့ မဟာစည် ဩဝါဒခံ အရှင်မြတ်များလဲ အစွဲ အလန်းနည်းပါးစေနိုင်တဲ့ နည်းလမ်း များကို စွမ်းနိုင်သမျှ အတုယူပြီး ကျင့်သုံးကြစေလိုပါတယ်။

အဲဒီလို အစွဲအလန်းကင်းနိုင်သမျှကင်းအောင် နှလုံးသွင်းပြီး တော့ သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်း စဉ် တိုးတက်ကြီးပွားရေးကိုသာ ရည်ရွယ်ကာ **"သူနှင့်သာဆိုင်တယ်၊ ငါနှင့်မဆိုင်ဘူး၊ သူ့အကျိုးသာဖြစ် သည်၊ ငါ့အကျိုးမဖြစ်ဘူး"** စသည်ဖြင့် အတွေးမခေါင်ဘဲ အညီအညွတ် ဆောင်ရွက်ကြစေလိုပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ယခုလို နှစ်ပတ်လည်ပွဲကို တာက်ရောက်ပြီး အားပေးခြင်းဟာလဲ အညီအညွတ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ အတိုင်း လာရောက်ရန် ဝန်မလေးတဲ့ဌာနများမှ နှစ်စဉ်ဖြစ်စေ၊ မလွယ်ကူပါက တစ်နှစ်ခြားဖြစ်စေ၊ အလွန်ဝေးတဲ့ဌာနများက သုံးနှစ်တစ်ကြိမ်ဖြစ်စေ ကွလာတော်မူကြဖို့ရာ ပင့်ဖိတ်လိုက်ပါတယ်။ ယခုနံပါတ်(၆) နောက် နှစ်အတွက် အစီအစဉ်ကို ပြောပြမယ်။

http://www.dhammadownload.com

(၆) နောက်နှစ်အတွက်အစီအစဉ်

ဒီရိပ်သာမှာ နတ္တော်လပြည့်နေ့ကစပြီး ဝိပဿနာတရားကို ပြခဲ့တဲ့ အတွက် နှစ်ပတ်လည် အစည်းအဝေးပွဲကို နတ္တော်လပြည့်နေ့နှင့် ရှေ့နောက် (၃/၄)ရက်အတွင်း တနင်္ဂနွေကျရာရက်မှာ ကျင်းပပါတယ်၊ လာမည့် ၁၃၃၅-ခုနှစ်မှာတော့ နတ္တော်လပြည့်နေ့မှာပဲ တနင်္ဂနွေကျပါတယ်။ ဒါကြောင့် အဲဒီ နတ္တော်လပြည့်နေ့မှာ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပပါလိမ့်မယ်၊ အဲဒီနေ့ ရက်ကို မှတ်ထားကြစေလိုပါတယ်။

ယခုနှစ်အထိ ပြီးခဲ့တဲ့နှစ်များကတော့ ဒီရိပ်သာရောက်တဲ့အခါကြွရောက်လာကြတဲ့ အရှင် မြတ်များက ဆောင်ရွက်စရာအလုပ်မရှိတဲ့ အတွက် အဖိုးတန်တဲ့အချိန်နှင့် စွမ်းရည်တွေကို အလဟဿ ဖြုန်းပစ်သလို ဖြစ်နေပါတယ်။ ဒါကြောင့် လာမည့် **၁၃၃၅-ခုနှစ်မှစပြီး ဓမ္မပူဇော်ပွဲကျင်းပဖို့ စဉ်းစားထားပါတယ်။ ကျင်းပမည့်အစီအစဉ်** ကတော့ နှစ်ပတ်လည်ပွဲရက် မတိုင်မီ (၃)ရက်ကစပြီး နေ့စဉ် နေ့တိုင်း အလှည့်ကျတဲ့ အရှင်မြတ်များက ကြည်ညိုဖွယ် သုတ္တန်တရားများကို ပြန်ဆိုပြောကြားခြင်း၊ အခြားအရှင်မြတ် များနှင့် ပရိသတ်များက ရိုသေစွာနာယူခြင်းဖြင့် ဗုဒ္ဓတရားတော်ကို ပူဇော်ဖို့ပါပဲ။ ကြည်ညိုဖွယ် သုတ္တန်တရားတော်များဆိုတာ ဓမ္မစက္ကပ္ပဝတ္တန သုတ်၊ အနတ္တလက္ခဏ သုတ်၊ မဟာသတိ ပဋ္ဌာန သုတ် အစရှိတဲ့ သုတ်များ ပါဘဲ၊ အဲဒီသုတ်များထဲက တစ်ခုခုကို ပါဠိအနက် အဂုမ်ဆောင်ပြီး အနက်ကိုသာရွှတ်ဆို ဟောပြောဖို့ပါဘဲ၊ အဲဒီလို ဟောပြောရာမှာ အထူး မှတ်ဖွယ်ကောင်းတဲ့ အဋ္ဌကထာ အဖွင့်များနှင့် အဆုံးအဖြတ် အဓိပ္ပါယ်များ

http://www.dhammadownload.com

ကိုလည်း ဟောလိုပါက စွမ်းနိုင်သလောက် အတိုချုပ်ဟောရန် ဖြစ်ပါတယ်။ အချိန်ကတော့ တစ်ပါးတစ်ပါးမှာ မိနစ်(၃၀)ခန့်မျှသာ ရည်ရွယ်ထားပါ တယ်။ ဒါကြောင့် နံနက်ပိုင်း (၂)နာရီခန့်အတွက် (၄)ပါး၊ နေ့ပိုင်း(၂)နာရီ ခန့်အတွက် (၄)ပါး၊ ပေါင်းတစ်ရက်အတွက် (၈)ပါး၊ သုံးရက်အတွက်(၂၄)ပါး သာရွတ်ဆို ဟောကြားခွင့် ရပါလိမ့်မယ်၊ နောက်နှစ်များကြတော့ ဒီအစီ အစဉ်ကို တိုးချဲ့ပြင်ဆင်သင့်ပါက တိုးချဲ့ပြင်ဆင်ရလိမ့်ဦးမယ်။

နောက်ပြီးတော့ အဲဒီအကြို(၃)ရက်နှင့် **လပြည့်နေ့နံနက်များမှာ ဒီသာသနာ့ရိပ်သာ၌ ရဟန်း ယောဂီဟောင်းများ ဘုရားဝတ်တက်နေကျ အတိုင်း ကြွရောက်လာခဲ့ကြတဲ့ အရှင်မြတ်များပါ ဘုရားဝတ်တက်ရင်း ဝိနည်း ပါတိမောက်ကိုလဲ (၄)ပုံ (၁)ပုံခန့် နေ့စဉ်ရွတ်ဆိုပြီး ဝိနည်းကိုလဲ ပူဇော်ရန်** ရည်ရွယ် ထားပါတယ်။

နောက်ပြီးတော့ အဲဒီ အကြို(၃)ရက်အတွင်းမှာ ညတရားပွဲများလည်း ကျင်းပဖို့ ရည်ရွယ်ထားပါတယ်၊ ဒါကြောင့် အကြောင်းညီညွတ်ပါက ၁၃၇၅-ခုနှစ်မှာ နတ္တော်လဆန်း(၁၁)ရက်နေ့မှာ ဒီသာသနာ့ရိပ်သာအရောက် ကြွလာတော်မူကြစေလိုပါတယ်။ အရေးကြီးတဲ့ အကြောင်းရှိလို့ အဲဒီနေ့ရက်မှာ မရောက် နိုင်လျှင်လဲ (၁၂/၁၃/၁၄) ရက်နေ့များမှာ ကြွရောက် လာနိုင်ပါတယ်။

ကြွလာမည့်အခါမှာလဲ မည်သည့်နေ့ရက်၌ မည်သည့်ရထားဖြင့်၊ မည်သည့်သင်္ဘောဖြင့် လာရောက်မည်၊ ဆရာတော်မည်မျှကြွလာမည်၊ ကပ္ပိယဒကာ ဘယ်နှစ်ယောက်ပါလာမည်၊ မည်သည့် အချိန်ခန့် ရန်ကုန်သို့ရောက်မည်ဆိုသော အကြောင်းအရာများကိုလဲ စာဖြင့် ကြိုတင် ပြောကြားထား စေလိုပါတယ်။ ဒီလိုညွှန်ကြားရတာကတော့

http://www.dhammadownload.com

နေရာထိုင်ခင်း အသင့် ပြင်ဆင်ထားရန်နှင့် လိုအပ်ပါက ကြိုရန်ဖြစ်ပါတယ်၊ ဒကာ ဒကာမအများစုကတော့ လဆန်း(၁၃)ရက်၊ (၁၄)ရက် လောက်မှ ရောက်လာလျှင် သင့်လျော်ပါလိမ့်မယ်။

(အထက်ပါဩဝါဒကထာမှာ ၁၃၁၄-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃-ရက်နေ့ညဉ့်က ပြောခဲ့သောဩဝါဒမှ အကျဉ်းချုပ်မျှဖြစ်သည်။)

(၇) ဟောပြောရေးအတွက် အကြံပေးကြရန်

ယခုနံပါတ်(၇) ဟောပြောရေး စသည်အတွက် အကြံပေးကြရန် ဆိုတဲ့ နောက်ဆုံးအပိုင်းကို ရောက်လာပါပြီ။ ဒီအပိုင်းကိုတော့ ဘုရားတပည့်တော်က ပြောဖို့မလိုပါဘူး၊ အရှင်ဘုရားတို့က အကြံ ပေးပြောကြားဖို့ဖြစ်ပါတယ်။ ဒါကြောင့် အကျိုးများမည်ထင်တဲ့ အချက်များကို အကြံပေးကြပါ။

ရွှေဘိုခရိုင် ဝက်လက်မြို့၊ မစိုးရိမ်ဆရာတော် ဦးတိဿက မဟာစည်ဆရာတော်ဘုရားကြီး၏ အကူအညီအဖြစ်ဖြင့် ဆောင်ရွက်သင့်သမျှကို ညွှန်ကြားဆောင်ရွက်ရန် နာယကအဖွဲ့တစ်ခု ရှိသင့် ကြောင်း အကြံပေးသည်။ ထိုအကြံပေးချက်အရ အောက်ပါဆရာတော်များကို ဩဝါဒါစရိယအဖြစ် နာယကအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

၁။ ရွှေစေတီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)စစ်ကိုင်း(ဩဝါဒါစရိယ)

၂။ မြို့ဝ သတိပဋ္ဌာန်ဆရာတော်မော်လမြိုင် (ဩဝါဒါစရိယ)

http://www.dhammadownload.com

(၁) ဦးတိသ မစိုးရိမ်ဆရာတော်၊ဝက်လက်မြို့ နာယက
(၂) ဦးအာစိကဉ္စ သဒ္ဓမ္မသီတဂူဆရာတော်၊ပုသိမ်မြို့၊ ။
(၃) ဦးဝိစာရ ဝါးခယ်မရိပ်သာဆရာတော်၊ဝါးခယ်မမြို့။
(၄) ဦးဝဏ္ဏိတ ဖျာပုံရိပ်သာဆရာတော်၊ ။
(၅) ဦးဝိသုဒ္ဓ နမ့်ခမ်းရိပ်သာဆရာတော် ။
(၆) ဦးသုမန သပြေကုန်းရိပ်သာဆရာတော်၊ခရမ်း ။
(၇) ဦးသုန္ဒရ မြင်းခြံရိပ်သာဆရာတော်၊ ။
(၈) ဦးနန္ဒမာလာ ကောယားရိပ်သာဆရာတော်၊ဟုမ္မလင်း ။
(၉) ဦးဝိမလ ရင်းငြိမ်ရိပ်သာဆရာတော်၊သထုံခရိုင် ။
(၁၀) ဦးမုနိန္ဒ ရွှေဘိုဆရာတော်၊မိုးကုတ်၊ ။
(၁၁) ဦးနန္ဒိသာရ စန်းမြရောင်ခြည်ဆရာတော်၊မုံရွာ၊ ။
(၁၂) ဦးပညာဝါ ပဲခူးရိပ်သာဆရာတော် ။
(၁၃) ဦးဥက္ကံသ ဇီးကုန်းရိပ်သာဆရာတော်၊သာယာဝတီခရိုင်
(၁၄) ဦးယုဂန္ဓရ မြေပုံရိပ်သာဆရာတော်၊ရခိုင်ပြည်နယ် ။
(၁၅) ဦးဓမ္မပါလ သာသနာ့မာန်အောင်ဆရာတော်၊တောင်ကြီး ။
(၁၆) ဦးဇာနေယျ ဟိုပင်ရိပ်သာဆရာတော်၊မြစ်ကြီးနား ။
(၁၇) ဦးတိလောက ကုန်းခါးရိပ်သာဆရာတော်၊ဗန်းမော် ။
(၁၈) ဦးဝါယမိန္ဒ မင်းကန်ကြီးဆရာတော်၊မြန်အောင်မြို့ ။
(၁၉) ဦးလာဘသာမိ နတ်မောက်ရိပ်သာဆရာတော် ။
(၂၀) ဦးကုန္ဒြိယ ယဉ်ငေးဆရာတော်၊ထားဝယ်ခရိုင် ။
(၂၁) ရတနာပုံသာသနာ့ရိပ်သာဆရာတော်၊မန္တလေး ။
(၂၂) ဦးသုဇာတ သာသနာ့ရိပ်သာ၊ကမ္မဋ္ဌာနာစရိယ၊ရန်ကုန် နာယက

http://www.dhammadownload.com

(၂၃) ဦးပဏ္ဍိတာ ။ ။

(၂၄) ဦးဇဝန ။ ။

(၂၅) ဦးသံဝရ ။ ။

(၂၆) ဦးဇနက ။ ။

(အထက်ပါစာရင်းကို အခါအားလျော်စွာ ဖြည့်စွက်၊ နှုတ်ပါယ် ပြင်ဆင်နိုင်ခွင့်ရှိသည်။)

အထက်ပါနာယကဆရာတော်များသည် အကြောင်းအားလျော်စွာ အားလုံးဖြစ်စေ၊ သုံးပုံတစ်ပုံ ဖြစ်စေ၊ ဖြစ်နိုင်သမျှ စည်းဝေးတိုင်ပင်၍ သင့်လျော်သော ပဋိပတ္တိသာသနာရေး အစီအစဉ်များကို ညွှန်ကြား ဆောင်ရွက် ရန်ဖြစ်သည်။

(၂၈-၁၂-၁၉၇၂)

http://www.dhammadownload.com

၁၃၃၅-ခုနှစ်၊နတ်တော်လဆန်း(၁၄)ရက် ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌ "၂၄"ကြိမ်မြောက် နှစ်ပတ်လည်ပွဲအကြိုနေ့တွင် မိန့်ကြားတော်မူသော

ဩဝါဒတော်

ဒီ ရန်ကုန် သာသနာ့ရိပ်သာမှာ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့ကစတင်ပြီး သတိပဋ္ဌာန် ဝိပဿနာတရား ဟောကြား ညွှန်ပြခဲ့ပါတယ်၊ ဒါကြောင့် အဲဒီ နေ့ရက်ကစပြီး ဒီရိပ်သာမှာ သတိပဋ္ဌာန် ဝိပဿနာတရားကို အမြဲမပြတ် အားထုတ်လာခဲ့ကြတယ်၊ ဟောပြောလဲ ဟောပြောလာခဲ့ကြတယ်၊ ဒီလို ဟောပြောကြ အားထုတ်ကြရာမှာ တဖြည်းဖြည်း ပြန့်ကျယ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံအနှံ့အပြား သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းဌာန သာသနာ့ရိပ်သာတွေ တိုးပွားလာခဲ့ပါတယ်၊ ရွှေဘိုနယ်မှာတော့ ၁၃၀၀ ပြည့်နှစ်ကစပြီး သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းဌာနတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒါပေမယ့် အများအားဖြင့်ဆိုယင်တော့ ဒီရိပ်သာကို သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းဌာနအဖြစ် ဖွင့်လှစ်တဲ့ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်က နောက်ကျမှ တစ်နိုင်ငံလုံး အနှံ့အပြား ပြန့်ပွားလာခဲ့ပါတယ်။ ဒါကြောင့် အဲဒီ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့ကို အကြောင်းပြုပြီးတော့ ၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်မှစပြီး နှစ်စဉ်နှစ်တိုင်း ဒီရိပ်သာမှာ နှစ်ပတ်

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာစာပေနွှင့်ပြုချက်အမှတ်(၇၀၀၂)

ပဌမအကြိမ်

အုပ်ရေ-၁၀၀၀၊ ဓမ္မဒါန

သာသနာ ၂၅၁၇-ခု

ကောဇာ ၁၃၃၅-ခု၊ တပေါင်းလ

ခရစ် ၁၉၇၃-ခု မတ်လ

ရန်ကုန်မြို့၊
ဟာမစ်တစ်လမ်း၊သာသနာ့ရိပ်သာ

အရှင်ကေလာသ၊
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ်-၀၂၃၈၂ ဖြင့်
ထုတ်ဝေသည်။

http://www.dhammadownload.com

လည်ဩဝါဒခံယူပူဇော်ပွဲ ကျင်းပလာခဲ့ပါတယ်။ ယခုနှစ်မှာ(၂၄)ကြိမ်မြောက်ဖြစ်ပါတယ်။ ဒီလိုကျင်းပရာမှာ ရည်ရွယ်ချက်ကတော့ ပဋိပတ္တိသာသနာတော် တိုးတက်ရေးအတွက် အညီအညွတ် ဆောင်ရွက်သွားနိုင်ဖို့ဖြစ်ကြောင်း၊ ယခင်နှစ်က ဩဝါဒကထာထဲတွင် အညီအညွတ်ဆောင်ရွက်ရေးဆိုတဲ့ အပိုင်းထဲမှာ ပြောခဲ့ပါပြီ၊ အဲဒီ အညီအညွတ်ဆောင်ရွက်ရေးကို အားပေးတဲ့အနေဖြင့် ယခင်နှစ်ကကြွလာကြတဲ့ ကမ္မဋ္ဌာနာစရိယအရှင်မြတ်တွေဟာ (၇၀)ကျော်ရှိခဲ့ပါတယ်၊ ယခုနှစ်မှာတော့ ယခင်နှစ်က နှိုးဆော်ဖိတ်ကြားထားတဲ့အတွက် ယခင်နှစ်စံချိန်(၇၀ နှစ်လီ ၁၄၀)မျှမကပဲ (၂၀၀)ခန့်အထိ ကြွလာကြတာကိုတွေ့မြင်ရလို့ ပဋိပတ္တိသာသနာတော် တိုးတက်ရေးအတွက် မြော်မှန်းပြီး ဝမ်းမြောက်တဲ့အကြောင်း နှုတ်ခွန်းဆက်သည့်အနေအားဖြင့် ရှေးဦးစွာ ပြောကြားပါတယ်။

ယခုနှစ် ပြောကြားဖို့ ဩဝါဒစကားကတော့ ယမန်နှစ်ကပြောခဲ့တဲ့အပိုင်း(၇)ကို မူတည်ပြီးပြောဖို့ ရည်ရွယ်ထားပါတယ်။

နံပါတ် (၁)က ဝိနည်းကိုအလေးပြုရေး၊
။ (၂)က တရားကိုအလေးပြုရေး၊
။ (၃)က နည်းလမ်းမှန်ကန်ကျနရေး၊
။ (၄)က အရှည်တည်တံ့ရေး၊
။ (၅)က အညီအညွတ်ဆောင်ရွက်ရေး၊
။ (၆)က နောက်နှစ်အတွက်အစီအစဉ်၊
။ (၇)က ဟောပြောရေးစသည်အတွက် ညွှန်ကြားရေးဆိုတဲ့ ဒီအပိုင်း(၇)ခုကို မူတည်ပြီးပြောဖို့ပါဘဲ။

http://www.dhammadownload.com

(၁) ဝိနည်းကိုအလေးပြုရေး၊

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတော သာသနံ ဌိတံ ဟောတိ" လို့ မိန့်ဆို ထားတဲ့ အဋ္ဌကထာနှင့်အညီ ဝိနည်းဆိုတာ ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်တယ်၊ ဝိနည်းတည် နေလျှင် သာသနာတော်တည်တာပဲ၊ ဝိနည်းတည်တယ်ဆိုတာကလဲ ကျင့်တဲ့ ပုဂ္ဂိုလ်ရှိမှ အဲဒီကျင့်တဲ့ပုဂ္ဂိုလ်၏ သန္တာန်မှာသာတည်ပါတယ်၊ ဒါကြောင့် သာသနာတော်ကို အလေးအမြတ်ပြုတဲ့ပုဂ္ဂိုလ် ကို သာသနာတော်တည်တဲ့ရေးအတွက် ကိုယ်တိုင်လည်း ရိုရိုသေသေ ကျင့်ဖို့လို ပါတယ်။ ကိုယ် နှင့်စပ်ဆိုင်တဲ့ တပည့်များကိုလည်း ရိုရိုသေသေ ကျင့်အောင် ညွှန်ကြားတိုက်တွန်းဖို့ လိုပါတယ်။ အဲဒီ ရိုရိုသေသေ ကျင့်ပုံကို မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်။

ဣဓ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ ပါတိမောက္ခ သံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရ သမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒိယ သိက္ခတိ သိက္ခာ ပဒေသု။ (အံ ၁၊ ၂၃၇-စသည်)

ဘိက္ခဝေ-ရဟန်းတို့၊ **ဣဓ ဘိက္ခု**- ဤသာသနာတော်၌ ရဟန်းသည်၊ **သီလဝါ**-သီလနှင့် ပြည့်စုံသည်၊ **ဟောတိ**-ဖြစ်၏။ **ပါတိမောက္ခ သံဝရသံဝုတော**-ပါတိမောက်သီလဟူသော အပိတ် အဆို့ဖြင့် ပိတ်ဆို့ စောင့်စည်းလျက်၊ **ဝိဟရတိ**-နေ၏။ သီလနှင့်ပြည့်စုံ စေရမယ်၊ သီလဆိုတာ ပါတိမောက်သီလပါဘဲ၊ ပါတိမောက်ဆိုတာ သူ့ကိုစောင့်ရှောက်လျှင် စောင့်ရှောက်တဲ့သူကို အပါယ် ဘေးစသည်မှ

http://www.dhammadownload.com

လွတ်မြောက်စေတတ်တဲ့သီလဘဲ အကျဉ်းချုပ်ဆိုလျှင် ကိုယ်ဖြင့် မသင့်လျော်တဲ့ အမှုကို မပြုဘဲ ကြဉ်ရှောင်ခြင်းနှင့် နှုတ်ဖြင့် မသင့်လျော်တဲ့ စကားကို မပြောဘဲ ကြဉ်ရှောင်ခြင်း ဆိုတဲ့ ဒီ(၂)မျိုးပါပဲ။

နောက်ပြီးတော့ ဒီပါတိမောက်သီလ လုံခြုံစေဖို့ရာ၊ **အာစာရ ဂေါစရသမ္ပန္နော**– ကောင်းသော အလေ့အကျင့်နှင့်လည်း ပြည့်စုံရမယ်၊ အပြစ်ကင်းသော ကျက်စားချဉ်းကပ်ရာ ဆက်ဆံရာနှင့်လည်း ပြည့်စုံရမယ်၊ အဲဒီမှာ ကောင်းသော အလေ့အကျင့်နှင့် အပြစ်ကင်းသော ကျက်စားရာတွေကတော့ အလွန်ကျယ်ဝန်းပါတယ်၊ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ (နှာ–၁၆၊ မြန်မာပြန် ၅၇ စသည်) မှာ ပြထားပြီး ရှိပါတယ်၊ အဲဒီမှာကြည့်ပြီး အပြည့်အစုံသိနိုင်ပါတယ်၊ အရှင်ဘုရားတို့လဲ အများအားဖြင့် ကြည့်ရှု လေ့လာပြီးဖြစ်ပါလိမ့်မယ်။

နောက်ပြီးတော့ ရိုရိုသေသေနဲ့ အပြည့်အစုံကျင့်ဖို့ရာလည်း၊ **အဏုမတ္တေသု ဝဇ္ဇေသု**–အဏုမြူမျှ သေးငယ်လှသော အပြစ်တို့၌ သော်လည်း၊ **ဘယဒဿာဝီ** – ကြောက်ဖွယ်ဘေးကြီးဟု ရှုမြင်လျက် ကျင့်ပါ၊ ရဟန်းတော်များမှာသင့်ရောက်နိုင်တဲ့ အာပတ်အပြစ်တွေက (၇)ပါးရှိပါတယ်။ အဲဒီ(၇)ပါးထဲမှာ သေးငယ်တဲ့အပြစ်ဆိုတာ ဒုက္ကဋ်နှင့်ဒုဗ္ဘာသီအာပတ်များပါပဲ၊ ဒုဗ္ဘာသီအာပတ်ဆို တာ မြင့်မြတ်တဲ့ ရဟန်းကို ယုတ်ညံ့တဲ့ဂုဏ်နဲ့၊ ယုတ်ညံ့တဲ့ရဟန်းကို မြင့်မြတ်တဲ့ဂုဏ်နဲ့ အပြောင် အပျက် ပြောဆိုခြင်းဖြင့် သင့်ရောက်တဲ့အာပတ်ပဲ၊ ယခုကာလမှာ ရဟန်းတော်အချင်းချင်း "အရှင် ဘုရားတို့က ဓမ္မကထိကကြီးပဲ၊ ဘုန်းကြီးတဲ့ဆရာတော်ကြီးပဲ" စသည်ဖြင့် အပြောင်အပျက် ပြောလေ့ရှိကြတယ်၊ အဲဒါသတိပြုစရာကောင်းပါတယ်၊ ဒုက္ကဋ်သင့်

http://www.dhammadownload.com

စရာအကြောင်းတွေကတော့ အများ ကြီးပါဘဲ၊ အဲဒီ ဒုက္ကဋ္ဌ အာပတ်တွေထဲမှာ ပဏ္ဏာတ္တိဝဋ္ဌအာပတ်က လောကဝဋ္ဌအာပတ်ထက် သေးငယ်တယ်၊ အဲဒီ အသေးငယ်ဆုံးဖြစ်တဲ့ ပဏ္ဏာတ္တိဝဋ္ဌအာပတ်ပေမယ့် ကျူးလွန်လိုတဲ့စိတ်ဖြင့် ကျူးလွန်မိတဲ့ အာပတ်ဆိုလျှင် အပါယ်လေးပါး ကျရောက်စေနိုင်တယ်ဆိုတော့ အလွန်ကြောက်ဖွယ်ကောင်းပါတယ်။ ဒါကြောင့် အဲဒီလိုအာပတ် အသေးအငယ်ကလေးပေမယ့် အလွန်ကြောက်ဖွယ်ဘေးကြီး အနေနဲ့မြင်ပြီးတော့ အပြစ်ကင်းအောင် ကျင့်ရမယ်လို့ ဆိုလိုပါတယ်။ အဲဒီ ဒုက္ကဋ်ထက်ကြီးတဲ့ ပါဋိဒေသနီ ပါစိတ် အစရှိတဲ့ အာပတ်တွေဆိုတော့ အထူးပြောစရာမလိုတော့ပါဘူး၊ သာပြီးကြောက် ဖွယ်ထင်ပြီးတော့ ကြဉ်ရှောင်ကြဖို့ပါဘဲ။

သဒ္ဓါသာဓနော ဟိသော (ပါတိမောက္ခသံဝရော)–လို့ မိန့်ဆိုထားတဲ့အတိုင်း၊ ပါတိမောက် သီလဆိုတာ ယုံကြည်မှု သဒ္ဓါတရားဖြင့် ပြည့်စုံစေရတဲ့သီလဖြစ်တယ်၊ သဒ္ဓါတရားအားကောင်း ယင်ဒီသီလကိုကျင့်ဖို့ရာ ဝန်မလေးဘူး၊ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေမှာ သဒ္ဓါတရားဟာ သာမန်ပုဂ္ဂိုလ်တွေမှာထက် အားကောင်းသင့်ပါတယ်၊ ဒါကြောင့် တရားအားထုတ်ထားကြတဲ့ အရှင်မြတ်တွေဟာ "သူတစ်ပါးတွေက မကျင့်တောင်မှ ငါတို့ကတော့ကျင့်ရမယ်"လို့ နှလုံးသွင်းပြီး ဝိနည်းကိုအထူးသဖြင့် ရိုရိုသေသေ ကျင့်သွားကြဖို့ပါဘဲ။

ယနေ့အခါမှာ အများအားဖြင့် ပေါ့လျော့နေတတ်ကြ တာတွေကတော့ မြို့ထဲရွာထဲမှာ သင်္ကန်းရုံရတဲ့ သိက္ခာပုဒ်၊ စက္ခုန္ဒြေစောင့်စည်းရတဲ့ သိက္ခာပုဒ်၊ ဒီလိုသိက္ခာပုဒ်တွေမှာပေါ့လျော့နေ တတ်ကြတယ်၊ ရွှေ,ငွေ ကိုင်ခံမှုနှင့်စပ်တဲ့ သိက္ခာပုဒ်, ဝယ်ခြမ်းရေးနှင့် စပ်တဲ့သိက္ခာပုဒ်၊

http://www.dhammadownload.com

ဒီလို သိက္ခာပုဒ်တွေမှာလည်း ပေါ့လျော့နေတတ်ကြတယ်၊ တောင်းရမ်းအလှူခံမှုနှင့်စပ်တဲ့သိက္ခာပုဒ်၊ ဒကာ, ဒကာမများအား ဓည့်ခံရေးနှင့်စပ်တဲ့ သိက္ခာပုဒ်၊ ဒီလိုသိက္ခာပုဒ်တွေမှာလည်း ပေါ့လျော့ နေတတ်ကြတယ်၊ တချို့မှာဆိုလျှင် ဘုတဂါမသိက္ခာပုဒ်, ပထဝီခဏနသိက္ခာပုဒ်, သာမံပတ္တာသိက္ခာပုဒ် ဒီလိုသိက္ခာပုဒ်တွေမှာ ပေါ့လျော့နေတယ်လို့ ကြားရတယ်။ အရှင်ဘုရားတို့ တပည့်တော်တို့ ကမ္မဋ္ဌာန်းပဋိပတ်ဆိုင်ရာဘက်ကတော့ အဲဒီလိုဟာမျိုးတွေကို မချွတ်ယွင်းရအောင် အလေးပြုပြီး စောင့်ရှောက်ကြဖို့လိုပါတယ်။ အဲဒီလို အသေးအဖွဲ့မှစပြီး ကျင့်စရာဟူသမျှတွေကို အကြွင်းမဲ့ကျင့် ဖို့ရာ မြတ်စွာဘုရားက –

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿီ–အဏုမြူမျှ အလွန်သေးငယ်လှသော အပြစ်တို့၌ သော်လည်း အပါယ်လားကြောင်းကြောက်ဖွယ်ကောင်းသည့်ဘေးကြီးဟု ရှုမြင်လျက်၊ **သိက္ခာ ပဒေသု**–သိက္ခာပုဒ်တို့၌၊ **သမာဒါယ**–ကျင့်ဖွယ်ဟူသမျှကို အကြွင်းမဲ့ဆောက်တည်၍၊ **သိက္ခတိ**– ကျင့်၏ လို့မိန့်တော်မူခဲ့ပါတယ်။ အဲဒီမှာ ကျင့်ရမယ်၊ ကျင့်လော့ဟု ဒီလိုတိုက်ရိုက် တိုက်တွန်းချက် မပါပေမယ့် ဘုရားဟောဟူက **အာဏာတ္တိ**–ပါမြဲဆိုတဲ့၊ **နေတ္တိ**–နည်းအရအားဖြင့် ကျင့်ရမယ်။ ကျင့်လော့ ဟူ၍ပင် ဆိုလိုတယ်လို့ ယူရပါတယ်၊ မူလပဏ္ဏာသ အာကခ်ေယျသုတ်မှာတော့– **သမာဒါယ သိက္ခထ သိက္ခာပဒေသု** –သိက္ခာပုဒ်တို့၌ ကျင့်စရာဟူသမျှကို အကြွင်းမဲ့ဆောက်တည်၍ ကျင့်ကြလော့ လို့ တိုက်ရိုက်ဘဲ တိုက်တွန်းထားပါတယ်၊ ဒါကြောင့် သိက္ခာပုဒ်တွေနှင့် စပ်ပြီး ကျင့်စရာဟူသမျှတွေကို အကြွင်းမဲ့အကုန်လုံးသိမ်းကြုံးဆောက်တည်ပြီး ကျင့်ရမယ်လို့ ဆိုလိုတော်မူပါတယ်။ အဲဒီ

http://www.dhammadownload.com

ဘုရားမိန့်ခွန်းတော်အတိုင်း ဝိနည်းကို ကိုယ်တိုင်လည်းအလေးပြုပြီး ကျင့်သုံးကြဖို့ တပည့်များကိုလည်း အလေးပြုပြီး ကျင့်သုံးအောင် ညွှန်ကြားဆုံးမကြဖို့ရာ ဘုရားတပည့်တော်က ထပ်မံပြီး သတိပေးပါတယ်။

ဒီ ရန်ကုန်သာသနာ့ရိပ်သာမှာဆိုယင် အရှင်ဘုရားတို့တွေ့မြင်ကြရတဲ့အတိုင်းဘဲ ဝိနည်းကို အလေးပြုတဲ့အပြင် အပိုစ္ဆာသန္တုဋ္ဌိသလ္လေခဂုဏ်များနှင့်လည်း ပြည့်စုံတန်သမျှပြည့်စုံအောင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးဝါးခြင်းများကိုပါ ကြဉ်ရှောင်နေကြပါတယ်၊ အဲဒီလို ကြဉ်ရှောင် နေကြတဲ့အတွက် ဆေးလိပ်၊ ကွမ်း၊ ဆေးတို့နှင့်စပ်ပြီး ကိစ္စပလီဗောဓနည်းခြင်း၊ ပါသာဒိကဖြစ် ခြင်းအစရှိသော အကျိုးများကို ယခုလက်ငင်းဘဲရနေပါတယ်။ ဒီရိပ်သာက ခွဲထားတဲ့ ကမ္မဋ္ဌာန်း ဋ္ဌာနတွေမှာလည်း ဒီအချိုးအစားအတိုင်း ကျင့်သုံးနေကြတာကို ကြားသိရလို့ ဝမ်းမြောက်ပါတယ်။ ကမ္မဋ္ဌာန်းဋ္ဌာနတွေအကုန်လုံး ဒီအတိုင်း ကျင့်သုံးသွားကြမယ်ဆိုလျှင် မိမိတို့အတွက်ရော၊ ပဋိပတ္တိသာသနာတော်အတွက်ရော၊ အကျိုးများဖွယ်ရှိပါတယ်။ ဒါကြောင့် ဝိနည်းကို အလေးပြုသည့်အပြင် ပါသာဒိကဂုဏ်မြောက်စေနိုင်တဲ့ အကျင့်များကိုလဲ အားပေးကျင့်သုံးနိုင်ကြပါစေလို့ ဘုရားတပည့်တော်က မျှော်လင့် တောင့်တပါတယ်။

အဲဒါဟာ ယမန်နှစ်ကပြောခဲ့တဲ့ ဝိနည်းဆိုင်ရာသြဝါဒပါပဲ အဲဒီလောက်ဆိုရင် ဝိနည်းအလေးပြုရေးမှာပြည့်စုံလောက်ပါပြီ၊ ဒါပေမယ့်အကြောင်းတစ်ခုကပေါ်လာလို့ အဲဒါနဲ့စပ်ပြီး နည်းနည်းတော့ ထပ်ပြောရဦးမယ်။ လွန်ခဲ့တဲ့ ယခုနှစ် တန်ဆောင်မုန်းလထဲက

http://www.dhammadownload.com

မဟာစည် ကမ္မဋ္ဌာန်းဆရာတစ်ပါးက မန္တလေး တောင်မြို့ ဆရာတော်ကြီးတစ်ပါးထံ သွားပြီးကန်တော့တယ်၊ အဲဒီအခါမှာ အဲဒီဆရာတော်ကြီးက ဩဝါဒစကားတစ်ခုကို ပြောလိုက်တယ်၊ ချီးမြှောက်လိုတဲ့သဘောနဲ့ ပြောတယ်လို့ဘဲ ယူရပါတယ်။ ဘယ်လိုပြောလိုက်သလဲဆိုတော့ "အဲဒီအနီးအပါးမှာ ကမ္မဋ္ဌာန်းရိပ်သာတစ်ခု ရှိပါတယ်တဲ့၊ အဲဒီရိပ်သာမှာ ကမ္မဋ္ဌာန်းဆရာဘုန်းကြီးဟာ ကမ္မဋ္ဌာန်းသင်တန်း တက်ခဲ့ပြီးတော့ ကမ္မဋ္ဌာန်းပြနေပါသတဲ့၊ အဲဒီဘုန်းကြီး ပျံတော်မူသွားတဲ့အခါ အဲဒီရိပ်သာမှာ တစ္ဆေချောက်နေပါသတဲ့၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေကို ကြည့်ပြီးလုပ်ကြပါဦးလို့" ဩဝါဒစကား ပြောကြားလိုက်ပါတယ်၊ ဘယ်ဂိုဏ်းဂဏမှ ကမ္မဋ္ဌာန်းဘုန်းကြီးကိုရည်ပြီး ပြောသလဲ မသိပါဘူး၊ သူ့ကျောင်းတိုက် အနီးအပါးဖြစ်တဲ့ အဲဒီမြို့ထဲမှာ မဟာစည် ကမ္မဋ္ဌာန်းရိပ်သာတော့မရှိပါဘူး၊ ဒါကြောင့် မဟာစည် ဂိုဏ်းထဲကတော့ ဟုတ်ဟန်မတူပါဘူး၊ ဒါပေမယ့် အဲဒီဆရာတော်ကြီးရဲ့ ဩဝါဒစကားဟာ ကမ္မဋ္ဌာန်းဆရာတွေကို ချီးမြှောက်လိုတဲ့ သဘောနဲ့ပြောတယ်လို့ဘဲ ယူဆပါတယ်၊ အလွန်အဖိုးတန်တဲ့စကား၊ အကျိုးများတဲ့စကားလို့ပဲ ယူဆပါတယ်၊ အဲဒီလိုစကားကိုကြားရတော့ ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဘုန်းကြီးများက ဝိနည်းသိက္ခာ အကျင့်ကို ပြည့်စုံသည်ထက် ပြည့်စုံအောင်၊ သီလသိက္ခာကို လုံခြုံသည်ထက် လုံခြုံအောင် ရိုရိုသေသေ စောင့်ရှောက်သွားကြဖို့ပါပဲ၊ အဲဒီလိုစကားကို ကဲ့ရဲ့နှိမ့်ချလိုတဲ့သဘောနဲ့ ပြောတောင်မှ ဘုရားတပည့်တော်တို့ ဖက်ကတော့ အဲဒီလိုစကားကို အကျိုးများစေနိုင်တဲ့စကားပဲလို့သာ မှတ်ယူပြီးတော့ မိမိတို့ဘက်က ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်သွားကြဖို့ပါပဲ။

http://www.dhammadownload.com

မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဌာန ရိပ်သာတွေမှာတော့ အမြဲလိုက်နာကျင့်သုံးဖို့ စည်းမျဉ်းဥပဒေ စာအုပ်ကလေးများရှိနေတာပဲ၊ အဲဒါကလဲ ယခုမှ ထုတ်တဲ့စာအုပ်မဟုတ်ပါဘူး၊ ကြာလှပါပြီ၊ ၁၃၁၄-ခုနှစ်ကတည်းက ထုတ်ဝေထားပါတယ်၊ အဲဒီ ဥပဒေထဲမှာ ဝိနည်းဆိုင်ရာရော၊ သုတ် အဘိဓမ္မာတရားဆိုင်ရာရော ကျင့်ဖို့ရာတွေကို စုံစုံလင်လင်ညွှန်ပြထားပါတယ်၊ အဲဒီ စည်းမျဉ်းဥပဒေစာအုပ်ကိုလည်း ကြည့်ရှုကြပါ၊ ကြည့်ရှုပြီးတော့ အဲဒီအတိုင်းလဲ လိုက်နာပြီးကျင့်သုံးကြပါ။ အဲဒီ ဥပဒေထဲမှာ လိုနေတာရှိရင်လဲ ဖြည့်စွက်ရအောင်ဖော်ပြကြစေလိုပါတယ်။ အဲဒီစည်းမျဉ်းစာအုပ်ကို ဟိုသြဝါဒပေးတဲ့ ဆရာတော်ကြီးထံလဲ "လိုနေတာရှိရင် ဖြည့်စွက်ဖို့ ညွှန်ကြားတော်မူပါ" လျှောက်ထားတောင်းပန်ပြီး ပို့လိုက်ရဦးမယ်၊ အဲဒီဥပဒေဟာ ဘုရားတပည့်တော်တို့ အမြင်နဲ့ဆိုရင်တော့ အားလုံးပြည့်စုံနေပါတယ်။ ပါတိမောက် ဝိနည်းကိုလည်း အပြည့်အစုံစောင့်ရှောက်ဖို့ ညွှန်ပြထားတယ်၊ သုတ္တန်ဆိုင်ရာ ကိလေသာပယ်ရေးနှင့်တကွ ပါသာဒိကဂုဏ်မြောက်တဲ့ ကျင့်ဝတ်တွေလဲ ကျင့်ဖို့ ညွှန်ကြားထားတယ်၊ ကမ္မဋ္ဌာန်းဘုန်းကြီးမဟုတ်ရင် အဲဒီ ဥပဒေအရ အပြည့်အစုံကျင့်ဖို့ လွယ်လှမယ်မဟုတ်ပါဘူး။

ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဘက်က ဘုန်းကြီးများကို အပြင်ဘက်ပုဂ္ဂိုလ်တွေက အထင်သေးတတ်ကြပါတယ်၊ ပါတိမောက်ရရဲ့လားလို့တောင် မေးတတ်ကြပါတယ်၊ ဘုရားတပည့်တော်တို့ကရပါတယ်၊ ပြန်ပြပါမယ်လို့ ရဲရဲရင့်ရင့်ဝန်ခံနိုင်ဖို့ လိုပါတယ်၊ ဒါကြောင့် ပါတိမောက်ကိုလည်း နှုတ်တက်ဆောင်ထားကြစေလိုပါတယ်။

http://www.dhammadownload.com

(၇)ရက်တစ်ပတ်ဖြစ်စေ၊ (၁၅)ရက်တစ်ပတ်ဖြစ်စေ၊ တစ်လမှတစ်ပတ် ဖြစ်စေ၊ကုန်သွားအောင် ပါတိမောက်ကို နေ့စဉ်နေ့စဉ် ပိုင်းပိုင်းပြီး ရွတ်နေလျှင် ပါတိမောက်ကို နုတ်တက်ရနေနိုင်ပါတယ်၊ ဘုရားဝတ် တက်ရင်း အဲဒီလို တစ်ပိုင်း တစ်ပိုင်းရွတ်နေရုံနဲ့ပင် အဲဒီကိစ္စပြီးနိုင်ပါ တယ်၊ အဲဒီလို ပါတိမောက်ကို အာဂုမ်ဆောင်သောအားဖြင့်လည်း ဝိနည်းကို အလေးပြုကြစေလိုပါတယ်။

(၂) တရားအလေးပြုရေး၊

နံပါတ်(၂) တရားအလေးပြုရေးဆိုတာကလည်း ယမန်နှစ်က ပြောခဲ့တဲ့အတိုင်းပါပဲ၊ ဒါပေမယ့် အခါအားလျော်စွာ ထပ်ပြီးသတိပေး ရဦးမယ်၊ မိမိတို့ ကျင့်သုံးထားတဲ့ သမာဓိပညာအကျင့်တရားကို အလေးပြုဖို့ပါပဲ၊ အဲဒီသမာဓိပညာ အကျင့်တရားကို သူတစ်ပါးတွေ အားလဲ ကျင့်သုံးချင်အောင် ကျင့်သုံးတတ်အောင် ဟောပြောပေးရမယ်၊ အဲဒါဟာ ကမ္မဋ္ဌာန်းဆရာရဲ့အလုပ်ပဲ။ တချို့ဌာနတွေမှာ ဟောပြောမှု မရှိလို့ ဟောပြောသော်လည်း လူများစိတ်ဝင်စားအောင် မဟောနိုင်လို့ တရားအားထုတ်တဲ့ယောဂီ မရှိသလောက်ဖြစ်နေတယ်၊ အဲဒီလိုမဖြစ်ရ အောင် အလေးဂရပြုပြီး ကိုယ်တိုင်လည်း ဟောပြောဖို့၊ ဟောနိုင်တဲ့ ဓမ္မကထိကများကိုလည်း ပင့်ဖိတ်ပြီး ဟောစေဖို့လိုပါတယ်။ နောက် ပြီးတော့ သူတစ်ပါးတို့အား ဟောရုံတွင်မဟုတ်ပဲ မိမိတို့ကိုယ်တိုင်လဲ အချိန်ရသလောက် အလေးပြုပြီး ရွှမှတ် ကျင့်သုံးနေဖို့လိုပါတယ်။ ကိုယ်ဖော်ထားတဲ့ဆေးကို ကိုယ်တိုင်လဲ စားသင့်သလို ကိုယ်ဟောနေ တဲ့တရားကို ကိုယ်တိုင်လဲ အလေးပြုပြီး ကျင့်သုံးဖို့လိုပါတယ်။ ဒါကြောင့် ကြောင့်ကြပြုစရာ ကိစ္စမရှိတဲ့အခါမှာဆိုယင် ကိုယ့်တရား

http://www.dhammadownload.com

ကိုသာ ရှုမှတ်ကျင့်သုံးနေရန်သင့်ပါတယ်။ ကိစ္စတွေ အလွန်များနေတောင်မှ တစ်နေ့ တစ်နေ့မှာ တစ်နာရီ နှစ်နာရီလောက်တော့ အချိန်ယူပြီး နေ့စဉ်ရှုမှတ်ဖို့သင့်ပါတယ်၊ သွားလာနေထိုင်ယင်း၊ စားသောက်ယင်းလဲ စွမ်းနိုင်သမျှ ရှုမှတ်ဖို့သင့်ပါတယ်။

အထူးအားဖြင့် သတိပြုစရာကတော့ လောဘ၊ဒေါသ အရိပ်အရောင်မပေါ်အောင် အမှတ်သတိရှိနေဖို့ပါပဲ၊ လောဘ ဒေါသ အမှတ်တမဲ့ဖြစ်ပေါ်လာယင်လဲ အဲဒီ လောဘ ဒေါသ ချက်ခြင်း ငြိမ်းပျောက်သွားအောင် ရှုမှတ်ပြီးပယ်ဖို့ အရေးကြီးပါတယ်။ ကမ္မဋ္ဌာန်းဆရာကိုတပည့်ယောဂီတွေက အလွန်ရိုသေ အလွန်ကြောက်ကြပါတယ်။ အမှန်မှာတော့ ကမ္မဋ္ဌာန်းဆရာဆိုတာ သူ့တရားနှင့်သူ နှုးညံ့သိမ်မွေ့နေရမှာပဲ၊ ကြောက်စရာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တပည့်တွေကတော့ ရိုသေသောအားဖြင့် ကြောက်နေကြပါတယ်၊ အဲဒီလို ရိုသေကြောက်ရွံ့နေကြတဲ့ တပည့်တွေနဲ့ ဆက်ဆံရာမှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ သိမ်သိမ်မွေ့မွေ့ရှိဖို့လိုပါတယ်။ မသိမ်မွေ့တဲ့ဆရာတွေကတော့ တပည့်တွေကို အော်လိုက် ငေါက်လိုက်နဲ့ ကြမ်းတမ်းစွာလဲ ပြောဆိုတတ်ပါတယ်။ စိတ်တိုတဲ့ အချို့စာချုပ်ဂိုလ်ဆိုယင် စာဆိုပုံ နေရာမကျတဲ့တပည့်ကို တစ်စုံတစ်ခုနဲ့ကောက်ပြီး ပေါက်တာတောင်ရှိတတ်သေးတယ်၊ အဲဒါ သေသေချာချာစဉ်းစားကြည့်ရင် ဆရာကျင့်ဝတ်ပျက်နေတာပဲ၊ ရက်ဖွယ်လဲဖြစ်ပါတယ်၊ ဒါကြောင့်တပည့်တော်တို့ ကမ္မဋ္ဌာန်းဆရာများကတော့ အစစအရာရာ နှုးညံ့သိမ်မွေ့အောင် အထူးသတိပြုဖို့ လိုပါတယ်၊ လောဘ၊ဒေါသ မကင်းသေးပေမယ့် ကင်းသလိုပင် ထင်ရလောက်အောင် (ဟန်ဆောင်တဲ့အနေမ

http://www.dhammadownload.com

ဟုတ်ပဲ) သတိပြုပြီး စောင့်ရှောက်နေဖို့ လိုပါတယ်။ တရားဆိုတာ ရဟန္တာမဖြစ်သေးမချင်း အားထုတ်လို့ ပြီးတယ်မရှိပါဘူး၊ ဒါကြောင့် အမြဲမပြတ် ရှုမှတ်အားထုတ်နေဖို့လဲ လိုပါတယ်။

(၃) နည်းလမ်းမှန်ကန်ကျနရေး

နံပါတ်(၃) နည်းလမ်းမှန်ကန် ကျနရေးဆိုတာကတော့ ဘုရားဟောပါဦးတော် ကျမ်းဂန်များနှင့်အညီ တိကျမှန်ကန်အောင် ဟောကြားညွှန်ပြဖို့ပါပဲ၊ မဟာသတိပဋ္ဌာနသုတ် အစရှိသော ဒေသနာတော်များနှင့်အညီ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေယင် အမှန်ချည်းပါဘဲ၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း အစရှိသော ကိုယ်အမူအယာတွေကို ရှုမှတ်ပြီး သိတာလဲအမှန်ပဲ၊ အကောင်းအဆိုး ခံစားမှုဝေဒနာတွေကို ရှုမှတ်ပြီးသိတာလည်းအမှန်ပဲ၊ စိတ်ကူးကြံသိတဲ့ စိတ်အမူအယာတွေကို ရှုမှတ်ပြီးသိတာလည်းအမှန်ပဲ၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ မြင်ခြင်း၊ ကြားခြင်းစသော သဘောတရားတွေကို ရှုမှတ်ပြီးသိတာလဲအမှန်ပဲ၊ ဒါကြောင့် ထင်ရှားပေါ်လာတဲ့ ကိုယ်အမူအယာ၊ စိတ်အမူအယာ၊ ဝေဒနာသဘောတရားဆိုတဲ့ သတိပဋ္ဌာန်အာရုံ(၄)ပါးထဲက ဘယ်ဟာမဆို ရှုနိုင်ပါတယ်။ ဒါပေမယ့် ရှုခါစ ယောဂီကတော့ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း အကုန်လုံးကို စေ့ငဲ့အောင် လိုက်ပြီး မရှုနိုင်သေးဘူး၊ ဒါကြောင့် ထင်ရှားပြီး သိလွယ်တဲ့တရားကစပြီး ရှုမှတ်ရတယ်၊ သမထယာနိကဆိုယင် စျာန်တစ်ပါးပါးကို ဝင်စားပြီးတော့ အဲဒီ စျာန် စိတ်နာမ်ကစပြီး ရှုရတယ်၊ ဝိပဿနာယာနိက ဆိုယင်တော့ အများအားဖြင့် ရုပ်ကစပြီး ရှုရတယ်၊ ရုပ်အများထဲမှာလည်း ဓာတ်ကြီးလေးပါး

http://www.dhammadownload.com

ကစပြီးရှုရတယ်၊ ယခု ဘုရားတပည့်တော်တို့ကိုယ်တိုင် အားထုတ်ပြီး ညွှန်ကြားပြသနေတဲ့ ဝိပဿနာရှုနည်းက သမထစျာန်အခြေခံတဲ့ ရှုနည်းမဟုတ်ဘူး၊ ဝိပဿနာသက်သက်ရှုနည်း (သုဒ္ဓဝိပဿနာ ယာနိကနည်း)ဖြစ်တယ်။ ဒါကြောင့် **ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ** စသည်ဖြင့် ဟောထားတဲ့ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လျောင်းတာကစပြီး ရှုမှတ်ဖို့လဲ ညွှန်ပြနိုင်ပါတယ်။ **ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ** စသည်နှင့်အညီ ကွေးတာ ဆန့်တာ လှုပ်ရှားတာ၊ဝမ်းဗိုက်ဖောင်းတာ၊ ပိန်တာကစပြီး ရှုမှတ်ဖို့လဲ ညွှန်ပြနိုင်ပါတယ်။ ဒါကြောင့် အားထုတ်ကာစယောဂီကို ထင်ရှားပြီးရှုလွယ်တဲ့ ဝမ်းဗိုက် ဖောင်းတာ ပိန်တာကစပြီး ရှုမှတ်ဖို့ ဘုရားတပည့်တော်တို့က ညွှန်ပြနေကြပါတယ်၊ အဲဒါကလဲ ဖောင်းတာ ပိန်တာ ဒီနှစ်ခုထဲတော့ မဟုတ်ပါဘူး၊ ဖောင်းတာ ပိန်တာ ရှုမှတ်နေယင်း စိတ်ကူးတွေပေါ်လာယင် အဲဒါကိုလဲ ရှုမှတ်ရပါတယ်။ ဝေဒနာတွေပေါ်လာယင် အဲဒါကိုလဲ ရှုမှတ်ရပါတယ်။ ကွေးမှု ဆန့်မှုစသော အခြားကိုယ်အမူအယာတွေပေါ်လာယင် အဲဒါလဲ ရှုမှတ်ရပါတယ်။ မြင်တာ ကြားတာ စသည်ပေါ်လာယင် အဲဒါကိုလဲ ရှုမှတ်ရပါတယ်။ နောက်ဆုံးကျတော့ ဒွါရ(၆)ပါးက ပေါ်လာသမျှကို အကုန် လုံးပဲ လိုက်မှတ်ရပါတယ်၊ အကုန်လုံးကို ရှုမှတ်ပြီးသိနိုင်မှ ပြည့်စုံ ပါတယ်။

ဒါပေမယ့် အဲဒီလိုသိတာက သမာဓိဉာဏ်အားကောင်းတဲ့ အခါကျမှ ပြည့်စုံပါတယ်၊ အားထုတ်ခါစမှာ သမာဓိအားကောင်းဖို့က ပိုပြီးအရေးကြီးပါတယ်၊ သမာဓိဖြစ်မှ ဉာဏ်ဖြစ်တယ်၊ သမာဓိမရှိဘဲ သက်သက်ဆင်ခြင်ကြည့်နေရုံနဲ့တော့ ကိုယ်တိုင်သိ ဉာဏ်အစစ်မဖြစ်

http://www.dhammadownload.com

နိုင်ဘူး၊ သညာသိလောက်ပဲဖြစ်တယ်၊ အဲဒီ သညာသိလောက်နဲ့တော့ ကိလေသာကို ပယ်နိုင်တဲ့ ဝိပဿနာဉာဏ်အစစ်မဖြစ်ဘူး၊ သမာဓိဆိုတာကလည်း နိဝရဏတရားတွေ ကင်းမှဖြစ်တာ၊ ကာမစ္ဆန္ဒအစရှိတဲ့ နိဝရဏတရားတွေ မဖြစ်ပေါ်လာတော့ဘဲ ရှုမှတ်စိတ်ချည်း မပြတ်ဖြစ်နေတဲ့အခါမှာ လိုချင်တာကို ကြံစည်မှုအစရှိတဲ့ နိဝရဏစိတ်ကူးတွေကင်းနေတယ်၊ အဲဒီလိုအခါမှာ စိတ္တဝိသုဒ္ဓိဆိုတဲ့ စိတ်စင်ကြယ်မှုပြီးစီးတာဘဲ။ ဖောင်းတယ်၊ပိန်တယ် စသည်ဖြင့် ရှုမှတ်ပြီး အဲဒီလို စိတ်တည်ကြည်နေတာဟာ ဥပစာရ သမာဓိနှင့်တူညီတဲ့ ဝိပဿနာခဏိကသမာဓိပဲ၊ အဲဒီသမာဓိဟာ ဈာန်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူက ဈာန်နဲ့ ခပ်တူတူဖြစ်နေပါတယ်။ သမ္မသနဉာဏ်အထိ သူက ပဌမဈာန်နဲ့တူတယ်၊ ဥဒယဗ္ဗယဉာဏ် စသည်မှာ သူက ဒုတိယဈာန်တတိယဈာန်၊ စတုတ္ထဈာန်များနဲ့တူတယ်၊ အဲဒီ သမာဓိ(၄)မျိုးထဲမှာ ဒီ ပဌမဈာန်နှင့်တူတဲ့ ခဏိကသမာဓိ ဖြစ်ကာစကတည်းက ပုံ့လွင့်ပြေးသွားတဲ့ နိဝရဏ စိတ်ကူးတွေကင်းပြီး ရှုမှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒီလို စိတ်စင်ကြယ်နေတဲ့အခါမှာ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း သိရတဲ့ အာရုံရုပ်နဲ့ သိတဲ့နာမ်–ဒီရုပ်နာမ်(၂)ပါးကို တခြားစီခွဲခြားပြီးသိတယ်၊ အဲဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ဘဲ၊ အဲဒီက နောက် ရှုမှတ်နေယင်း အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး ဖြစ်နေပုံကို ပိုင်းခြားပြီးသိလာတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ၊ အဲဒီကနောက် ရှုမှတ်ရတဲ့ရုပ်နာမ်၏ အဖြစ်အပျက်ကို သန္ဋတိအနေအား‌ဖြင့် သိပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာကို သဘောကျပြီး သုံးသပ်ဆင်ခြင်မိတယ်။ အဲဒါက သမ္မသနဉာဏ်ဘဲ အဲဒီကနောက် ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို လျင်လျင်မြန်မြန်လိုက်ပြီး သိသိနေတယ်၊

http://www.dhammadownload.com

အဲဒါက ဥဒယဗ္ဗယညာဏ်ဘဲ၊ အဲဒီကနောက် မှတ်သိရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော အစုံလိုက် အစုံလိုက် ပျောက်ပျောက်သွားတာကို မှတ်တိုင်း မှတ်တိုင်း သိသိနေတယ်၊ အဲဒါက ဘင်္ဂဉာဏ်ဘဲ၊ ဒီပုံ ဒီနည်း ဖြင့် အစဉ်အတိုင်းဖြစ်ပေါ်တဲ့ ဝိပဿနာ ညာဏ်တွေဆိုတာရှိတယ်၊ အဲဒီ ညာဏ်ဖြစ်ပေါ်ပုံတွေကို ဝိသုဒ္ဓိမဂ်မှာ အကျယ်ပြထားပါတယ်။ ဘုရား တပည့်တော်ရေးတဲ့ ဝိပဿနာရှုနည်းကျမ်း စသည်မှာလည်း အဲဒီ ညာဏ်စဉ်ဖြစ်ပေါ်ပုံတွေကို ပြထားပါတယ်။ တစ်ချို့ ညာဏ်အရာမှာ ဝိသုဒ္ဓိမဂ်လောက်မကျယ်ဘူး၊ တစ်ချို့ ညာဏ်အရာမှာတော့ ဝိသုဒ္ဓိမဂ် ထက် ကျယ်ပါလိမ့်မယ်၊ အဲဒီ ဝိပနာညာဏ်တွေ အစဉ်အတိုင်းဖြစ်ဖို့ အရေးကြီးပါတယ်၊ အဲဒီလို အစဉ်အတိုင်း အပြည့်အစုံဖြစ်အောင် ညွှန် ကြားပြသပေးဖို့ လိုပါတယ်။

တစ်ချို့က ဖောင်းတာ ပိန်တာကို မှတ်ပြီးတော့ဖြစ်ဖြစ်၊ နာသီး ဖျားကထိသိတာကို မှတ်ပြီးတော့ဖြစ်ဖြစ်၊ ရှူလေ ရှိုက်လေကို မှတ်ပြီး တော့ဖြစ်ဖြစ်၊ တစ်ခြား တစ်စုံတစ်ခုကို မှတ်ပြီးတော့ဖြစ်ဖြစ် နာရီပိုင်း ရက်ပိုင်း အနည်းငယ်မျှဖြင့် အသိစိတ်မရှိဘဲ သတိလစ်နေတာကို မဂ်ဖိုလ် တရားထူးလို့ ထင်မှတ်တတ်ကြတယ်၊ အဲဒီလို သတိလစ်နေ တာကလည်း အဆန်းသားဘဲ၊ မြင်စရာ ကြားစရာ ထိစရာတွေရှိနေ ပေမယ်လို့ သူက ဘာမှမသိဘူး၊ ထိုင်လျက် ရပ်လျက် အခြေမပျက်ဘဲ အကြာကြီးလည်း တည်နေနိုင်တယ်၊ ထိုင်နေတာကို ဂျိုင်းကြားက ကိုင်ပြီး မယူလိုက်ယင် တင်ပလ္လင်ခွေလျက်၊ ပဆစ်တုပ်လျက် ထိုင် လျက်ပဲ၊ အခြေမပျက်ပါလာတယ်၊ အဲဒီလို ဖြစ်ပုံက အများအားဖြင့် ကလေးသူငယ်များမှာ ဖြစ်တတ်ပါတယ်၊ လူကြီးဆိုရင်လည်း စိတ် သဘောနတဲ့ မိန်းမများနှင့် အချို့ အနည်းငယ်သော စိတ်နတဲ့

http://www.dhammadownload.com

ယောက်ျားများမှာ ဖြစ်တတ်ပါတယ်။အချို့ အဓိဋ္ဌာန်ပြုပြီး ထိုင်နေယင် သူအဓိဋ္ဌာန်ပြုထား‌တဲ့အတိုင်းလည်း တည်နေတတ်တယ်၊ အဲဒါဟာ အကုသိုလ်တော့ မဟုတ်ပေဘူး၊ သမာဓိတစ်မျိုးလို့ဆိုရမှာပဲ၊ သို့သော်လည်း‌စာပေကျမ်းဂန်ထဲက စျာန်သမာဓိတော့လဲ မဟုတ်ပေဘူး။

ဒီလိုဖြစ်နေတာကို ဆုံးဖြတ်နိုင်ဖို့ကတော့ မေးစမ်းကြည့်ဖို့လိုပါတယ်။ ရုပ်နာမ်ကွဲပုံ၊ အဖြစ်အပျက်သိပုံ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တာသိပုံများကို မေးစစ်ကြည့်ဖို့လိုပါတယ်။ စာပေကျမ်းဂန်စကားဖြင့် မပြောတတ်သူဖြစ်ပေမယ့် နားလယ်လောက်တဲ့ စကား‌နဲ့မေးရင် ပြောတတ်ပါတယ်။ ထိုင်တယ် မှတ်တဲ့အခါ ထိုင်တာနဲ့သိတာ တစ်ယောက်ထဲဘဲလား၊ တစ်ခြားစီလား၊ ဖောင်းတယ်မှတ်တဲ့အခါ ဖောင်းတာနဲ့ မှတ်တာ တစ်ယောက်ထဲဘဲလား၊ တစ်ခြားစီလား၊ ရှုတာနဲ့ သိတာ တစ်ယောက်ထဲဘဲလား၊ တစ်ခြားစီလား၊ သိရတာနဲ့ သိတာ တစ်ယောက်ထဲဘဲလား၊ တစ်ခြားစီလား စသည်ဖြင့် မေးကြည့်နိုင်ပါတယ်၊ မှတ်သိရတာနဲ့ မှတ်သိတာဟာ အလျင်ကတည်းက ရှိနေတာလား၊ အခုမှ အသစ်အသစ်ဖြစ်လာတာလား၊ မှတ်တိုင်း မှတ်တိုင်း ပျောက်ပျောက်သွား‌သလား၊ သို့မဟုတ် တည်မြဲနေသလား၊ တစိတ်တည်း‌တစ်ယောက်ထဲကပဲသိနေတာလား စသည်ဖြင့်လဲ မေးကြည့်နိုင်ပါတယ်။ အဲဒီလိုမေးကြည့်တဲ့အခါ ရုပ်နာမ်ကွဲပုံ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သိပုံတွေနှင့် အရောင် အလင်း‌စသည် ထင်ပုံတွေကို ပြောနိုင်ရင်တော့ ကောင်းတဲ့တရားလို့ ယူဉ့ယ်ရှိပါတယ်။ အဲဒါတွေကို ဘာမှမသိသေးပဲ ရုပ်နှင့် နာမ်တောင် မကွဲသေးပဲ လစ်နေတာဆိုယင်တော့ သမာဓိသက်သက်ပဲလို့ ယူရမှာဘဲ။ ပထဝီစသော

http://www.dhammadownload.com

ကသိုဏ်းအာရုံမှာ တည်နေတဲ့ သမာဓိမျိုးဖြစ်မှာပဲ၊ ကသိုဏ်းသမာဓိကလဲ တစ်ခုတည်းသော အာရုံမှာတည်နေတယ်၊ အဲဒီလစ်နေတယ်ဆိုတာကလဲ တစ်ခုတည်းသောအာရုံမှာ တည်နေတာပဲ၊ နိရောဓသမာပတ်လို စိတ်လုံးဝမရှိတာတော့ မဟုတ်ပေဘူး၊ စိတ်ကတော့ ရှိနေတယ်လို့ပဲ သိရလိမ့်မယ်၊ နောက်ပြီးတော့ အဲဒီလို လစ်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ နောက်ပိုင်းအခြေအနေကိုလဲ စောင့်ကြည့်ဖို့လိုပါတယ်။ ဒုစရိုက်အမှုတွေ သူ့အလိုလိုကင်းနေတယ်ဆိုရင်တော့ ကောင်းတဲ့တရားလို့ပဲ ယူဘွယ်ရှိပါတယ်။ သတ်မှု၊ ခိုးမှု၊ လိမ်မှုစသော ဒုစရိုက်တွေတောင် မကင်းဘူးဆိုယင်တော့ တရားကောင်း တရားမြတ်လို့ မယူသင့်ဘူး၊ သာမန်သမာဓိတစ်မျိုးလို့သာ ယူဘွယ်ရှိပါတယ်။

အဲဒီလို သမာဓိသက်သက်နဲ့ လစ်နေတာကိုပင် တစ်ချို့က မဂ်ဖိုလ်တရားထူးလို့ ယူဆ ဆုံးဖြတ်ပေးနေကြောင်း ကြားသိရတယ်။ အဲဒီလိုဟာမျိုးကို မဟာစည်နည်းကတော့ လက်မခံဘူး၊ ဒါကြောင့် အဲဒီလို ဉာဏ်စဉ်မပါဘဲ တရားထူးအနေဖြင့် မယူဆကြ-မဆုံးဖြတ်ကြဖို့ အစဉ်အတိုင်းဖြစ်ပေါ်တဲ့ ဝိပဿနာဉာဏ်တွေ ပြည့်စုံအောင် ညွှန်ကြား ပြသပေးကြဖို့ အရေးကြီးပါတယ်၊ ဘာကြောင့်လဲဆိုယင် မိမိတို့ထံ လာရောက်ပြီး တရားအားထုတ်တဲ့ လူတွေဟာ တရားစစ်တရားမှန်ရအောင် ညွှန်ပြပေးနိုင်လိမ့်မယ်လို့ ယုံကြည် အားကိုးပြီး လာကြတာဘဲ။ ဥပမာအားဖြင့် လူမမာက ဆေးဆရာကို အားကိုးယုံကြည်တာလိုပါဘဲ၊ အဲဒီလို မိမိအား ယုံကြည်အားကိုးပြီး လာတဲ့ပုဂ္ဂိုလ်တွေကို တရားစစ် တရားမှန်ရအောင် ညွှန်ကြား ပြသပေးဖို့ဟာ အလွန်ပဲ အရေးကြီးပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်စသော ကျမ်း

http://www.dhammadownload.com

ဂန်များနှင့်အညီ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပေါ် ပြည့်စုံသွားအောင် ညွှန်ကြားပြသပေးကြရန် ထပ်မံသတိပေးပါတယ်။ တရားနည်းလမ်း မှန်ကန် ကျန်ရေးကတော့ တော်လောက်ပါပြီ။

(၄) အရှည်တည်တံ့ရေး

နံပါတ်(၄) အရှည်တည်တံ့ရေးဆိုတာကတော့ ယမန်နှစ်က ပြောခဲ့တဲ့အတိုင်းပင် ပြည့်စုံနေပါပြီ၊ ဒါကြောင့် အဲဒါကို ဖတ်ပြီးပြောသွားပါမည်။

အရှည်တည်တံ့ရေးဆိုတာ မိမိတို့ စောင့်ရှောက်နေတဲ့ ကမ္မဋ္ဌာန်းဌာန အရှည်တည်တံ့ရေး ကိုဆိုလိုပါတယ်။ တစ်နေ့ကျလျှင် တပည့်တော်တို့ အရှင်ဘုရားတို့ဟာ ရှိကြမှာမဟုတ်ဘူး၊ အဲဒီ အခါမှာ ဆက်ခံတဲ့ပုဂ္ဂိုလ်က ဆရာ့နည်းကို ကျကျနနအမွေခံပြီး ဟောပြောညွှန်ပြသွားလျှင် ကမ္မဋ္ဌာန်း ဌာနဟာ တည်မြဲတည်သွားမှာပါဘဲ၊ အဲဒီလိုမဟုတ်ဘဲ ဆက်ခံတဲ့သူက တရားအမွေကိုမခံဘဲ ပစ္စည်း အမွေလောက်သာခံယူပြီး တာဝန်မဲ့နေသွားလျှင်တော့ ကမ္မဋ္ဌာန်းဌာနပျက်သွားမယ်၊ သာမန် ဘုန်းကြီး ကျောင်းတစ်ခုမျှ ဖြစ်သွားမယ်၊ အဲဒီလို ဖြစ်သွားတဲ့ကျောင်းများလည်း ဘုရားတပည့်တော်၏ မျက်မှောက်မှာပင် (၂)ကျောင်း၊ (၃)ကျောင်းရှိသွားပါပြီ၊ ဒါကြောင့် ကမ္မဋ္ဌာန်းဌာနမှာ ဝိပဿနာ တရားကို ပြည့်ပြည့် စုံစုံ အားထုတ်ပြီးတော့ ဝိပဿနာ တရားကို အလေးအမြတ်ပြုတဲ့ပုဂ္ဂိုလ်ကိုသာ လက်ခံထားသင့် တယ်၊ တရားကို ဖြစ်ဖြစ်မြောက်မြောက် အားမထုတ်ပဲ ခပ်ပေါ့ပေါ့နေတဲ့ ရဟန်းများ ကိုတော့ လက်ခံ မထားသင့်ဘူး၊ ဆွေမျိုးရင်း တပည့်ရင်းဖြစ်ပေမယ့် အဲဒီပုဂ္ဂိုလ်ကိုတော့ လက်ခံမထားသင့်ဘူး၊ ကမ္မဋ္ဌာန်း

http://www.dhammadownload.com

ဌာနမှာရှိနေတဲ့ ရဟန်းများကို ပြည့်ပြည့်စုံစုံအားထုတ်အောင် စေခိုင်းတိုက်တွန်းပေးဖို့ လိုပါတယ်။ အရှင်ဘုရားတို့၏ ဌာနမှာ အားထုတ်စေဖို့ မသင့်လျော်ဘူး ထင်လျှင် ဒီ ရန်ကုန်သာသနာ့ ရိပ်သာသို့ ပို့ပေးပါ၊ ဒီက ကမ္မဋ္ဌာန်း ဆရာများ က တတ်နိုင်သမျှ စောင့်ရှောက်ပေးကြပါလိမ့်မယ်၊ အဲဒီလို ပြည့်ပြည့်စုံစုံအားထုတ်ပြီး ဖြစ်သည့်ပြင် တရားကိုလဲ အလေးအမြတ်ပြုတဲ့ တပည့်ကိုသာ လက်ခံထားကြစေလိုပါတယ်။ အဲဒီလို တပည့်ကောင်းကို ရအောင်လဲ ကြိုးစားကြစေလိုပါတယ်။

အဲဒါဟာ ယမန်နှစ်ကပြောခဲ့တဲ့ နံပါတ်(၄) သဝါဒစကားပါဘဲ၊ အဲဒီစကားဖြင့်ပင် အရှည်တည်တံ့ရေး ပြည့်စုံလောက်ပါပြီ။

(၅) အညီအညွတ်ဆောင်ရွက်ရေး

နံပါတ်(၅) အညီအညွတ်ဆောင်ရွက်ရေးဆိုတာလဲ ယမန်နှစ်ကပြောခဲ့တဲ့စကားဖြင့်ပင် ပြည့်စုံသလောက် ရှိနေပါပြီ၊ အဲဒါကိုကြည့်ပြီး အညီအညွတ် ဆောင်ရွက်ကြစေလိုပါတယ်။ (ယမန်နှစ်က သဝါဒစာအုပ်မရှိသူတို့အတွက် အောက်၌ ဖော်ပြပါမည်။)

ယခု ဒီသာသနာ့ရိပ်သာမှာ နှစ်ပတ်လည်စည်းဝေးပွဲကျင်းပတာဟာ အဲဒီ အညီအညွတ် ဆောင်ရွက်ရေးအတွက် ရည်ရွယ်ရင်းရှိခဲ့ပါတယ်၊ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့မှာ ဒီသာသနာ့ရိပ်သာ၌ ဝိပဿနာတရားကို စတင်ပြီးဟောကြားပြသခဲ့တယ်၊ ဒါကြောင့် ၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်ကာနီး ရောက်တဲ့အခါ အဲဒီ အညီအညွတ် ဆောင်ရွက်ရေးအတွက် ရည်ရွယ်ပြီး နှစ်ပတ်လည် အစည်းအဝေးပွဲ ကျင်းပဖို့ ညွှန်ကြားခဲ့တယ်၊ အဲဒီအခါမှာ ဒီသာသနာ့

http://www.dhammadownload.com

ရိပ်သာ၏ မူလရင်းဒါယကာကြီးဖြစ်တဲ့ ဆာဦးသွင်က ဩဝါဒခံယူ ပူဇော်ပွဲဆိုတဲ့ အမည်နှင့် ကျင်းပလျင် ပိုပြီးလေးနက်လျက် ကြက်သရေရှိပါလိမ့်မယ်လို့ လျှောက်ပါတယ်၊ အဲဒီအမည်လဲ မှန်ကန် လေးနက်ပြီး ကြက်သရေရှိတဲ့အမည်ဖြစ်တဲ့အတွက် နှစ်ပတ်လည်ဩဝါဒ ခံယူ ပူဇော်ပွဲဆိုတဲ့ အမည်နှင့်ပင် နှစ်စဉ်ကျင်းပလာခဲ့ပါတယ်။ အဲဒီအမည် ထဲမှာ ပူဇော်ပွဲဆိုတာက တပည့်ပရိ သတ်များ အတွက် တာဝန်ဝတ္တရား ကို ဖော်ပြတဲ့ အမည်ဖြစ်ပါတယ်။ ဩဝါဒခံယူပူဇော်ပွဲဆိုတဲ့အမည်က တော့ ဘုရားတပည့်တော်၏ ရည်ရွယ်ချက်အတိုင်း ပဋိပတ္တိသာသနာ တိုးတက်ရေးအတွက် အညီ အညွတ် ဆောင်ရွက်သွားစေနိုင်ဘို့ ဖြစ်ပါ တယ်။

ဒါကြောင့် နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်အချိန်အခါမှာ ဒီသာသနာ့ရိပ်သာသို့ လာရောက်ပြီး အားပေး ကြတဲ့ ရဟန်း ရှင်လူ တွေဟာ ဝိပဿနာ ပဋိပတ်တရားကို တိုးတက်ကြီးပွားအောင် ထောက်ပံ့ အားပေးကြ တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အထူးအားဖြင့် ကမ္မဋ္ဌာန်းဌာနအသီးသီးမှ လာရောက်ကြတဲ့ ကမ္မဋ္ဌာနာစရိယ နာယက ဆရာတော် အရှင်မြတ်တွေဟာ ဒီ ဝိပဿနာ ပဋိပတ်တရားကို အလေး အမြတ်ပြုပြီး အားပေးကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီအတိုင်းဘဲ ဘုရားတပည့်တော်က အလေးအနက် အသိအမှတ် ပြုထားပါတယ်။ လာနိုင်လောက်တဲ့ အခြေအနေ ရှိပါလျက်နဲ့ မလာရောက်ပဲ လျစ်လျူပြု နေတဲ့ ကမ္မဋ္ဌာနာစရိယ များကတော့ အားပေးသင့်တဲ့ တာဝန်ကို မဆင်ခြင်မိလို့ရင်လဲဖြစ်ပါလိမ့်မယ်။ အလေးပြုမှု အားနည်းလို့ ရှိရင်လဲ ဖြစ်ပါလိမ့်မယ်။ အထူးအားဖြင့်တော့ ဒီရိပ်သာကပဲ အခြေခံပြု

http://www.dhammadownload.com

ပြီးတော့ အသစ်တည် ထားတဲ့ ကမ္မဋ္ဌာန်းဌာနက ဆိုလျှင် သာပြီးပေါ့ လျှော့ရာရောက်ပါတယ်၊ ယခုဒီမှာ ကြွလာတော်မူကြတဲ့ အရှင်မြတ်တွေကတော့ ပဋိပတ္တိလုပ်ငန်းစဉ်ကိုရော ဆရာသမားကိုရော အလေးအမြတ်ပြုတဲ့ ပုဂ္ဂိုလ်တွေ "အညီ အညွတ်ဝိုင်း ဝန်းပြီး အားပေးသင့်တယ်"ဆိုတဲ့ တာဝန်ဝတ္တရားကိုလည်း သိမြင်ဆင်ခြင်မိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်လို့ အသိအမှတ်ပြုပါတယ်။

ဒါပေမယ့် ဒီနှစ်ပတ်လည်ပွဲကို လာနိုင်ပါလျက် မလာရောက်ကြရာမှာ သူတို့၏ အပြစ်ချည်းတော့ မဟုတ်ပါဘူး၊ ဒီသာသနာ့ရိပ်သာက မဖိတ်ခေါ်တဲ့ ချို့ယွင်းချက်လဲ ရှိပါတယ်၊ မဖိတ်ခေါ်တာကလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ ပူဇော်ပွဲဆိုတဲ့ အမည်အရ အပူဇော်ခံချင်လို့ ဖိတ်ခေါ်သလိုလို ထင်စရာ အကြောင်းကတစ်ခု၊ သူတို့၏ကမ္မဋ္ဌာန်းဌာနများမှာ အထူးအရေးကြီး စောင့်ရှောက်ရမည့် ယောဂီများရှိနေလျှင် အဲဒီယောဂီအား အနှောက်အယှက်မဖြစ်စေလိုတဲ့ အကြောင်းကတစ်ခု၊ ပွဲကြီးလမ်းကြီးဖြစ်မြောက်ရေးကို အားမပေးလိုတဲ့အကြောင်းကတစ်ခု၊ ဒီအကြောင်းသုံးခုကြောင့် မဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လာမည့်နှစ်ကစပြီး ဖိတ်ခေါ် သင့်ပြီလို့ ထင်မြင်လာပါတယ်၊ ဘာကြောင့်လဲဆိုလျှင် သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းကို အညီ အညွတ်ဆောင်ရွက်နိုင်အောင်လို့ပါပဲ။

နောက်ပြီး "**အဘိဏှံ သန္နိပါတ ဗဟုလ။ သမဂ္ဂါ သန္နိပတိသန္တိ သမဂ္ဂါ သံဃ ကရဏီယာနိ ကရိသန္တိ**" ဟူသော မြတ်စွာဘုရား၏ ဩဝါဒတော်နှင့်အညီ မကြာခဏစည်းဝေးခြင်း၊ အကြိမ်များစွာစည်းဝေးခြင်း၊ အညီအညွတ် စည်းဝေးခြင်း၊ အညီ

http://www.dhammadownload.com

အညွတ်ဆောင်ရွက်ခြင်းများဟာ မဆုတ်ယုတ် ကြောင်း ကြီးပွား တိုးတက်ကြောင်းများ ဖြစ်ကြသောကြောင့် မဟာစည်သြဝါဒခံ ဖြစ်ကြတဲ့ ကမ္မဋ္ဌာနာစရိယ များမှစ၍ တရားကို ကျကျနန အားထုတ် ဘူးသူ ရဟန်း ရှင်လူတိုင်း စိတ်အလိုဆန္ဒတူညီ စွာနှင့် အညီအညွတ် ဆောင်ရွက်ကြမှသာလျှင် သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းစဉ်ဟာ အရှည်တည်တဲ့ပြီး ကြီးပွားတိုးတက်သွားနိုင်မယ် ဆိုတာကို စဉ်းစားမိတဲ့ အတွက် ကြောင့်ပါဘဲ။

ယခုအခါမှာ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ချင်း တူပါ လျက် မညီညွတ်တဲ့ အပြောအဆို အရိပ်အမြွက်အနည်းငယ်ကို ကြားသိ ရပါတယ်၊ လွန်ခဲ့တဲ့နှစ်က –

(၁) ပြည်ထောင်စု မြန်မာပြည်သူ–ပြည်သား ဗုဒ္ဓသာသနာဝင် တွေ အများအပြား ဗုဒ္ဓ တရားတော်ကို ကြားနာခွင့် ရကြစေရန်။

(၂) နယ်က မဟာစည် ကမ္မဋ္ဌာန်းဌာနတွေမှာ တရားအား ထုတ်သူတွေတိုးပွားလာစေရန်၊

ဆိုတဲ့ ဒီအခြေခံ ရည်ရွယ်ချက်(၂)ခုအရ ဒါယကာကြီးဦးညီပု၏ လျှောက်ထားချက်ဖြင့် မဟာစည်သြဝါဒခံ နယ်လှည့်ဓမ္မကထိက အဖွဲ့ များဖွဲ့ပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ တရားဟော လှည့်လည် စေခဲ့ ပါတယ်။ အဲဒီလို စေခိုင်းချက်ဖြင့် လှည့်လည်၍ တရားဟော ရာမှာ ရောက်ရာ အရပ်က များသောအားဖြင့် လူတိုင်း ရှင်တိုင်းက လိုလိုပင် နှစ်သက်အားရ သဘောကျပါတယ်။ နောက်နောက်နှစ် များမှာလဲ သူတို့အရပ် သို့ တရားဟောကြဖို့ ပင့်လျှောက်ကြပါတယ်။

http://www.dhammadownload.com

ဒါပေမယ့် မဟာစည်သြဝါဒခံ မဟာစည်ဌာနခွဲဆိုတဲ့ အမည်ခံ ဌာန(၂)ခု (၃)ခုလောက်က အဲဒီ မဟာစည် ဓမ္မကထိကများကို အားမပေးဘဲ ရှိခဲ့ကြပါတယ်။ အားမပေးရုံ တင်မဟုတ်သေးဘူး၊ မချေမငံစကားကိုလဲ ပြောဆိုကြသေးတယ်လို့ ကြားသိရပါတယ်။ အဲဒါဟာ ဘာကြောင့်လဲဆိုရင် သူတို့ဆီလာပြီး ဆရာလုပ်တယ်၊ သူတို့ လောက် နေရာကျအောင်လဲ မဟောတတ်ဘူး၊ စသည်ဖြင့် အထင်သေးခြင်းကြောင့် ဖြစ်လိမ့်မယ်လို့ ကြံတွေး ယူဆကြပါတယ်။ အမှန်ကတော့ အဲဒီ ဌာနတွေဟာ ကမ္မဋ္ဌာန်းဌာနဆိုတဲ့ အမည်လောက်သာရှိပြီး တော့ အားထုတ်တဲ့ ယောဂီဆိုရင် မရှိသလောက် ပင်ဖြစ်နေတာကို တွေ့ခဲ့ရပါသတဲ့။ ဒါကြောင့် ဒါယကာကြီး ဦးညီပုကတော့ "**ငွေကြေး အမြောက်အများ အကုန်ခံပြီး ဒါယကာတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ ကမ္မဋ္ဌာန်း ရိပ်သာကြီးဟာ သာမန်ဘုန်းကြီးကျောင်း တစ်ခုအနေ လောက်သာဖြစ်ပြီး အလဟဿကော နေတယ်**" လို့ မြင်ခဲ့ပါသတဲ့။ အဲဒီလို အကြောင်းအရာတွေကို စဉ်းစားမိတဲ့အခါမှာ "**မဟာစည် သြဝါဒခံ ကမ္မဋ္ဌာန်းဌာနတွေကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် ညှိနှိုင်းကြားဖို့ အချိန်တန်ပြီ**" လို့ယူဆမိပါတယ်။

ဒါကြောင့် ၁၃၃၅-ခုနှစ်ကစပြီး ဒီသာသနာ့ရိပ်သာမှာ နှစ်ပတ်လည်ပွဲကျင်းပတိုင်း ခရီးစရိတ် လေးငါးခြောက်ဆယ်လောက်နဲ့ လာရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းဌာနများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များအား အကြောင်းအထူးမရှိပါက နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ကြရန် ဘုရားတပည့်တော်က ဖိတ်မန်တိုက်တွန်းပါတယ်၊ သွားလာရေးအတွက် ဝန်လေးတဲ့ ပုဂ္ဂိုလ်များ ကိုလဲ နှစ်စဉ်မဟုတ်တောင် တစ်နှစ် ခြားလောက်တော့ တက်ရောက်ကြစေလိုပါတယ်။

http://www.dhammadownload.com

အလွန်ဝေးတဲ့ အရပ်များ၊ အသွားအလာ မလွယ်ကူတဲ့ အရပ်များက တော့ သုံးနှစ်မှ တစ်ကြိမ်လောက် လာရောက်နိုင် လျှင်ဘဲ သင့်တော် လောက်ပါပြီ။

အကယ်၍ မကျန်းမာတဲ့ အကြောင်းဖြစ်စေ၊ အားထုတ်ဆဲ ယောဂီများအား အရေးတကြီး စောင့် ရှောက်နေရတဲ့အကြောင်းဖြစ်စေ၊ သာမန်တရားပွဲမဟုတ်ဘဲ အထူးဟောပြောနေရသည့် တရားပွဲဖြစ်စေ မလွဲမရှောင်သာသည့် ဆောင်ရွက်ဖွယ်ဖြစ်စေ ဒီလိုအရေးကြီးတဲ့ အကြောင်း များကြောင့် မလာရောက်နိုင် လျှင်လည်း အဲဒီအကြောင်း ကိုပါဖော်ပြပြီး သီတင်းသုံးဖော် သံဃာတော်များနှင့် ဆရာသမားထံ ခွင့်တောင်းစာ ပေးပို့ကြစေလိုပါတယ်။ နောက်ပြီးတော့ တချို့က ယောဂီစာရင်းကိုတောင် မပို့ဘဲ ပေါ့လျော့နေကြတယ်၊ ဒါကြောင့် သီတင်းကျွတ်လကုန်လျှင် ယောဂီစာရင်းကိုလဲ ပို့ဖြစ်အောင် သတိပြု ပါလို့ အရှင်ဘုရား တို့မှ တဆင့်ပြောကြားလိုက်ပါတယ်။

နောက်တစ်ခုကတော့ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ် လမ်းမှန်ကို မည်သူကဘဲ ဟောသည်ဖြစ် စေ ဝမ်းမြောက် ဝမ်းသာနှင့် တတ်နိုင်သမျှ အားပေးကူညီကြစေလိုပါတယ်။ ငါ့နယ်မှာ သူတို့က လာကျယ် တယ်ဆိုတဲ့ အစွဲမျိုးကိုတော့ လုံးဝ လက်မခံဘဲ ပယ်ရှားကြ စေလိုပါတယ်။ ငါ့ရိပ်သာ၊ ငါ့ကျောင်း ငါ့တပည့် အစရှိသဖြင့် စွဲလမ်း ခြင်းမျိုးကိုလဲ ပယ်ရှားကြစေလိုပါတယ်။ ဒကာ ဒကာမများနှင့် ဆက်ဆံရာမှာလဲ အဆင်ပြေအောင်၊ ညီညွတ်အောင် ဆက်ဆံရန် အထူး သတိပြုကြစေလိုပါတယ်။ အချို့ကျောင်းဒကာက အကျိုးကြီး အောင် ကျောင်းကို သံဃိကလှူချင်တယ်၊ ဘုန်းကြီးက သူပိုင်ဖြစ်

http://www.dhammadownload.com

အောင် ပုဂ္ဂလိကအလှူခံချင်တယ်၊ အဲဒါကြောင့် ဆရာနှင့် ဒကာ အဆင်မပြေဘဲ မညီမညွတ်ပဲလဲဖြစ်သွားတတ်ပါတယ်။ ဒီလိုဟာကိုလဲ အထူးသတိပြုသင့်တယ်၊ ဘုရားတပည့်တော်များဆိုရင် ပုဂ္ဂလိကအဖြစ်နှင့် အလှူခံထားသည့်ကျောင်း ယနေ့အထိ တစ်ကျောင်းမျှ မရှိပါ၊ သံဃာအား လှူသင့်ရာမှာ သံဃိကလှူစေပါတယ်၊ လူ ရှင်ရဟန်း ယောဂီများနှင့် သင့်လျော်ရာမှာ ယောဂီအပေါင်းအား လှူစေပါတယ်။ ဒါကြောင့် ငါ့ကျောင်းဆိုတဲ့ အစွဲအလန်း ဖြစ်စရာမရှိပါဘူး၊ ကိုယ်ပိုင်ကျောင်းမရှိတဲ့အတွက် မည်သူ့ကိုမျှ အမွေပေးစရာမရှိပါ၊ ဒွိဿန္တိက တိဿန္တိက စသည်ပြုစရာတို့မရှိပါ။ အဲဒါကို သိမြင်ပြီးတော့ မဟာစည်ဩဝါဒခံ အရှင်မြတ်များလဲ အစွဲ အလန်းနည်းပါးစေနိုင်တဲ့ နည်းလမ်းများကို စွမ်းနိုင်သမျှ အတုယူပြီး ကျင့်သုံးကြစေလိုပါတယ်။

အဲဒီလို အစွဲအလန်းကင်းနိုင်သမျှကင်းအောင် နှလုံးသွင်းပြီးတော့ သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်း စဉ် တိုးတက်ကြီးပွားရေးကိုသာ ရည်ရွယ်ကာ **"သူနှင့်သာဆိုင်တယ်၊ ငါနှင့်မဆိုင်ဘူး၊ သူ့အကျိုးသာဖြစ်သည်၊ ငါ့အကျိုးမဖြစ်ဘူး"** စသည်ဖြင့် အတွေးမခေါင်ဘဲ အညီအဥ်းတ်ဆောင်ရွက်ကြစေလိုပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ယခုလို နှစ်ပတ်လည်ပွဲကို တက်ရောက်ပြီး အားပေးခြင်းဟာလဲ အညီအညွတ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ အတိုင်းလာရောက်ရန် ဝန်လေးတဲ့ဌာနများမှ နှစ်စဉ်ဖြစ်စေ၊ မလွယ်ကူပါကတစ်နှစ်ခြားဖြစ်စေ၊ အလွန်ဝေးတဲ့ဌာနများက သုံးနှစ်တစ်ကြိမ်ဖြစ်စေကြလာ တော်မူကြဖို့ရာ ပင့်ဖိတ်လိုက်ပါတယ်။ (အဲဒါဟာ ယမန်နှစ်ကပြောခဲ့တဲ့ နံပါတ်(၅) ဩဝါဒကထာဖြစ်ပါသည်။)

http://www.dhammadownload.com

ယနေ့ ဓမ္မကထိကအစည်းအဝေး ပြုလုပ်နေကြတာလဲ အညီ အညွတ်ဆောင်ရွက်ဖို့ စီစဉ်နေကြတာပါပဲ၊ မြတ်စွာဘုရားက ပထမ ဝါကျတ်တဲ့အခါမှာ“**စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ**” စသည်ဖြင့် “ **ဘိက္ခဝေ**–ရဟန်းတို့၊ **ဗဟုဇနဟိတာယ** – လူအများ၏ စီးပွားဖြစ်ထွန်းရေးအတွက်၊ **ဗဟုဇနသုခါယ**– လူအများ၏ ချမ်းသာခြင်းဖြစ်ထွန်းရေးအတွက်၊ **လောကာနုကမ္ပာယ**– လူအပေါင်းကိုသနားစောင့်ရှောက်ရေးအတွက် **အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ**–နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာဖြစ်ထွန်းရေးအတွက်၊ **စာရိကံ စရထ**–ဒေသစာရီ လှည့်လည်ခြင်းကိုပြုကြကုန်လော၊ **ဧကေန**–ခရီးတစ်ကြောင်းတည်းဖြင့်၊ **ဒွေ**–နှစ်ပါးတို့သည်၊ **မာအာဂမိတ္ထ**– မသွားကြကုန်လင့်”လို့ မိန့်တော်မူပါတယ်၊ အဲဒါဟာ ပထမဝါတွင်းက ရဟန္တာဖြစ်တော်မူကြတဲ့ ရဟန္တာခြောက်ဆယ်ကို ထိုထိုနယ်ပယ်အရပ်များသို့ ဒေသစာရီ လှည့်လည်တော်မူကြဖို့ မြတ်စွာဘုရားက မိန့်တော်မူတာပါပဲ၊ အဲဒီစကားထဲက ခရီးလမ်းတစ်ကြောင်းထဲမှာ နှစ်ပါးမသွားကြနဲ့ တစ်ပါးခြင်းသာ သွားကြဖို့၊ ဆိုတာကတော့ ရောက်ရာအရပ်မှာ တရားပွဲများများ ကျင်းပနိုင်ဖို့ သာသနာတော် အမြန်ပြန့်နှံ့စေဖို့ပါဘဲ၊ ရဟန်းတော် ခြောက်ဆယ်ထဲက နှစ်ပါးစီတွဲသွားယင် အရပ်ဌာန သုံးဆယ်မှာသာရောက်မယ်၊ သုံးဆယ်မှာသာ တရားပွဲကျင်းပနိုင်မယ်၊ တစ်ပါးစီ အသီးသီးသွားကြယင်တော့ အရပ်ဌာန ခြောက်ဆယ်မှာရောက်ပြီး အဲဒီဌာန ခြောက်ဆယ်မှာ တရားပွဲခြောက်ဆယ် တစ်ပြိုင်နက် ကျင်းပနိုင်တယ်၊ အဲဒီလို တရားပွဲများများ ကျင်းပနိုင်တော့ သာသနာတော် ပြန့်နှံ့လွယ်တာပေါ့၊ အဲဒီလို တရားပွဲတွေများများကျင်းပပြီး သာသနာတော် အမြန်ပြန့်သွားအောင်လို့ မြတ်စွာ

http://www.dhammadownload.com

ဘုရားက **မာ ဇကေန ဒွေ အာဂမိတ္ထ** – ခရီးလမ်းတကြောင်းတည်းဖြင့် နှစ်ပါးတွဲမသွားကြလေနဲ့လို့ မိန့်တော်မူပါတယ်။ နောက်ပြီးတော့ ရောက်ရာ ရောက်ရာမှာ တရားလဲဟောဖို့ မြတ်စွာဘုရားက **"ဒေသေထ ဘိက္ခဝေ ဓမ္မံ"** စသည်ဖြင့်လဲ အမိန့်ပေးတော်မူပါတယ်။ တရားကိုလဲ ဟောကြပါ–တဲ့၊ ဘယ်လိုတရားကို ဟောရမှာလဲဆိုတော့ **အာဒိကလျာဏံ**– အစပိုင်းမှာလဲ ကောင်းခြင်းနဲ့ ပြည့်စုံတဲ့တရားကို ဟောပါတဲ့၊ **မဇ္ဈေကလျာဏံ**– အလယ်ပိုင်းမှာလဲ ကောင်းခြင်းနဲ့ပြည့်စုံတဲ့ တရားကို ဟောပါတဲ့၊ **ပရိယောသာနကလျာဏံ**– အဆုံးပိုင်းမှာလဲ ကောင်းခြင်းနှင့်ပြည့်စုံတဲ့ တရားကိုဟောပါတဲ့၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရကြောင်းဖြစ်၍ ကောင်းမြတ်တဲ့ ဒါန၊ သီလ ဘာဝနာတရားကို ဟောပါလို့ဆိုလိုပါတယ်။ အဲဒီအထဲမှာ ဝိပဿနာ ဘာဝနာတရားဟောဖို့ကတော့ အရေးအကြီးဆုံးပါပဲ၊ အဲဒီလို ဟောလို့ ရှိယင် **ဘဝိဿန္တိ အညာတာရော**– တရားကိုသိတဲ့ ပုဂ္ဂိုလ်တွေရှိကြပါလိမ့်မယ်တဲ့၊ ဟုတ်တယ်၊ ဟောတဲ့ပုဂ္ဂိုလ်ရှိယင် တရားကိုသိမည့်သူကတော့ အရပ်ရပ် အနယ်နယ်မှာ ရှိနေကြတာတဲ့။ ယခုနေအခါမှာ ဗမာပြည် ထိုထိုအရပ်တွေမှာ ကမ္မဋ္ဌာန်းဌာနဖွင့်ပြီး တရား အားထုတ်ချင်တဲ့ ဌာနတွေရှိနေပါတယ်၊ ကမ္မဋ္ဌာန်းဆရာပေးဖို့ တောင်း တောင်း နေကြတယ်၊ ကမ္မဋ္ဌာန်းဆရာကလည်း အရှားသားပဲ အရည်အချင်း နှင့်ပြည့်စုံမှ ကမ္မဋ္ဌာန်းဆရာဖြစ်နိုင်တယ်။ အဲဒီလို အရည်အချင်းနဲ့ ပြည့်စုံတဲ့ ကမ္မဋ္ဌာန်းဆရာတွေကလည်း သူ့နေရာနှင့်သူ တာဝန်ရှိနေကြတဲ့အတွက် အခြားနေရာ ပို့ပေးလို့မဖြစ်ဘူး၊ ဒါကြောင့် အချို့နေရာတွေမှာ ကမ္မဋ္ဌာန်းဌာန ဖွင့်ချင်ပါလျက် မဖွင့်ရဘဲရှိနေတယ်၊ အဲဒီလို အရပ်မှာ တရားအားထုတ်ချင်တဲ့သူတွေလဲ အားထုတ်ဖို့ အခွင့်မသာဘဲ

http://www.dhammadownload.com

ဖြစ်နေတယ် အဲဒါဟာ "အသဝနတာ ဓမ္မသပရိဟာယန္တို-တရားကို မနာရတဲ့အတွက် ရသင့်ရထိုက်တဲ့ ဝိပဿနာဉာဏ်ထူး၊ တရားထူးများ ဆုံးရှုံးနေကြတယ်"လို့ မိန့်တော်မူတဲ့အတိုင်း ဆုံးရှုံးနေကြရာတာပဲ၊ မန္တလေးရိပ်သာမှာ ကမ္မဋ္ဌာန်းဆရာလိုနေတဲ့အတွက် ဒီရန်ကုန်ရိပ်သာမှ ကမ္မဋ္ဌာန်းဆရာ တစ်ပါးတစ်ပါးကို အလှည့်ကျ ပို့ပေးနေရတယ်၊ တစ်ဖန် မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်း ရိပ်သာမှာလဲ ကမ္မဋ္ဌာန်းဆရာလိုနေလို့ ဒီကတစ်ပါး တစ်ပါး အလှည့်ကျစီ ပို့ပေးနေရတယ်၊ ဒါကြောင့် ဒီရန်ကုန် သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာန်းဆရာ(၂)ပါးလျှော့သွားတယ်၊ အဲဒီ(၂)ပါးအတွက် ဒီရိပ်သာမှာ ဆောင်ရွက်စရာတွေလဲ လျှော့တန်သမျှ လျှော့သွားတာပဲ၊ ဒါပေမယ့် ရတနာပုံရိပ်သာနှင့် တိုက်ကျောင်းရိပ်သာများမှာ မဆုတ်ယုတ် မဆုံးရှုံးရအောင်လို့ ဒီရန်ကုန်ရိပ်သာက မလွဲမကင်းသာအနေဖြင့် ကမ္မဋ္ဌာန်းဆရာကို ပို့ပေးနေရပါတယ်။ အဲဒါဟာ ဒီရန်ကုန်ရိပ်သာက အနာခံပြီးအညီအညွတ် ဆောင်ရွက်တာပါပဲ။

ဒီလိုမှမဆောင်ရွက်ယင် အဲဒီဌာနတွေမှာ ရသင့်ရထိုက်တဲ့ အကျိုးမှ ဆုံးရှုံးသွားနိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အသဝနတာဓမ္မဿ-တရားကို မနာရခြင်းကြောင့်၊ ပရိဟာယန္တို-ဆုံးရှုံးနေကြတယ်လို့ မိန့်တော်မူပါတယ်။ ဟောမည့်သူမရှိလို့ တရားမနာရတဲ့အတွက် ရသင့်ရထိုက်သော မဂ်ဖိုလ်တရားထူး၊ ဝိပဿနာဉာဏ်ထူး၊ ဒါန သီလ ကုသိုလ်အထူးဆိုတဲ့ အကျိုးထူးတွေမှ ဆုံးရှုံးနေကြပါတယ်တဲ့၊ ယခုနေအခါမှာ တစ်ချို့က တရားအားထုတ်ချင်ကြပါတယ်။ ဒါပေမယ့် ဟောကြား ညွှန်ပြမည့်ပုဂ္ဂိုလ် မရှိတဲ့အတွက် ဝိပဿနာတရားကို မနာကြရဘူး၊ မနာကြရတဲ့အတွက် မဂ်ဖိုလ်

http://www.dhammadownload.com

ရထိုက်သူတွေလဲ မဂ်ဖိုလ်ကိုမရကြဘူး၊ ဝိပဿနာရှုနည်းကိုတောင် အားမထုတ်နိုင်ကြလို့ ဝိပဿနာဉာဏ်ကိုတောင် မရရှာကြဘူး၊ ဒီလိုနဲ့ တစ်ချို့ ပုဂ္ဂိုလ်တွေဟာ သေသွားရာကြပါတယ်၊ အဲဒါဟာ ဟောသူ မရှိလို့ မနာရတဲ့အတွက် ရသင့် ရထိုက်တဲ့ တရားထူးမှ ဆုံးရှုံးသွားရာကြတာပဲ၊ ဒါကြောင့် အဲဒီလို မဆုံးရှုံးကြရအောင်လို့ ယခု မဟာစည်ဓမ္မကထိကတွေက စည်းဝေးတိုင်ပင်နေကြပါတယ်။ မိမိတို့ တတ်နိုင်သမျှ အခွင့်သာတဲ့အချိန်မှာ အခြားနယ်တွေလှည့်ပြီး တရားဟောကြဖို့ တိုင်ပင်ဆွေးနွေးကြပါတယ်။ မဟာစည်ဓမ္မကထိကတွေမှာသူ့ဌာနနဲ့သူ အသီးအသီး တာဝန်တွေရှိနေကြပါတယ်။ ကိုယ့်ဆိုင်ရာဌာနမှာ ယောဂီတွေကို စောင့်ရှောက်ဖို့လဲရှိတယ်၊ တရားဟောဖို့လဲရှိတယ်၊ လုံးလုံးအားလပ်နေတဲ့ အချိန်ရယ်လို့တော့ မရှိပါဘူး၊ တာဝန် အနည်းအများလောက်သာ ကွာခြားပါတယ်။ တာဝန်များနေတဲ့အခါမှာတော့ အခြားဌာနကို သွားပြီး တရားမဟောနိုင်ပေဘူး။ တာဝန်နည်းတဲ့အခါမှာ အခြားဌာနကိုသွားပြီး ဟောနိုင်မယ်၊ ဒါကြောင့် အဲဒီလိုဟောနိုင်တဲ့ လ၊ရက်၊ အချိန်အခါများမှာ သင့်လျော်ရာဌာနများသို့ သွားရောက် လှည့်လည်၍ ဟောပြောလျက် ပဋိပတ္တိသာသနာပြုကြရန်အတွက် ဓမ္မကထိကအဖွဲ့က စည်းဝေးတိုင်ပင်နေကြတယ်၊ ဒါလဲ အညီအညွတ် ဆောင်ရွက်ရေးပါပဲ၊ အရေးကြီးတာက အခြားဌာနထက် ကိုယ့်ဌာနမှာ မဆုတ်ယုတ်ဖို့က ပိုပြီးအရေးကြီးပါတယ်၊ ဒါကြောင့် ကိုယ့်ဌာနမှာ မဆုတ်ယုတ်ရအောင် ဦးစားပေးပြီး ဆောင်ရွက်ကြရပေလိမ့်မယ်၊ အဲဒီ အစီအစဉ်ကို မဟာစည်ဓမ္မကထိက အရှင်မြတ်တွေက ဆွေးနွေးစီစဉ်နေကြတယ်၊ အဲဒါဟာ အလွန်ကောင်းမြတ်တဲ့ ညီညွတ်ရေးအစီအစဉ်ပါပဲ။

http://www.dhammadownload.com

တစ်ချို့က ကိုယ့်ဌာနမှာ အခြားကလာပြီးတရားဟောယင် တရားလုပ်ငန်းချင်း တူပေမယ့် ငါ့တပည့် တကာ တကာမတွေပဲ ငါ့ဌာနမှာပဲ ဆိုတဲ့အစွဲဖြင့် သဘောမတူနိုင်ပဲ လက်မခံနိုင်ဘဲရှိနေတယ်၊ မဟာစည်ရိပ်သာဌာနတွေမှာတော့ အဲဒီလိုအစွဲတွေ ကင်းဖို့လိုပါတယ်။ မိမိတို့ကိုယ်တိုင် အားထုတ်ပြီး ဟောပြောနေတဲ့ တရားကိုက အဲဒီလို အစွဲကင်းအောင် ဟောပြောရ အားထုတ်ရတဲ့ တရားဘဲ၊ ဒါကြောင့် သတိပဋ္ဌာန် တရားလုပ်ငန်းမှန်ကို ဘယ်သူကပဲ လာပြီးဟောဟော ငါ့ဌာနဆိုတဲ့ အစွဲအလန်းမထားဘဲ ဝမ်းမြောက်ဝမ်းသာနဲ့ အားပေးကူညီ ဆောင်ရွက်ကြဖို့ လိုပါတယ်။

မြတ်စွာဘုရားက **"နေတံ မမ၊နေသောဟမသ္မိ၊နမေသော အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ၊ ဒဋ္ဌဗ္ဗံ"** လို့ သုတ်ပေါင်းများစွာ ဟောထားပါတယ်၊ **နေတံ**–ဤအရေးသည်၊ **နမမ**– ငါဥစ္စာမဟုတ်၊ ငါပိုင်တဲ့အရာမဟုတ်တဲ့၊ ကိုယ်တွင်း ကိုယ်ပ အကုန်လုံး၊ မိမိပိုင်တဲ့ အရာအနေဖြင့် သာယာသိမ်းပိုက်ထားသင့်တာ မရှိပါဘူးတဲ့၊ သူ့ဟာ သူ ဖြစ်ပျက်နေတဲ့သဘောတွေပဲ။ ဘယ်သူနဲ့ ဘယ်သူနဲ့မှ ဆိုင်တာ မဟုတ်ဘူးတဲ့၊ ဟုတ်တာပဲ၊ သူတစ်ပါးသန္တာန် ဗဟိဒ္ဓသန္တာန်ကဟာ တွေထားလိုက်ပါဦးတော့ ကိုယ်ထဲကဟာတွေတောင်မှ ကိုယ်ပိုင်တာ မဟုတ်ဘူး၊ အကြောင်းအားလျော်စွာ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ တရားတွေပဲ၊ အဲဒါတွေကို ဘယ်နယ်မှ အစိုးမရဘူး၊ ဒါကြောင့် **နေတံ မမ**–ငါပိုင် ၊ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုရမယ်တဲ့၊ နေသောဟမသ္မိ၊ **နော**–ဤအရာသည်၊ **အဟံနအသ္မိ**–ငါမဟုတ်ဘူးတဲ့၊ ငါတတ်တယ်၊ ငါမြတ်တယ်၊ ငါဟောတတ်တယ် စသည်ဖြင့် ငါအနေနဲ့ မာန်မာနထောင်

http://www.dhammadownload.com

လွှားသင့်တဲ့အရာမဟုတ်ဘူးတဲ့၊ **နမေ သောအတ္တာ ဇသော**–ဤအရာသည်၊ **မေ**–ငါ၏၊ **နအတ္တာ**– အတ္တကောင်မဟုတ်၊ အတ္တကောင်အသက်ရှင်နေတဲ့ကောင် အနေအားဖြင့် စွဲလမ်းသင့်တဲ့တရားမဟုတ်ဘူးတဲ့၊ ကိုယ့်ကိုယ်ထဲက တရားဘဲဖြစ်ဖြစ်၊ သူများကိုယ်ထဲက တရားဘဲဖြစ်ဖြစ်၊ အသက်ရှင်နေတဲ့သတ္တဝါကောင်အနေအားဖြင့် စွဲလမ်းထိုက်တဲ့ဟာမဟုတ်ပါဘူးတဲ့၊ **ဇဝံ**–ဤသို့၊ **ဇတံ**–ဤသဘောတရားကို၊ ယထာဘူတံ– ဟုတ်တိုင်းမှန်စွာ၊ **သမ္မပ္ပညာယ**–မှန်စွာသိသောပညာဖြင့်၊ **ဒ္ဋ္ဌဗ္ဗံ**–ရှုမြင်ရမယ်တဲ့၊ အဲဒီမှာ မှန်စွာသိတဲ့ပညာဆိုတာ ဝိပဿနာပညာနဲ့ မဂ်ပညာပဲ၊ အဲဒီပညာ(၂)ပါးဖြင့် အမှန်အတိုင်းရှုမြင်ပါစေတဲ့၊ ဖ–ပါးက ပေါ်လာသမျှ တရားတွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျက်ပျက်သွားတာကို လက်နှင့်ကိုင်ကြည့်သလိုဘဲ၊ ဝိပဿနာပညာက သိသိသွားတယ်၊ အဲဒါဟာ တကယ်ဖြစ်ပေါ်လာတာ၊ ပျက်သွားတာကို အမှန်အတိုင်းသိတာပဲ၊ ဖြစ်ပျက်ဖြစ်ပျက်နဲ့ မှန်းဆပြီး ရှုတာမျိုးမဟုတ်ဘူး၊ တကယ်ဖြစ်ပေါ်လာတာကို၊ တကယ်ပျောက်ပျက်သွားတာကိုတွေ့၍ 'ပျက်တယ်'လို့သိတယ်၊ အမှန်အတိုင်းသိတာပဲ၊ အဲဒီလိုသိပြီးတော့ မမြဲဘူးလို့သိရတယ်။ ဆင်းရဲလို့လဲသိရတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်မဟုတ် သဘောတရားမျှလို့ပဲ သိတယ်၊ အမှန်အတိုင်းသိတာချည်းပဲ၊ ဒါကြောင့် ဝိပဿနာပညာကို မှန်စွာသိတဲ့ပညာလို့ဆိုရတယ်၊ အဲဒီဝိပဿနာပညာ ရင့်သန်ပြည့်စုံတဲ့အခါမှာ နိဗ္ဗာန်ကိုတွေ့မြင်တဲ့ အရိယာမဂ်ပညာဖြစ်ပေါ်တယ်၊ အဲဒီမဂ်ပညာကလဲ ငြိမ်းအေးတဲ့ နိဗ္ဗာန်ကို တွေ့မြင်တာနဲ့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို မငြိမ်းအေးတဲ့ ဆင်းရဲတွေဘဲလို့

http://www.dhammadownload.com

အမှန်အတိုင်းသိခြင်းကိစ္စကို ပြီးစေတယ်၊ ဒါကြောင့် အဲဒီမဂ်ပညာကိုလည်း အမှန်အတိုင်းသိတဲ့ ပညာလို့ဆိုရတယ်၊ အဲဒီဝိပဿနာပညာမဂ်ပညာတို့ဖြင့် အမှန်အတိုင်းသိမြင်လျင် ငါဟာအနေဖြင့် စွဲလမ်းတဲ့တဏှာကိုလည်း ပယ်နိုင်တယ်၊ ငါတတ်တယ် စသည်ဖြင့် စွဲလမ်းတဲ့မာနကိုလည်းပယ်နိုင်တယ်၊ ငါ့အတွဘဲလို့စွဲလမ်းတဲ့ ဒိဋ္ဌိကိုလည်းပယ်နိုင်တယ်၊ ဒါ့ကြောင့် ငါဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်၊ အမှန်အတိုင်းသိအောင် ရှုရမယ်လို့ မြတ်စွာဘုရားက မိန့်တော်မူခဲ့ပါတယ်။ အဲဒီအမိန့်တော်နှင့်အညီ ငါ့ဌာန၊ ငါ့ရိပ်သာ၊ ငါ့တပည့်ဒကာ ဒကာမတွေဆိုတဲ့ အစွဲအလမ်းတွေကင်းအောင် အထူးသတိပြုကြစေလိုပါတယ်။ အဲဒီအကြောင်းနဲ့စပ်ပြီး ယမန်နှစ်က သြဝါဒကထာထဲမှာလဲပြောခဲ့ပါပြီ။

ယခုစည်းဝေးစီစဉ်ထားတဲ့အတိုင်း မဟာစည်ဓမ္မကထိကများက သူတို့အခွင့်သာတဲ့အခါမှာ ထိုထိုမြို့ရွာ နယ်တွေကို တရားဟောကြပါလိမ့်မယ်၊ အဲဒီ ဓမ္မကထိကများ မိမိတို့ဌာနရောက်တဲ့အခါမှာ ငါတို့ဌာနအတွက် တိုးတက်အောင် ဟောပြောပေးဖို့ လာကြတာဘဲလို့ အမှန်အတိုင်းနှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာနှင့် အညီအညွတ်ကူညီအားပေးကြစေလိုပါတယ်။ ဓမ္မကထိကအရှင်မြတ်များကလည်း ကိုယ့်တာဝန်မဟုတ်ဘူးလို့ သဘောမထားကြပဲ ကျရောက်လာတဲ့တာဝန်ကို ဝမ်းမြောက်ဝမ်းသာနဲ့ အညီအညွတ် ဆောင်ရွက်သွားကြစေလိုပါတယ်။ အညီအညွတ် ဆောင်ရွက်စရာတွေကတော့ အလွန်ကျယ်ဝန်း များပြားပါ တယ်၊ အညီအညွတ်ဆောင်ရွက်နိုင်လေလေ ပဋိပတ္တိသာသနာတော် ကြီးပွားလေလေဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်

http://www.dhammadownload.com

ပဋိပတ္တိသာသနာတော် တိုး တက်ကြီးပွား‌ရေးနှင့် စပ်ပြီး စွမ်းနိုင်သမျှ အညီအညွတ် ဆောင်ရွက်သွား ကြဖို့ ယခုထပ်မံပြီး သတိပေးပါတယ်။

(၆) နောက်နှစ်အတွက်အစီအစဉ်

နံပါတ်(၆)အရ နောက်နှစ်အတွက် အစီအစဉ်ကတော့ ယမန်နှစ်က ပြောခဲ့တဲ့စကားကို ဖတ်ပြယင်း ပြောသွားပါမယ်။

ဒီရိပ်သာမှာ နတ္ထောဝါလပြည့်နေ့ကစပြီး ဝိပဿနာတရားကို ပြခဲ့တဲ့အတွက် နှစ်ပတ်လည် အစည်းအဝေးပွဲကို နတ္ထောဝါလပြည့်နေ့နှင့် ရှေ့နောက် (၃/၄) ရက်အတွင်း တနင်္ဂနွေကျရာရက်မှာ ကျင်းပပါတယ်-တဲ့၊ နတ္ထောဝါလပြည့်နေ့မှာဖြစ်စေ၊ အဲဒီနတ္ထောဝါလပြည့်နေ့မှ ရှေ့သုံးလေးရက်၊ နောက်သုံးလေးရက် အနီးဆုံးရက်မှာဖြစ်စေ၊ တနင်္ဂနွေ ကျရာရက်မှာ နှစ်ပတ်လည်ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပပါတယ်၊ ရန်ကုန်မြို့မှာ တနင်္ဂနွေနေ့က အခမ်းအနားကျင်းပရန် အတွက် ရက်ရာဇာ အကောင်းဆုံးနေ့ ဖြစ်နေပါတယ်။ တနင်္ဂနွေနေ့မှာ အများအားဖြင့် လာရောက်နိုင်ကြပါတယ်။ အခြားနေ့မှာဆိုယင် လာချင်လျက်နဲ့ မလာရောက်နိုင်ကြဘူး၊ ရုံးအလုပ်ရှိတဲ့လူတွေရော၊ ကျောင်းအလုပ်ရှိတဲ့လူတွေရော၊ ဈေးသည်တွေရော တနင်္ဂနွေမှပဲ လာရောက်နိုင်ကြပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ကိုပဲ ရွေးပြီးတော့ သတ်မှတ်ထားရတယ်။ ယခု ၁၃၃၅-ခုနှစ်မှာတော့ နက်ဖြန် နတ္ထောဝါလပြည့်နေ့မှာပဲ တနင်္ဂနွေကျရောက်နေတဲ့အတွက် နက်ဖြန်နတ္ထောဝါလပြည့်နေမှာပဲ ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပမည့်အကြောင်း ယမန်နှစ်က သတ်မှတ်ကြေငြာခဲ့ပါတယ်။

http://www.dhammadownload.com

၁၃၃ခ-ခုနှစ်မှာတော့ နတ္တော်လပြည့်နေ့မှာ စနေကျနေပါတယ်၊ လပြည့်ကျော် တစ်ရက်နေ့မှာ တနင်္ဂနွေကျနေပါတယ်၊ ဒါပေမယ့် အဲဒီ လပြည့်ကျော်(၁)ရက် တနင်္ဂနွေကတော့ ဒီဇင်ဘာလ တွင် နောက်ဆုံး တနင်္ဂနွေဖြစ်တဲ့အတွက် အဲဒီလပြည့်ကျော်(၁)ရက်နေ့ မှာ တိပိဋကဓရ ရွှေးချယ်ပွဲ စ၍ ဖွင့်လှစ်ကျင်းပပါလိမ့်မယ်၊ ဘုရား တပည့်တော်တို့ နှစ်ပတ်လည်ပွဲက သူ့ထက်အနည်းဆုံး(၅)ရက်စောပြီး ကျင်းပမှအဆင် ပြေပါတယ်၊ ဒါကြောင့် ၁၃၃ခ-ခုနှစ်မှာ နှစ်ပတ်လည် သြဝါဒခံယူ ပူဇော်ပွဲကို နတ္တော်လဆန်း(၉)ရက်၊တနင်္ဂနွေနေ့မှာ ကျင်းပရပါလိမ့် မယ်၊ဒါကြောင့် ၁၃၃ခ-ခု၊ နောက်နှစ်မှာ အဲဒီ နတ္တော်လဆန်း(၉)ရက် တနင်္ဂနွေနေ့ကို ဒီရိပ်သာ၌ နှစ်ပတ်လည်ပွဲ ကျင်းပမည့်နေ့အဖြစ် အမှတ်ထားကြစေလိုပါတယ်၊ နောက်ပြီးတော့ အဲဒီ ၁၃၃ခ-ခုနှစ်၊ နတ္တော်လဟာ ဒီရိပ်သာမှာ ကမ္မဋ္ဌာန်းစပြီးပြခဲ့ သည်မှာ(၂၅)နှစ်ပြည့် မြောက်တဲ့လဖြစ်တဲ့အတွက် လောကမှာ ပြုလုပ်ကျင်းပလေ့ရှိသည့် အတိုင်း ငွေရတုသဘင်အနေနဲ့လည်း ထူးထူးကဲကဲကျင်းပရန် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ကြီးက စီမံအားထုတ် နေပါတယ်၊ ဒါကြောင့် နောက်နှစ် နှစ်ပတ်လည်ပွဲကတော့ အခါတိုင်းလို ရိုးရိုးမဟုတ်ပဲ ငွေရတုသဘင်ဆိုတဲ့ အမည်နဲ့လဲ ထူးထူး ကဲကဲ ကျင်းပလိမ့်မည်ဆိုတာကို အထူးမှတ်သားထားကြ စေလိုပါ တယ်၊(ယမန်နှစ်က သြဝါဒနောက်ဆုံး အပိုဒ်ကို ဆက်ပြီး ဖတ်ပြပါဦး မယ်။)

ယခု(၁၃၃၄-ခု)နှစ်အထိ ပြီးခဲ့တဲ့နှစ်များကတော့ ဒီရိပ်သာ ရောက်တဲ့အခါ ကြွရောက်လာကြတဲ့ အရှင်မြတ်များမှာ ဆောင်ရွက်

http://www.dhammadownload.com

စရာအလုပ်မရှိတဲ့အတွက် အဖိုးတန်တဲ့အချိန်နှင့် စွမ်းရည်တွေကို အလဟဿဖြုန်းပစ်သလိုဖြစ်နေပါတယ်–တဲ့။ တစ်ချို့ကနှစ်ပတ်လည်ပွဲကို အလေးပြုသောအားဖြင့် နှစ်ပတ်လည်ပွဲမတိုင်မီ နှစ်ရက် သုံးရက်ကကြိုတင်ပြီး ရောက်လာပါတယ်၊ အဲဒီလို ရောက်လာကြတဲ့ အရှင်မြတ်တွေမှာ အဲဒီ နှစ်ရက် သုံးရက်အတွင်း ဘာမှလုပ်ကိုင် ဆောင်ရွက်စရာမရှိဘူး၊ အဲဒီအရှင်မြတ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး၊ နာရီပိုင်းအတွင်းမှာပင် များစွာအကျိုးဖြစ်ထွန်းအောင် ဟောပြောဆောင်ရွက်နိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ သူ့နေရာနဲ့သူဆိုယင် မဟာနာယက တကယ့်ဆရာတော်အရှင်မြတ်ကြီးတွေဖြစ်ပါတယ်။ အသက်အရွယ်အားဖြင့်လည်း မငယ်ကြပါဘူး၊ တစ်ချို့က ဘုရားတပည့်တော်နဲ့ အရွယ်ခပ်တူတူပဲ၊ တစ်ချို့ကဆိုရင် နည်းနည်းတောင် ကြီးနေပါသေးတယ်၊ ပရိယတ္တိအရည်အချင်းအားဖြင့်လဲ ကောင်းကောင်းပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေဘဲများပါတယ်၊ ပဋိပတ္တိအရည်အချင်းကတော့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေချည်းပါဘဲ၊ ကျကျနနဟောနိုင် ပြောနိုင်တဲ့ပုဂ္ဂိုလ်တွေပဲများပါတယ်၊ ဒါကြောင့် ဒီအရှင်မြတ်တွေဟာ နာရီပိုင်းအတွင်းမှာပင် အကျိုးများအောင် ဆောင်ရွက်နိုင်တဲ့ အရည်အချင်း အစွမ်းသတ္တိနှင့် ပြည့်စုံနေကြပါတယ်။ ဒါပေမယ့် ဒီရိပ်သာရောက်နေခိုက် နှစ်ရက်သုံးရက်အတွင်းမှာ ဆောင်ရွက်စရာမရှိတဲ့အတွက် အလဟဿအချိန်တွေကုန်သွားတယ်၊ အဲဒီလို အလဟဿအချိန်တွေမကုန်ရအောင် ဆိုတဲ့ရည်ရွယ်ချက်ဖြင့်–(ဒါကြောင့် လာမည့် ၁၃၃၅–ခုနှစ်မှစပြီး ဓမ္မပူဇော်ပွဲကျင်းပဖို့စဉ်းစားထားပါတယ်)လို့ ယခင်နှစ်ကပြောခဲ့ပါတယ်၊ အဲဒီလိုပြောခဲ့တဲ့အတိုင်းပင် ယခုနှစ်မှာ ဓမ္မပူဇော်ပွဲကို စပြီးကျင်းပပါတယ်၊ အဲဒီလိုစပြီးကျင်းပတာဟာ နေရာကျပါတယ်၊ ပဌမ

http://www.dhammadownload.com

ကဒါလောက်နေရာကျလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ယခု ကျင်းပလိုက်တော့မြော်လင့်တာထက်ပိုပြီး ပြည့်စုံပါတယ်၊ ကောင်းပါတယ်၊ ရွှတ်ဆိုပူဇော်ကြတဲ့ အရှင်မြတ်တွေက စွမ်းရည်သတ္တိ အပြည့်အဝ ရှိနေကြတဲ့အတွက် အင်မတန် ကြည်ညိုဖွယ်ကောင်းပါတယ်၊ တစ်ချို့ကဆို ရင်ဓမ္မကထိက အကောင်းစားပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့အတွက် သူတို့ ရွှတ်ဆို ပူဇော်နေပုံကတော့ တရားဟောနေသလိုပါပဲ၊ ဆိုလိုတဲ့ အနက် အဓိပ္ပါယ်တွေကို ထည့်သွင်း ဖွင့်ပြပြီး မပြောရလို့သာဘဲ အဲဒါတွေကို ပါထည့်သွင်းဖွင့်ပြပြီး ပြောလိုက်မယ်ဆိုယင် တရားဟောနေတဲ့ အချိုး အစားအပြည့်အဝ ဖြစ်သွားမှာပဲ၊ အလွန်ကောင်းပါတယ်၊ နာယူတဲ့ သူတွေမှာ သဒ္ဓါကြည်ညိုဖြစ်ပြီး ကုသိုလ်တွေဖြစ်ပွားကြရတယ်၊ နည်း ယူလိုတဲ့ အရှင်မြတ်တွေမှာလဲ ရွှတ်ဆိုပုံကို နည်းယူကြရတယ်၊ အင်မ တန်ကောင်းတဲ့ အစီအစဉ်ပါဘဲ၊ နောက်နှစ်ကျရင် ပိုပြီးကောင်းမှာပါ ဘဲ၊ ရွှတ်ဆိုပူဇော်မည့် ပုဂ္ဂိုလ်တွေလည်း ပိုပြီးများလာပါလိမ့်မယ်၊ အဲဒီလို ရွှတ်မည့်ပုဂ္ဂိုလ်များက ဘယ်သုတ်ရွှတ်ဆိုမယ်ဆိုတာကို စော စောက ကြိုတင်ပြီး စာရင်းပေးထားကြစေလိုပါတယ်။

နောက်ပြီးတော့ ဒီသာသနာ့ရိပ်သာမှာ ညဉ့်ဦးပိုင်းမှာရော နံနက်စောစောမှာရော၊ ယောဂီဟောင်းတွေ စုပြီး ဘုရားဝတ်တက်နေ ကြပါတယ်။ အဲဒီလို ဝတ်တက်တဲ့အခါ ပါတိမောက်ကိုလဲ နေ့စဉ် တစ်ပိုင်းစီ တစ်ပိုင်းစီ အလှည့်ကျရွှတ်ဆိုကြပါတယ်။ အဲဒါကိုလည်း နှစ်ပတ်လည်ပူဇော်ပွဲ ကြွလာတော်မူကြတဲ့ အရှင်မြတ်တွေလဲ နံနံက် ပိုင်း၊ ဘုရားဝတ်တက်ချိန်မှာ ဘုရားတပည့်တော်တို့နှင့်အတူ ဝတ် တက်ကြဘို့၊ အဲဒီလို ဝတ်တက်တဲ့အခါမှာ ပါတိမောက်ကို(၄)ရက်နှင့်

http://www.dhammadownload.com

ပြီးဆုံးအောင် ၄-ပုံတစ်ပုံခန့် နေ့စဉ်ရွတ်ဆိုပြီး ဝိနည်းကိုပူဇော်ဖို့ ယမန်နှစ်ကညွှန်ကြားခဲ့ပါတယ်။ အဲဒီညွှန်ကြားချက်အတိုင်း ယခုနှစ်မှာ နတ္တော်လဆန်း(၁၂)ရက်နံနက်ကစပြီး ပါတိမောက်ကို ရွတ်ဆိုလျက် ဝိနည်းကိုပူဇော်ပွဲလာကြတာ ၃-ပိုင်းပြီးသွားပါပြီ၊ နက်ဖြန်နံနက်ပိုင်း နောက်ဆုံးတစ်ပိုင်းကို ရွတ်လိုက်လျင် ပါတိမောက် ပြီးဆုံးသွားပါလိမ့်မယ်၊ ဒီလိုပါတိမောက်ကို ရွတ်ပြီးပူဇော်တာလည်း အင်မတန်ကောင်းပါတယ်။ ရွှေကျင်ဂိုဏ်းမှာဆိုရင် သူ့အရပ်နှင့်သူ ဝိနည်းစာပြန်ပွဲများ နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ အင်တန်ကောင်းတဲ့အစီအစဉ်ပါပဲ၊ ဒါပေမယ့် ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဋ္ဌာနမှာ ပရိယတ္တိသဘောသက်ရောက်တဲ့ စာပြန်ပွဲအနေနဲ့ ကျင်းပဖို့တော့ မသင့်ဘူးထင်ပါတယ်၊ ဒါကြောင့် ဘုရားဝတ်တက်ယင်း ဝိနည်းကို ရွတ်ဆိုပူဇော်ရင်လောက်သာ ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်အတိုင်း ပါတိမောက်ကို ရွတ်ဆိုတာဟာ ဝိနည်းပူဇော်တာဘဲ၊ နေ့ခင်းမှာ သုတ္တန်တရားတော်များကို ရွတ်ဆိုတာက တရားပူဇော်တာဘဲ၊ ဒါကြောင့် ယခုနှစ်မှာ ဝိနည်းပူဇော်ပွဲရော၊ တရားပူဇော်ပွဲရော ပြည့်စုံသွားပါတယ်၊ အင်တန် ဝမ်းမြောက်စရာ၊ ကြည်ညိုစရာကောင်းပါတယ်၊ နောက်နှစ်မှာ ဒါထက်ပိုပြီး အချိုးကျကျရွတ်ဆိုပူဇော်နိုင်အောင် ကြိုးစားခဲ့ကြစေလိုပါတယ်။

နောက်ပြီးတော့ ယမန်နှစ်က ဩဝါဒကထာထဲမှာ ကြွလာမည့်အခါမှာလဲ မည်သည့်နေ့ရက်၌ မည်သည့်ရထားဖြင့်၊ မည်သည့်သဘော်ဖြင့် လာရောက်မည်၊ ဆရာတော်မည်မျှကြွလာမည်၊ ကပ္ပိယဒကာ ဘယ်နှစ်ယောက်ပါလာမည်၊ မည်သည့် အချိန်ခန့် ရန်ကုန်သို့

http://www.dhammadownload.com

ရောက်မည်ဆိုသော အကြောင်းအရာများကိုလဲ စာဖြင့် ကြိုတင် ပြောကြား ထားစေလိုပါတယ်။ ဒီလိုညွှန်ကြားရတာကတော့ နေရာထိုင်ခင်း အသင့် ပြင်ဆင်ထားရန် လိုအပ်ပါက ကြိုရန်ဖြစ်ပါတယ်–တဲ့၊ နောက် နှစ်မှာကြွလာမည့် အရှင်မြတ်များလည်း အဲဒီအစီအစဉ်အတိုင်းပင် ဆောင်ရွက်ကြဖို့ပါပဲ၊ အဲဒီအထဲမှာ နေရာထိုင်ခင်း အသင့်ပြင်ထားရန် ဆိုတာကတော့ ဖြစ်နိုင်သလောက်ကို ရည်ရွယ်ပါတယ်။ ၃၅–ဝါ အထက်မထေရ်ကြီးများအတွက် အိပ်ယာခင်း၊ ခြင်ထောင်၊ စောင် ခေါင်းအုံးအားလုံး အသင့်ပြင်ထားဖို့ဖြစ်နိုင်ပါလိမ့်မယ်၊ ၃၅–ဝါ အောက်မထေရ်များနှင့် ကပ္ပိယဒကာများအတွက်ကတော့ အိပ်ယာလိပ် အပြည့်အစုံ ယူလာခဲ့ကြစေလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္မဋ္ဌာ နာစရိယဆရာတော်များ (၁၀၀)လောက်ကြွလာတယ်ဆိုရင် ကပ္ပိယ ကလည်း တစ်ရာလောက် ရှစ်ဆယ်ကျော် ကိုးဆယ်လောက်ပါလာပါ လိမ့်မယ်။ အပိုတပည့်ကလည်း သုံးလေးဆယ်ပါလာစရာ ရှိပါတယ်။ ဒီတော့ အားလုံး နှစ်ရာကျော်လောက်အတွက် အိပ်ယာခင်း၊ ခေါင်း အုံးခြင်ထောင်တွေ ယူဆောင်ထားရမယ်ဆိုရင် အကုန်အကျခံနိုင်ပေ မယ့် သိမ်းဆည်းထားဖို့က ဝန်လေးပါတယ်၊ ဆွေးမြေ့ပျက်စီးကုန် ဖွယ်ရာလည်းရှိပါတယ်။ ဒါကြောင့် မထေရ်ငယ်များနှင့် တပည့်များ ကတော့ မိမိတို့အိပ်ယာများကို အပြည့်အစုံယူလာခဲ့ကြစေလိုပါတယ်။ နောက်တစ်ခု နေရာကလဲ အရှင်ဘုရားတို့ တွေ့မြင်နေကြရတဲ့ အတိုင်းပဲ ကမ္မဋ္ဌာန်းဌာနဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် မပေး နိုင်ပဲရှိနေပါတယ်။ အဟောင်း အသစ်ရဟန်းယောဂီက(၈၀)ကျော် အမျိုးသားယောဂီက(၂၀)ကျော်၊ အမျိုးသမီးယောဂီက(၈၀)ကျော် လောက်ရှိနေပါတယ်။ အားလုံးပေါင်း(၂၀၀)ကျော်တို့အားလဲ နေရာ

http://www.dhammadownload.com

ပေးထားရတဲ့အတွက် အရှင်ဘုရားတို့အား နေရာကျယ်ကျယ်ပြန့်ပြန့် မပေးနိုင်ဘဲရှိနေပါတယ်။ အဲဒါအတွက် သည်းခံကြရန် တောင်းပန်လိုပါတယ်။

သာသနာတော် ကြီးပွား တိုးတက်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့စရိတ်စက အကုန်ခံ အပင်ပန်းခံပြီးတော့ အရပ်ဝေးမှ ကြွရောက်လာကြတဲ့ အရှင်မြတ်တွေကိုရော လူပုဂ္ဂိုလ်တွေကိုရော ဘုရားတပည့်တော်တို့က အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမယ့်ယခု ပြောခဲ့တဲ့အတိုင်း အခက်အခဲလေးတွေကရှိနေတဲ့အတွက် ကိုယ့်ဟာကိုယ် ဆောင်ရွက်နိုင်တဲ့ တာဝန်ကလေးများကိုတော့ ဆောင်ရွက်ခဲ့ကြဖို့ တောင်းပန်ရခြင်းဖြစ်ပါတယ်။(ဒကာ ဒကာမအများစုတွေကတော့ ဩဝါဒခံယူပွဲနေ့မတိုင်မီ တစ်ရက် နှစ်ရက်လောက်ကမှ လာရောက်လျှင်သင့်လျော်ပါလိမ့်မည်)လို့ ယမန်နှစ်က ပြောခဲ့ပါတယ်။ ဘာကြောင့် အဲဒီလိုပြောရသလဲဆိုတော့ တစ်ဌာန တစ်ဌာနမှာ ပျမ်းမျှခြင်းအားဖြင့် ၃/၄ ယောက်စီပဲ လာရောက်တယ်ဆိုယင်လဲ ဌာနပေါင်း(၁၀၀)ဆိုတော့ ဒကာ ဒကာမ ၃/၄ ရာဖြစ်နိုင်တယ်။ အဲဒီ ၃/၄ရာဟာ ၄/၅ ရက်လောက်က ကြိုတင်ပြီး ရောက်လာကြမယ်ဆိုရင် နေရာထိုင်ခင်းပေးရေးအပြင် ရက်ပိုများအတွက် ကျွေးမွေးရေးပါ တာဝန်ရှိလာပါလိမ့်မယ်၊ အဲဒီကျွေးမွေးရေးအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ယောဂီထောက်ပံ့ရေးရံပုံငွေထဲက ထုတ်သုံးရပါတယ်၊ ပြီးခဲ့တဲ့ ၁၃၃၅-ခုနှစ်၊ ဩဝါဒခံယူပူဇော်ပွဲအတွက် ရှစ်ထောင်ကျော်ကုန်တယ်လို့ စာရင်းပြထားတာတွေ့ရပါတယ်၊ အဲဒီရှစ်ထောင်ကျော်ထဲမှာ ပူဇော်ပွဲ လာရောက်ကြတဲ့ ဒကာ ဒကာမတွေ၏ အလှူငွေလဲ နှစ်

http://www.dhammadownload.com

ထောင်ကျော်လောက်တော့ ပါပါလိမ့်မယ်၊ အဲဒီနှစ်ထောင်ကျော်နှုတ်လိုက်ယင် ၅-ထောင်ကျော်လောက်ကျန်ပါတယ်၊ အဲဒီ ၅-ထောင်ကျော်လောက်ဟာ (အားထုတ်ဆဲယောဂီတို့အား ထောက်ပံ့ရန်လှူထားတဲ့) ယောဂီထောက်ပံ့ရေးရံပုံငွေထဲက ကုန်ကျရတာဖြစ်ပါလိမ့်မယ်။ အဲဒီလို ကုန်ကျပေမယ့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကတော့ တာဝန်မလေးတဲ့အနေနဲ့ ဆောင်ရွက်နိုင်ပါတယ်၊ ဒါပေမယ့် ယောဂီထောက်ပံ့ရေးအကုန်အကျသက်သာစေတဲ့အတွက် ပူဇော်ပွဲမတိုင်မီ တစ်ရက်နှစ်ရက်လောက်ကျမှ လာရောက်ကြရန် ဘုရားတပည့်တော်က ဩဝါဒကထာထဲမှာ ထည့်သွင်း၍ ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်၊ နောက်နှစ် (၁၃၇၆-ခုနှစ်) ပူဇော်ပွဲမှာ ယခုနှစ်ထက်ပင် လာရောက်ကြတာများပါလိမ့်မယ်၊ ဒါကြောင့် နောက်နှစ်(၁၃၇၆-ခုနှစ်) နတ္တော်လဆန်း(၉)ရက်နေ့ပူဇော်ပွဲအတွက်လဲ ဒကာ ဒကာမအများစုကတော့ နတ္တော်လဆန်း(၈)ရက်၊သို့မဟုတ် လဆန်း(၇)ရက်နေ့ကျမှ သာလျှင်သင့်လျော်ပါလိမ့်မယ်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်များကတော့ ဝိနည်းပူဇော်ပွဲ၊ တရားပူဇော်ပွဲများ ပါဝင်ပြီး ပူဇော်ကြရန်အတွက် နတ္တော်လဆန်း(၅)ရက်နေ့မှာလာရောက်ကြရန် ဖြစ်ပါတယ်၊ အကယ်၍ အဲဒီရက်မှာ လေယာဉ်၊ ရထား၊ကား အဆင်မသင့်ယင်၊ သို့မဟုတ် ကျန်းမာရေးစသည်အတွက် ဆောင်ရွက်စရာအကြောင်းထူးရှိလျှင် အဲဒီရက်ထက်စောပြီးတော့လဲ လာရောက်နိုင်ပါတယ်။ စောစောကြိုတင်၍ မလာနိုင်လျှင် လဆန်း(၆/၇/၈)ရက်နေ့များမှာလည်း လာရောက်နိုင်ပါတယ်၊ ဝိနည်းပူဇော်ပွဲ၊ တရားပူဇော်ပွဲများကို နတ္တော်လဆန်း(၆)ရက်နေ့ နံနက်မှစပြီး ကျင်းပပါလိမ့်မယ်၊ အဲဒီ(၆)ရက်နေ့ကစပြီး(၉)နေ့ညအထိ ညစဉ်တရားဟောပွဲများကိုလည်း ကျင်းပပါလိမ့်မည်။

http://www.dhammadownload.com

နောက်တစ်ခု သတိပေးတောင်းပန်ချင်တာကတော့ အရှင်ဘုရားတို့ နောက်ကပါလာတဲ့ ဒကာ ဒကာမများအား ရှစ်ပါးသီလ ဆောက်တည်ကျင့်သုံးစေရန် ညွှန်ကြားဖို့ ဖြစ်ပါတယ်။ တခြား ရိပ်သာဌာနများသို့ သွားတဲ့အခါ ဘုရားတပည့်တော် နောက်ကပါလာတဲ့ ဒကာ ဒကာမများကိုတော့ ခရီးမထွက်မီကဖြစ်စေ၊ သဘော်ပေါ်ရောက်မှဖြစ်စေ ရှစ်ပါးသီလဆောက်တည်စေပါတယ်။ အဲဒီ ဒကာ ဒကာမတွေထဲမှာ ရိပ်သာမှ ယောဂီတွေကတော့ အမြဲတမ်း ရှစ်ပါးသီလ ဆောက်တည်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါပေမယ့် မြို့ထဲကလည်း ပါလာကြတဲ့အတွက် ရှစ်ပါးသီလ ဆောက်တည်စေပါတယ်။ အဲဒီလို လိုက်ပါလာတဲ့ ယောဂီကလည်း သိပ်မများလှပါဘူး၊ (၂၀)လောက်ထက် များမှာမဟုတ်ပါဘူး၊ အဲဒီလောက်အတွက် ရောက်ရာအရပ်က ညနေစာကျွေးဖို့ရာ ဝန်မလေးကြပါဘူး၊ ဒါပေမယ့် ညနေစာမစားတဲ့ ယောဂီတွေက ချက်ပြုတ်ကျွေးမွေးရန် မသင့်လျော်ဘူးလို့ ထင်မြင်တဲ့အတွက် အားလုံးကို ရှစ်ပါးသီလ ဆောက်တည်စေပါတယ်။ နောက်ပြီးတော့ ဆရာတော်ကြီးနဲ့ပါလာတဲ့ ယောဂီတွေက ညစာ မစားဘူးလို့ပြောရတာဟာ ဂုဏ်ကျက်သရေလည်းရှိပါတယ်၊ ဒါကြောင့် မိမိနောက်က လိုက်ပါလာယင် ရှစ်ပါးသီလစောင့်ရမယ်လို့ ရှေးကတည်းက ညွှန်ကြားထားပါတယ်။ ယခုနှစ်ပတ်လည်ပွဲသို့ လာကြတဲ့ ပရိသတ်ကတော့ ၂၀၀/၃၀၀ ထက်နည်းမှာမဟုတ်ပါဘူး၊ ၂၀၀ ပဲထားပါဦးတော့ အဲဒီ ၂၀၀ အတွက် ညစာမစားတဲ့ယောဂီတွေက ချက်ပြုတ်ကျွေးမွေးရတာဟာ သိပ်ပြီးမတော်လှပါဘူး၊ ချက်ပြုတ်ကျွေးရတဲ့ ယောဂီတွေမှာလည်း ဝန်လေးပါတယ်၊ အဲဒီညစာအတွက် ယောဂီထောက်ပံ့ရေး ရံပုံငွေတွေ တစ်ရက် တစ်ရက်မှာ လေးငါးရာမက

http://www.dhammadownload.com

ကုန်ကျဘွယ်ရာရှိပါတယ်၊ အဲဒီလို ကုန်ကျတဲ့အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဝန်လေးတဲ့ လက္ခဏာမရှိပေမယ့် ဘုရားတပည့်တော်အမြင်အားဖြင့် "သုဘရောစ-ဒကာ,ဒကာမတွေက မွေးမြူပြုစုလွယ်စေရမယ်"ဆိုတဲ့ မေတ္တာသုတ်ဒေသနာတော်နှင့်အညီ ယောဂီထောက်ပံ့ရေးဆိုင်ရာ ဒကာ ဒကာမတို့အား တာဝန်မလေးစေသင့်ဘူးလို့ ထင်မြင်ပါတယ်။ ဒါကြောင့် လိုက်ပါလာကြတဲ့ တပည့်ဒကာ ဒကာမတို့အား ဒီရိပ်သာအတွင်းမှာနေတဲ့ ရက်ပိုင်းအတွင်းမှာ ရှစ်ပါးသီလဆောက်တည်ကျင့်သုံးစေရန် ညွှန်ကြားခဲ့ကြစေလိုပါတယ်။ နောက်နှစ်အတွက် အစီအစဉ်ကတော့ တော်လောက်ပါပြီ။

(၇) ဟောရေး ပြောရေး စသည်အတွက်ညွှန်ကြားရေး

နံပါတ်(၇) ဟောရေးပြောရေးစသည်အတွက် ညွှန်ကြားရေးဆိုတာ ယမန်နှစ်ကတော့ အရှင်ဘုရားတို့က အကြံဉာဏ်ပေးရန်ဖြစ်ပါတယ်။ ဒါကြောင့် တစ်ချို့က အကြံဉာဏ်များကိုလည်းပေးခဲ့ကြပါတယ်၊ ယခုနှစ်တော့ ဘုရားတပည့်တော်ကဘဲ အကြံဉာဏ်ပေးပြီး ညွှန်ကြားသွားပါမယ်၊ ဒါကတော့ ဓမ္မကထိကတွေနဲ့သာ သက်ဆိုင်ပါတယ်။ မဟာစည်ဓမ္မကထိကလို့ အမည်ခံပြီး တရားဟောယင် မဟာစည်နည်း ကျကျဟောဖို့လိုပါတယ်၊ ရှုမှတ်ပုံ၊ ဉာဏ်ဖြစ်ပုံကိလေသာပယ်ပုံများကို ပေါ်လွင်ထင်ရှားအောင် ဟောတဲ့တရားဖြစ်ဖို့လိုပါတယ်၊ တစ်ချို့က မဟာစည် ဓမ္မကထိကအဖွဲ့ဝင်လို့ အမည်ခံထားပြီးတော့ ဟောတဲ့အခါမှာ မဟာစည်နည်းမဟုတ်ပဲ ယပ်လဲ့တရားဟောနည်းဖြစ်နေတယ်ဆိုတာ ကြားရပါတယ်၊ အဲဒါဟာ မသင့်လျော်ဘူး။ မဟာစည်တရားပွဲဆိုယင် တရားနာလာတဲ့ ပုဂ္ဂိုလ်တွေက

http://www.dhammadownload.com

မဟာစည်နည်းအတိုင်း ဝိပဿနာရှုမှတ်ပုံများကို ကြားနာရလိမ့်မယ်လို့အာရုံပြုပြီး လာကြတယ်၊ ဟောတဲ့ပုဂ္ဂိုလ်က ဝတ္ထုကြောင်းတွေ အလွမ်းအဆွေးတွေ အသံနေအသံထားတွေကိုသာ အလေးပြုပြီးဟော နေတာကြားရတယ်ဆိုယင် မကျေနပ်ကြပေဘူး၊ အချို့အမျိုးသမီးပိုင်း ကကြိုက်ကြပေမယ့် စူးစမ်းဆင်ခြင်တတ်တဲ့ ပညာရှိပိုင်းကတော့ အဲဒီလိုတရားတွေကို အလိုမရှိကြပေဘူး၊ ရှုပုံရှုနည်းတရားကိုသာ ကြားနာလိုကြပေလိမ့်မည်၊ အဲဒါကအရေးကြီးပါတယ်။ ပညာမဲ့တွေက ဘယ်လောက်ပဲကြိုက်နေကြပေမယ်လို့ ပညာရှိများက မကြိုက်ယင် အဲဒီတရားဟာ တန်ဖိုးမရှိဘူး၊ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိသာသနာ တိုးတက်ကြောင်းလဲမဖြစ်ဘူး၊ ဒါကြောင့် မဟာစည် ဓမ္မကထိက၊ မဟာစည်တရားပွဲဆိုတဲ့အမည်နှင့် ဟောယင် မဟာစည် ဟောနေတဲ့ ရှုပုံရှုနည်းကို အလေးပြုပြီး ဟောဖို့လိုပါတယ်။ တရားနာ ပုဂ္ဂိုလ်တွေ ရှုမှတ် အားထုတ်ခြင်လာအောင် ရှုမှတ်အားထုတ်တတ် အောင် ဟောဖို့လိုပါတယ်။ ပရိသတ်အခြေအနေအရ ဒါနကထာ သီလကထာ ဝတ္ထုကြောင်းများကို ဟောနေရာမှာတောင်မှ ဌာနအသစ် မှာဆိုယင် ရှုပုံ ရှုနည်းကို ထည့်သွင်းနိုင်သမျှ ဟောဖို့လိုပါတယ်။ သတိပဋ္ဌာန်တရားတော်ဟာ သောကပရိဒေဝါနံ သမတိက္ကမာယ-လို့ဆိုတဲ့အတိုင်း စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမှု မျက်ရည်ကျမှုတွေကို ပျောက်ကင်းစေနိုင်တဲ့တရားဖြစ်ပါတယ်။ ဒါကြောင့် အလွမ်းအဆွေး တွေကို အလေးပြုပြီး မျက်ရည်ကျအောင် ဟောပုံဟောနည်းများမှ ရောင်ကြဉ်ကြစေလိုပါတယ်။

http://www.dhammadownload.com

တစ်ချို့က ရှုမှတ်ပုံကို ထည့်သွင်းဟောဖို့ရာ ခက်တယ်လို့ထင်နေကြတယ်၊ အရှင်ဘုရားတို့ ဟောနေတဲ့ တရားထဲမှာ လောဘ၊ ဒေါသ၊ မောဟကို ပယ်ရမယ်ဆိုတာဟာ မူရင်းအနေအားဖြင့် ပါမှာချည်းပါပဲ၊ အဲဒီတော့ အဲဒီ လောဘ စသည်ကို ဘယ်လိုပယ်ရမှာလဲဆိုတဲ့အမေးပေါ်လာတယ်၊ လောဘ,ဒေါသ,မောဟ ဖြစ်နေကျအာရုံမှာ ဖြစ်ခွင့်မရအောင် မဖြစ်နိုင်အောင် ရှုမှတ်ပြီး ပယ်ရမယ်ဆိုတဲ့အဖြေကိုသွင်းပြီး ဟောလိုက်ယင် အဲဒီအမေးဟာ ဖြေရှင်းပြီးသားဖြစ်သွားပါတယ်၊ နောက်ပြီးတော့ မဂ်ဖို နိဗ္ဗာန်ကိုရောက်ရန် ရည်သန်ဆုတောင်းဖို့ဆိုတာလည်း ဟောနေတဲ့တရားထဲမှာ ပါမှာပဲ၊ အဲဒီနေရာမှာလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုဘဝတွင် ရောက်ချင်ယင် ဒီလို ရှုမှတ်ပါ စသည်ဖြင့် ထည့်သွင်းပြီးဟောနိုင်ပါတယ်။ နောက်ပြီးတော့ကံအားလျော်စွာ ဘဝအသစ်ဖြစ်ပုံလည်း ပါမှာဘဲ၊ အဲဒီနေရာမှာ ရှုမှတ်မှုမရှိလို့ အဝိဇ္ဇာတဏှာ ဥပါဒါန် ကံဆိုတဲ့အကြောင်းတရားတွေကြောင့် ဘဝအသစ်ဖြစ်ရပုံ၊ အိုရ နာရ သေရပုံ၊ ရှုမှတ်မှုရှိလျင် အမှန်အတိုင်းသိပြီး အဝိဇ္ဇာစသည်ကင်းသွားတဲ့အတွက် ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း နာခြင်း သေခြင်းကင်းသွားပုံများကို ထည့်သွင်းပြီးဟောနိုင်ပါတယ်။

နောက်တစ်ခုကတော့ ဘုရားတပည့်တော်တို့က အများ နားလည်လွယ်တဲ့ ဝေါဟာရနဲ့ ရှုမှတ်ဖို့ ဟောကြား ညွှန်ပြနေပါတယ်။ **ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ** စသည်ဖြင့် ဟောတော်မူတဲ့ မြတ်စွာဘုရား၏ နည်းအတိုင်း "သွားယင် သွားတယ်မှတ်၊ ရပ်ယင် ရပ်တယ်မှတ်၊ ထိုင်ယင် ထိုင်တယ်မှတ်၊ အိပ်ယင် အိပ်တယ်မှတ်၊ ကွေးယင် ကွေးတယ်မှတ်၊ မြင်ယင် မြင်တယ်မှတ်" စသည်ဖြင့် စာသံပေသံမပါ

http://www.dhammadownload.com

ဘဲ အရပ်သုံးစကားဖြင့် လွယ်လွယ်ကလေး ညွှန်ကြားနေပါတယ်။ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိသိတိုင်း ကြံသိတိုင်း အကုန်လုံးရှုမှတ်ဖို့၊ အဲဒီလို အကုန်လုံးကို အစဉ်အတိုင်းလိုက်ပြီး မရှုမှတ်နိုင်သေးမီမှာ ဝမ်းဗိုက်ကဖောင်းတာကို ဖောင်းတယ်မှတ်၊ ပိန်တာကို ပိန်တယ်မှတ်လို့ ဟောကြားညွှန်ပြနေပါတယ်။ အဲဒီလို ညွှန်ပြတဲ့အတိုင်း အားထုတ်လို့ စာပေကျမ်းဂန်နှင့်အညီ ဝိပဿနာဉာဏ်ထူးများကို ကိုယ်တွေ့ဖြင့် သိသွားတဲ့ ပုဂ္ဂိုလ်တွေလည်း မနည်းပါဘူး၊ မြန်မာပြည် အရပ်ရပ်က ပေးပို့တဲ့ ယောဂီစာရင်းအရဆိုယင် မြန်မာပြည်တွင်းမှာပင် (၇)သိန်းကျော်ရှိတဲ့ ယောဂီတွေထဲမှာ အဲဒီလို ဝိပဿနာဉာဏ်ထူးများနှင့် ပြည်စုံတဲ့ ယောဂီတွေဟာ လေးငါးခြောက်သောင်းထက်တော့ နည်းမှာမဟုတ်ပါဘူး၊ ဒါပေမယ့် သတိပဋ္ဌာန်သုတ်ရှုနည်းကို သဘောမပေါက် နားမလည်တဲ့သူအချို့က ယုံမှားဖြစ်နေကြပါတယ်။ အချို့ကတော့ အပြစ်ပြောနေကြပါတယ်။ ဖောင်းတာပိန်တာ မှတ်ပုံဟာ စာပေကျမ်းဂန်ထဲ မပါဘူးစသည်ဖြင့် အပြစ်ပြောနေကြပါတယ်။ အဲဒီလို နားမလည်တဲ့သူတွေကို နားလည်အောင်ရှင်းလင်းပြီး ဟောကြားဖို့လဲလိုပါတယ်။ ရှင်းပြပုံနည်းကတော့ ဝိပဿနာရှုနည်းကျမ်း အစရှိတဲ့ မဟာစည်တရားစာ ကျမ်းတွေထဲမှာ အပြည့်အစုံပင်ရှိနေပါတယ်။ အဲဒီ ကျမ်းတွေကို သေသေချာချာ ကြည့်ရှု လေ့လာပြီး ဟောကြစေလိုပါတယ်။ မဟာစည်ဓမ္မကထိကဆိုပြီး မဟာစည်ကျမ်းစာကိုတော့မကြည့်ပဲ အခြားစာတွေကိုသာ ကြည့်ပြီးဟောနေယင် နေရာမကျဘူးဆိုတာကိုလဲ သတိပြုကြစေလိုပါတယ်။

http://www.dhammadownload.com

တချို့ကတော့ မူလမင်းကွန်းစေတဝန်ဆရာတော်ဘုရားကြီးက ဝမ်းဗိုက်က ဖောင်းတာ ပိန်တာ မှတ်ဖို့ မဟောခဲ့ဘူး၊ မဟာစည်ဆရာတော်က အသစ်ထွင်ထားတာလို့ ဒီလိုလဲ အပြစ်ပြောတတ်ကြပါတယ်၊ ဒီစောဒနာကိုတော့ ၁၂၉၀-ပြည့်နှစ်က ထုတ်ဝေတဲ့သတိပဋ္ဌာန ဒီပနီခေါ် မြို့လှမြို့၊ ဆရာကြီး ဦးချစ်အောင်၏ကျမ်း(နှာ-၂၇၂) နှင့် ၁၂၉၈-ခုနှစ်က ထုတ်ဝေတဲ့ ဝိပဿနာဋ္ဌီကာခေါ် ဦးမြတ်ကျော်၏ကျမ်း(နှာ-၁၈၉)တို့ကို ကြည့်ရှုပြီး ခိုင်မာစွာဖြေရှင်းနိုင်ပါတယ်။ အဲဒီအကြောင်းအရာများကို မဟာဋ္ဌရတနာ ဒုတိယတွဲ(နှာ ၁၇၄-၉) တို့၌ ဖော်ပြထားပြီးလည်းရှိနေပါသည်။ ဘုရားတပည့်တော် စပြီး ကမ္မဋ္ဌာန်းပြတာက ၁၃၀၀ ပြည့်နှစ်ကဖြစ်ပါတယ်။ ဝိပဿနာရှုနည်းကျမ်းကို ပုံနှိပ်ထုတ်ဝေတာက ၁၃၀၆-ခုနှစ်ကဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီး ဦးမြတ်ကျော်၏ ဝိပဿနာဋ္ဌီကာကျမ်းက ဘုရားတပည့်တော်ကမ္မဋ္ဌာန်းပြတာထက်(၂)နှစ် အလျင်ကျပါတယ်။ ဝိပဿနာရှုနည်းကျမ်းထက်(၈)နှစ် အလျင်ကျပါတယ်။ ဆရာကြီးဦးချစ်အောင်၏ သတိပဋ္ဌာန ဒီပနီကျမ်းကတော့(၁၀)နှစ် (၁၆)နှစ် အလျင်ကျပါတယ်။ ထိုကျမ်းများတွင် မင်းကွန်းဧတဝန်ဆရာတော်ဘုရားကြီး၏နည်းကိုအစဉ်မှီး၍ ရေးသားထားကြောင်း မင်းကွန်းဧတဝန် ဆရာတော်ဘုရားကြီး ကြည့်ရှုပြီး ထုတ်နုတ်ပြင်ဆင်ချက်အရ စက်တင် ပုံနှိပ်ကြောင်းများကို အတိအလင်းဖော်ပြထားပါတယ်။ အဲဒီသတိပဋ္ဌာန ဒီပနီနှင့် ဝိပဿနာဋ္ဌီကာကျမ်းတို့၌ "မင်းကွန်းဧတဝန် ကမ္မဋ္ဌာန်းဋ္ဌာနများမှ ပူတယ် ပိန်တယ် ဟူ၍လည်းကောင်း၊ ဖောင်းတယ်၊ ရုပ်တယ်ဟူ၍လည်းကောင်း၊ ရှုမှတ်ကြကြောင်း၊ ထိုသို့ရှုမှတ်ခြင်းမှာ သင့်

http://www.dhammadownload.com

မြတ်မှန်ကန်ကြောင်းများ အထင်အရှားပြဆိုထားပါတယ်၊ ဒါကြောင့် မဟာစည်ကမ္မဋ္ဌာန်းမပြမီကပင် ပျော်ဘွယ်အစရှိသော မင်းကွန်းဧတဝန် ကမ္မဋ္ဌာန်းဌာနများမှ ပူတယ်၊ပိန်တယ်ဟူ၍လည်းကောင်း၊ ဖောင်းတယ်၊ ရုပ်တယ်ဟူ၍လည်းကောင်း၊ ရှုမှတ် ဟောပြောခြင်းများ ရှိခဲ့ကြောင်း ဘုရားတပည့်တော်ကစ၍ တီထွင်တာမဟုတ်ကြောင်းများကို အခိုင်အမာ ရှင်းလင်းပြနိုင်ပါတယ်၊ ထိုသို့ရှင်းပြသင့်သောအခါ၌ ရှင်းပြဖို့ လိုပါတယ်။

တချို့ကတော့ အာနာပါနကို နှာသီးဖျားဌ်သာ မှတ်ရမှာဖြစ်ပါလျက် ဝမ်းဗိုက်၌ ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တာကို မှားတယ်စသည်ဖြင့်လည်း အပြစ်တင် ဝေဖန်နေကြပါတယ်။ အဲဒါကတော့ သမထအလုပ်နှင့် ဝိပဿနာအလုပ် သရုပ်မကွဲလို့ ပြောဆိုနေကြတာပါပဲ၊ သမထလုပ်ငန်းအရာမှာဆိုရင် ဘုရားတပည့်တော်တို့ကလည်း နှာသီးဖျားနှင့် အထက် နှုတ်ခမ်းဆိုတဲ့ ဝင်လေ ထွက်လေ ထင်ရှားတိုက်ခိုက်ရာ တစ်ဌာနထဲကသာ စူးစိုက်ပြီးရှုဖို့ ညွှန်ကြားပါတယ်။ လည်ချောင်းထဲ ဝမ်းဗိုက်ထဲ ဝင်သွားတဲ့လေကို လိုက်ပြီးမရှုရဘူး၊ အဲဒါလိုလိုက်ရှုယင် သမထကမ္မဋ္ဌာန်းအရ အဒ္ဓတ္တ-ဝိက္ခေပ-အတွင်း၌ ပျံ့လွင့်ခြင်းဖြစ်တယ်၊ သမထ သမာဓိ စျာန်သမာဓိ မဖြစ်နိုင်ဘူး၊ သမထ သမာဓိ စျာန်သမာဓိ၏ ဘေးရန်ဖြစ်တယ်လို့ ဘုရားတပည့်တော်တို့ကလဲ ပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ်တို့နှင့်အညီ ဟောနေပါတယ်။ အဲဒီလို နှာသီးဖျားတစ်နေရာတည်းကသာ စောင့်ပြီးရှုရတယ်ဆိုတာကို မဟာသတိပဋ္ဌာနသုတ်ပါဠိနှင့် ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း စသည်တို့၌ ထင်ရှားပြထားပါတယ်။ ဒါပေမယ့်

http://www.dhammadownload.com

ဝိပဿနာ လုပ်ငန်းအရာမှာတော့ နှာသီးဖျားကလေကိုသာ ရှုရမယ် လို့ကန့်သတ်ခြင်း၊ တားမြစ်ခြင်းမရှိပါဘူး၊ ထင်ရှားရာက ရှုနိုင်တာ ချည်းပါဘဲ။

ဝိပဿနာရှုရမည့်လေဟာ(၆)မျိုးရှိပါတယ်-

(၁) အထက်သို့ ဆန်တက်တဲ့ ဥဒ္ဓင်္မ လေ၊
(၂) အောက်သို့စုံဆင်းတဲ့ အဓောဂမ လေ၊
(၃) ဝမ်းဗိုက်ထဲကတည်နေတဲ့ ကုစ္ဆိသယ လေ၊
(၄) အူထဲမှာတည်နေတဲ့ ကောဋ္ဌာသယ လေ၊
(၅) လက်၊ခြေစသော အင်္ဂါကြီးငယ်ကို လျှောက်တဲ့ အင်္ဂမင်္ဂါနုသာရီ လေ၊

သွား၊ရပ်၊ထိုင်၊လျောင်းတိုင်း၊ ကွေးဆန့်တိုင်း၊ လှုပ်ရှားပြုပြင်တိုင်း ဒီအင်္ဂမင်္ဂါနုသာရီ လေနဲ့ဘဲ ပြုလုပ်နေရတယ်၊ အဲဒီလေကို ဘယ် အနားကသာရှုမှတ်ရမယ်လို့ အကန့်အသတ်မရှိဘူး၊ ထင်ရှားရာက ရှုရတာချည်းပဲ၊ ဒါကြောင့် မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ- စသည်ဖြင့် သွားတာ ရပ်တာ၊ ထိုင်တာ၊ လဲလျောင်းတာ၊ ကွေးတာ၊ ဆန့်တာ၊လှုပ်ရှားမှု ပြုပြင်တာ ကိုယ်အမူအယာ ဟူသမျှကို ရှုပြီးသိဖို့ တိုက်ရိုက်ပဲ ဟော ခဲ့ပါတယ်။ အဲဒီမှာ ဝမ်းဗိုက်၏ လှုပ်ရှားမှု၊ ကိုယ်အမူအယာရှုသိဖို့လဲ ပါဝင်ပါတယ်၊ နောက်ပြီးတော့ (၆)နံပါတ်လေက အဿာသ ပဿာသ ခေါ်တဲ့ ရှုရိုက်လေဘဲ၊ အဲဒါကို အာနာပါနလို့လဲခေါ်တယ်၊ အဲဒီရှုရိုက်လေကို ဝိပဿနာလုပ်ငန်း အရာမှာတော့ မည်သည့်နေရာ

http://www.dhammadownload.com

ကသာ ရှုရမယ်လို့ အကန့်အသတ်မရှိပါဘူး၊ အခြားလေ ငါးမျိုးလိုပဲ ထင်ရှားရာက ရှုကောင်းတာချည်းပါပဲ၊ ဘာကြောင့်လဲဆိုယင် သဗ္ဗဲ အဘိညေယျံ-ရုပ်နာမ်တရားအလုံးစုံကို ရှေးရှုပြု၍သိရမယ်၊ စက္ခုံ အဘိညေယျံ- မျက်စိကို ရှေ့.ရှုပြု၍သိရမယ်၊ ရူပါ အဘိညေယျာ-အဆင်းရုပ်တို့.ကို ရှေးရှုပြု၍သိရမယ် စသည်ဖြင့် ဒွါရတစ်ပါးပါးမှာ ငါးပါးသောတရားတို့.ကို သိရ၏။ ဒွါရ ၆-ပါး၌ ၅-ပါး ၆-လီ ၃၀-သောတရားတွေကို သိရန် ဟောတော်မူတဲ့အတွက်ကြောင့်ပါပဲ၊ အဲဒီ ၃၀ ထဲက ကာယဒွါရဖြင့် တွေ့.ထိရတဲ့ အတွေ့.ရုပ်တွေထဲမှာ အာနာပါနခေါ်တဲ့ ဒီ ရှုရှိုက်လေလဲ ပါပါတယ်၊ ဒါကြောင့် ထင်ရှားတွေ့.ရတဲ့ ဝမ်းဗိုက်ကလေကိုလဲ ရှုရကြောင်း၊ အလွန်ပင်ထင်ရှားနေပါတယ်။ အဲဒီအချက်တွေကို မဟာစည်ဝိပဿနာစာအုပ်တွေမှာ အပြည့်အစုံ ရှင်းပြထားပါတယ်၊ အဲဒီ ရှင်းလင်းပြထားတာတွေကို သေသေချာချာ နားလည်အောင် ကြည့်ရှုလေ့လာပြီး ဟောကြစေလိုပါတယ်။

နောက်တစ်ခုကတော့ ကမ္မဋ္ဌာန်းဆရာတွေအတွက် သတိပေးစကားပြောကြားဖို့.ပါပဲ၊ ဒါကတော့ ယောဂီများတဲ့ ဌာနတွေမှာ ပိုပြီး အရေး ကြီးပါတယ်၊ ဒီရန်ကုန် သာသနာ့ရိပ်သာမှာ ယောဂီအများဆုံးဘဲ၊ ဒီရိပ်သာ မှာအရေးကြီးဆုံးလို့ ဆိုရမှာဘဲ၊ ဒါပေမယ့် ယခုလို ကမ္မဋ္ဌာန်းဆရာတွေ စုံလင်နေတဲ့အခါမှာ အားလုံးသိထားရအောင် သတိပေးလိုပါတယ်၊ တရား အားထုတ်ဖို့ လာကြတဲ့ ယောဂီတွေထဲမှာ သူ့.သဒ္ဓါတရားနဲ့.သူ ထက်ထက် သန်သန်နဲ့. လာတဲ့ပုဂ္ဂိုလ်တွေလဲရှိပါတယ်၊ စပ်ရာ ဆိုင်ရာက အင်မတန် တိုက်တွန်းဟောပြောပေးလို့. အားနည်းတဲ့ သဒ္ဓါတရားနဲ့. လာတဲ့ပုဂ္ဂိုလ်လဲ ရှိပါတယ်၊ ဘယ်လို

http://www.dhammadownload.com

ယောဂီပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းဆရာက ချီချီသာသာနဲ့ ဟောပြော ညွှန်ကြားပေးဖို့ လိုပါတယ်၊ နားမခံသာတဲ့ အပြောမျိုးနဲ့ ပြောလိုက် မိယင် သဒ္ဓါအားနည်းတဲ့ယောဂီက သည်းမခံဘဲ ကမ္မဋ္ဌာန်းမှထွက် သွားတတ်တယ်၊ သဒ္ဓါအားများတဲ့ ယောဂီများလည်း သဒ္ဓါဆိုတဲ့ ယုံကြည်မှု၊ ကြည်ညိုမှု လျော့ပါးသွားတတ်ပါတယ်၊ ဒါကြောင့် အပြစ်ရှိလို့ပြောတောင်မှ နားဝင်ချိုတဲ့စကားမျိုးဖြင့် ပြောဖို့ အထူး သတိပြုကြစေလိုပါတယ်။ နောက်ပြီးတော့ တခြားဌာနက လာရောက် အားထုတ်တဲ့ ယောဂီများကိုလည်း မေးမြန်းတဲ့အခါ မဖြေနိုင်လောက် တာတွေကို မေးမိယင် သူ့ကိုနှိမ်ပြီးမေးတယ်လို့ အထင်ရောက်သွား တတ်ပါတယ်၊ အဲဒီလို အထင်မခံရအောင် မေးမြန်းဖို့လဲလိုပါတယ်။ အဲဒီလို ယောဂီတွေမှာပါလာတဲ့ အစွဲအလန်းကလေးများလည်းရှိတတ် ပါတယ်။ အဲဒီ ပါလာတဲ့ အစွဲအလန်းမှားကလေးများကို မစွန့်ယင် တရားကမတက်ဘဲ ရှိနေတတ်ပါတယ်။ ဒါကြောင့် အဲဒီအစွဲအလန်း များကို စွန့်လွှတ်နိုင်အောင် ဟောပြောဖို့လဲ လိုပါတယ်။ ဒါပေမယ့် ရောက်ကာစ ချက်ခြင်းပြောရင်တော့ မလိုက်နာနိုင်ပဲ ရှိတတ်တယ်၊ ဒါကြောင့် သင့်တော်လောက်တဲ့အခါမှာ အဲဒီအစွဲအလန်းများကို စွန့် နိုင်အောင် ချိုသာတဲ့စကားနဲ့ ရှင်းလင်းပြောပြဖို့ လိုပါတယ်။

နောက်ပြီးတော့ တစ်ခြားဌာနကပဲ ဖြစ်ဖြစ်၊ တခြားဆရာ လက်ထက်ကပဲဖြစ်ဖြစ်၊ ဉာဏ်စဉ်တရားနာထားဘူးတဲ့ ယောဂီအား ဉာဏ်စဉ်တရား ဟောရာမှာ နာချင်လို့ရှိယင် မိမိထံမှာ ပြောပုံမရှင်း လင်းပေမယ့် မိမိထင်မြင်ချက်ကို ပြောပြပြီးနာခွင့်ပြုသင့်ပါတယ်။ အကြောင်းကတော့ ယခင်အားထုတ်စဉ်က အတွေ့အသိရှင်းပေမယ်

http://www.dhammadownload.com

လို့ နောက်ထပ် အားထုတ်တဲ့အခါမှာ အကြောင်းမညီညွတ်တဲ့အတွက် အတွေ့အသိ မရှင်းဘဲလဲ ရှိနေတတ်ပါတယ်၊ နောက်ပြီးတော့ ယောဂီဟောင်းက ဉာဏ်စဉ်တရားကို နာချင်ပါလျက် နာခွင့်မပြုလျှင် တခြားဌာနနှင့် တခြားဆရာကို နှိမ်ချသလိုလဲ အထင်ရောက်တတ်ပါတယ်။ ယခင်က ဉာဏ်စဉ်တရားနာထိုက်တဲ့ အဆင့်သို့ရောက်ပြီးဖြစ်ပါလျက် နောက်ထပ်ဆက်အားထုတ်လိုက်မှ ဉာဏ်အဆင့်က လျော့ကျသွားတယ်လို့လဲ ထင်စရာရှိပါတယ်။ ဒါကြောင့် ဉာဏ်စဉ်တရားနာပြီးဖြစ်တဲ့ ယောဂီဟောင်းကတစ်ဖန် ထပ်နာလိုလျှင် နာရန်ခွင့်ပြုသင့်ပါတယ်။ အဲဒါကလေးတွေလဲ အထူးသတိပြုကြစေလိုပါတယ်။

ယခုနှစ် ပြောလိုတဲ့ သြဝါဒစကားကတော့ ပြည့်စုံပါပြီ။ ကမ္မဋ္ဌာနာစရိယများက အကြံဉာဏ်ပေးလိုတာများရှိလျှင် ပေးကြစေလိုပါတယ်။ စာအုပ်ရိုက်တဲ့အခါကျမှ အဲဒီအကြံဉာဏ်ပေးချက်များကို ထည့်သွင်းပြီးရိုက်နှိပ်စေရမှာပဲ၊ ဒါကြောင့် ယခုပြောခဲ့တဲ့ ဝိနည်းအလေးပြုရေးအစရှိတဲ့ အချက်အလက်များကို အရိုအသေ လိုက်နာပြုကျင့်ကြလျက် ဆောင်ရွက်သောအားဖြင့် ပဋိပတ္တိသာသနာတော်ကို တိုးတက်ကြီးပွားအောင် ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com

ထုတ်ဝေသူ ။ ။ မင်္ဂလာဦးအောင်မြင့် ၅/၆ စိတ်မေတ္တာလမ်း
ဟာမစ်တစ်၊ကုက္ကိုင်း၊ရန်ကုန်မြို့၊
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ်(ဝ၃၄၁၆)

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၈၈၅၇)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ဗုဒ္ဓသာသနာအဖွဲ့. ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးလှမောင် M.A.,M.S.,B.L.,
(မှတ်ပုံတင်အမျှတ် ဝ၈၇၉)က ပုံနှိပ်သည်။

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏

ဩဝါဒကထာ

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
အခြေခံစကား	...	၁၃၅
မြော်လင့်ယုံကြည်ခဲ့တဲ့အတိုင်းမဟုတ်ဘူး	...	၁၃၆
အစကောင်းပေမယ့်အနောင်းချွတ်ယွင်း	...	၁၃၇
ဝိကာလဘောဇနသိက္ခာပုဒ်	...	၁၃၈
ညစာမစားခြင်းအကျိုး	...	၁၃၉
(၁) ဝိနည်းအလေးပြုရေး	...	၁၄၁
အရဏ်တက်သတိပြုရန်	...	၁၄၃
သင်္ခန်းရုံသွားဖို့	...	၁၄၆
ရွှေငွေကိုအပြစ်ကင်းအောင်အလှူခံဖို့	...	၁၄၇
အကပ်ခံရေး	...	၁၄၉
ကမ္မဋ္ဌာန်းဋ္ဌာနနှင့် နစ္စ,ဂီတ	...	၁၅၀
(၂) တရားအလေးပြုရေး	...	၁၅၀
မဂ်ဖိုလ်ရအောင်ညွှန်ပြဖို့	...	၁၅၂
ရဟန်းတော်နှင့်နတ်ကန်တော့ပွဲ	...	၁၅၃

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
(၄) အရှည်တည်တံ့ရေး ကမ္မဋ္ဌာန်းကျောင်းများ		... ၁၅၅
မူလရည်ရွယ်ချက်မပျောက်အောင်		... ၁၅၆
သံယောဇဉ်မမွေးဖို့		... ၁၅၈
သိမ်ထပ်, ကံထပ်ခြင်း		... ၁၅၉
(၅) အညီအညွတ်ဆောင်ရွက်ရေး		... ၁၆၀
တစ်မြို့တည်းကမ္မဋ္ဌာန်းဌာနခွဲတူ		... ၁၆၂
(၆) နောက်နှစ်အတွက်အစီအစဉ်		... ၁၆၃
(၇) ဟောပြောရေးစသည်အတွက်	ညွှန်ကြားရေး	၁၆၅
ဉာဏ်စဉ်တရားနာခွင့်		... ၁၆၆

မာတိကာပြီး၏

---

http://www.dhammadownload.com

၁၃၃၇-ခုနှစ်၊နတ်တော်လဆုတ်(၄)ရက်
ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌
"၂၆"ကြိမ်မြောက် နှစ်ပတ်လည်ပွဲအကြိုနေ့တွင်
ပေးကြားတော်မူသော

ညီဝါဒကထာ

[ဤညီဝါဒကထာတွင် ညနေပိုင်းမိန့်ကြားစဉ်က ကျန်နေသေးသည်ဝါဒများကို နောက်နေ့နံနက်၌ ဖြည့်စွက်မိန့်ကြားခဲ့သည့် အတိုင်း ဖြည့်စွက်ချက်များလည်းပါသည်။ စကားဝါကျများကို ပြင်ဆင်ချက် လျှော့ချက်များလည်းပါသည်။]

အခြေခံစကား

နှစ်ပတ်လည် ညီဝါဒခံယူပူဇော်ပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်အကြောင်းကို အယင်နှစ်များကလည်း ပြောခဲ့ပါပြီ၊ ယောဂီအဟောင်း အသစ်တွေ အချင်းချင်း တွေ့ဆုံခွင့်ရအောင် ဒါကလဲ ရည်ရွယ်ချက်တစ်ခုပါဘဲ၊ မိမိတို့အားထုတ်ခဲ့ဘူးတဲ့ နေရာဌာနသို့ ပြန်ရောက်လာပြီးတော့ အသစ်လိုပဲ စိတ်ဓာတ်ဖြစ်ပေါ်လာပြီး ရှုမှတ်နေကျတရားကို တက်တက်ကြွကြွနဲ့ အားထုတ်နိုင်အောင် ဒါကလဲ ရည်ရွယ်ချက်တစ်ခုပါပဲ၊ အဲဒီ ရည်ရွယ်ချက်များဖြင့် နှစ်ပတ်လည် ညီဝါဒခံယူပူဇော်ပွဲကို ကျင်းပစေခဲ့ပါတယ်။ ဟိုတုန်းကတော့ တပည့်ယောဂီတွေနဲ့ ကမ္မဋ္ဌာန်းဆရာတွေက အလွန်နည်းပါသေးတယ်၊ ယခု

http://www.dhammadownload.com

တော့်တပည့်ယောဂီတွေရော ဆရာတွေရော ပရိသတ်ကလည်းများလာတဲ့အတွက် အဲဒီမူလရည်ရွယ်ချက်လောက်တွင်မကဘူး၊ သြဝါဒခံယူပူဇော်ပွဲဆိုတဲ့အတိုင်း သြဝါဒပေးဖို့ရာကိစ္စလည်းပေါ်လာပါတယ်။

မြော်လင့်ယုံကြည်ခဲ့တဲ့အတိုင်းမဟုတ်ဘူး

ပဌမ တရားပြကာစဆီက ဆိုလို့ရှိယင် "တရားအားထုတ်ထားတဲ့သူတွေဟာ တရားထူး ဉာဏ်ထူးအဆင့်သို့ မရောက်သေးစေကာမူ သဒ္ဓါတရားဖြစ်လောက်တဲ့ ဝိပဿနာဉာဏ်အဆင့်လောက်ရောက်လာယင် အဲဒီပုဂ္ဂိုလ်တွေမှာ စိတ်ဓာတ်တွေ ပြောင်းလဲပြီး အစဉ်တစိုက်ကောင်းသွားကြလိမ့်မယ်"လို့ မြော်လင့်ပါတယ်၊ ယုံကြည်ခဲ့ပါတယ်။ "ပရိယတ္တိစာသင်တိုက် ဌာနများမှာတော့ စိတ်ဓာတ်ပြုပြင်ရေးက မပါတဲ့အတွက် စာသင်သားတပည့်အချင်းချင်းလဲ မညီမညွတ်ဖြစ်တတ်တယ်၊ ဆရာနဲ့တပည့်လဲ မညီမညွတ်ဖြစ်တတ်တယ်၊ ဒါကတော့ အရပ်တိုင်း အရပ်တိုင်းမှာ မျက်မြင်တွေ့နေရတာတာတွေပဲ၊ ပဋိပတ္တိဌာနများမှာလည်း သဘာဝကျကျအားမထုတ်ယင် အဲဒီလိုဖြစ်ကြမှာပဲ သတိပဋ္ဌာန်နည်းအရဝိပဿနာပြနေတဲ့ဌာနမှာတော့ သဘာဝကျကျအားထုတ်ထားတဲ့ယောဂီတွေမှာ လူ ဖြစ်ဖြစ်၊ ရဟန်း ဖြစ်ဖြစ်၊ မဂ်ဖိုလ်ဉာဏ်တရားထူးကို မရောက်သေးစေကာမူ(ရောက်ပြီးဆိုယင်တော့ ပြောစရာမလိုပါဘူး) သဒ္ဓါတရားဖြစ်လောက်တဲ့ ဝိပဿနာဉာဏ်လောက်ရောက်ယင်ကို စိတ်ဓာတ်တွေပြောင်းလဲပြီးတော့ အရွှပ်အထွေးမရှိပဲ အစဉ်တစိုက်ညီညွတ်ပြီး ကောင်းသွားလိမ့်မယ်"လို့ ဘုရားတပည့်တော်ဟာအစတုန်းကမြော်လင့်ခဲ့ပါတယ်၊ အဲဒီတုန်းက တကယ်ကို မြော်လင့်ခဲ့တာပါ၊ ဒါပေမယ့် ယခုပရိသတ်တွေများလာတော့

http://www.dhammadownload.com

အဲဒီမြော်လင်းချက် အတိုင်း သိပ်မဟုတ်လှဘူး၊ ချို့ယွင်းသူတွေက ပေါ်ပေါ်လာတယ်၊ လွန်ခဲ့တဲ့ ၂-နှစ်၊ ၃-နှစ်လောက်ကဘဲ ဆိုပါတော့ အဲဒီလောက် အတွင်းကမှ ချို့ယွင်းတာတွေပိုပြီး ထင်ရှားလာတယ်။

အစကောင်းပေမယ့် အနှောင်းချို့ယွင်း

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူကာစ သာသနာတော် အဦးအစက ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေဟာ သဒ္ဓါရော၊ တရားဂုဏ်အဆင့်ရော ပြည့်စုံကြပါတယ်။ ရဟန္တာပုဂ္ဂိုလ်တွေလည်းများခဲ့ပါတယ်။ အဲဒီတုန်းက ဝိနည်းသိက္ခာပုဒ်တော်ဟာ ပြောလောက် ဆိုလောက်အောင် မရှိခဲ့သေးဘူး၊ ဝိကာလဘောဇန သိက္ခာပုဒ်ဆိုတာကို ပဌမအစက မပညတ်ခဲ့သေးဘူး၊ ပညတ်တဲ့အခါကျတော့လဲနေမွန်းလွဲတဲ့ညနေပိုင်း မစားဖို့ ရှေးဦးစွာပညတ်ပြီးတော့ အတော်အတန်ကြာမှ ညပိုင်းမစားဖို့ ပညတ်တော်မူခဲ့ပါသတဲ့၊ အဲဒီသိက္ခာပုဒ်မရှိသေးမီကဆိုယင် သီလသိက္ခာ အလေးပြုတဲ့ ပုထုဇဉ် အရိယာများက နေမွန်းလွဲတဲ့အခါ မစားဘဲ ကြဉ်ရှောင်နေကြပေမယ့် အချို့ကတော့ ညနေပိုင်းရော ည၌ပိုင်းရော ဆွမ်းခံပြီး စားနေကြပါသတဲ့၊ မဇ္ဈိမပဏ္ဏာသပါဠိတော် လဋ္ဌကိကောပမသုတ်မှာ (ကိုယ်ကာယ ကြီးမားတဲ့အတွက် မဟာဥဒါယီခေါ်တဲ့) အရှင်ဥဒါယီမထေရ်က မြတ်စွာဘုရားအား ဒီလိုလျှောက်ပါတယ်။

"မြတ်စွာဘုရားဟာငါတို့၏ များစွာသော ဆင်းရဲကြောင်းတို့ကို ပယ်ရှားတော်မူပါပေစွတကား၊ ငါတို့အား များစွာသော ချမ်းသာကြောင်းတို့ကို ဆောင်ပေးတော်မူပါပေစွတကား" စသည်ဖြင့် ကြည်ညိုသဒ္ဓါဖြစ်ပုံကို လျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားပြီးတော့

http://www.dhammadownload.com

ဆင်းရဲကြောင်းတွေကို ပယ်ပြီး ချမ်းသာကြောင်းတွေ ဆောင်ပေးပုံကို ဒီလိုဆက်လျှောက်ပါတယ်။

ဝိကာလဘောဇနသိက္ခာပုဒ်

မြတ်စွာဘုရား တပည့်တော်တို့ဟာ ရှေးအခါက ညချမ်းအချိန်၌ စားကြပါတယ်။ နံနက်အချိန်၌လည်း စားကြပါတယ်။ နေ့ခင်း မွန်းလွဲအချိန်၌လည်း စားကြပါတယ်။ တစ်ခါက မြတ်စွာဘုရားဟာ နေ့ခင်း မွန်းလွဲအချိန်၌ စားခြင်းကိုပယ်စွန့်ရန် မိန့်တော်မူပါတယ်။ အဲဒီအခါ တပည့်တော်မှာ စိတ်မချမ်းမသာဘဲ တစ်မျိုးတစ်မည် ဖြစ်ခဲ့ပါတယ်။ နေ့ခင်းမွန်းလွဲအချိန်မှာ သဒ္ဓါတရားရှိတဲ့ ဒကာတွေက မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို လှူကြတယ်၊ အဲဒါကို မြတ်စွာဘုရားက ပယ်ဖို့ မိန့်တော်မူတယ်လို့ ဆင်ခြင်ပြီး နှလုံးမသာဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တပည့်တော်တို့ဟာ မြတ်စွာဘုရားအပေါ်မှာ ခင်မင်ကြည်ညိုခြင်း၊ ရိုသေခြင်း၊ ရှက်ကြောက်ခြင်းကို ရှုမြင်ကာ ဖြစ်စေလျက် အဲဒီ နေမွန်းလွဲ နေ့ခင်းစားခြင်းကို ပယ်ခဲ့ကြပါတယ်။ ညချမ်းနှင့် နံနက်အချိန်၌သာ စားနေကြပါတယ်။ နောက်တချိန်ကြတော့ မြတ်စွာဘုရားက ညဉ့်အချိန်စားခြင်းကို ပယ်စွန့်ရန် မိန့်တော်မူပြန်ပါတယ်။ အဲဒီအခါမှာလည်း တပည့်တော်မှာ စိတ်မချမ်းမသာဘဲ တစ်မျိုးတစ်မည်ဖြစ်ခဲ့ပါတယ်။ ညဉ့်အချိန်မှာလှူတဲ့ဆွမ်းနဲ့ဟင်းက သာပြီးကောင်းတယ်၊ အဲဒီဆွမ်းဟင်းကိုလည်း မြတ်စွာဘုရားက ပယ်ဖို့ မိန့်တော်မူပြန်တယ်လို့ ဆင်ခြင်ပြီး နှလုံးမသာဖြစ်ခဲ့ပါတယ်။ ညဉ့်အချိန်မှာ ချက်ပြုတ်စားကြတဲ့ ထမင်းဟင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ အဲဒါကိုမစားရဘူးလို့ မိန့်တော်မူတဲ့အတွက် နေလို့ ဖြစ်မှဖြစ်ပါမလားလို့

http://www.dhammadownload.com

ဆင်ခြင်ကြံတွေးပြီး နှလုံးမသာဖြစ်ခဲ့ရပါတယ်။ဒါပေမယ့် မြတ်စွာဘုရားအပေါ်မှာ ခင်မင်ကြည်ညိုခြင်း၊ ရိုသေခြင်း၊ ရှက်ကြောက်ခြင်းကို ရှမြင်ကာဖြစ်ပေါ်စေလျက် ညဉ့်အချိန်စားခြင်းကိုလည်း ပယ်ခဲ့ကြပါတယ်လို့ လျောက်ပြီးတော့ အဲဒီဝိကာလဘောဇန ၂-မျိုးကို ပယ်တဲ့အတွက် တွေ့ရတဲ့ အကျိုးအာနိသင်များကိုလည်း ဒီလိုဆက်လျှောက်ပြန်ပါတယ်။

ညစာမစားခြင်းအကျိုး

ညဉ့်မှောင်မိုက်ထဲမှာ ဆွမ်းခံသွားကြတဲ့ ရဟန်းများဟာ ရေပုပ်ရေဆိုးတွင်းထဲ ခွံ့ဗွက်ထဲလဲ ကျရောက်ကြတယ်၊ ဆူးစည်းရိုးကိုလည်း နင်းမိကြတယ်၊ အိပ်နေတဲ့နွားကိုလဲ နင်းမိကြတယ်၊ သူခိုး ဓါးမြ လူဆိုးတို့နှင့်လည်း တွေ့ကြရတယ်၊ တစ်ခါကတော့ တပည့်တော် ညဉ့်မှောင်မိုက်ထဲ ဆွမ်းခံသွားနေစဉ်မှာ အိုးခွက် ဆေးနေတဲ့ မိန်းမက လျှပ်ရောင်ဖြင့် တွေ့မြင်ပြီး "တစ္ဆေကြီးပါတော့ သေပါပြီ"လို့ အလန့်တကြား ဟစ်အော်လိုက်ပါတယ်၊ အဲဒီတော့ တပည့်တော်က "ငါတစ္ဆေမဟုတ်ဘူး၊ ရဟန်းပါ၊ ဆွမ်းခံလာတာပါ"လို့ ပြောလိုက်ပါတယ်။ "ရဟန်းမှာ အမေ အဖေတွေသေကုန်ရော့လား၊ ညဉ့်မှောင်မိုက်ထဲ ဝမ်းရေးအတွက် ဆွမ်းခံတာထက် ဝမ်းဗိုက်ကို သားလိုးမားဖြင့် လိုးလိုက်တာက ကောင်းသေးတယ်"လို့ အဲဒီမိန်းမက ဆိုပါတယ်။

အဲဒီလို ဒုက္ခရောက်ရတာတွေ ရှုတ်ချပြီး အပြောအဆိုခံရတာတွေကို ပြန်လည်စဉ်းစားကြည့်လိုက်တော့ "မြတ်စွာဘုရားဟာ ငါတို့၏ များစွာသော ဆင်းရဲကြောင်းတို့ကို ပယ်ရှားတော်မူပါပေ

http://www.dhammadownload.com

တယ်” စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်မိကြောင်း ဥဒါယီမထေရ်က လျောက်ပါတယ်။ အဲဒါကို ထောက်ဆကြည့်ယင် သာသနာတော်အစပိုင်းတုန်းက အရှုပ်အထွေးမရှိသေးလို့ သိက္ခာပုဒ်တွေများစွာ မပညတ်ရသေးကြောင်းသိရပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက တဆယ့်နှစ်ဝါမြောက်မှာ ဝေရဉ္ဇရာမြို့၌ ဝါကပ်စဉ်က သိက္ခာပုဒ်ပညတ်ဖို့ရာ အရှင်သာရိပုတ္တရာမထေရ်မြတ်က လျောက်ထားတောင်းပန်တယ်၊ မြတ်စွာဘုရားက ပညတ်ရန် အချိန်မရောက်သေးကြောင်း မိန့်တော်မူတယ်၊ အဲဒါကို ထောက်ဆကြည့်ယင်လဲ သာသနာတော်အစပိုင်းတုန်းက သိက္ခာပုဒ်များများ မရှိခဲ့သေးကြောင်းသိရပါတယ်။

အဲဒါလိုပဲ ဝိပဿနာကမ္မဋ္ဌာန်းပြရာမှာလည်း အစပိုင်းတုန်းက တော်တော်ဟန်အကျသားပါပဲ၊ အရှုပ်အထွေးမရှိခဲ့ပါဘူး၊ နောက်ပိုင်းကျတော့ အချို့ အနည်းငယ် သော ပုဂ္ဂိုလ်တွေက ချို့ယွင်းလာတာကိုတွေ့ရပါတယ်။ အဲဒီချို့ယွင်းချက်များကို အကြောင်းပြုပြီးတော့ ဩဝါဒပေးဖို့ရာ လိုလာပါတယ်၊ အစကတော့ ဒီလိုရည်ရွယ်ချက် မရှိခဲ့ပါဘူး၊ ကိုယ့်တပည့် ပရိသတ်တွေအပေါ်မှာ စိတ်ချယုံကြည်လာခဲ့ပါတယ်။ ဒီလိုချို့ယွင်း ချက်တွေမဖြစ်နိုင်ဘူးလို့ ထင်မြင်လာခဲ့ပါတယ်။ ယခု ချို့ယွင်းချက် တွေကို တွေ့ရတဲ့အခါကြတော့မှ ဟိုတုန်းက ယုံကြည်စိတ်ချပြီး ထင်မြင်ခဲ့တာဟာ ကိုယ့်တပည့်တွေကို အထင်ကြီးရာရောက်နေကြောင်း ပေါ်လာပါတယ်။

http://www.dhammadownload.com

(၁) ဝိနည်းအလေးပြုရေး

ယခုသြဝါဒပေးဖို့ကတော့ အယင်က ပေးနေကျ သြဝါဒခေါင်းစဉ်ခုနှစ်ပါးဖြင့်ပင် ပြည့်စုံနေပါပြီ၊ အဲဒီခုနစ်ပါးထဲက အမှတ်(၁)အရ ဝိနည်းကိုအလေးပြုရေးဆိုတာ အရေးကြီးပါတယ်၊ အရှင်ဘုရားတို့ဟာ ဝိနည်းကိုတတ်သိကြပြီးချည်းဖြစ်ပါတယ်။ ဒါပေမယ့် ပြည့်စုံသည်ထက်ပြည့်စုံအောင် ထပ်ပြီးလေ့လာဖို့လိုပါတယ်၊ ဘာကြောင့်ဒီလိုပြောရသလဲဆိုတော့ စာပေကျမ်းဂန်တတ်၊ စာချဆရာတော်ကြီးတစ်ပါးက ဝိနည်းအဆုံးအဖြတ်စာအုပ်တစ်ခု ရေးထုတ်တာကို တွေ့ရပါတယ်၊ အဲဒီစာအုပ်ထဲမှာ မှတ်သားလောက်တဲ့ အဆုံးအဖြတ်တွေလဲတော်တော်များများ ပါပါတယ်၊ ဒါပေမယ့် မမှားသင့်ရာမှာ မှားပြီးရေးသား၊ ဆုံးဖြတ်ထားတာတွေကိုလဲ တွေ့ရတယ်၊ သာသနာတော်အတွက် ဝမ်းနည်းစရာပါပဲ၊ တွေ့ရတာတစ်ခုကတော့ **ဝိကာလဘောဇန သိက္ခာပုဒ်**နှင့်စပ်ပြီး သတ္တာဟာ ကာလိကအကြောင်း မှားယွင်းစွာ ရေးသားဆုံးဖြတ်ထားချက်ပါပဲ။

အဲဒီမှာ ရေးသားပုံက "သတ္တာဟာကာလိကကို အာဟာရအတွက် အကပ်ခံပြီး ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းတယ်၊ ဆေးအတွက်ဆိုယင်တော့ တသက်ပတ်လုံးသုံးဆောင်ကောင်းတယ်" တဲ့၊ အဲဒီ ဆုံးဖြတ်ချက် မှားယွင်းကြောင်း ဝိနည်းတတ်သိကြတဲ့ အရှင်ဘုရားတို့လည်း သိကြမှာပါပဲ၊ အမှန်ကတော့ သတ္တာဟာကာလိကကို အကပ်ခံပြီး ခုနစ်ရက်အတွင်း သုံးဆောင်ရတယ်ဆိုတာဟာ ဆေးအဖြစ်ဖြင့် သုံးဆောင်ရတာကို ဆိုတာပါ။ အာဟာရအတွက်မဟုတ်ပါဘူး၊ သတ္တာဟာ ကာလိကကို နေမွန်းလွဲတဲ့အခါ အာဟာရအတွက်

http://www.dhammadownload.com

အကပ်ခံယင် ဒုက္ကဋ္ဌအာပတ်သင့်တယ်၊ စားသောက်ယင်လည်း ဒုက္ကဋ္ဌ အာပတ်သင့်တယ်၊ အဲဒီ အနက်အဓိပ္ပါယ်ဟာ **"ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိဒုက္ကဋဿ"** လို့ ဝေဖန်ပြထားတဲ့ **ဝိကာလဘောဇန သိက္ခာပုဒ်**၏ ပဒဘာဇနီယဝိဋ္ဌိ ဖြင့်ပင် အလွန်ထင်ရှားနေပါတယ်။

နောက်ပြီးတော့ သတ္တာဟကာလိကကို ဆေးအတွက်အကပ်ခံပြီး ခုနစ်ရက်အတွင်းသာသုံးဆောင်ရတယ်၊ ခုနစ်ရက်ထက် ပိုလွန်ပြီးထားလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်တယ်ဆိုတာလဲ **"ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ။ပ။ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ"** ဆိုတဲ့ ပါတိမောက် သိက္ခာပုဒ်ဖြင့်ပင် ထင်ရှားနေပါတယ်။

ဒါလောက်ထင်ရှားနေပါလျက်နဲ့ အဲဒီစာအုပ်မှာ "သတ္တာဟကာလိကကို အာဟာရအတွက် အကပ်ခံပြီး ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းကြောင်း၊ ဆေးအတွက်ဆိုလျှင်တော့ တစ်သက်ပတ်လုံး သုံးဆောင်ကောင်းကြောင်း" မှားယွင်းစွာရေးထားတာဟာ အလွန်ပင် အံ့သြစရာကောင်းပါတယ်။ အဲဒီကျမ်းဆရာ ကိုးကားထားတာကတော့ သာရတ္ထဒီပနီဋီကာပါဠိပါဘဲ။ အဲဒီဋီကာကတော့ သူယူဆတဲ့အတိုင်း ဆိုလိုတာမဟုတ်ပါဘူး၊ ဝိနည်းပါဠိ အဋ္ဌကထာများအတိုင်းပင် ထပ်ဆင့်ဖွင့်ပြထားချက်မျှသာဖြစ်ပါသည်။

http://www.dhammadownload.com

ယခုပြောခဲ့တဲ့ မှားယွင်းသော အဆုံးအဖြတ်ကို ယုံကြည်ပြီးတော့ သတ္တာဟကာလိကကို အာဟာရအတွက် သုံးဆောင်ယင် ဆေးအတွက် ခုနစ်ရက်ကျော်လွန်ပြီး သုံးဆောင်ယင် အာပတ်သင့်ရုံမျှ မကဝိနည်းကိုလဲ မရှိသေရာရောက်ပါလိမ့်မယ်၊ ဒီလိုဝိနည်းကို မရှိမသေဆုံးဖြတ်ပြီး မရှိမသေ ပြုကျင့်သွားကြယင် ဝိနည်းကျင့်ဝတ်တွေ ပျက်သွားဖို့ သေချာပါတယ်။

ယခုပြောခဲ့တာက ပုံစံတစ်ခုအနေနဲ့ ထုတ်ပြတာပါပဲ၊ ဝိနည်းသိက္ခာပုဒ်တွေနဲ့စပ်ပြီး အကျယ်ဝေဖန်ပြောဖို့တော့ အချိန်မရှိပါဘူး၊ မိမိတို့ လေ့လာတတ်သိပြီး ဖြစ်သည့်အတိုင်း ရှိသေစွာ ကျင့်သွားကြဖို့ပါပဲ။ အချိန်ရပါလျှင် ဝိနည်းကိုအထပ်ထပ် လေ့လာပြီးတတ်သိသည့်အတိုင်း ကျင့်သုံးသွားကြဖို့ပါပဲ၊ အရေးကြီးတာကလေး သုံးလေးခုလောက်တော့ ပြောချင်ပါသေးတယ်။

အရဏ်တက်သတိပြုရန်

ယာဝကာလိက ဆိုယင် နံနက်အရဏ်တက်ပြီးမှ အကပ်ခံပြီး သုံးဆောင်ရတယ်၊ အရဏ်မတက်ခင်က အကပ်ခံထားယင် အရဏ်တက်တဲ့အခါ သန့်ဓိဖြစ်သွားတယ်၊ အဲဒါကို မစားကောင်းတော့ဘူး၊ စားယင် သန့်ဓိ သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်၊ အရဏ်မတက်ခင် စားယင်တော့ ဝိကာလဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်၊ တစ်နေ့လုံး၊ တစ်ညဉ့်လုံးမစားပဲ ရှောင်ကြဉ်လာခဲ့ပြီးမှ အရဏ်တက်ခါနီး တစ်နာရီခန့်၊ နာရီဝက်ခန့် အတွင်းမှာ စားသုံးမိလို့ အာပတ် သင့်ရတယ်ဆိုယင် တစ်နေ့လုံး တစ်ညလုံးရှောင်ကြဉ်လာခဲ့တာတွေ ဟာအလကားလိုဖြစ်သွားတယ်၊ ဝမ်းနည်းစရာဘဲ။

http://www.dhammadownload.com

ဝိနယလင်္ကာရဋ္ဌီကာမှာ အရဏ်ချိန်နှင့်စပ်ပြီး ဆုံးဖြတ်ထား တာရှိပါတယ်။ သင့်လဲသင့်ပါတယ်၊ နေမထွက်မီ(၁)နာရီ၊(၂)နာရီ ခန့်ဖြင့် အရဏ်တက်သည်ဟု သတ်မှတ်အပ်ကြောင်း ပြဆိုထားပါ တယ်။ အဲဒီမှာ ၁-နာရီ၊ ၂-နာရီဆိုတာက ဘာနာရီလဲဆိုရင် အဲဒီ ဋ္ဌီကာရေးတဲ့ခေတ်တုန်းက မြန်မာပြည်မှာ စက်နာရီမပေါ်သေးဘူး၊ နေ့နာရီ ၃၀၊ညဉ့်နာရီ ၃၀ ဆိုတဲ့မြန်မာနာရီကို အသိအမှတ်ပြုနေကြတဲ့ အခါဖြစ်တယ်၊ ဒါကြောင့် အဲဒီ ဋ္ဌီကာမှာ ပြဆိုထားတဲ့နာရီဟာ မြန်မာ နာရီဖြစ်ကြောင်းသိသာပါတယ်။ အဲဒီမြန်မာနာရီ ၁-နာရီမှာ ယခုစက် နာရီဖြင့် ၂၄-မိနစ်ရှိတယ်၊ ဒါကြောင့် မကြာမီက မင်းဘူးမှ ဆရာတော် တစ်ပါးက ရေးသားစီရင်တဲ့ အရဏ်တက်ချိန် အဆုံးအဖြတ်စာအုပ် မှာ နေမထွက်မီ ၂၄-မိနစ်၌ အရဏ်တက်ကြောင်း ဆုံးဖြတ်ထားပါ တယ်။

ဒါပေမယ့်နေထွက်ပုံကို ထင်ရှားစွာမြင်ရတဲ့ အရပ်မှာဆိုယင် မိမိတို့၏ မျက်မြင်ဖြင့်ပင် နေမထွက်မီ မည်မျှလောက်အချိန်က အရဏ် ရောင် ထွက်ပေါ်လာတယ်ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။ အရဏ် ရောင်ဆိုတာ နေမထွက်မီကပေါ်လာတဲ့ နေ၏အရောင်ဖြစ်ကြောင်း၊ စဉ်းငယ်နီတဲ့အရောင်ဖြစ်ကြောင်း အဘိဓာန်ကျမ်း စသည်မှာ (သူရသောဒယတော ပုဗ္ဗ-ဒ္ဒိတရံသိ သိယာရဏော) စသည်ဖြင့် လည်းကောင်း၊ (အရဏော ကိဠိရတ္တော)ဟူ၍ လည်းကောင်း၊ပြဆို ထားပါတယ်။ ဒါကြောင့် နံနက်လင်းစပြုတဲ့အချိန်မှာ နေထွက်မည့် အရပ်ဆီကို စောင့် မျှော်ကြည့်နေယင် နေမထွက်မီ မိနစ် ၅၀-ခန့် လောက်မှာ စဉ်းငယ်နီ သောအရောင်ပေါ်လာတာကို တွေ့ရပါလိမ့်မယ်၊ အဲဒီစဉ်းငယ်နီတဲ့ အရောင်ပီပီသသ ပေါ်လာတဲ့အချိန်ကို အရဏ်တက်

http://www.dhammadownload.com

ချိန်လို့ မှတ်ယူ နိုင်ပါတယ်၊ စက်နာရီအလိုအားဖြင့် နေမထွက်မီ မိနစ် ၅၀ခန့်.အချိန် မှာ အဲဒီအရောင်ကို တွေ့.မြင်ရတတ်ပါတယ်။ ဒါကြောင့်နေမထွက် မီ မိနစ် ၅၀-ခန့်.အချိန်ကို အစောဆုံး အရုဏ်တက်ချိန်လို့ မှတ်ယူသင့်ပါတယ်။ ဒါပေမယ့် ရှင်,ရဟန်းများ ဥပုသ်သည်များမှာ အဲဒီ အချိန်ထက် ၅-မိနစ်၊ ၁၀-မိနစ်ခန့် နောက်ကျပြီး စားသုံးလျှင် သာပြီး သံသယကင်းဖွယ်ရှိပါတယ်။

နေထွက်ချိန်နာရီကိုတော့ မြန်မာလနှင့် ကိန်းသေမှတ်ထားယင် အတိအကျမဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မြန်မာလက ဝါထပ် ပြီးကာစမှာ အချိန်မှန်ပေမယ့် တစ်နှစ် တစ်နှစ်မှာဆိုယင် ၁၁-ရက် သာသာလောက် စောစောလာပါတယ်။ ၃-နှစ်ခန့်.၂၂-နှစ်ကျော်ခန့်မှာ ရက် ၃၀-လောက်စောနေတဲ့အတွက် ပဌမဝါဆိုတစ်လလုံးကိုပယ်ပြီး ဒုတိယဝါဆိုတစ်လ ထပ်ရတယ်၊ ဒါကြောင့် မြန်မာလနှင့်ဆိုယင် နေ ထွက်ချိန်ဟာ အတိအကျ မှတ်ယူထားလို့ မဖြစ်ပါဘူး။ ယခုနေအခါမှာ ကမ္ဘာသုံးလဖြင့် ရက်စဉ်အတိုင်း နေထွက်ချိန် နာရီ-မိနစ်များကို အတိအကျပြထားတဲ့ စာရင်းဇယားတွေရှိပါတယ်၊ အဲဒီစာရင်းဇယား အရက နေထွက်ချိန်ပိုပြီး တိကျပါတယ်။ ဒါကြောင့် အဲဒီနေထွက်ချိန် စာရင်းဇယားဖြင့် နေမထွက်မီ ၄၅-မိနစ်ခန့်၊ ၄၀-မိနစ်ခန့်မှာ အရုဏ် တက်တယ်လို့ ယူယင် သင့်လျော်ပါလိမ့်မယ်၊ ဒါပေမယ့် ဆောင်းရာသီမှာ မြန်မာပြည် တောင်ပိုင်းက နေထွက်စောတယ်၊ နွေရာသီမှာ မြောက် ပိုင်းက စောတတ်တယ်၊ အဲဒီနေထွက် အပြောင်းအလဲကိုလဲ သတိပြု သင့်ပါတယ်။

http://www.dhammadownload.com

အဲဒီအရုဏ်တက်ချိန်ဟာ ဝိကာလဘောဇနသိက္ခာပုဒ်အတွက် အရေးကြီးသည့်အပြင် ပရိဝတ် မာနတ်ဆောက်တည်ရာမှာလည်း အရေးကြီးပါတယ်။ အရုဏ်မတက်သေးဘဲ ပရိဝတ်မာနတ်ကို ချမိယင် အဲဒီရက်ဟာ ရတ္တိစ္ဆေဒဖြစ်သွားပါတယ်။ စာရင်းမှဝင်တော့ပါဘူး၊ ဒါကြောင့်ပရိဝတ် မာနတ်အတွက်ဆိုယင် နေမထွက်မီ စက်နာရီဖြင့် တစ်နာရီခွဲခန့်က ဆောက်တည်ပြီးတော့ နေထွက်ခါနီး မိနစ်(၂၀) လောက်မှ ဝတ်ကိုချယင် သာပြီးစိတ်ချရပါတယ်။

သင်္ကန်းရုံသွားဖို့

နောက်တစ်ခုကတော့ ကျောင်းဝင်းမှ ထွက်ခွါသွားယင် သင်္ကန်းရုံသွားဖို့ပါပဲ၊ အဲဒါက အလွန်ကျေးဇူးများပါတယ်။ ဒါကြောင့် မဟာစည် စည်းမျဉ်းဥပဒေထဲမှာ အဲဒါကို ထည့်သွင်းထားပြီးရှိနေပါတယ်။

နောက်ပြီးတော့ ပရိမဏ္ဍလပါရုပနအရာ၌ ပါဠိကာရက ရဟန်းကဲ့သို့ လက်ဝဲလက်မောင်းကိုဖော်၍ ဇကသီကို မရုံမိစေရန် သတိပြုကြဖို့ပါပဲ၊ အဋ္ဌကထာမှာ အဝန်းညီစွာ ရုံပုံကို ဖွင့်ပြထားပုံကတော့ သုပဋိဆန္နသိက္ခာပုဒ်မှာလိုဘဲ ဥဘောကဏ္ဏေ သမံ ကတွာ ပါရုပနံလို့ ပြဆိုထားပါတယ်။ ပဋိသဃ်ရိတွာ၊ ခေါက်လိပ်၍ ဆိုတဲ့ ပုဒ် မပါတာလောက်ပဲ ထူးပါတယ်။ ဒါကြောင့် အရိုအသေရုံသင့်ရာ ဌာနများအတွက် ရုံတဲ့အခါမှာ အထက်ပိုင်း သင်္ကန်းအစွန်း ၂-ခုကို အညီအညွတ်ပြုပြီး သုပဋိဆန္နရုံတာလိုပင် လက်ဝဲလက်မောင်းကို ရစ်ပတ်ပြီးရုံတာဟာ အဋ္ဌကထာအဆိုနှင့်ညီပါတယ်၊ ဇကံသဲ့ စီဝရံ ကတွာအရ ရုံရာမှာလည်း ဒီနည်းဖြင့် ရုံတာဟာ အလွန်သင့်လျော်

http://www.dhammadownload.com

ပါတယ်။ အဲဒီလိုမဟုတ်ပဲ အများရုံနည်းဖြင့် ရုံယင်လဲ လက်ဝဲလက်မောင်းလုံခြုံနေယင် သင့်တော်တယ်လို့ ယူရမှာပါပဲ၊ အဲဒီ ဧကံသပါရုပနဟာ ဘုရားဆင်းတုတော်ရှေ့၊ စေတီတော်ရှေ့၊ မထေရ်ကြီးများရှေ့ ၌ အရိုအသေပြုသောအားဖြင့် ရုံပုံရုံနည်းပါပဲ၊ မြို့ထဲ ရွာထဲမဟုတ်ယင် အရိုအသေပြုသင့်တဲ့ နေရာဌာနမှာ အဲဒီ ဧကံသပါရုပနဖြင့် အရိုအသေပြုရပါတယ်။ ဥဘောအံသပါရုပနနည်း၊ သင်္ကန်းရုံလျက် အရိုအသေပြုတာကတော့ မသင့်လျော်ပါဘူး၊ ဘာကြောင့်လဲဆိုယင် အရိုအသေပြုသင့်တဲ့ အရာတိုင်းမှာ ဧကံသံစီဝရံ ကတွာ-လို့ချည်းဟောတော်မူသောကြောင့်ပါပဲ၊ နောက်တစ်ခုကတော့ ဘုရားရှေ့၊ မထေရ်ကြီးများရှေ့နဲ့ သံဃာ့အလယ်တို့မှာ ဒူးတစ်ဖက်ကိုဖြစ်စေ၊ ၂-ဖက်လုံးကိုဖြစ်စေ၊ လက်နှစ်ဖက်ဖြင့် ပိုက်ပြီးထိုင်တဲ့ ပလ္လင်္ကထိုင်နည်းဖြင့် မထိုင်မိစေရန်လည်း သတိပြုကြစေလိုပါတယ်။

ရွှေငွေကို အပြစ်ကင်းအောင် အလှူခံဖို့.

နောက်တစ်ခုက ရွှေငွေကို နဝကမ္မဆိုပြီး ဒကာ ဒကာမတွေက လှူရာမှာ အပြစ်ကင်းတဲ့နည်းဖြင့် အလှူခံဖို့ သိမ်းထားဖို့ သုံးစွဲဖို့ပါပဲ၊ အဲဒါကလဲအလွန်အရေးကြီးပါတယ်။ အဲဒီအကြောင်းကို အရှင်ဘုရားတို့လဲ လေ့လာပြီးဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ပြည့်စုံသည်ထက် ပြည့်စုံအောင် ထပ်ပြီးလေ့လာကြစေလိုပါတယ်။ ပါဠိတတ်တဲ့ ဆရာတော်တွေဆိုယင် ပါဠိအဋ္ဌကထာ ဋီကာများကို ထပ်မံကြည့်ရှုပြီး လေ့လာကြရုံပါပဲ၊ ပါဠိမှာ ကောင်းကောင်း မကျွမ်းကျင်ယင်လည်း ယခုနေအခါမှာ မြန်မာဘာသာဖြင့်ရေးထားတဲ့ ဝိနည်းဆိုင်ရာကျမ်းစာအုပ်တွေရှိပါတယ်။ မန္တလေးတောင်မြို့က ဆရာတော် အရှင်

http://www.dhammadownload.com

ဇနကာဘိဝံသ ရေးထားတဲ့ ဝိနည်းဆိုင်ရာ ကျမ်းစာအုပ်တွေဆိုယင် သာပြီး သိလွယ်ပါလိမ့်မယ်။

အပြစ်ကင်းအောင် အလှူခံနည်း အကောင်းဆုံးကတော့ ဝိနည်းမဟာဝါ(၃၄၂)မှာ ပြထားတဲ့ (သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ **"ကွာမိနာ အယျဿယံ ကပ္ပိယံ၊ တံ ဒေထာ"**တိ၊ အနုဇာနာမိ ဘိက္ခဝေ ယံ တတောကပ္ပိယံ၊ တံ သာဒိတုံ) ဆိုတဲ့ ခွင့်ပြုတော်မူချက် မေဏ္ဍကသိက္ခာပုဒ်အရ (ဤဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတံ့သော ရဟန်းတော်တို့အား အပ်စပ်သော ဆွမ်း၊သင်္ကန်းစသော လိုရာရာပစ္စည်းတို့ကို အရှင်ဘုရားအား လှူပါ၏။ ဝတ္ထုငွေတို့ကို အရှင်ဘုရား၏ ကပ္ပိယကာရကထံ၌ အပ်နှံ၍ထားပါမည်။ အလိုရှိသော ဆွမ်း၊သင်္ကန်းစသည်ကို ထိုကပ္ပိယကာရကထံမှ တောင်းယူ၍ သုံးဆောင်တော်မူပါ)လို့ ဆိုပြီး လှူတာဟာ အကောင်းဆုံးပါပဲ၊ အဲဒီလိုဆိုကာ လှူပြီးတော့ ကပ္ပိယကာရကထံမှာ အပ်နှံထားခဲ့ယင် အလိုရှိသောပစ္စည်းကို အဲဒီကပ္ပိယကာရကထံမှ တောင်းယူသုံးစွဲနိုင်တယ်၊ အပြစ်မရှိ စင်ကြယ်ပါတယ်။ နဝကမ္မအား လှူပါ၏လို့ဆိုပြီး လှူပေမယ့် သိမ်းမူ သုံးစွဲမှုနှင့်စပ်ပြီး အပ်စပ်ဖို့ လိုပါသေးသည်။ ဟိုနားမှာထားလိုက်၊ ဘယ်သူ့ထံပေးလိုက်စသည်ဖြင့် ညွှန်ကြားပြီး သိမ်းယင် အဲဒါမအပ်စပ်ဘူး၊ သုံးတဲ့အခါလဲ အရောင်းအဝယ်သဘော သက်ရောက်တဲ့စကားဖြင့် ပြောဆို သုံးစွဲယင် အဲဒါလဲ မအပ်စပ်ဘူး၊ အပ်စပ်တဲ့ပစ္စည်းကို ကပ္ပိယကာရကထံမှ တောင်းယူပါမှ အပ်စပ်တယ်၊ ဒါကြောင့် ခုတင်ကပြောခဲ့တဲ့ မေဏ္ဍကသိက္ခာပုဒ်အရ လှူနည်း သုံးနည်းဟာ အကောင်းဆုံးပါဘဲ။

http://www.dhammadownload.com

သာပြီးဆိုးတာကတော့ ငွေတွေ ငွေစက္ကူတွေကို ဒကာ ဒကာမ တွေကလှူတဲ့အခါ ရဟန်းတော်တွေက မိမိတို့၏ လက်ဖြင့်ပင် ခံယူ တာတွေရှိတယ်။ မဟာစည်ဂိုဏ်းထဲမှာတော့ အဲဒီလို ခံယူတာကို မတွေ့ဘူး မကြားဖူးပါဘူး၊ ဒါပေမယ့် မဟာစည်ဂိုဏ်းဝင်အမည်နဲ့ ပုဂ္ဂိုလ်တွေက အများကြီးဆိုတော့ ဒီလိုအလှူခံတာ မရှိဘူးလို့တော့ မဆိုနိုင်ပါဘူး၊ အဲဒီမအပ်မရာ အလှူခံမှုမျိုး၊ ရွှေ,ငွေ ကို ကိုင်တွယ် မှုမျိုးတွေဟာ အလွန်အမြင်မတော်တဲ့ အမှုမျိုးတွေဖြစ်တဲ့အတွက် လွတ်လွတ်ကင်းကင်း ရှောင်ကြဉ်ကြရန် အထူးသတိပေးပါတယ်။

အကပ်ခံရေး

နောက်ပြီးတော့ အကပ်ခံတဲ့နေရာမှာ ကပ်တဲ့စားသောက်ဖွယ် ၏ တည်ရာပုဂ်ိုလ်က စားပွဲခုံစသည်ကို လက်နဲ့သွားတို့တာ၊ မကပ်သေး ခင်က ဆွဲယူတာ ဒီလိုကိုယ်က သွားကိုင်တာမျိုး မဖြစ်စေရဘူး၊ (အဘိ ဟာရ) ရှေးရှုဆောင်ကပ်ပေးခြင်းဆိုတဲ့ အဂ်ါနှင့်အညီ ပေးကပ်တဲ့သူက ရဟန်း၏လက်ထဲသို့ ထည့်ပေးခြင်းသာ ဖြစ်စေရတယ်။ ကပ်သူနှင့် အကပ်ခံသူ အကွာအဝေးကတော့ ၂-တောင်ထွာ ဟတ္ထပါသ်အတွင်း မှာတည်ရှိစေရမယ်တဲ့၊ အဲဒီ ၂-တောင်ထွာပမာဏကိုလဲ အကပ်ခံသူ ကထိုင်နေယင် အကပ်ခံသူ၏နောက်ဖက်မှ စပြီးယူရမယ်။ ရပ်နေယင် လည်း ဖနောင့်အစွန်းမှစပြီးယူရမယ်။ ကပ်သူ၏ဘက်မှတော့ လှမ်း ပြီးကပ်တဲ့လက်မှတပါး အနီးဆုံး ကိုယ်အင်္ဂါ၏ အတွင်းဘက်မှယူ ရမယ်တဲ့၊ ၂-ယောက်၊ ၃-ယောက်ကပ်ယင် တစ်ယောက်ကတော့ အဲဒီ ဟတ္ထပါသ်အတွင်းရောက်ဖို့ လိုပါတယ်။ အလေးချိန်ကတော့ အလယ် အလတ်အားရှိသူ ပင့်မနိုင်တဲ့ အရာဝတ္ထုဖြစ်ရမယ်တဲ့၊ ဒါကြောင့် အား

http://www.dhammadownload.com

အလယ် အလတ်ရှိသူ မပင့် မမနိုင်လောက်ဘူးထင်ယင် တစ်ချို့ကို ချထားစေပြီးမှ အကပ်ခံရတယ်။ အဲဒါဟာ အကပ်ခံမှုနှင့်စပ်ပြီး သတိပြုဖို့ပါပဲ။

ကမ္မဋ္ဌာန်းဌာနနှင့် နစ္စ,ဂီတ

နောက်တစ်ခုကတော့ ကမ္မဋ္ဌာန်းဌာနအတွင်း၌ နစ္စ,ဂီတ, ဝါဒိတများကို အခွင့်မပြုဖို့ပါပဲ၊ ရန်ကုန်သာသနာ့ရိပ်သာမှာတော့ ရှင်ပြု အလှူအခမ်းအနားများ၌ အတီး၊အမှုတ်၊အဆို များမပါစေရန် တားမြစ်ထားပါတယ်။ အတီး၊အမှုတ်အဆိုတွေထည့်ချင်ရင် အခြားဌာနများမှာ ကျင်းပကြဖို့လဲ ညွှန်ကြားထားပါတယ်။ တိပိဋကဟူဇော်ပွဲကတော့ ဘုရားတပည့်တော် သာသနာ့ရိပ်သာ မရောက်ခင်ကတည်းက ကျင်းပတဲ့ပွဲဖြစ်သည့်အပြင် တားမြစ်ရန်လည်း မပိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် အဲဒီပွဲမှာ စည်တော်ကြီးတီးတာကိုတော့ လျစ်လျူရှုထားရပါတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ဆင်ခြေမကန်ရန်လည်း သိနားလည်ထားကြစေလိုပါတယ်။ ယခုနေအခါမှာ ရီကော်ဒါ၊ ကက်ဆက်၊ ရေဒီယိုတွေက အလွန်ပေါနေပါတယ်။ အဲဒီ ရီကော်ဒါ၊ ကက်ဆက်၊ ရေဒီယိုများဖြင့် သီချင်းများ၊ အတီးအမှုတ်အသံများကို ကမ္မဋ္ဌာန်းဌာန၌ ကိုယ်တိုင်လဲမဖွင့်ကြရန်၊ သူတစ်ပါးအားလည်း ဖွင့်ခွင့်မပြုကြရန် အထူးသတိပြုကြစေလိုပါတယ်။

(၂) တရားအလေးပြုရေး

အမှတ်(၂)က တရားအလေးပြုရေးပဲ၊ ယခုဘုရားတပည့်တော်တို့ ဟောပြောနေတဲ့တရား.က တကယ်ကိုယ်တွေ့ဖြစ်အောင်

http://www.dhammadownload.com

ကျင့်ဖို့ ဟောပြောနေတဲ့ တရားဖြစ်ပါတယ်။ ကြည်ညိုဖွယ်ဖြစ်ရုံ ဟောတဲ့တရားမဟုတ်ဘူး၊ ကြည်ညိုဖွယ်ဖြစ်ရုံ ဟောတဲ့တရားကတော့ နားထောင်ကောင်းရုံဟောလိုက်ယင် ပြီးတာပဲ၊ တကယ်ကိုယ်တွေ့ ဖြစ်အောင် ဟောရတဲ့တရားကတော့ မလွယ်ကူး၊ ကိုယ်တိုင်ကျင့်သုံး မထားယင် သူများကို ဟောပြဖို့ရာ မလွယ်ဘူး၊ ကိုယ်တိုင်က ကျကျ နန ကျင့်သုံးထားမှ သူများကို ညွှန်ကြားလို့ဖြစ်တယ်၊ တစ်ချို့က ကိုယ် တိုင်တော့ ကျကျနနအားမထုတ်ပဲနဲ့ တရားအားထုတ်နည်းကို ဟော ပြောရေးသားနေကြတာရှိတယ်၊ အဲဒါဟာ ဒီကအမြင်နဲ့ဆိုယင်တော့ အလွန်မသင့်တော်တဲ့ အလုပ်ပဲ။ အဲဒါဟာ ကိုယ်မစား၊ဘူးတဲ့ဆေး၊ မစားဝံ့တဲ့ဆေးကို သူများကျွေးတာနဲ့တူကြောင်း၊ ဓမ္မစကြာတရား စာအုပ်ထဲမှာတောင် ထည့်ပြီးပြထားပါတယ်။ မယုံလို့ဘဲဖြစ်ဖြစ်၊ ပျင်းလို့ပဲဖြစ်ဖြစ်၊ ကြောက်လို့ပဲဖြစ်ဖြစ် ကိုယ်တိုင်က အားမထုတ်ဘဲနဲ့ သူများတွေအားထုတ်ဖို့ ဟောပြော ရေးသားနေကြတာဟာ ကိုယ် မစားဝံ့တဲ့ဆေးကို သူများကျွေးတာနဲ့ မတူပေဘူးလား၊ အဲဒါ သင့်-မသင့်စဉ်းစားကြည့်ဖို့ပါပဲ။

ယခုဒီမှာ ကြွရောက်လာကြတဲ့ ကမ္မဋ္ဌာန်းဆရာတွေကတော့ ကမ္မဋ္ဌာန်းတရားကို ကျကျနန အားထုတ်ထားကြပြီးချည်းပါပဲ၊ ဒါပေ မယ့် အချိန်အခွင့်သင့်သည့်အားလော်စွာ ပြည့်စုံသည်ထက်ပြည့်စုံ အောင် မပြတ်အားထုတ်သွာကြဖို့တော့လိုပါတယ်။ တစ်ချို့က ဝိပဿနာအလုပ်ကို ခပ်ပေါ့ပေါ့ ဟောပြောညွှန်ပြနေတာလည်း ရှိတယ်လို့ ကြားရတယ်၊ ပုဂ္ဂိုလ်ဦးရေကတော့ သိပ်မများပါဘူး။ နဲနဲပါပဲ။ ဒီပရိသတ်ထဲမှာလည်း အဲဒီပုဂ္ဂိုလ်ပါပုံမရပါဘူး။ ဒါပေမယ့် ယခုလို ကမ္မဋ္ဌာန်းဆရာအများ စုဝေးမိတဲ့အခါ အဲဒီလိုပေါ့လျော့မှုမဖြစ်

http://www.dhammadownload.com

စေရန် သတိပေးစကားပြောကြားရမှာဘဲ၊ ခပ်ပေါ့ပေါ့ဟောပြောပုံက တော့ ယောဂီများကို ခုနစ်ရက်လောက်၊ ဆယ့်လေးငါးရက်လောက် အားထုတ်စေပြီးလျှင် တရားပြည့်စုံတဲ့ အနေဖြင့် အသိအမှတ်ပြုပြီး ဉာဏ်စဉ်တရားကို ဟောတယ်လို့ဆိုပါတယ်။ ခုနစ်ရက်လောက် အတွင်း ဉာဏ်စဉ်ပြည့်စုံတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့တစ်ရာမှာ တစ် ယောက်လောက်တောင် ရှိခဲပါတယ်။ ဆယ့်လေးငါးရက်အတွင်း တရားပြည့်စုံတဲ့ ပုဂ္ဂိုလ်လဲနည်းတာပဲ၊ ဒါကြောင့် ၁၅-ရက်လောက် အတွင်းမှာ အားထုတ်တဲ့ယောဂီအများကို ဉာဏ်စဉ်တရား ပြည့်စုံတဲ့ အနေဖြင့် အသိအမှတ်ပြုပြီး ဉာဏ်စဉ်တရားဟောတာကတော့ တကယ်အစစ်အမှန်မဟုတ်ဘဲ တပည့်ပရိသတ် စုတဲ့နည်းသာဖြစ် နေပါတတ်တယ်။

မဂ်ဖိုလ်ရအောင်ညွှန်ပြဖို့

အမှန်ကတော့ သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဆင်းရဲမှ လွတ် မြောက်ချင်လို့ မဂ်ဖိုလ်တရားစစ် တရားမှန်ကို ရချင်လို့ မိမိကို ယုံကြည်အားကိုးပြီး လာရောက်အားထုတ်ကြတဲ့သူများကို မဂ်ဖိုလ် တရားထူး အစစ်အမှန်ရသွားအောင် ညွှန်ပြပေးဖို့ရာဟာ အလွန်အရေး ကြီးပါတယ်။ အဲဒီလို ညွှန်ပြပေးတဲ့နေရာမှာလည်း ကမ္မဋ္ဌာန်းဆရာ ဆိုတော့ နာယကဂုဏ်တွေနဲ့ ပြည့်စုံဖို့လိုပါတယ်။ အဲဒီဂုဏ်တွေထဲက **ခမာ**ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဖို့ရာဟာ အလွန်အရေးကြီးပါတယ်။ အစစ အရာရာမှာ သည်းခံပြီး ပြောဟောဖို့ပါပဲ၊ အဲဒီလို သည်းမခံဘဲ စိတ် ဆိုးတဲ့အမူအယာကို ပြနေယင်တော့ နေရာမကျဘူး၊ ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်ပျက်ပါတယ်၊ ဘုရားတပည့်တော်ကိုယ်တိုင် ကမ္မဋ္ဌာန်းပြနေ

http://www.dhammadownload.com

တုန်းက ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ယောဂီများအား စိတ်မချမ်းမသာ ဖြစ်အောင် ပြောဘူးတာကို အမှတ်မရပါဘူး၊ အဲဒီလို ပြောဆိုမှု မရှိခဲ့ဘူးလို့သာ အမှတ်ရပါတယ်။ တပည့်ယောဂီက မဟုတ်တာတွေ ပြောနေပေမယ်လို့ သည်းခံရတယ်၊ အမှားတွေကို ပြောနေပေမယ်လို့ နားမချမ်းသာဖြစ်မည့်စကားကို မပြောရဘူး၊ သိမ်မွေ့နူးညံ့တဲ့ စကားဖြင့်သာ ဖြေရှင်းပြောပြရတယ်။

ရဟန်းတော်နှင့် နတ်ကန်တော့ပွဲ

နောက်တစ်ခုကတော့ မဟာစည်ကမ္မဋ္ဌာန်းဌာနဆိုတဲ့အမည်နဲ့ ဟောပြနေရာမှာ တခြားကမ္မဋ္ဌာန်းနည်းကို အလေးအမြတ်ပြုပြီး ဟောပြဖို့ မသင့်ဘူး၊ မဟာစည်ရှုမှတ်နည်းအတိုင်းသာ ဟောပြောညွှန်ပြသင့်ပါတယ်၊ အကယ်၍ အခြားနည်းကိုကြိုက်ယင်တော့ မဟာစည်ဌာနဆိုတဲ့အမည်ကို မခံဘဲ အဲဒီ ကြိုက်နှစ်သက်တဲ့ အခြားနည်းဆိုင်ရာ အမည်ဖြင့်သာ ဝန်ခံပြီး ဟောပြောရန် သင့်လျော်ပါတယ်။ ဘုရားသာသနာတော်က ဘုရားနည်းကို ဟောပြောပြသနေရာမှာလဲ ထွက်ရပ်ဂိုဏ်းယောင်ယောင်၊ နတ်ဂိုဏ်းယောင်ယောင် အသွင်ဆောင်နေယင် မသင့်မတော်ဘူး၊ မကြာမီကမှ ဖွင့်လှစ်စဖြစ်တဲ့ ဌာနတစ်ခုမှာ နတ်ကန်တော့ပွဲတင်ထားတာကို တွေ့ခဲ့ရကြောင်း၊ ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားသိရတယ်။ ရဟန်းကနတ်ကို အရိုအသေပြုတယ်ဆိုတာ သင့်တော်ပါ့မလား၊ ဘုရားတပည့်တော်ကတော့ ရှင်သာမဏေဘဝ ရဟန်းငယ်ဘဝကတည်းက နတ်ကို ရှင်ရဟန်းက အရိုအသေမပြုကောင်းဘူး၊ နတ်ကသာ ရှင်ရဟန်းကို အရိုအသေပြုသင့်တယ်လို့ အသိအမှတ်ပြုလာခဲ့ပါတယ်။ ရဟန်းကနတ်ကို အရို

http://www.dhammadownload.com

အသေပြုတယ်၊ ကန်တော့ပွဲဖြင့် ပူဇော်တယ်ဆိုတာကတော့ အလွန်မသင့်တော်တဲ့အမှုပါပဲ။ လူဒကာ ဒကာမတွေရဲ့ အလိုသို့လိုက်ပြီး ကန်တော့ပွဲ တင်ထားတာကို လက်ခံထားတာများဖြစ်မလားတော့ မပြောတတ်ပါဘူး၊ ဘုရားတပည့်တော် အမြင်အားဖြင့်တော့ အဲဒီလို လူဒကာ ဒကာမတွေကလာပြီး ကျောင်းမှာတင်ထားတာကိုလဲ လက်မခံသင့်ဘူးလို့ဘဲမြင်ပါတယ်။ ဖြစ်နိုင်လို့ရှိယင် အိမ်မှာ ကန်တော့ပွဲ တင်ထားတာကိုတောင် တားမြစ်သင့်တယ်လို့ဘဲ မြင်ပါတယ်။

အကြောင်းကတော့ ရှင်ရဟန်းပြုတယ်ဆိုတာ(သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္တာယ)လို့ဆိုတဲ့အတိုင်း သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ဖို့ပဲ။ သူတစ်ပါးအား ဟောပြောယင်လဲ သဒ္ဓါ ပညာစသောကုသိုလ်တရားဖြစ်ပွါးဖို့ သံသရာမှ လွတ်မြောက်ဖို့ ဟောပြောရတာပဲ၊ အဲဒီလို ပြုကျင့်သင့် ပြောဟောသင့်တဲ့ နေရာမှာ ဒကာ ဒကာမတွေကြည်ညိုအောင် အထင်ကြီးအောင် သူတို့အလိုလိုက်ပြီး ထွက်ရပ်ဂိုဏ်းယောင်ယောင်၊ နတ်ဂိုဏ်းယောင်ယောင် လုပ်တာကတော့ မတော်ဘူး၊ တစ်ချို့က အဲဒီဂိုဏ်းပုဂ္ဂိုလ်တွေ အသုံးပြုတဲ့ ပါရမီရှင်ဆိုတဲ့ အမည်မျိုးကိုလဲ ခံယူမိတတ်တယ်၊ အဲဒီအမည်မျိုးလဲ မခံယူသင့်ဘူး၊ ကမ္မဋ္ဌာန်းဆရာဆိုတဲ့ အမည်နှင့်ညီညွတ်တဲ့ ဝိပဿနာဓမ္မကထိကဆိုတဲ့ အမည်မျိုးကိုသာ ခံယူပြီး ဝိပဿနာကမ္မဋ္ဌာန်းတရားသက်သက်ကိုသာ ဟောကြားသင့်ပါတယ်။ ဒါကြောင့်အဲဒီလို ရိုးရိုးအမည်ဖြင့်သာ ရိုးရိုးဟောပြောဖို့လဲ သတိပေးပါတယ်။

http://www.dhammadownload.com

ယခုပြောခဲ့တာဟာ တရားကိုအလေးပြုရေးပါပဲ၊ အဲဒီ စကား တွေထဲမှာ အမှတ်(၃)အရ နည်းလမ်းမှန်ကန်ကျန်ရေးလဲပါသွားပါပြီ၊ ၁၃၃၅-ခုနှစ်က ထုတ်ဝေခဲ့တဲ့ သြဝါဒကထာစာအုပ်ကလေးထဲမှာ သြဝါဒစကားတွေ တော်တော်ပြည့်စုံပါတယ်၊ အဲဒီစာအုပ်ကလေးကိုလဲ ထပ်မံကြည့်ရှုပြီး သတိပြုကြစေလိုပါတယ်။

(၄) အရှည်တည်တံ့ရေး

အမှတ်(၄)အရ အရှည်တည်တံ့ရေးကတော့ အယင်နှစ်များက ပြောပြီးရှိခဲ့ပါပြီ၊ ကမ္မဋ္ဌာန်းဌာနဟာ ကမ္မဋ္ဌာန်းဌာနအဖြစ်ဖြင့် အရှည်တည်တံ့သွားဖို့ပါပဲ၊ စာသင်တိုက်ဖြစ်စေ၊ သာမန်ဘုန်းကြီးကျောင်းဖြစ်စေ ဖြစ်ပြီး ကမ္မဋ္ဌာန်းဌာန ပျက်မသွားဖို့ပါပဲ၊ ဒါကြောင့် ကမ္မဋ္ဌာန်းဌာနများမှာ ကမ္မဋ္ဌာန်းတရားအမွေကို ရိုရိုသေသေ ခံယူစောင့်ရှောက်နိုင်မည့် အရည်အချင်းနှင့်ပြည့်စုံတဲ့ တပည့်ရှိယင် အကောင်းဆုံးပါဘဲ၊ ကျောင်းတိုက် ပစ္စည်းအမွေလောက်သာ ခံယူပြီးတော့ ကမ္မဋ္ဌာန်းကျောင်းကိုပျက်စေမည့် ပုဂ္ဂိုလ်များမရှိစေဖို့ အဲဒီလို ပုဂ္ဂိုလ်များအားလွဲမအပ်ထားခဲ့ဖို့ အရေးကြီးပါတယ်။ အဲဒါကလဲ မူလက သာမန်ကျောင်းမှ ကမ္မဋ္ဌာန်းဌာနဖြစ်လာတဲ့ ကျောင်းကိုတော့ မဆိုလိုပါဘူး၊ စပြီးတည်ထောင်ကတည်းက မဟာစည်သြဝါဒခံအဖြစ်ဖြင့် အသစ်တည်ထောင်လာခဲ့တဲ့ ကမ္မဋ္ဌာန်းကျောင်းများကိုသာ ရည်ရွယ်ပါတယ်။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းကျောင်းများ
မူလရည်ရွယ်ချက် မပျောက်အောင်

ဒကာ ဒကာမတွေက ပဋိပတ္တိသာသနာတော်အတွက် ရည်စူးပြီးတော့ ငွေကြေး အမြောက်အများ အကုန်ခံပြီး ကမ္မဋ္ဌာန်းကျောင်းများကို တည်ဆောက်ခဲ့ကြတယ်။ အဲဒီလို ကမ္မဋ္ဌာန်းကျောင်များကို ရဟန်းတော်များက မူလရည်ရွယ်ချက်အတိုင်း တည်တံ့သွားအောင် စောင့်ရှောက်သွားဖို့ အလွန်အရေးကြီးပါတယ်။ ကိုယ်နဲ့ နီးစပ်ရာ ပုဂ္ဂိုလ်အား ဒွိသန္တကတိသန္တကပြုပြီး လွဲအပ်ဖို့ မသင့်ပါဘူး၊ ကိုယ့်မှာ တစ်ပြားတစ်ချပ်မျှ မကုန်ရပဲနှင့် ရထားတဲ့ ပဋိပတ္တိသာသနာပစ္စည်းကို ကိုယ်ပေးချင်ရာ အမွေပေးတာကတော့ မသင့်တော်ပါဘူး၊ ဘုရားတပည့်တော်ကတော့ မူလကတည်းက ကျောင်းအဆောက် အအုံများကို ပုဂ္ဂလိကအဖြစ် အလှူမခံခဲ့ပါဘူး။ သံဃာအားဖြစ်စေ၊ ယောဂီအပေါင်းဂိုဏ်အားဖြစ်စေ၊ လှူစေခဲ့ပါတယ်။ အဲဒါဟာ ငါ့ဥစ္စာဆိုတဲ့ အစွဲအလမ်းကင်းတဲ့အတွက် အင်မတန်ကောင်းပါတယ်။ ဘယ်သူ့ကိုမျှ အမွေပေးစရာမရှိတဲ့အတွက် စိတ်လဲ သန့်ရှင်းစင်ကြယ်ပါတယ်။ ပုဂ္ဂလိက အလှူခံပြီးတော့ ဒွိသန္တကစသည်ပြုပြီး အမွေပေးထားယင် အမွေခံပုဂ္ဂိုလ်က ကမ္မဋ္ဌာန်းဌာနအဖြစ် တည်တံ့အောင်လဲ မဆောင်ရွက်လျှင် ကမ္မဋ္ဌာန်းဌာန ပျက်သွားတတ်ပါတယ်။ ကမ္မဋ္ဌာန်းကျောင်းအလှူဒကာတွေမှာလဲ စိတ်မချမ်းမသာဖြစ်တတ်ပါတယ်။ တရားအားထုတ်လိုတဲ့သူများအတွက်လဲ များစွာအကျိုးယုတ်စေပါတယ်။

ဘုရားတပည့်တော်၏ မျက်မှောက်မှာပင် ကမ္မဋ္ဌာန်းဌာန(၂)ခု (၃)ခုဟာ အဲဒီလိုပစ္စည်းသက်သက် အမွေခံတဲ့ ပုဂ္ဂိုလ်များကြောင့်

http://www.dhammadownload.com

သာမန်ဘုန်းကြီးကျောင်းအနေဖြင့် ဖြစ်သွားတာကို တွေ့ရပါတယ်။ ယခုလဲ မော်လမြိုင်ကျွန်းမြို့က ကမ္မဋ္ဌာန်းတိုက်ဟာ ပျက်တော့မည့် အသွင် ဆောင်ပေးပါပြီ၊ ပဌမဆရာတော်ကြီးက သူ့တပည့်ကြီးတစ်ပါး နှင့် ဒွိသန္တကပြုလုပ်ထားတယ်လို့ဆိုပါတယ်။ ပဌမဆရာတော်ကြီး ပျံလွန်တော်မူသွားတဲ့အခါ ဒွိသန္တကအမွေခံ တပည့်ဆရာတော်က သူကိုယ်တိုင်လဲ အဲဒီကျောင်းတိုက်မှာမနေ၊ ကမ္မဋ္ဌာန်းဌာနတည်တဲ့ အောင်လဲ ကြောင့်ကြမစိုက်ပဲ ကမ္မဋ္ဌာန်းဘက်၌ စိတ်မဝင်စားတဲ့ အခြား ရဟန်းတစ်ပါးနှင့် ဒွိသန္တကထပ်ပြီး ပြုထားပြန်တယ်လို့ ကြားသိရပါ တယ်၊ ဘုရားတပည့်တော်က စာဖြင့်မေးမြန်းညွှန်ကြားတာကိုလဲ ယခုအထိ စာမပြန်ကြားဘဲ ရှိနေပါတယ်။ အဲဒီဆရာတော်ဟာ သူတစိမ်းလဲမဟုတ်ဘူး၊ ဒီ ရန်ကုန် သဓသနဲ့ရိပ်သာမှာ ဝါဆိုဦးက (၂)လလောက် တရားအားထုတ်သွားတဲ့ ယောဂီဟောင်း ဆရာတော် ပါပဲ၊ အသက်လဲမငယ်ပါဘူး၊ ၆၀-ကျော်နေပါပြီ၊ သူပြန်ခါနီးမှာ ဘုရားတပည့်တော်က အဲဒီ မော်လမြိုင်ကျွန်း ရိပ်သာဌာနကို ကမ္မဋ္ဌာန်း ဌာနအဖြစ် တည်မြဲ တည်တံ့သွားအောင် ဆောင်ရွက်ဖို့ သတိပေး တိုက်တွန်းလိုက်ပါတယ်။ သူကလဲ ဆောင်ရွက်ပါမယ်လို့ ဝန်ခံသွား ပါတယ်။ ဒါပေမယ့် ယခုအထိတော့ ကမ္မဋ္ဌာန်းဌာန ပျက်မည့်အနေပဲ ရှိနေပါတယ်၊ ဆိုင်ရာ ဒကာ ဒကာမတွေမှာလဲ စိတ်မချမ်းမသာဖြစ် နေကြပါတယ်။

ဒါကြောင့် မဟာစည်ရိပ်သာအဖြစ်ဖြင့် အသစ်တည်ထောင်တဲ့ ကမ္မဋ္ဌာန်းဌာနများမှာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို တကယ်လိုလား သည့် ပြင် ကမ္မဋ္ဌာနာစရိယအရှည်အချင်းနှင့်လဲ ပြည့်စုံတဲ့ တပည့်က ဆရာ

http://www.dhammadownload.com

မရှိသည့်နောက် အခြေမပျက် ဆက်လက်ပြီးဆောင်ရွက်သွားနိုင်ယင် အဲဒါဟာအကောင်းဆုံးပါပဲ၊ အဲဒီလို ဆောင်ရွက်နိုင်မည့်သူမရှိယင်တော့ ဘုရားတပည့်တော်တို့ထံ အကြောင်းကြားပြီး ကမ္မဋ္ဌာန်းဆရာတောင်းဆိုကြစေလိုပါတယ်။ ဘုရားတပည့်တော်၏အလိုကတော့ ကိုယ်တိုင်ဆောင်ရွက်နိုင်ယင် ဆောင်ရွက်မြဲ ဆောင်ရွက်နေဖို့၊ မဆောင်ရွက်နိုင်ယင်၊သို့မဟုတ် ကွယ်လွန်သွားယင်တော့ တည်တံ့တိုးတက်စေနိုင်တဲ့ ပုဂ္ဂိုလ်က ဆောင်ရွက် သွားဖို့ အလိုရှိပါတယ်။ ကိုယ်နှင့်ရင်းနှီးတာ မရင်းနှီးတာက လိုရင်းမဟုတ်ပါဘူး၊ ပဋိပတ္တိသာသနာတော် တည်တံ့တာ တိုးပွါးတာကသာ လိုရင်းဖြစ်ပါတယ်။ အထူးအားဖြင့်တော့ မဟာစည်ဆရာတော် အမှူးရှိသော မဟာစည်ဩဝါဒခံယောဂီအပေါင်းအား လှူထားတဲ့ ရိပ်သာဆိုယင်တော့ တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲချင်ယင် ဘုရားတပည့်တော် အသက်ထင်ရှားရှိခိုက်ဆိုယင် ဘုရားတပည့်တော်ထံက ဆန္ဒယူပြီးမှ ပြုပြင်ပြောင်းလဲသင့်ပါတယ်၊ အဲဒီလိုမဟုတ်ယင် မဟာစည်ဩဝါဒခံမဟုတ်ရာ ရောက်သွားပါတယ်။

သံယောဇဉ်တွေမမွေးဖို့

နောက်တစ်ခု သတိပေး ပြောကြားချင်တာကတော့ သံယောဇဉ်မမွေးဖို့ပါပဲ၊ ရဟန်းပြုတယ်ဆိုတာ စည်းစိမ်ဥစ္စာ သံယောဇဉ်ဆွေမျိုးသံယောဇဉ်တွေကို ဖြတ်ပြီး ပြုကြရပါတယ်။ ဒါကြောင့် ရဟန်းဆိုယင် ကိတ္တိမသား၊ ကိတ္တိမသမီး မွေးစားထားခြင်းမရှိသင့်ပါဘူး၊ ဘယ့်နယ်လဲ အရှင်ဘုရားတို့ ရှိသင့်ပါသလား၊ “မရှိသင့်ကြောင်းထင်ရှားပါတယ်” ကမ္မဋ္ဌာနာစရိယဆိုတာ သံယောဇဉ်ကိုပယ်ဖြတ်

http://www.dhammadownload.com

ဖို့ဟောနေရတာဘဲ၊ အဲဒီလို ဟောနေပါလျက် ကိုတ္တိမသားသမီးမွေး စားထားတယ်ဆိုယင် အလွန်ကို မသင့်တော်တဲ့အလုပ်ပါဘဲ၊ သနားလို့ပေးကမ်း ထောက်ပံ့တာကတော့ ပြုသင့်ပါတယ်။ ဒါပေမယ့် သာသနာတော်ကို ကြည်ညိုတဲ့ သဒ္ဓါတရားဖြင့် လှူထားတဲ့ ပစ္စည်းတွေကို အလဟဿဖျက်စီး မသွားရန်ကိုတော့ အထူးသတိပြုသင့်ပါတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာဖြစ်ကြတဲ့ အရှင်မြတ်များဟာ ကိုတ္တိမသားသမီး မမွေးစားကြဖို့ သံယောဇဉ် မပွားစေကြဖို့ အထူးသတိပေးပါတယ်။

သိမ်ထပ်,ကံထပ်ခြင်း

နောက်တစ်ခုကတော့ ဥပသမ္ပဒကံထပ်ပြီး သံယောဇဉ်ပွားစေတဲ့အလုပ်ကို မပြုကြဖို့ပါဘဲ၊ မူလရဟန်းခံစဉ်က အသက် ၂၀-ပြည့်မပြည့်နှင့် စပ်ပြီးတော့ဖြစ်စေ၊ သိမ်,ဥတ်,ကမ္မဝါ,ကမ္မကာရက သံဃာတို့နှင့်စပ်ပြီးတော့ဖြစ်စေ၊ သံသယရှိလို့ သိမ်ထပ်တာ၊ ကံထပ်တာကတော့ အပြစ်မရှိပါဘူး၊ သို့ပေမယ့် မူလရဟန်းခံစဉ်က ကံဆောင်မှုနှင့်စပ်ပြီး သံသယမရှိပါဘဲနှင့် ရဟန်းဒကာ ရဟန်းအစ်မ ပွားရုံမျှအတွက် ကံထပ်တာကတော့ သံယောဇဉ်ပွားစေတဲ့အလုပ်ပဲ၊ ဒါပေမယ့် စာသင်သားရဟန်းငယ် ဘဝဆိုယင် စာသင်ရာမှာ အထောက်အပံ့ရရေးအတွက် ဆိုတော့ တော်ပါသေးရဲ့၊ ကမ္မဋ္ဌာန်းဆရာမထေရ်ကြီး ဘဝရောက်နေမှ ကံထပ်တာကတော့ မတော်ပါဘူး၊ မူလရဟန်းခံစဉ်ကပင် ရဟန်းဖြစ်နေယင် နောက်ထပ် ဥပသမ္ပဒကံဆောင်တာဟာ အပိုပါပဲ၊ ရဟန်းဒကာခံတဲ့သူများမှာလဲ ရဟန်းဒကာ အစစ်မဖြစ်ပါဘူး၊ အမည်ခံမျှပါပဲ၊ သင်္ကန်း သပိတ်လှူတဲ့ ကုသိုလ်အပြင် အခြား

http://www.dhammadownload.com

ကုသိုလ်အထူးကိုလဲ မရပါဘူး၊ အမည်ခံ ရဟန်း ဒကာ ဒကာမများမှာရောအဲဒီကံထပ်တဲ့ရဟန်းမှာရော သံယောဇဉ်ပွားရုံမျှပါပဲ၊ တစ်ခါကရိပ်သာတစ်ခုမှာ ကမ္မဋ္ဌာန်းဆရာက တစ်နာရီလောက် အတွင်းမှာပင် ရဟန်းဒကာ ဒကာမ(၃)ဦးတို့၏ သက်ိန်း သပိတ်(၃)စုံ ကို အလှူခံပြီး သုံးကြိမ်တိုင်တိုင် ကံထပ်တာကို တွေ့ရဘူးတယ်၊ အဲဒီတုန်းက ဘုရားတပည့်တော်မှာ များစွာအရွက်ရခဲ့ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ မဟာစည်၏တပည့် ကမ္မဋ္ဌာန်းဆရာတစ်ပါးက အဲဒီလို ပြုလုပ်တာကို မြင်တွေ့. ကြားသိရတဲ့ အလိုနည်းသူများက "မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဆရာက ဒီလိုလုပ်တယ်"လို့ ကဲ့ရဲ့.ကြ မှာကို မြော်တွေးပြီး မြင်မိလို့ပါပဲ၊ ဒါကြောင့် သံသယမရှိဘဲ အကြောင်း မဲ့သိမ်ထပ်ခြင်း၊ ကံထပ်ခြင်းကို ရှောင်ကြဉ်ကြရန် အထူးသတိပေးပါတယ်။ ကံထပ်ပေးလိုတဲ့ ဒကာ ဒကာမများပေါ်လာယင်လဲ "ကုသိုလ်အထူးမရကြောင်း၊ အပိုသက်သက်ဖြစ်ကြောင်း၊ ဒီလောက်အရွယ်ကြီးမှ ကံထပ်ယင် ရှက်ဖွယ်ကောင်းကြောင်း" စသည်ဖြင့် ပြောဟောပြီး လက်မခံဘဲ ပယ်လိုက်ကြစေလိုပါတယ်။ ဘုရားတပည့်တော်ကိုယ်တိုင်ကတော့ အဲဒီအတိုင်းပဲ နားလည်အောင် ပြောဟောပြီး ပယ်ခဲ့ပါတယ်။ အမှန်ကတော့ ရဟန်း ဒကာ ဒကာမတွေရဲ့ သက်ိန်းစသည်ကို ခံယူပြီး အကြောင်းမဲ့ သိမ်ထပ်တာ၊ ကံထပ်တာဟာ ကိတ္တိမသားမွေးသလိုပင် သံယောဇဉ်ပွားစေတဲ့အလုပ်ပါပဲ။

အညီအညွတ်ဆောင်ရွက်ရေး

အမှတ်(၅) အညီအညွတ်ဆောင်ရွက်ရေးအကြောင်းကတော့ အယင်နှစ်များကလည်း ပြောခဲ့ပါပြီ၊ အစစအရာရာမှာ အညီအညွတ်

http://www.dhammadownload.com

ဆောင်ရွက်ဖို့ပါပဲ၊ ယခု သြဝါဒခံယူပူဇော်ပွဲကို လာရောက်ပြီး စွမ်းနိုင်ရာတာဝန်ကို ဆောင်ရွက်ကြတာလဲ အညီအညွတ် ဆောင်ရွက်တာပါပဲ၊ အောက်ထစ်ဆုံးအားဖြင့် ယခုလို သြဝါဒစကားကို နာယူကြတာဟာလဲ အညီအညွတ် ဆောင်ရွက်တာပါပဲ၊ မဟာစည်ဓမ္မကထိကအဖွဲ့က နယ်လှည့်ပြီး တရားဟောတာရှိပါတယ်၊ အဲဒီလို ဟောဖို့ရာအတွက် ဒါယကာကြီး ဦးညီပုက ဒီလိုလျှောက်ထားပါတယ်၊ ထိုထို အရပ်ဒေသတွေမှာ သတိပဋ္ဌာန်ရှုနည်းတရားကို မနာကြားဘူးတဲ့သူတွေ နာကြားကြရအောင်၊ နာကြားဘူးတဲ့သူတွေမှာလဲ ဓမ္မကထိက အသစ်ဟောတဲ့ တရားကို နာကြားကြရအောင် ဓမ္မကထိကအဖွဲ့ ဖွဲ့ပြီး နယ်လှည့်ဟောစေယင် ကျေးဇူးများများမည်ထင်ကြောင်း လျှောက်ပါတယ်၊ အဲဒီတော့ ဘုရားတပည့်တော်ကလဲ ဆင်ခြင်ပြီး သင့်တော်တဲ့ အလုပ်ဖြစ်တဲ့အတွက် ခွင့်ပြုထားပါတယ်။

သင့်တော်ပုံကတော့- မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ပဌမဝါကျွတ်တဲ့အခါမှာ **"စရက ဘိက္ခဝေ စာရိကံ**-ရဟန်းတို့ ဒေသစာရီလှည့်လည်ကြ၊**သေဒေသေထ ဓမ္မံ**-တရားကိုဟောကြ" စသည်ဖြင့် ရဟန္တာ ၆-ကျိတ်ကို တရားဟောစေလွှတ်တော်မူခဲ့ပါတယ်။ ဒီလို ဘုရားကိုယ်တော်တိုင်က တရားဟော လှည့်လည်ခြင်းကို အလိုရှိပြီး စေလွှတ်တော်မူတဲ့အတွက် သင့်တော်တဲ့အလုပ်ဖြစ်ကြောင်း ထင်ရှားသိရပါတယ်။

အဲဒီလို ဘုရားတပည့်တော်က ခွင့်ပြုထားတဲ့အတိုင်း မဟာစည်ဓမ္မကထိက အဖွဲ့ဝင်တွေက အဖွဲ့မှ ညွှန်ကြားရာနယ်ကို လှည့်ပြီး တရားဟောကြပါတယ်၊ အဲဒီလို တရားဟောရာမှာ တစ်ချို့ဌာနက

http://www.dhammadownload.com

မလိုလား‌တဲ့အနေနဲ့ အဆင်မပြေအောင် ပြောတာ ပြုတာကလေးတွေ ရှိခဲ့ပါတယ်။ အဲဒီအကြောင်းကို အယင်နှစ်များကလဲ ပြောခဲ့ပါပြီ၊ အမှန်ကတော့ သတိပဋ္ဌာန် ဒေသနာတော်အရ နည်းမှန် လမ်းမှန် ဝိပဿနာတရားကို ဟောယင်၊ တရားနာပရိသတ်ကလဲ နှစ်သက်လက်ခံယင် ကမ္မဋ္ဌာန်းဆရာများက ဝမ်းမြောက် ဝမ်းသာ သဘောတူစရာသာ ရှိပါတယ်။ သို့သော် ဟောပုံက နေရာမကျလို့ ပရိသတ်က မနှစ်သက်ဖူး၊ တရားနာမည့်သူနည်းလွန်းတယ် ဆိုယင်တော့ တာဝန်ခံပြီး တရားပွဲကျင်းပပေးဖို့ရာ တာဝန်လေးပေလိမ့်မည်၊ တရားနာလိုတဲ့သူတွေ ရှိနေပါလျက် ဆရာတူ နည်းချင်းလဲတူတဲ့ ကမ္မဋ္ဌာန်းဆရာက ကန့်ကွက်တဲ့အနေနဲ့ ပြောတာ၊ ပြုလုပ်တာကတော့ မညီညွတ်တဲ့သဘော ပြတာဘဲ၊ မနာလို ဝန်တိုတဲ့ လက္ခဏာလဲ ပေါ်နေပါတယ်။

တစ်မြို့တည်း ကမ္မဋ္ဌာန်းဌာနခွဲတူ

နောက်တစ်ခုက တစ်မြို့ထဲမှာ ကမ္မဋ္ဌာန်းဌာနခွဲ ရှိနေယင် တရားတူဌာနချင်း အညီအညွတ် ဆောင်ရွက်သွားဖို့လိုပါတယ်။ ပုံစံထုတ်ပြရယင်-မန္တလေးမြို့မှာ မဟာစည်ဌာနခွဲ ငါးခုရှိပါတယ်၊ အဲဒီငါးခုဟာ အချင်းချင်း ဆန့်ကျင်ခြင်းမရှိပါဘူး၊ စွမ်းနိုင်သမျှ အကူအညီသာပေးကြပါတယ်။ အဲဒီအတိုင်းပဲ အညီအညွတ် ဆောင်ရွက်သင့်ပါတယ်။ အကောင်းဆုံးကတော့ မြို့ရွာ မကျယ်လှတဲ့အရပ်မှာ ဆိုယင် တစ်ဌာနတည်းရှိတာဟာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် အကြောင်းအား‌လျော်စွာ ဌာနအသစ်တစ်ခုပေါ်လာယင် နည်းမှန် လမ်းမှန်အတိုင်းလဲ ဟောပြောပြနေယင်၊ အချင်းချင်း ဆန့်ကျင်ဖွယ် မရှိပါဘူး၊ ဘယ်သူကဟောလို့ ပဋိပတ္တိသာသနာ တိုးပွားသည်ဖြစ်စေ၊

http://www.dhammadownload.com

ပဋိပတ်ကို အလေးပြုသုတိုင်း နှစ်သက်ကြည်ဖြူစွာနဲ့ ဝမ်းမြောက်ရမှာ ချည်းပါပဲ၊ ဒီစကားကို ထည့်ပြောရတာကတော့ အထက်အရပ်က မြို့နယ်တစ်ခုနဲ့ အောက်အရပ်က မြို့ငယ်တစ်ခုမှာ မထင်ရှားတဲ့ ရိပ်သာခွဲကလေးများ အတွက်ပါပဲ၊ တရားနည်းလမ်းချင်းတူပါလျက် အခြားဌာန၏ အပြစ်ကိုပြောခြင်း၊ ဆန့်ကျင်ဘက်ပြုခြင်းများဟာ မိမိတို့သန္တာန်မှာ ကိလေသာငြိမ်းကြောင်း တရားကောင်း မရှိသေးဘူးဆိုတာ ဝန်ခံရာရောက်ပါတယ်။ ဒါကြောင့် ဌာနချင်းကွဲနေပေမယ်လို့ တရားနည်းမှန်ချင်းတူယင် စွမ်းနိုင်ပါက အကူအညီပေးဖို့၊ မစွမ်းနိုင်ယင်လဲ မဆန့်ကျင်ဘဲ အညီအညွတ် ဟောပြော ဆောင်ရွက်သွားဖို့ အထူးသတိပေးပါတယ်။

(၆) နောက်နှစ်အတွက် အစီအစဉ်

နောက်နှစ်အတွက် အစီအစဉ်ကတော့ ယခုနှစ်အတိုင်းပါပဲ၊ နတ်တော်လပြည့်နေ့မှာ ဩဝါဒခံယူပူဇော်ပွဲကျင်းပဖို့ သတ်မှတ်ထားပါတယ်။ အကြိုတရားပူဇော်ပွဲ၊ ညတရားပွဲများကို နတ်တော်လဆန်း (၁၂)ရက်နေ့ကစပြီး ကျင်းပသွားဖို့ပါပဲ၊ ဒါကြောင့် တရားပူဇော်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် အရှင်မြတ်များဟာ နတ်တော်လဆန်း(၁၁) ရက်နေ့ အရောက်ကြွလာကြဖို့ သင့်ပါတယ်။ ညတရားဟောနိုင်စွမ်းရည်ရှိတဲ့ ပုဂ္ဂိုလ်များဟာ ကြွလာနိုင်မည်ဆိုလျှင် ခပ်စောစောကတည်းက စာဖြင့် အကြောင်းကြားကြစေလိုပါတယ်၊ အခြားဆရာတော်များလဲ မလာမီ ရက်တစ်ပတ် နှစ်ပတ်လောက်က ကြိုတင်ပြီး အကြောင်းကြားကြစေလိုပါတယ်။ ကမ္မဋ္ဌာန်းနှင့်မပတ်သက်တဲ့ အာဂန္တုကိုယ်တော်များကိုတော့ ပင့်ခေါ်မလာကြဖို့ တောင်းပန်ပါတယ်။ ဘာကြောင့်

http://www.dhammadownload.com

လဲဆိုတော့ နေရာအခက်အခဲရှိတတ်သောကြောင့်ပါပဲ၊ ဝါငယ်တဲ့ အရှင်မြတ်များနှင့် ကပ္ပိယဒကာများကတော့ အိပ်ယာလိပ်ပါလာယင် ကောင်းပါတယ်၊ ယောဂီအမျိုးသား အမျိုးသမီးများ လာရောက်ကြမည်ဆိုယင်လဲ အရေအတွက်စာရင်းကို စောစောကပို့ထားယင် နေရာအတွက် အဆင်သင့်စီစဉ်ထားဖို့ အခွင့်အရေးရတဲ့အတွက် ကျေးဇူးများပါတယ်။

နောက်တစ်ခုကတော့ ယောဂီစာရင်းကို သီတင်းကျွတ်လပြည့်အတွင်း ပို့ကြစေလိုပါတယ်၊ ပို့တာနောက်ကျယင် အစီရင်ခံစာ စာအုပ်ထဲမှာ မပါဘဲ ကျန်နေပါလိမ့်မယ်။

နောက်တစ်ခုကတော့ တရားဆွေးနွေးပွဲကျင်းပဖို့ စဉ်းစားထားပါတယ်၊ ဆွေးနွေးပုံကတော့ မိမိတို့ထံမှာ ယောဂီတို့က ပြောကြားတဲ့ အတွေ့ထူး မှတ်ဖွယ်များကို တင်ပြဖို့ပါပဲ၊ ကမ္မဋ္ဌာန်းစစ်မေးပြုပြင်ပေးရာ၌ အခက်အခဲလေးများရှိယင်လဲ အဲဒီအခက်အခဲများအတွက် မေးမြန်းဖို့၊ အဲဒီအမေးကို စွမ်းနိုင်တဲ့ ကမ္မဋ္ဌာနာစရိယကဖြေရှင်းပေး ဖို့ပါပဲ၊ အဲဒီဆွေးနွေးပွဲဟာ အလွန်ကျေးဇူးများပါလိမ့်မယ်၊ ဒီနှစ်မှာတော့ နက်ဖြန်တစ်ရက်ပဲရှိတော့တယ်၊ နက်ဖြန်နံနက်(၇)နာရီလောက် ကစပြီး တစ်နာရီခွဲလောက် ဆွေးနွေးပွဲ ကျင်းပရန်ဖြစ်ပါတယ်။ နောက်နှစ်များမှာတော့ အကြိုတရားပူဇော်ပွဲများတွင် နေ့ခင်းပူဇော်ပွဲကို နေ့(၁)နာရီမှစပြီး၊ (၃)နာရီမှာ အပြီးသတ်ဖို့၊ ညနေ(၄)နာရီခွဲမှာစပြီး (၆)နာရီအထိလဲ ဆွေးနွေးပွဲကျင်းပဖို့ စဉ်းစားထားပါတယ်။ အဲဒီ ဆွေးနွေးပွဲက တင်ပြဆွေးနွေးကြတဲ့ မှတ်သားဖွယ်ရာများကို စာအုပ် အဖြစ်မှတ်တမ်းတင်ထားဖို့လဲ ရည်ရွယ်ထားပါတယ်။

http://www.dhammadownload.com

ယခုလက်ရှိ ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းစာအုပ်ဟာ ကမ္မဋ္ဌာန်းဆရာများဖြစ်ကြတဲ့ ဆရာကြွက်နဲ့ ဆရာကြံတို့၏ အတွေ့များကို စုပေါင်းပြီး ပြုလုပ် ထားတဲ့ စာအုပ်ဖြစ်ပါတယ်၊ ယခုဆွေးနွေးပွဲက မှတ်တမ်းဟာလဲ အဲဒီ စာအုပ်လိုပင် အကျိုးများပါလိမ့်မယ်။

နောက်တစ်ခုကတော့ ဝိနည်းပူဇော်ပွဲနှင့်စပ်ပြီး နံနက်တိုင်း ပါတိမောက်ကို ရွတ်ဆို ပူဇော်ကြရာမှာ တစ်ရက် တစ်ရက်၌ ၁၀-ပါး၊ ၁၀-ပါး အထူးကျေပြွန်စွာ ကျက်မှတ်ပြီး ရွတ်ဆို ပူဇော်ကြဖို့ ပါပဲ၊ ၄-ရက်ရှိရာမှာ မိမိတို့ အလိုရှိတဲ့ရက်မှာ အထူးပူဇော်ကြဖို့ပါပဲ။

(၇) ဟောပြောရေးစသည်အတွက် ညွှန်ကြားရေး

ဟောပြောရေးစသည်အတွက် ညွှန်ကြားရေးဆိုတာကို ၁၃၃၅-ခုနှစ်က ထုတ်ဝေတဲ့ သြဝါဒကထာ စာအုပ်ထဲမှာ ပြထားတာ တော်တော်ပြည့်စုံပါတယ်၊ အဲဒါတွေထဲက နောက်ဆုံး ညွှန်ကြားချက်ကလေးကိုတော့ ထပ်ပြီးပြောပါဦးမယ်၊ တစ်ခြားဌာနကပဲဖြစ်ဖြစ်၊ တစ်ဌာနထဲမှာပင် ပထမဆရာလက်ထက်ကပဲဖြစ်ဖြစ်၊ ဉာဏ်စဉ်တရားနာဘူးတဲ့ ယောဂီဟောင်းဆိုယင် ဉာဏ်စဉ်တရားဟောတဲ့အခါ နာချင်ယင် နာခွင့်ပြုရမယ်၊ အကြောင်းကတော့ ပထမ အားထုတ်စဉ်က အတွေ့အသိရှင်းပေမယ့် နောက်ထပ် အားထုတ်တဲ့အခါမှာ အကြောင်းမညီညွတ်ယင် အတွေ့အသိ မရှင်းတာလဲရှိတတ်ပါတယ်။ နောက်ပြီးတော့ ယောဂီဟောင်းက ဉာဏ်စဉ်တရားကို နာချင်ပါလျက် ကမ္မဋ္ဌာန်းဆရာက ခွင့်မပြုယင် ပထမကမ္မဋ္ဌာန်းဆရာကို နှိမ်ချသလိုလဲ အထင်ရောက်တတ်ပါတယ်။ ယခင်က ဉာဏ်စဉ်တရားကို နာထိုက်တဲ့

http://www.dhammadownload.com

အဆင့်ရောက်လို့ နာခဲ့ရပြီးဖြစ်ပါလျက် နောက်တစ်ကြိမ်ထပ်ပြီး အားထုတ် လိုက်မှ ဉာဏ်အဆင့်က လျော့ကျသွားတယ်လို့လဲ ထင်စရာရှိပါ တယ်။ ဒါကြောင့် ဉာဏ်စဉ်တရားနာချင်တဲ့ ယောဂီဟောင်းအား နာ ခွင့်ပြုသင့်ပါတယ်။

ဉာဏ်စဉ်တရားနာခွင့်

နောက်တစ်ခုက အရပ်ဝေးမှ လာပြီးတော့ နှစ်လ၊ သုံးလ လောက် ရှိရှိသေသေအားထုတ်ပါလျက် ဉာဏ်စဉ်နာနိုင်လောက်တဲ့ အဆင့်ကို မရောက်သေးပေမယ့် နောက်တစ်ကြိမ်လာရောက်ဖို့ရာလဲ မလွယ်ကူဘူး၊ မသေချာဘူး၊ ဉာဏ်စဉ်တရားကိုလဲ နာသွားချင်တယ် ဆိုယင် အဲဒီလိုယောဂီအား ကမ္မဋ္ဌာန်းဆရာက မိမိထင်မြင်တဲ့ဉာဏ် အဆင့်ကို ပြောပြပြီးတော့ နာခွင့်ပြုနိုင်ပါတယ်။ "ယောဂီပြောပြ သလောက်ကတော့ ဒီဉာဏ်အဆင့်လောက်ပဲရှိသေးတယ်၊ ဉာဏ်စဉ် ပြည့်စုံတဲ့အနေနဲ့ အခွင့်ပြုတာတော့မဟုတ်ဘူး၊ ကိုယ်တွေ့.ရ သိရ သလောက်ကို အသိ အမှတ်ပြုရအောင် နာခွင့်ပြုတယ်"လို့ပြောပြီး နာခွင့်ပြုရုံပါဘဲ၊ ဉာဏ်စဉ်တရား နာခွင့်မပြုတာက လျှို့.ဝှက်တဲ့ သဘောမဟုတ်ပါဘူး၊ တရားမပြည့်စုံသေးဘဲနဲ့ ဉာဏ်စဉ်တရားကို နာလျှင် နောက်တစ်ကြိမ် အားထုတ်တဲ့အခါကျတော့ စိတ်ကူးတွေ ဝင်ပြီးတော့လဲ အနှောက် အယှက်ဖြစ်တတ်တယ်၊ မဟုတ်သေးဘဲနဲ့ အဟုတ်ထင်ပြီး ပြောတဲ့ အတွက် အရှုတ်အထွေးလဲ ဖြစ်တတ်တယ်၊ ဒီလိုအန္တရာယ်တွေကြောင့်ပါပဲ၊ ဒါကြောင့် မြော်လင့်ဖွယ်မရှိတဲ့ ယောဂီအားသူက နာချင်တယ်ဆိုယင် ပြောသင့်တာကို ပြောပြီး နာခွင့်ပြုနိုင်ပါတယ်။

http://www.dhammadownload.com

လိုရင်းကတော့ ဝိနည်းဆိုင်ရာ သီလအကျင့်ပဋိပတ်ရော၊ သုတ္တန်ဆိုင်ရာ သီလ၊ သမာဓိ၊ပညာပဋိပတ်ရော၊ အဲဒီပဋိပတ္တိသာသနာတော် တည်တံ့ရေး၊ ပြန့်ပွားရေးကို အလေးပြုပြီး ဆောင်ရွက်သွားကြဖို့ပါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်ကျော်လောက်က ရွှေကျင်ကိုဏ်း မဟာနယကချုပ် ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးက "သာသနာတော်ကို ကိုယ့်အတွက်မသုံးဖို့၊ ကိုယ့်ကိုယ်ကိုသာ သာသနာတော်အတွက် အသုံးချဖို့" လို့ မိန့်တော်မူတဲ့ စကားဟာအင်မတန်ကောင်းပါတယ်။ ဘုရားသာသနာတော်ကို မှီပြီး လာဘ်လာဘပေါများအောင် ဘုန်းကြီးအောင်၊ ပြောဟော ပြုလုပ်တာတွေဟာ သာသနာတော်ကို ကိုယ့်အတွက် အသုံးချတာပဲ၊ ဒကာ ဒကာမတွေက ကျောင်းအဆောက်အအုံကို သာသနာတော်အတွက် အကျိုးများအောင် သံဃိကလှူဒါန်းချင်ပါလျက် သာသနာ့ဝန်ထမ်း ရဟန်းတော်က ပုဂ္ဂလိကအလှူခံပြီး ကိုယ့်သဘောအတိုင်း သုံးစွဲတာ အမွေပေးတာတွေဟာလည်း သာသနာတော်ကို ကိုယ့်အတွက် အသုံးချတာပဲ၊ အဲဒီလို သာသနာတော်ကို ကိုယ့်အတွက်အသုံးမချပဲ ကိုယ့်ကိုယ်ကိုသာ သာသနာတော်အကျိုးများစေရန်အတွက် အသုံးချပါတဲ့၊ အဲဒီလို ကိုယ့်ကိုယ်ကို သာသနာတော်အတွက် အသုံးချတာဟာ အင်မတန်ကောင်းတဲ့ စိတ်သဘောထားပဲ၊ သာသနာဝင်ပုဂ္ဂိုလ်တိုင်းက အဲဒီလို ကောင်းမြတ်စင်ကြယ်တဲ့ စိတ်သဘောထားဖြင့် ဆောင်ရွက်သွားကြမယ်ဆိုယင် သိပ်ကောင်းမှာပဲ။

ဒါကြောင့် ကမ္မဋ္ဌာန်းရာ မထေရ်ကြီးဖြစ်ဖြစ်၊ သာမန်ယောဂီရဟန်းဖြစ်ဖြစ် သာသနာတော်ကို ကိုယ်ကျိုးအတွက် မသုံးဘဲ မိမိ

http://www.dhammadownload.com

ကိုယ်ကိုသာ သာသနာတော်အတွက် အသုံးပြု ဆောင်ရွက်သောအား ဖြင့် မြတ်စွာဘုရား အလိုတော်အတိုင်း သီလ၊ သမာဓိ၊ ပညာတို့ကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ကိုယ်တိုင်လဲကျင့်ပြီး သူတစ်ပါးတွေ လည်းကျင့်နိုင်အောင် ဟောပြော တိုက်တွန်းပေးလျက် သာနာတော် အကျိုးကိုတိုး၍ တိုး၍ ဆောင်ရွက်နိုင်ကြပါစေ၊ အဲဒီလို ဆောင်ရွက် နိုင်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကိုလည်း တိုးတက်ပြန့်ပွားစေနိုင်သည့် အပြင် မိမိတို့အလိုရှိအပ်သော တရားထူး တရားမြတ်တွေကိုလည်း အပြည့်အစုံ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု ..... သာဓု ..... သာဓု .....

၁၃၃၇-ခုနှစ်၊ နှစ်ပတ်လည်ဩဝါဒကထာပြီး၏

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး၏

(၃၂) ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲ၌

မဟာစည်သြဝါဒခံ သံဃာတော်များအား

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

သြဝါဒတရားတော်



ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်

မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ်(၉၉၈)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်(၉၉၈)
ပထမအကြိမ်

အုပ်ရေ-၄၀၀၀

၁၉၈၂-ခုနှစ်

မတ်လ

ပန်းချီ-စံတိုး

ဘလောက်-နန်းထိုက်

အဖုံး-အောင်သာ

စာအုပ်ချုပ်-အေးမိသား:စု

ဓမ္မဒါန

ဦးမင်းဆွေ(ကင်းလွတ်ခွင့်အမှတ်-၃၃၃) မဟာစည်သာသနာ့ရိပ်သာ၊ ၁၆-ဟာမစ်တစ်၊ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆-မြို့)စာပေပေါင်း:ကူးပုံနှိပ်တိုက်၊အမှတ်-၉၀/အေ,ဘီ၊ ဝေဇယန္တာလမ်း(၈)ရပ်ကွက်၊တောင်ဥက္ကလာပမြို့၊ရန်ကုန်က ပုံနှိပ်သည်။ ဖုံး-၅၅၉၁၅

http://www.dhammadownload.com

၁၃၈၃-ခုနှစ်၊ နတ်တော်လဆုတ်(၁)ရက်
ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌
"၃၂" ကြိမ်မြောက် နှစ်ပတ်လည်ပွဲအကြိုနေ့တွင်
မိန့်ကြားတော်မူသော
ညဝါဒတရားတော်

နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်ပူဇော်ပွဲမှာ ကြွတော်မူလာကြတဲ့ ဆရာတော် သံဃာတော်တို့အား မိမိတတ်နိုင်သမျှ သင့်လျော်သမျှ ညွှန်ကြားချက်ကလေးများကို ညွှန်ကြားရပါတယ်။ တပည့်တော်တို့ ညွှန်ကြားထားတဲ့အတိုင်း သတိပဋ္ဌာန်တရားကို ကျကျနနအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဆွတ်ယွင်းစရာမရှိပါဘူး၊ ပြည့်စုံနေမှာချည်းပါပဲ၊ မြတ်စွာဘုရား ဟောထားတာတွေကိုလဲ အားလုံးသိနေ ကြမှာပါပဲ။

သံဃာတော်၏ သုပွဋိပန္နဂုဏ်ကိုတော့ အထူးသတိပြုဖို့ ထပ်မံပြီး ညွှန်ကြားချင်ပါတယ်။ အဲဒီ ဂုဏ်ကို မြန်စွာဘုရားက **"သုပွဋိပန္နော ဘဂဝတော သာဝကသံဃော"** လို့ ဟောထားပါတယ်။ ဘဂဝတော၊ မြန်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သားအပေါင်း သံဃာတော်သည်၊ သုပွဋိပန္နော၊ ကောင်းစွာ ကျင့်သုံးတော် မူပါတယ်။ ကောင်းမြတ်သည့် အကျင့်ရှိတော်မူပါတယ်တဲ့။ အဲဒါကို ဗုဒ္ဓဘာသာဝင် ရဟန်းတော်တိုင်း သိနားလည်ပြီး ဖြစ်သင့်တာချည်းပါပဲ။

http://www.dhammadownload.com

သုပ္ပဋိပန္နေ- ဂုဏ်ပုဒ်ထဲမှာ သု က ကောင်းစွာတဲ့ ၊ ပဋိပန္နေ-က ကျင့်တာတဲ့၊ ဒါ့ကြောင့် သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်တယ်၊ ကောင်းကောင်းကျင့်တယ်လို့ ဆိုပါတယ်၊ နောက်ပြီးတော့ ဉဇုပဋိပ္ပန္နော-စသည်တို့ကလဲ အလားတူပါပဲ၊ အမည်မျှသာ ကွဲတာပါ၊ ကျင့်ပုံကျင့်နည်းကတော့ ကောင်းကောင်းကျင့်တာချည်းပါပဲ၊ ဉဇုပ္ပဋိပန္နောက ဖြောင့်မတ်စွာ ကျင့်တာတဲ့၊ ဉာယပ္ပဋိပန္နော က သင့်လျော်စွာကျင့်တာတဲ့၊ သာမိစိပ္ပဋိပန္နော က သင့်တင့်ထိုက်တန်အောင် ကျင့်တာတဲ့။

အဲဒီ ၄-ပုဒ်ထဲက သုပ္ပဋိပန္နောက ဘယ်လိုလဲဆိုလျှင် မြတ်စွာဘုရား ညွှန်ကြားထားတဲ့ သီလ၊ သမာဓိ ပညာအကျင့်တွေကို အပြည့်အစုံ ရိုရိုသေသေ ကျင့်ဖို့ပါပဲ၊ သီလအကျင့်ကို ကောင်းကောင်းကျင့်နေလို့ရှိယင် ကိုယ်အမှု နှုတ်အမှု ချွတ်ယွင်းစေတဲ့ လောဘ ဒေါသ မောဟ စသော ကိလေသာတွေ အကုန်လုံး ကင်းငြိမ်းပြီးတော့ သန့်ရှင်းစင်ကြယ် နေတာပါပဲ၊ မင်္ဂလိန်ဗဟုန် မရောက်သေးနဲ့ အုံးတော့ လူ့ဘဝ နတ်ဘဝ ကောင်းမြတ်တဲ့ ဘဝတွေရောက်ပြီး ကောင်းစားချမ်းသာ သွားဖို့ပါပဲ၊ မြတ်စွာ ဘုရား၏ အဆုံးအမ သြဝါဒကို ရိုရိုသေသေ လေးလေးစားစား လိုက်နာနေတဲ့ ပုဂ္ဂိုလ်ဟာ သီလကို ရိုရို သေသေ ကျင့်ရတယ်၊ အဲဒါက အရေးကြီးပါတယ်။ ဒါပေမယ့်လို့ ယခုနေခေတ်ကာလမှာ သီလအကျင့် မပြည့်စုံတဲ့ သူတွေကလဲ တော်တော်များများ ရှိနေတတ်ပါတယ်၊ ဒါပေမယ့် သီလအကျင့် မပြည့်စုံသူတွေကို ဖော်ပြပြောရန်တော့ မသင့်ပါဘူး၊ ပြောလို့ရှိယင် အပြောခံရတဲ့ ပုဂ္ဂိုလ်တွေက စိတ်မချမ်းမသာဖြစ်ပြီး ဆန့်ကျင်ဘက်လဲ ပြုလုပ်တတ်ကြပါတယ်။

http://www.dhammadownload.com

အရေးကြီးတာကတော့ သီလပြည့်စုံရုံနဲ့.လဲ မပြီးသေးဘူး၊ ဘုရားအလိုတော်က သမာဓိလဲ ပြည့် စုံရမယ်တဲ့၊ သမာဓိပြည့်စုံရင်တော့ စျာန်ရနိုင်တယ်၊ စျာန်ရရင်တော့ နောက်ဘဝမှာ ဗြဟ္မာလောကရောက် လျက် ပိုပြီး ချမ်းသာနိုင်ပါတယ်၊ ဒါပေမယ့်လဲ အဲဒါလောက်နဲ့.လဲ မပြီးသေးဘူး၊ ပညာပြည့်စုံဖို့.လဲ လိုပါသေးတယ်၊ ပညာအကျင့်ကို ပြည့်စုံသင့်သမျှ ပြည့်စုံအောင် ကျင့်ဖို့.က သာပြီးလိုပါတယ်၊ ပညာအကျင့်ကို ပြည့်စုံအောင် ကျင့်နိုင်ရင်တော့ ယခုမျက်မှောက်ဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ပြီး အကောင်းဆုံး ပေါ့လေ၊ ယခုဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်မရောက်တောင်မှ ပညာအကျင့် ပြည့်စုံသင့်သမျှ ပြည့်စုံနေရင်တော့ နောက်နောက်ဘဝတွေ ရောက်တဲ့အခါမှာ အဲဒီပညာအကျင့်ကို မှီပြီး မဂ်ဖိုလ်နိဗ္ဗာန်တရားတွေကို ရသွားနိုင်ပါတယ်။ ယခုဘုန်းကြီးတို့.က ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီးတော့ ကမ္မဋ္ဌာန်းတရားကို ဟောပြော နေကြတဲ့ ရဟန်းတော်အရှင်မြတ်တွေဟာ ဒီအတိုင်း ဟောပြောနေကြတာပါပဲ၊ သီလလဲပြည့်စုံအောင် ကျင့်ဖို့၊ သမာဓိလဲ ပြည့်စုံသင့်သမျှ ပြည့်စုံအောင်ကျင့်ဖို့. ဟောပြောနေကြတာပါပဲ။ ဒါပေမယ့် အဲဒီသီလနှင့်သမာဓိ ပြည့်စုံရုံမျှသာ ဟောပြောနေကြတာတော့ မဟုတ်ပါဘူး၊ ဝိပဿနာပညာလဲ ပြည့်စုံသင့်သမျှ ပြည့်စုံအောင် ဟောပြောနေကြတာပါပဲ။

ဘုန်းကြီးတို့.နှင့် မစပ်ဆိုင်တဲ့အချို့.ဆရာများကတော့ သူတို့.နည်းနဲ့. သူတို့.သဘောကျပြီး ဟောပြော နေကြတာလဲရှိပါတယ်၊ သူတို့.ကတော့ ဘုန်းကြီးတို့. ဟောချက်နဲ့.ဆန့်.ကျင်ပြီး အပြစ်တင်ပြီး ဟောနေတာလဲ ရှိကြပါတယ်၊ ဘုန်းကြီးတို့.ကတော့ သူတို့.အပြစ်တင်တာကို ဂရုမစိုက်ပါဘူး၊ သူတို့.ပြောနေပုံကို ဘုန်းကြီးတို့. က သဘော

http://www.dhammadownload.com

မကျပေမယ့် ဘုန်းကြီးတို့.ကတော့ သူတို့.ကို အပြစ်မပြောပါဘူး၊ လျစ်လျူရှုထားပါတယ်။ အရေး ကြီးတာကတော့ မြတ်စွာဘုရား၏ သာသနာတော် တွင်းမှာ သီလ၊ သမာဓိအကျင့်များကို ကျင့်ပြီးတော့ ဝိပဿနာ ပညာအကျင့်ကို ပြည့်စုံသင့်သမျှ ပြည့်စုံအောင် ကျင့်ဖို့.ရာက သာပြီးလိုပါတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့.က ဘုရားအလိုတော်နှင့်အညီ သုပ္ပဋိပန္နကုဏ် ပြည့်စုံအောင်၊ သီလ၊ သမာဓိ၊ ပညာသုံးပါးလုံးနှင့် ပြည့်စုံအောင်ကျင့်ဖို့. ဟောပြောနေပါတယ်။ ဝိသုဒ္ဓိမဂ်မှာ သုပ္ပဋိပန္နောပုဒ်ကို "သုဋ္ဌု ပဋိပန္နော၊ ကောင်းစွာ ကျင့်သည်"လို့. ဖွင့်ပြီးတော့ "သမ္မာပဋိပဒံ၊ မှန်ကန်သောအကျင့်ကို ၊ အနိဝတ္တိပဋိပဒံ၊ မဆုတ်မနစ် သော အကျင့်ကို ၊ အနုလောမပဋိပဒံ၊ လျော်သောအကျင့်ကို ၊ ဓမ္မာနုဓမ္မပဋိပဒံ လောကုတ္တရာ တရားအားလျော် သောအကျင့်ကို၊ ပဋိပန္နောတိ ဝုတ္တံ ဟောတိ၊ ကျင့်ပေ၏ဟု ဆိုလိုပါသည်"လို့. အကျယ်ဖွင့်ပြထားပါတယ်၊ အဲဒီဖွင့်ဟချက်ဖြင့် သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်များကိုပဲ"အကျင့်မှန်လို့." မဆုတ်မနစ်သော အကျင့်လို့.၊ သင့်လျော်တဲ့အကျင့်လို့.၊ မဆန့်.ကျင်တဲ့အကျင့်လို့.၊ မဂ်ဖိုလ်နိဗ္ဗာန်သို့. ရောက်စေနိုင်တဲ့ အကျင့်လို့." ထင်ပေါ်တဲ့အကျင့်ကို ကျင့်မှုဖြစ်ကြောင်းဖော်ပြတာပါပဲ။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေရန်ဟာ သီလလဲစင်ကြယ်ဖို့. လိုပါတယ်။ သမာဓိလဲပြည့်စုံသင့်သမျှ ပြည့်စုံဖို့.လိုပါတယ်၊ ဝိပဿနာပညာကတော့ နာမ်ရုပ်ကိုခွဲခြားပြီး ကိုယ်တိုင်သိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ အကြောင်းအကျိုးကို ကိုယ်တိုင်သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်၊ မမြဲဘူး၊ ဆင်းရဲပဲ၊ ငါကောင်၊ သူကောင် အတ္တမဟုတ်ဘူး၊ ခဏမစဲဖြစ်

http://www.dhammadownload.com

ပျက်နေတဲ့ သဘောတရားမျှပဲလို. ကိုယ်တိုင်သိတဲ့ ဉာဏ်၊ ခဏမစဲ ဖြစ်ပျက်နေတာကို ကိုယ်တိုင်တွေ့ပြီး သိတဲ့ ဥဒယဗ္ဗယဉာဏ်၊ ခဏမစဲပျက်ပျက်သွားတာကို ကိုယ်တိုင်တွေ့ပြီးသိတဲ့ ဘင်္ဂဉာဏ် စသည်ပါပဲ၊ မဂ်ဉာဏ်ရောက်ဖို. အနီးဆုံး ဝိပဿနာဉာဏ်ကတော့ သင်္ခါရပေက္ခာဉာဏ်ပါပဲ၊ အဲဒီ သင်္ခါရပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံရင် အနုလောမဉာဏ်ဖြစ်ပြီး အရိယမဂ်ဉာဏ် ချက်ချင်း ဖြစ်တော့တာပါပဲ၊ အဲဒီလိုဖြစ်ပုံကိုတော့ ဝိသုဒ္ဓိမဂ် ဒုတိယစာအုပ် စာမျက်နှာ နံပါတ် ၃၀၈-စသည်မှာ အထင်အရှားဖော်ပြထားပါတယ်။ အဂုံတွာရပါဠိတိုက နိပါတ်စာမျက်နှာ နံပါတ်(၂၁၈) စသည်မှာလဲ အရှင်အာနန္ဒာမထေရ်က သုပ္ပဋိပန္နဉာဏ်အကြောင်း ထင်ရှား ဟောပြောထားပုံကို ထင်ရှားတွေ့ရပါတယ်။

အဲဒီမှာ ထင်ရှားပြထားပုံအကျဉ်းချုပ်ကတော့ ဒါယကာတစ်ယောက်က အရှင်အာနန္ဒာကို သွာကွာတ, သုပ္ပဋိပန္နံ, သုကတဖြစ်သူများအကြောင်း မေးလျှောက်တဲ့အခါမှာ ရာဂ, ဒေါသ, မောဟကိုပယ်ရန် ဟောတဲ့ တရားကို သွာကွာတ ကောင်းစွာဟောတဲ့တရားမည်ကြောင်း၊ ရာဂ, ဒေါသ, မောဟကို ပယ်ရန်ကျင့်တဲ့ ပုဂ္ဂိုလ်များကို သုပ္ပဋိပန္နံ ကောင်းစွာ ကျင့်သူများမည်ကြောင်း၊ ရာဂ,ဒေါသ, မောဟတို့ကို ပယ်ပြီးဖြစ်တဲ့ပုဂ္ဂိုလ် များက သုကတ ကောင်းစွာပြုပြီး ကျင့်ပြီး ဖြစ်ကြသူများမည်ကြောင်းကို အရှင်အာနန္ဒာမထေရ်က မေးမြန်း စိစစ်ပြီး ဟောပြထားပါတယ်။

အဲဒီဒေသနာမှာ ပြထားတဲ့အတိုင်း ရာဂစသော ကိလေသာတို့ကို ပယ်နိုင်အောင် ကျင့်တာဟာ သုပ္ပဋိပန္နံ အကျင့်ပဲ၊ သီလကျင့်

http://www.dhammadownload.com

တာလဲ သုပ္ပဋိပန္နပဲ၊ သမာဓိဘာဝနာ, ပညာဘာဝနာ ကျင့်တာလဲ သုပ္ပဋိပန္နပဲ၊ ဒါပေမယ့် သီလအကျင့် သမာဓိအကျင့်မျှ လောက်နဲ့. တော့ ရာဂစသော ကိလေသာတို့.ကို လုံးဝကင်းအောင် မပယ်နိုင်သေးဘူး၊ ဝိပဿနာအကျင့်ကို အပြည့်အစုံကျင့်မှသာ ရာဂစသော ကိလေသာတွေကို အကြွင်းမဲ့ ပယ်နိုင်တာပဲ၊ သီလနှင့် သမာဓိ အရင်းခံပြီး ဝိပဿနာ ဉာဏ်ကို သခ်ါရပေက္ခာဉာဏ် ရင့်သန် ပြည့်စုံအောင် ရှုမှတ် အားထုတ်ပါမှ ဝိပဿနာဉာဏ်အဆုံးဖြစ်တဲ့ အနုလောမဉာဏ်နှင့် အရိယာမဂ်ဉာဏ်သို့.ရောက်ပြီး ကိလေ သာကို ကောင်းကောင်း ပယ်နိုင်တာပဲ၊ အဲဒီလို အရိယမဂ်ဉာဏ် ရောက်အောင် ကျင့်ပါမှ သုပ္ပဋိပန္နမည်ပါတယ်။

ဝိပဿနာရှုလို. သခ်ါရပေက္ခာဉာဏ် ရင့်သန်ပြည့်စုံသွားရင် သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီးတော့ သက္ကာယဒိဋ္ဌ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို. ကျရောက်စေတတ်သော ကာမရာဂနှင့် ပဋိဃ ဆိုတဲ့ သံယောဇဉ် ၅-ပါးဟာ လုံးဝကင်းရှင်းသွားပါတယ်၊ သောတာပန်က ဝိပဿနာ ဆက်ရှုယင် သကဒါဂါမိ မဂ်ဖိုလ် ရောက်ပြီးတော့ (အပါယ်သို့.မရောက်စေနိုင်သော်လဲ) ရုန်.ရင်းသည့် ကာမရာဂနှင့် ပဋိဃတို့.လဲ ထပ်မံ ကင်းရှင်းသွားပြန်ပါတယ်၊ သကဒါဂါမိက ဝိပဿနာဆက်ရှုလို. ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံ သွားပြန်ယင်လဲ အနာဂါမိမဂ်ဖိုလ် ရောက်ပြီးတော့ သိမ်မွေ့.သည့် ကာမရာဂနှင့် ပဋိဃတို့.လဲ ထပ်မံကင်းရှင်းသွားပြန်ပါတယ်၊ ယခုဖော်ပြခဲ့တဲ့အတိုင်း ကင်းရှင်းသွားတဲ့သက္ကာယဒိဋ္ဌ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ,ပဋိဃဆိုတဲ့ သံယောဇဉ်တွေကို အောက်ကာမဘုံ၌ ဖြစ်စေတတ်သော အဓောဘာဂိယသံယောဇဉ်လို. ခေါ်ပါတယ်၊ အနာဂါမ် ပုဂ္ဂိုလ်က

http://www.dhammadownload.com

ဆက်ပြီး ဝိပဿနာရှုလို့. ဝိပဿနာဉာဏ် ထပ်ပြီး တိုးတက်ပြည့်စုံတဲ့အခါမှာ အရဟတ္တမဂ်ဖိုလ်ကို ရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ အထက် ရူပဘုံသို့.ရောက်စေတတ်သော ဥဒ္ဓံဘာဂိယ ခေါ်တဲ့ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ,ဆိုတဲ့ သံယောဇဉ် ၅-ပါးကိုလဲ ပယ်ပြီးဖြစ်ကာ ကိလေသာအား‌လုံး‌ကင်းပြီး သန့်.ရှင်းစင်ကြယ်သွားပါတယ်၊ ဒါကြောင့်ကိလေသာဟူသမျှ ကင်းသင့်သလောက် ကင်းရှင်းစင်ကြယ်ရအောင် ဝိပဿနာကို စွမ်းနိုင်သမျှ အား‌ထုတ်လျက် သုပ္ပဋိပန္နော အကျင့်ကို ရိုရိုသေသေ ကျင့်သွားကြဖို့.ပါပဲ၊ ယခုပြောခဲ့တဲ့အတိုင်း ကိလေသာ ဟူသမျှကို ပယ်နိုင်အောင် ကိလေသာကင်းအောင် သီလကိုလဲကျင့်သင့်သမျှ ကျင့်ရမယ်၊ သမာဓိအကျင့်၊ ပညာအကျင့်ကိုလဲစွမ်းနိုင်သမျှ ပြည့်စုံအောင် ကျင့်ရမယ်ဆိုတာ ထင်ရှား‌နေပါပြီ။

ဒါကြောင့် ဘုရားတပည့်တော်က သံဃာတွေ ကျင့်ရတဲ့အကျင့်နဲ့. စပ်ပြီးတော့ သီလ အကျင့်မှစပြီး ပညာအကျင့်တိုင်အောင် ကျင့်ဖို့.ရာမကြာခဏ ဟောပြောလာခဲ့ပါတယ်၊ တတ်နိုင်လို့.ရှိရင်တော့ သမာဓိဘဝနာ အကျင့်ကိုလဲ ကျင့်သင့်တာပါပဲ၊ သမာဓိကမ္မဋ္ဌာန်းတွေထဲက ကသိဏ်း ၁၀-ပါးကိုရှုရင် ရနိုင်ပါတယ်၊အသုဘ ၁၀-ပါးနဲ့. ကာယဂတာကိုရှုရင် ပထမစျာန်ကိုရနိုင်ပါတယ်၊ မေတ္တာ,ကရုဏာ, မုဒိတာ ဘာဝနာတွေကို ဖြစ်စေ လျှင် စတုတ္ထစျာန်အထိ ရနိုင်တယ်၊ ဥပေက္ခာ ဘာဝနာကိုတော့(မေတ္တာစသည်ဖြင့် စျာန် ၄-ပါးကို ရပြီးမှ) ရှုခြင်းဖြင့် ပဉ္စမစျာန်ကို ရနိုင်ကြောင်းလဲ ကျန်းဂန်များမှာ ပြထား‌ပါတယ်၊ အရူပ ကမ္မဋ္ဌာန်း ၄-ပါးကိုတော့ ရူပစျာန်တွေ အပြည့်အစုံရပြီးမှ ဖြစ်ပွား‌စေခြင်းဖြင့် အရူပစျာန် ၄-ပါးကို ရကြောင်းလဲ ပြထား‌ပါတယ်။

http://www.dhammadownload.com

အဲဒီသမထကမ္မဋ္ဌာန်းတွေထဲမှာ အနုဿတိကမ္မဋ္ဌာန်း အချို့နဲ့ မေတ္တာဘာဝနာကို ပွားစေရန် မကြာမကြာ ဘုရားတပည့်တော်က ဟောပြတိုက်တွန်းနေပါတယ်။ ဗုဒ္ဓါနုဿတိစသည်ကို ကျင့်ဖို့ကတော့ လွယ်ပါတယ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို ရိုရိုသေသေ အာရုံပြုနေတဲ့အခါ၊ အာရုံပြုပြီးရှိခိုးနေ တဲ့အခါ သမာဓိဘာဝနာ ဖြစ်တန်သမျှတော့ ဖြစ်နိုင်ပါတယ်၊ လူတစ်ယောက်ကိုဖြစ်စေ၊ နှစ်ယောက်၊ သုံးယောက် စသည်အများကိုဖြစ်စေ၊ ချမ်းသာစေလိုတဲ့ စေတနာဖြင့် "ချမ်းသာပါစေ၊ ချမ်းသာပါစေ"လို့ နှလုံးသွင်းနေရင် မေတ္တာဘာဝနာကို ဖြစ်ပွားစေတဲ့လူဟာ ချမ်းသာပါစေလို့ အာရုံပြုထားတဲ့သူတွေအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်အောင် မပြောသင့်၊ မပြုသင့်ပါဘူး၊ အဲဒီလိုမတော်မသင့် ပြောတာ ပြုတာကိုလဲ ကြဉ်ရှောင်နေမှ ဘာဝနာ ကုသိုလ် ကောင်းကောင်းဖြစ်နိုင်ပါတယ်၊ တချို့ ပုဂ္ဂိုလ်တွေကတော့ သူတို့က မလိုလားတဲ့သူတွေကို အပြစ်ပြောခြင်း၊ အနှောင့် အယှက်ပြုခြင်းများကို ဖြစ်ပွားစေကြတယ်၊ အဲဒါဟာ ဘုရားအလိုတော်နဲ့အညီ မေတ္တာဘာဝနာ ကုသိုလ်ကို မဖြစ်စေပဲ မတော်မသင့်ပြုနေရာ ရောက်တာပါပဲ၊ တချို့က မြတ်စွာဘုရား အလိုတော်နှင့်အညီ ဝိပဿနာရှုနေကြတာကိုတောင် အပြစ်လဲပြောနေကြတယ်၊ တရားအားမထုတ်နိုင်အောင် အနှောင့်အယှက်လဲ ပေးနေကြတယ်၊ ကမ္မဋ္ဌာန်းဋ္ဌာနပျက်အောင်တောင် ပြုလုပ်နေကြသေးတယ်၊ အဲဒီလိုအပြောအပြုမျိုးတွေကတော့ အလွန်ပင် မသင့်တော်တဲ့ အပြောအလုပ်တွေပါပဲ။

http://www.dhammadownload.com

ဘုရားတပည့်တော်တို့၏ သြဝါဒအတိုင်း လိုက်နာပြီး သာသနာပြု ဟောပြောနေကြတဲ့ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်တွေကတော့ **မတော်မသင့်တာတွေကို မပြောပဲ မပြုပဲ သင့်လျော်သမျှကိုသာ ပြောဟော ညွှန်ပြနေကြဖို့. လိုပါတယ်**၊ အဲဒီလိုသင့်လျော်စွာ ပြောဟော ဆောင်ရွက်နေတာကိုလဲ ကြားသိရပါတယ်၊ ယခုကျင်းပနေတဲ့ နှစ်ပတ်လည်ပူဇော်ပွဲအတွင်းမှာလဲ နံနက်ပိုင်း ၄-ပါး၊ နေ.ပိုင်း ၄-ပါး၊ တစ်နေ့.တစ်နေ့.မှာ ၈-ပါး၊ ၈-ပါး သုံးရက်အတွင်း၌ ၂၄-ပါးက သာသနာပြု တရားဟောပြနေကြတာကို ဘုန်းကြီးကိုယ်တိုင်လဲ ကြားသိရပါသည်၊ သူတို့.ဟောပြောနေတာဟာ အသင့်အတော်သားပါပဲ၊ သူတို့.ကမကောင်းမှု အကုသိုလ်တွေ မဖြစ်အောင်ကျင့်ကြဖို့. အားထုတ်ကြဖို့. ဟောပြောနေကြတာပါပဲ၊ မြတ်စွာဘုရား ညွှန်ကြားထားသည့်အတိုင်း ဟောနေကြတာပါပဲ၊ ဒီကဟောပြောထားတဲ့သတိပဋ္ဌာန်နည်းအတိုင်း ရှုမှတ်ပြီး သမာဓိဉာဏ်ထူးတွေ ဖြစ်သင့်သမျှ ဖြစ်နေကြကြောင်း ထင်ရှားပေါ်နေပါတယ်၊ မေတ္တာဘာဝနာတွေလဲ ပြည့်စုံနေတာ များဟန်ရှိကြပါတယ်၊ အင်မတန်ကောင်းပါတယ်၊ ဒါ့ကြောင့် သုပ္ပဋိပန္နဂုဏ်နဲ့. ပြည့်စုံအောင် သီလကိုလဲ ရိုရိုသေသေကျင့်ဖို့. သမာဓိကိုလဲ ဖြစ်သင့်သမျှဖြစ်အောင် အားထုတ်ဖို့၊ ဝိပဿနာကိုလဲ ရှုမှတ်ပွားများဖို့. ဟောပြနေကြတာပါပဲ။

ဒါပေမယ့် တချို့.ရိပ်သာ ဌာနတွေမှာ ဆွတ်ယွင်းပျက်ပြားကြတာ တွေဟာ ၃-၄-၅-ဦးလောက် ကြားသိရတာလဲရှိနေကြပါတယ်၊ ဘယ်လိုလဲဆိုတော့ကာ အမျိုးသမီးများနဲ့. ဆွတ်ယွင်းဖောက်ပြန်ပြီး လူထွက် သွားကြတယ်လို.လဲ ကြားရတယ်၊ ဒကာမတွေနဲ့.

http://www.dhammadownload.com

နီးကပ်ဆက်ဆံတယ်ဆိုတာက ကြည်ညိုဖွယ်မကောင်းတဲ့ အတွက် အဆင်မပြေပဲရှိနေကြောင်းလဲ ကြားသိရတယ်၊ အဲဒီလိုဟာတွေက ကမ္မဋ္ဌာန်းပြ ဆရာတွေအတွက် အလွန်ပင် မသင့်လျော်တာပါပဲ။

ဘုန်းကြီးတို့ကတော့ ရဟန်းဖြစ်လာကာစ ငယ်ငယ်အရွယ် ကပင် အမျိုးသမီးများနဲ့ နီးကပ်ဆက်ဆံ နေခဲ့ဘူးတာရယ်လို့ တခါမျှ မရှိခဲ့ပါဘူး၊ တရားဟောပြနေတဲ့ အခါတွေမှာလဲ အမျိုးသမီး တစ်ယောက်တည်း၊ ဘုန်းကြီးထံ လာရောက်တာကို တစ်ခါမျှ လက်မခံခဲ့ပါဘူး၊ တစ်ယောက်တည်းလာရောက်သူကိုလဲ ပြန်သွားဖို့၊ တစ်ယောက်တည်းမလာဖို့ပြောပြီး ပယ်လိုက်ရတာ ၂-ကြိမ်လောက် သာ ကြုံဖူးပါတယ်၊ အဲဒါဟာအထူးစိတ် ဝင်စားစရာပါပဲ၊ **ဒါ့ကြောင့် ကမ္မဋ္ဌာန်းတရား ဟောပြနေကြတဲ့ အရှင်မြတ်တို့ကလဲ ဒကာမ တစ်ယောက်တည်း လာရင် လက်မခံပဲ ပယ်လွှတ်လိုက်ကြပါ၊ ဒကာမ တွေနဲ့ စပ်ပြီး သူများအထင်မသေးရအောင် အထူးဂရုစိုက်ပြီး ကျင့်သုံး နေထိုင်ကြစေလိုပါတယ်။**

ဒီရိပ်သာဌာနသို့လာရောက်ကြတဲ့ အရှင်သူမြတ်တွေ အတွက်လဲ သတိပေးချင်တာ ရှိပါတယ်၊ ဘာတွေလဲဆိုရင် ဒီသာသနာ့ရိပ်သာသို့ နှစ်ပတ်လည်ပူဇော်ပွဲအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ပဲဖြစ်စေ၊ ကြွလာကြတဲ့အခါမှာ ဘုရားလက်ထက်တော်ကာလက ရဟန်းမြတ်များလိုပင် သင်္ကန်းအပြင် သပိတ်လဲ ပါလာ ကြစေလိုပါတယ်၊ တခြားအရပ်ဒေသများ သွားတဲ့အခါလဲ ဝိနည်းစည်းကမ်းနှင့်အညီ သပိတ်သင်္ကန်းများ အပြည့်အစုံယူဆောင် သွားကြစေလိုပါတယ်၊ ဘုရားတပည့်တော်ဟာ ဘယ်ဌာနကိုပဲသွားသွား သပိတ်ပါ အပြည့်

http://www.dhammadownload.com

အစုံ ဆောင်ယူသွားတာချည်းပါပဲ၊ မြတ်စွာဘုရားကိုယ်တော်တိုင်လဲ ဘယ်ဌာနကိုပဲသွားသွား သပိတ်ကို ဆောင်ယူသွားတာချည်းပါပဲ၊ ဘုရားတပည့်တော်ဟာလဲ အမေရိကန်၊ အင်္ဂလန်စသော အဝေးနိုင်ငံတွေ သွားတဲ့အခါလဲ သပိတ်ကို ယူဆောင်သွားခဲ့တာချည်းပါပဲ၊ ဒါဟာ ဝိနည်းတော်နှင့်အညီပါပဲ။ ဒါ့ကြောင့် အရှင် ဘုရားတို့လဲ ဒီနည်းအတိုင်း ကျင့်ကြဖို့ရာ ဘုရားတပည့်တော်က သတိပေး ညွှန်ကြားပါတယ်။

နေ့ဆွမ်းဘုဉ်းပေးတဲ့အခါမှာလဲ အများအားဖြင့် သပိတ်နှင့် ဘုဉ်းပေးသင့်ပါတယ်၊ ဆွမ်းဘုဉ်ပေးယင်းလဲ စွမ်းနိုင်သမျှရှုမှတ်ပြီး စားသောက်သင့်ပါတယ်၊ အကြောင်းအထူးမရှိရင် စကားမပြောပဲ ရှုမှတ်မှုဖြစ်သင့်သမျှ ဖြစ်အောင် အထူးသတိပြု စေလိုပါတယ်။

မြတ်စွာဘုရားက သတိပဋ္ဌာန်ဒေသနာတော်မှာ **ဂစ္ဆန္တော၀ါ ဂစ္ဆာမီတိ ပဇာနာတိ**–စသည်ဖြင့် ကိုယ်အမှု အရာကို ပြုတိုင်းပြုတိုင်း မှန်စွာသိအောင်ရှုဖို့ ညွှန်ကြားပါတယ်၊ အဲဒီဒေသနာတော်အတိုင်း အရှင်ဘုရားတို့က လဲ ဟောကြားညွှန်ပြနေကြတာပဲ။ နောက်ပြီးတော့ **အဘိက္ကန္တေ အဋ္ဌိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ**–စသည်ဖြင့် လည်းကောင်း၊ အသိတေ ပီတေခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ–စသည်ဖြင့်လည်းကောင်း၊ **ဂတေ ဋ္ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ**–စသည်ဖြင့်လည်းကောင်း၊ မြတ်စွာဘုရားက ညွှန်ကြားထားသည့်အတိုင်း အရှင်ဘုရားတို့ကလဲ ရှုမှတ်ပြီးသိဖို့ ဟောကြားနေကြတာချည်းပဲ၊ ဒါ့ကြောင့် မိမိတို့ကိုယ်တိုင်လဲ ကိုယ်အမှုအရာ စိတ်အမှုအရာ

http://www.dhammadownload.com

စသည်တွေကို အခွင့်သာတိုင်း စွမ်းနိုင်သမျှရှုမှတ်နေရန်သင့်ပါတယ်။ သတိပဋ္ဌာန်ဒေသနာတော်မှာ မြတ်စွာဘုရားက ညွှန်ပြထားသည် အတိုင်း ရှုပုံရှုနည်းကို သဘောမကျတဲ့ ပုဂ္ဂိုလ်အချို့ကတော့ ဘုရား တပည့်တော်တို့. အရှင်ဘုရားတို့. ဟောပြနေတဲ့အတိုင်း ရှုမှတ်ကြပုံကို အပြစ်ပြောနေကြတာလဲ ရှိပါတယ်၊ အဲဒီလိုအပြစ် ပြောကြတာကတော့ ဘုရားဟောထားသည့်အတိုင်း သူတို့.က မရှုကြ မသိကြလို့.ဖြစ်မှာပါပဲ၊ အဲဒီလို သူတစ်ပါးက အပြစ်တင်တာကိုတော့ ဘုရားတပည့်တော်တို့.က ဘာမျှစဉ်းစားစရာ ပြောဆိုစရာမလိုပါဘူး၊ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့်အညီ စွမ်းနိုင်သမျှ တရားကို အားထုတ်သွားကြရုံပဲ လိုပါတယ်။ဆွမ်းခဲဖွယ် များကို စားသောက်နေခိုက်မှာလဲ အလွတ် စကားတွေကို မပြောကြပဲစွမ်းနိုင်သမျှ ရှုမှတ်နေကြတဲ့အတိုင်း ရှုမှတ် သွားကြရုံပါပဲ။

ဝိနည်းသိက္ခာပုဒ်များနဲ့. အပြစ်တင်စရာမရှိအောင် သန့်.သန့်. ရှင်းရှင်း စင်စင်ကြယ်ကြယ် စောင့်ထိန်း နေဖို့.လဲ လိုပါတယ်၊ ဘယ်လို အရာမှာလဲဆိုတော့ ဝိပဿနာရှုနည်းကို ဟောပြောနေတဲ့ ရဟန်းတော် များထဲမှာ ဒကာမလေးများက နီးနီးကပ်ကပ် လာရောက်ပြီးဩဝါဒ ခံယူနေတတ်ကြပါတယ်၊ အဲဒီလိုရောက်လာကြတဲ့ **ဒကာမများနဲ့. နီးနီးကပ်ကပ်လက်မခံပဲ စင်ကြယ်စွာနေကြဖို့.လိုပါတယ်၊ အမျိုးသမီး** တစ်ယောက်တည်း ဆိုရင်တော့ တခဏလောက်တောင် လက်မခံပဲ ပြန်လွှတ်လိုက်သင့်ပါတယ်၊ အရေးတကြီးပြောပြစရာရှိရင်တော့ မိမိ ထံမှာ ရဟန်းတစ်ပါးဖြစ်စေ အသင့်ရှိနေပါမှ ခေတ္တခဏလောက်သာ လက်ခံပြီး ပြောသင့်ပါတယ်၊ အရေးကြီး တာကတော့ သူတစ်ပါးက

http://www.dhammadownload.com

အပြစ်တင်နိုင်ခွင့် မရှိရအောင် အထူးသတိပြုသင့်ပါတယ်။ကမ္မဋ္ဌာန်း တရားဟာ ပြောရေးမှာ အလွန်အဆင်သင့်တဲ့ ဓမ္မကထိက ရဟန်းငယ်တစ်ပါးဟာ ဒကာမလေးတစ်ယောက်နဲ့ ရင်းနှီးဆက်စပ်ပြီး လူထွက်သွားတာရှိပါတယ်၊ အဲဒီရဟန်းလူထွက်တာကို အကြောင်းပြုပြီးတော့ ဘုန်းကြီးထံ သတိပေးစကား ရေးလိုက်တဲ့သူကလဲရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်က သတိပေးတာဟာ သင့်လျော်တဲ့ သတိပေးခြင်းပါပဲ၊ အဲဒီသတိပေးစကားကို အခြေပြုပြီး ယခုဩဝါဒပေးသင့်သည့်အတိုင်း ဩဝါဒပေးရတာပါပဲ၊ တရားကို ဟောပြောနေသည့် ရဟန်းအထူးဖြစ်နေပါလျက် ဒကာမများနှင့်ဆက်သွယ်ပြီး မတော်မသင့်မဖြစ်အောင် သတိပေးရတာပါပဲ၊ သူတစ်ပါးကဲ့ရဲ့ဖွယ် အထင်မှားဖွယ်မရှိပဲ သန့်ရှင်းစင်ကြယ်အောင် အထူးသတိပြုလျက် ကျင့်သုံးနိုင်ကြပါစေ။

နောက်တစ်ခုက ကျောင်းတိုက်မှ တခြားသွားတဲ့အခါ သင်္ကန်းရုံသွားကြရန် သတိပေးလိုပါတယ်၊ တခြားကျောင်းသို့ဖြစ်စေ၊ ဘုရားဝန်းသို့ဖြစ်စေ သွားလျှင် သင်္ကန်းမရုံပဲလဲသွားနိုင်ပါတယ်၊ ဝိနည်းသိက္ခာပုဒ် အရ အပြစ်မရှိပါဘူး၊ ဒါပေမယ့်လူအများနေရာမြို့ထဲရွာထဲမှာ ဖြတ်သွားရတာဆိုရင်တော့ ကြည်ညိုဖွယ် ပါသာဒိကမဖြစ်ပဲ အပြစ်တင်ဖွယ် အကြည်ညိုကင်းဖွယ် ဖြစ်နေတတ်ပါတယ်၊ ဒါ့ကြောင့်ဘုန်းကြီးဖြစ်စေ ၊ မဟာစည်ဩဝါဒခံအရှင်မြတ်တို့ဖြစ်စေ ကျောင်းတိုက်အပြင်သို့ ထွက်သွားရင် ပါသာဒိကဂုဏ် ပြည့်စုံအောင် သင်္ကန်းရုံပြီးသွားကြတာချည်းပါပဲ၊ အဲဒီလိုဆိုတော့တွေ့မြင်ရတဲ့လူတွေမှာ ကြည်ညိုရှိသေပြီး ကုသိုလ်အထူး ဖြစ်ကြပါတယ်။ တချို့ရဟန်းတော်များကတော့ မြို့ထဲရပ်ထဲ ဖြတ်သွားတဲ့အခါ

http://www.dhammadownload.com

သင်္ကန်းမရုံပဲ သွားကြတာလဲ ရှိတယ်၊ အဲဒီလိုဟာကို မြင်တွေ့ရတဲ့သူတွေမှာ မြို့ထဲ ရွာထဲ၌ ဝိနည်းသိက္ခာပုဒ်နဲ့အညီ သင်္ကန်းမရုံပဲ သွားလာနေကြတယ်လို့ ထင်မြင်ပြီး အကြည်ညိုဖျက်ကြတယ်၊ ဒါ့ကြောင့် ကျောင်းဝင်းထဲမှ ထွက်သွားရင် ဘယ်အရပ် ကိုပဲသွားသွား၊ သင်္ကန်းရုံပြီးမှ သွားမှ အပြစ်ကင်းပြီး ပါသာဒိကဂုဏ်နှင့် ပြည့်စုံပါတယ်၊ ဒါ့ကြောင့် ခြေကျင်လမ်းလျှောက်သွားတဲ့အခါဖြစ်စေ၊ မီးရထားစသည်ကို စီးသွားသောအခါဖြစ်စေ၊ သင်္ကန်းရုံပြီးသာ သွားကြစေလိုပါတယ်၊ ဒါကတော့ သာသနာရေး ဘာသာရေးကိစ္စနှင့်စပ်၍ အပြစ်တင်ဖွယ်ကင်းပြီး ကြည်ညိုဖွယ် ပါသာဒိသဂုဏ်နှင့် ပြည့်စုံအောင် သတိပေးတာပါပဲ။

နောက်ပြီးတော့ နိဿဂ္ဂိယသိက္ခာများနှင့် စပ်ပြီး အပြစ်ကင်းအောင်လဲ သတိပေးလိုပါတယ်၊ နိဿဂ္ဂိယ သိက္ခာပုဒ်တွေက (၃၀) တောင် ရှိပါတယ်၊ အဲဒီ(၃၀)ထဲက သိက္ခာပုဒ်(၃)ခုထဲမှာ ရွှေငွေကိုကိုယ်တိုင် လက်ခံမှု၊ အရောင်းအဝယ်ပြုမှု၊ သုံးဆောင်မှုများနှင့်စပ်၍ နိဿဂ္ဂိယပါစိတ် အာပတ်သင့်ကြောင်းပြထားတယ်၊ ဒါကြောင့် အာပတ်မသင့်အောင် သတိပြုဖို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

ရွှေစစ် ငွေစစ်ဖြစ်စေ ငွေစက္ကူကိုဖြစ်စေ ဒကာ ဒကာမ များက ဆက်ကပ်လှူဒါန်းတဲ့အခါ အဲဒါတွေကို လက်ခံယင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်ပါတယ်၊ လက်ဖြင့် ကိုင်ယူတဲ့အခါ သိမ်းပိုက် သုံးဆောင်တဲ့ အခါမှာ ဒုက္ကဋ်အာပတ် သင့်တတ်ပါတယ်၊ ကိုယ်တိုင် အရောင်းအဝယ် ပြုလုပ်တဲ့အခါမှာလဲ နိဿဂ္ဂိပါစိတ်အာပတ် ဒုက္ကဋ်အာပတ်တွေ သင့်တတ်ပါတယ်၊ ယခုအခါမှာ ငွေကိုလက်မခံပဲ မသုံးပဲနေဖို့က

http://www.dhammadownload.com

ခဲယဉ်းပါတယ်၊ ဒါ့ကြောင့် ဒကာဒကာမတွေက အရောင်းအဝယ်ပြုပြီး သုံးနေကြတာက များကြပါတယ်၊ သို့သော် မဟာစည်သြဝါဒခံ ရဟန်းတော်များကတော့ ကင်းသင့်သမျှကင်း အောင် အထူးသတိပြု ကျင့်နေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ယခုထပ်ပြီး သတိပေးတာပဲပါပဲ။

ငွေများကိုလှူတဲ့အခါမှာ လက်မခံပဲ ဝိနည်းတော်နှင့်အညီ ညွှန်ကြားသင့်ပါတယ်။ ဘယ်လိုလဲဆိုတော့ ငွေကိုလက်မခံပဲ အဲဒီငွေမှာ ဖြစ်ပေါ်လတ္တံ့သော အပ်စပ်တဲ့ ပစ္စည်းများကိုသာ လှူဖို့ ညွှန်ပြပေးရတယ်၊ သူတို့က လှူချင်တဲ့ငွေကိုတော့ မိမိ၏ကပ္ပိယထံမှာသာ အပ်နှံထားဖို့၊ ထိုကပ္ပိယထံမှ လိုအပ်သော သင့်လျော် သော ပစ္စည်း များကို တောင်းယူပြီးသုံးစွဲရန်လဲ ညွှန်ကြားပေးဖို့ ပြောပြပေးရတယ်၊ အဲဒီလိုအပ်နှံပြီး ညွှန်ကြားပေးတော့ အဲဒီကပ္ပိယထံမှ အပ်စပ်သော ပစ္စည်းကို တောင်းယူပြီး သုံးဆောင်ဖို့ရာ (၁၀)ခုမြောက် နိဿဂ္ဂိယ ပါစိတ် သိက္ခာပုဒ်မှာ မြတ်စွာဘုရားက ညွှန်ပြထားပါတယ်၊ အဲဒီလို ညွှန်ပြထားတဲ့အတိုင်း လက်ခံပြီး၊ သုံးသင့်တဲ့အတိုင်း သုံးဖို့ပါပဲ။ ဒီလိုဆိုတော့ အပြစ်ကင်းပါတယ်၊ အပြစ်ကင်းအောင် အဲဒီနည်းအတိုင်း ကျင့်သုံး ကြဖို့ သတိပေးညွှန်ပြပါတယ်။ မဟာစည်သြဝါဒခံ အရှင်များဟာ ဒီနည်းအတိုင်းပင် အပြစ်ကင်းအောင် ကျင့်နေကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နောက်ပြီးတော့ တချို့က မိမိတို့ဌာနဒ္ဒ ကျောင်းဆောင် စသည် အတွက် ကိုယ်တိုင်အလှူခံပြီးတော့ဖြစ်စေ ၊ ကျောင်းစသည်ကို ပြုလုပ်ကြ ပြည့်စုံစေကြတာလဲ ရှိတတ်ကြပါတယ်၊ အဲဒီလိုအလှူခံ

http://www.dhammadownload.com

တောင်းခံတာမျိုးလဲ ပြုလုပ်ရန် ညွှန်ကြားတိုက်တွန်းပေးရန် ရဟန်းများမှာ မသင့်ပါဘူး၊ အဲဒါမျိုးလဲ ကင်းအောင်အထူး ပြုသင့်ပါတယ်။

ဒီရန်ကုန်မြို့က မဟာစည်သာသနာ့ရိပ်သာမှာ ကျောင်းအဆောက် အဦးစသည့် အသစ်အသစ် တိုးတက် ဖြစ်ပေါ်အောင် ဘုန်းကြီးတို့က ကိုယ်တိုင်လဲ အလှူခံခြင်း တိုက်တွန်းခြင်းကို မပြုခဲ့ပါဘူး၊ ဗုဒ္ဓသာသနာနုဂ္ဂ ဟအဖွဲ့ဝင် ပုဂ္ဂိုလ်တို့အားလဲ အကြံပေးခြင်း၊ တိုက်တွန်းခြင်းကို မပြုခဲ့ဘူး၊ နုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေကလဲ အလှူခံ တိုက်တွန်းခြင်းကို အထူးတလည် မပြုခဲ့ကြပါဘူး၊ အဆောက် အဦးစသည်အတွက် လှူဒါန်းနိုင်ကြကြောင်း၊ ဖော်ပြရုံမျှသာ ဖော်ပြ ခဲ့ကြပါတယ်၊အဲဒီလိုဖော်ပြတာကိုပင် သဘောကျပြီး သူတို့အလိုလို စွမ်းနိုင်သမျှ လှူဒါန်းကြတာပါပဲ၊ တချို့ဌာနများမှာတော့ ခေါင်း ဆောင်ဘုန်းကြီးက တာဝန်ဆောင်ပုဂ္ဂိုလ်များအား တောင်းဖို့ ၊ အလှူခံ ကြဖို့ ညွှန်ကြားပါတယ်၊ တာဝန်ဆောင် ပုဂ္ဂိုလ်များကလဲ ဆရာ ရဟန်းတော်က ညွှန်ကြားသည့်အတိုင်း၊ ထိုထိုဌာန ထိုထိုပုဂ္ဂိုလ် များထံမှာ အလှူခံစာများ ပေးပို့ပြီး အလှူခံကြတယ်၊ အဲဒီလို တောင်းတာ အလှူခံတာကို သဘောမကျလို့ ဘုန်းကြီးထံသို့ စာဖြင့် လျှောက်ထားပြီး ခွင့်တောင်းတာကို တွေ့ရပါတယ်၊ ဒါကြောင့် အဲဒီလို အပြစ်မတင်ကြရအောင် တောင်းရန် အလှူခံရန် မညွှန်ကြားပဲ အပြစ် ကင်းအောင်သာ ဟောပြ ဆောင်ရွက်တော် မူကြရန် ဘုရားတပည့် တော်က သတိပေးပါတယ်၊ အပြစ်ကင်းအောင်သာ ဆောင်ရွက်ကြ စေလိုပါသည်။

အဲဒီလိုအပြစ်ကင်းအောင် ဆောင်ရွက်ရမှာက ဘယ်လိုပါလဲ ဆိုရင်– ဘုရားတပည့်တော် ဆောင်ရွက်ခဲ့တာကို ဖော်ပြပါမည်။ ဘုရား တပည့်တော်ဟာ လွန်ခဲ့သော တစ်နှစ်ခွဲလောက်က ဗုဒ္ဓသာသနာနုဂ္ဂဟ

http://www.dhammadownload.com

အဖွဲ့. နှစ်ပတ်လည်အစည်းအဝေးပွဲသို့. သွားရောက်ပြီး သင့်လျော်တဲ့ သတိပေးစကား ပြောကြားခဲ့ပါတယ်၊ ဘယ်လိုလဲ ဆိုတော့–သာသနာ့ ရိပ်သာမှာ ယောဂီများနေရန် မပြည့်စုံသေးတဲ့အတွက် သုံးထပ် ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရန် ဘုန်းကြီး၏ ကပ္ပိယဒကာထံမှ ဝတ္ထုငွေ(၂)သိန်းကို အဖွဲ့ဝင် ဒကာကြီးများက လက်ခံပြီး သုံးထပ် ကျောင်း အဆောက်အဦးဆော ်လုပ်ဖို့. ညွှန်ကြားခဲ့ပါတယ်။ အခြား ပုဂ္ဂိုလ်များထံမှ တောင်းဖို့. အလှူခံ ဖို့.တော့ မတိုက်တွန်းခဲ့ပါဘူး၊ အခြားပုဂ္ဂိုလ်များကလည်း သူတို့.၏ သဒ္ဓါနှင့်စေတနာအလျောက် လိုသမျှကို လှူဒါန်းကြလိမ့်မယ်လို့.တော့ မိမိကမျှော်လင့်ပါတယ်။ အဖွဲ့.ကလဲ မည်သူ့.ကိုမျှ အလှူပါဝင်ဖို့.ရာ တင်းတင်း ရင်းရင်း မတိုက်တွန်းခဲ့ပါဘူး၊ အဲဒီအဆောက်အဦးထဲမှာ တစ်ခန်း တစ်ခန်းအတွက် ၁၂၀၀၀/–မျှ ကုန်ကျမည့်အကြောင်း၊ မိမိတို့.သဘောအတိုင်း လှူလိုသမျှ လှူနိုင်တဲ့ အကြောင်းမျှကိုသာ ဖော်ပြကြေငြာခဲ့ပါတယ်။မည်သူက မည်မျှလှူပါလို့.တော့ အလှူမခံခဲ့ မတိုက်တွန်းခဲ့ပါဘူး၊ ဒါပေမယ့် သဒ္ဓါစေတနာ ကောင်းသူတွေက လှူလိုက်ကြတာ ကျောင်းတစ်ဆောင် အတွက်တောင် မကဘူး၊ ၂–ဆောင်အတွက်တောင် ပြည့်စုံသွားပါတယ်။ အဲဒီကိစ္စနှင့်စပ်၍ ဘုန်းကြီးကိုယ်တိုင်က အလှူခံဖို့. မညွှန်ကြားခဲ့ မတိုက်တွန်းခဲ့ဘူး၊ အဖွဲ့ဝင်တာဝန်ဆောင် ပုဂ္ဂိုလ်တွေကလဲ မည်သူ့.ကိုမျှ လှူဖို့.အထူးမတိုက်တွန်းခဲ့ပါဘူး၊ ဒါဟာ မိမိကိုယ်တိုင်က ဝိနည်းနှင့် ဆန့်.ကျင်ပြီး အလှူခံဖို့. မတိုက်တွန်းခဲ့ကြောင်း၊ ဖော်ပြတာပါပဲ၊ ယခုပြောခဲ့တဲ့အတိုင်း မိမိကိုယ်တိုင် အလှူခံရန် မညွှန် ကြားသလိုပင် အရှင်ဘုရားတို့.ကလဲ ကိုယ်တိုင်အလှူမခံခြင်း၊ သူတစ်ပါးအား အလှူခံဖို့. မတိုက်တွန်းပဲ သန့်.ရှင်းစင်ကြယ်စွာ ကျင့်ခြင်းများနှင့် ပြည့်စုံကြလိမ့်မယ်လို့. မျှော်လင့်ပါတယ်။

http://www.dhammadownload.com

နံနက်ပိုင်းဖြစ်စေ၊ မွန်းလွဲပိုင်းဖြစ်စေ မစား၊သင့်တာ မစား၊သုံး ဖို့.လဲ သတိပေး၊ချင်ပါတယ်၊ နံနက်ပိုင်း ဆိုတာက ဘယ်လိုအချိန်ပိုင်း လဲလို့.ဆိုလို့.ရှိရင် အရုဏ်မတက်မီအချိန်မှာ ဆွမ်း၊စား၊ခြင်း၊ကင်း၊အောင် သတိပြုဖို့. ပါပဲ။ အရုဏ်တက်ချိန် ဆိုတာက နေမထွက်မီ နံနက်ပိုင်းမှာ နေရောင်၏အရှိန်ဖြင့် စဉ်းငယ်အနီရောင် ထင်ပေါ်သည့်အချိန်ကို အရုဏ်တက်ချိန်ဟု အသိအမှတ်ပြုရပါသည်၊ ထိုအရုဏ်တက်ချိန် အရောင်ကို **(အဘိဓာန် ၆၅-ဂါထာ၌)သူရသောဒယာတော ပုပ္ပဠိ တရုံသိ သိယာရုဏော**- ထွက်ပေါ်သောနေ၏ ထွက်ခါနီး ရှေးဦးစွာ ထင်ပေါ်သောအရောင်သည် အရုဏ်တက်ရောင် ဖြစ်သည်ဟု ပြဆို ထား၊သည်။ ထို့.ပြင် (အဘိဓာန် ၉၇-ဂါထာ၌)**အရုဏော ကိဠိ ရတ္တောထ**- အနည်း၊ငယ်နီသော အဆင်း၊ရောင်သည် အရုဏ်မည် သည်- ဟူ၍လည်း ပြဆိုထား၊ပါသည်။

အဲဒီစဉ်း၊ငယ်နီသော အရုဏ်ရောင်ဟာ နေမထွက်ခင် ဘယ် အချိန် ထင်ပေါ်သလဲဆိုတော့ - ဂဂ္ဂသံဟိတာဆိုတဲ့ သင်္ကတကျမ်းမှာ "ဒွိနာဠီကာ-ဗမာပြည်မှာ ရှေး၊က အသိအမှတ်ပြုလာခဲ့သည့် သင်္ကတ နာရီအား၊ဖြင့် ၂-နာရီခန့်.မှ စပြီး ပေါ်တယ်လို့." သိရပါတယ်။ ရှေး၊က ဗမာပြည်မှာ အသိအမှတ်ပြုခဲ့တဲ့ အဲဒီသင်္ကတ နာရီတွေဟာ နေ့.ပိုင်း ၃၀၊ ညပိုင်း ၃၀ရှိတယ်၊ ယခု ဗမာပြည်မှာအသိအမှတ်ပြုနေကြတဲ့ အင်္ဂလန် နာရီတွေကတော့ နေ့.ပိုင်း ၁၂နာရီ၊ ညပိုင်း ၁၂-နာရီရှိတယ်၊ ဒါ့ကြောင့် ရှေး၊ကမြန်မာ ၂-နာရီအချိန်ဟာ ယခုနာရီအရအား၊ဖြင့် ၄၈-မိနစ်ဖြစ်တယ်၊ ဒါကြောင့်နေမထွက်ခင် အရုဏ်စတဲက်သည့်အချိန်ကို ရှေး၊က မြန်မာ နာရီ ၄၈-မိနစ်ဖြစ်ပါတယ်။ ဒါပေမယ့်အာရုဏ် တက်ချိန်ကို အာရုဏ်တက်ချိန်အနေဖြင့် အတည်ပြု၍ ဆွမ်း၊စသည်ကို အကပ်ခံပြီး စား၊သုံး၊ရင် အာပတ်မသင့်မှာ ပိုပြီး၊သေချာပါတယ်၊ မိနစ်

http://www.dhammadownload.com

၄၀-ခန်.မှာ ဆွမ်းစသည် အကပ်ခံပြီး စား:သုံ:လျှင်တော့ သာပြီ:သင့်လျော်တယ်လို. ဘုရား:တပည့်တော်က အသိအမှတ်ပြုထား:ပါတယ်။

နေ.စဉ်နေထွက်တဲ့အချိန်ကိုတော့ အင်္ဂလိပ် ၆နာရီမှ ဒီ၆င်ဘာတိုင်အောင် လရက်များမှာ ဖော်ပြထား:တာ ရှိပါတယ်၊ အဲဒီလတွေ ရက်တွေကတော့ နှစ်စဉ်နှစ်တိုင်း ရက်တွေမှာ နေထွက်ချိန်ဟာ တူညီတာကပဲ များ:ပါတယ်၊ နှစ်ဟောင်:ရက်နှင့် နှစ်သစ်ရက်မှာ တစ်ခါတရံ ကွဲပြား:သော်လဲ တစ်မိနစ်- နှစ်မိနစ်လောက်သာ ကွဲပြား:ပါတယ်၊ ဒါ့ကြောင့် အဲဒီ အင်္ဂလိပ် လ၊ ရက်များ နေထွက်ချိန်ကိုသာ အလေး:ပြုပြီး အရဏ်တက်ချိန်ကို အသိအမှတ်ပြုရန် သင့်လျော်ပါတယ်။

ဗမာလ၊ ရက်တွေကတော့ တစ်နှစ်၊ တစ်နှစ်မှာ ၁၁-ရက်လောက် လျော့လျော့နေတဲ့အတွက် ၃-နှစ်ဆိုရင် တစ်လလျော့နေသောကြောင့် ၀ါထပ်ထား:ရတယ်၊ ဒါ့ကြောင့် ၃-နှစ်အတွင်:မှာ ပထမနှစ်က လများနှင့် ဒုတိယ၊ တတိယနှစ်ကလများ ရက်တွေမှာ နေထွက်ပုံခြင်: ကွဲပြား:နေပါတယ်။ ၃-ကြိမ်လောက် ၀ါထပ်ပြီး:တဲ့အခါ ၂-နှစ်လောက်မျှဖြင့် ရက် ၃၀-မျှ လျှော့နေသောကြောင့် ၀ါထပ်ရတာလဲရှိသည်။ ဒီလို ၀ါထပ်ရတာကို ဆင်ခြင်ကြည့်လျှင် ၀ါထပ်ပြီး နောက် ၂-လ၊ ၃-လ စသည်မှာ နေထွက်ချိန် ၁-ရက်၊ ၂-ရက်စသည် နောက်ကျနေကြောင်: ထင်ရှား:သိနိုင်ပါသည်။ သို.ဖြစ်၍ ရက်အပြောင်:အလဲ အလွန်နည်:သော အင်္ဂလိပ်လ ရက်များ၌ ပြထား:တဲ့ နေထွက်ချိန် နာရီ မိနစ်များကိုသာ အထူ: သတိပြုပြီ:တော့ နေမထွက်မီ ၄၈-မိနစ်ထက် စော၍ အရဏ်မတက်ဟု သိမှတ်သင့်ပါသည်၊ နေမထွက်မီ ၄၅-မိနစ်စသည်နောက်ကျမှ အရဏ်တက်သည်ဟု မှတ်ယူ၍ စား:သုံ:

http://www.dhammadownload.com

လျှင် သာ၍ သင့်လျော်ပါသည်။ မိနစ် ၄၀-ကျမှ ဆိုလျှင် အသင့်လျော်ဆုံးပါဘဲ။

ယခုနေအခါ ဗမာပြည် ဒိုင်ယာရီမှတ်တမ်းတွင် နေထွက်ချိန်ကို ဖော်ပြထားသည်မှာ ဗမာပြည်အလယ်ပိုင်းနှင့်သာ အတိအကျဖြစ်တယ်၊ ဗမာပြည်အလယ်ပိုင်းမှ အရှေ့ဖက်များမှာ မိုင်တစ်ရာ နှစ်ရာစသည် ကွာခြားရာ၌ နေထွက်ချိန်ဟာ ငါးမိနစ်၊ဆယ်မိနစ် စသည် စောပါတယ်၊ နောက်ပိုင်းမှာ အလယ်ပိုင်းထက် ငါးမိနစ် ဆယ်မိနစ် စသည် နောက်ကျပါတယ်။ အလယ်ပိုင်းမှ မြောက်ပိုင်းမှာ နွေရာသီ၌ နေထွက်ချိန် အနည်းငယ်စောတတ်သည်။ တောင်ပိုင်းမှာ အနည်းငယ်နောက်ကျတတ်သည်။ ဆောင်းရာသီမှာတော့ တောင်ပိုင်းမှာ နေထွက်ချိန် အနည်းငယ်စော၍ မြောက်ပိုင်းမှာ အနည်းငယ် နောက်ကျတတ်ပါသည်။ အဲဒါလဲ အထူးသတိပြု စဉ်းစားသင့်ပါတယ်။

ဘုရားတပည့်တော်ဟာ တရားအားထုတ်ရန်အတွက် ၁၂၉၃-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက်က မော်လမြိုင်တောင်ဝိုင်းကလေးမှ ထွက်လာခဲ့ပါတယ်။ မြို့ရွာ ဌာနပေါင်း(၁၀)လောက်မှာ နေထိုင်စုံစမ်းခဲ့ပြီးတော့မှ သထုံမြို့ ဇေတဝန် ဆရာတော်ဘုရားကြီးထံမှာ စပြီး တရားအားထုတ်လာခဲ့ပါတယ်။ အဲဒီဌာနမရောက်သေးခင်က ပြာသိုလထဲမှာ ကျိုက်ထိုမြို့မှ ကျိုက်ထီးရိုးစေတီတော်ကို တစ်ညလောက်နေပြီး ပူဇော်ကန်တော့ခဲ့ပါတယ်။ အဲဒီအခါတုံးက နံနက် ၃ နာရီအချိန်မှာ အဲဒဌာန၌ တာဝန်ထမ်းဆောင်နေတဲ့ ရဟန်းတော်က "အရှဏ်တက်ပြီး ဆွမ်းခံကြွကြပါ"လို့ ကြေငြာပါတယ်။ အဲဒီတုန်းက အင်္ဂလိပ်လအားဖြင့် ဖေဖော်ဝါရီလ အတွင်းဖြစ်၍ နေထွက်ချိန်ဟာ ၆-နာရီနှင့် ၃၆-မိနစ်နှင့် ၂၁ မိနစ်အတွင်းလောက်သာဖြစ်ပါလိမ့်မယ်၊ အဲဒီတော့ အရှဏ်တက်ချိန်ကလဲ အစောဆုံးမှာ ၅-နာရီနဲ့ ၄၉-မိနစ်အချိန်

http://www.dhammadownload.com

သာ အစောဆုံး အရဏ်တက်ချိန်ဖြစ်သင့်ပါတယ်။ ဒါကြောင့် ဘုရား တပည့်တော်ကတော့ အဲဒီတုန်းက နံနက် ၃-နာရီအချိန်မှာ အရဏ် တက်တယ်လို့ မယုံကြည်ခဲ့ပါဘူး၊ ဒါပေမယ့် အဲဒီအချိန်မှာ ဆွမ်းခံ မသွားယင်တော့ စားစရာရှိမှာမဟုတ်ဘူးလို့ ဆင်ခြင်ပြီးတော့ အခြား ရဟန်းတော်များက ဆွမ်းခံကြွသလိုပဲ တပည့်တော်ကလဲ မလွဲသာလို့ ကြွရပါတယ်။ ဆွမ်းခံပြီး လာရတဲ့ဆွမ်းကိုတော့ အရဏ်မတက်သေး ခင် အကပ်ခံထားတာဖြစ်သောကြောင့် အရဏ်မတက်ခင်ကသာ မဟုတ်ဘူး၊ အရဏ်တက်ပြီးတော့လဲ ရဟန်းမှာ မစားမသုံးသင့်ဘူး လို့ ယူဆပြီးတော့ မိမိအနီးမှာရှိနေတဲ့ ဒကာတစ်ဦးထံမှာ စွန့်လိုက်ပါ တယ်။ အဲဒီဒကာက အရဏ်တက်တဲ့အခါမှာ စေတနာကောင်း ကောင်းနဲ့ မိမိထံ ရှိသေစွာပြန်ကပ်လှူပါတယ်၊ အဲဒါကိုတော့ ဒကာက လှူတဲ့ပစ္စည်းအဖြစ်နဲ့ ယူဆပြီးတော့ စားသုံးခဲ့ရပါတယ်။ အဲဒါမျိုး ကိုတော့ အပြစ်မရှိဘူးလို့ ဘုရားတပည့်တော်က ယုံကြည်ယူဆပါ တယ်။ အရဏ်မတက်ခင်က အကပ်ခံထားတဲ့ စားသုံးဖွယ်ကို မစွန့်ပဲ နှင့် အရဏ်တက်အခါမှာ သုံးဆောင်ယင်တော့ မအပ်စပ်ဘူး၊ အာပတ် သင့်တယ်လို့ ယုံကြည်ယူဆပါတယ်။ သို့ဖြစ်သောကြောင့် **အဲဒီလို အရဏ်မတက်ခင်က အကပ်ခံပြီး မစားမသုံးသင့်ဘူးဆိုတာလဲ အသိ အမှတ်ပြုထားသင့်ကြပါတယ်။**

အင်္ဂလိပ်လ ရက်ထဲမှာ ဇန်နဝါရီလ ၁၀-ရက်မှ ၂၄-ရက် အထိ ၁၅-ရက်အတွင်း၌ နေထွက်ချိန်ကို ဖော်ပြထားတာဟာ ၆-နာရီနှင့် ၃၀-မိနစ်လို့ အများအားဖြင့် တွေ့ရပါတယ်။ အဲဒီမှာ အရဏ် တက်ချိန်က ၄၈-မိနစ်စောယူလျှင် အဲဒီ ၁၅-ရက်အတွင်းမှာ ၆-နာရီ မတိုင်ခင် ၁၀-မိနစ်ကစပြီး အရဏ်တက်တယ်လို့ ယူရုံပဲ၊ ၃-မိနစ် လောက်လျှော့ပြီး ယူယင်တော့ သာပြီးသင့်လျော်ပါတယ်။ အဲဒါဟာ

http://www.dhammadownload.com

နေထွက်ချိန်ကို နောက်အကျဆုံးရက်များ၌ အရုဏ်တက်ချိန်ယူပုံပါပဲ၊ နေထွက်ချိန်အစောဆုံးကတော့ မေလ ၂၇-ရက်မှ ဇွန်လ ၁၆-ရက် အထိ ရက်ပေါင်း ၂၁ ၌ ၅-နာရီနှင့် မိနစ် ၂၀-မှာဖြစ်ပါတယ်။ အဲဒီ မေလနှင့် ဇွန်လ ၂၁-ရက်မှာ အရုဏ်တက်ချိန်ကတော့ နေမထွက်မီ ၄၈-မိနစ်ဆိုတော့ ၅-နာရီမတီးမီ ၂၈-မိနစ် (၄-နာရီ ၃၃-မိနစ်) အချိန်ဖြစ်ပါသည်။ အဲဒါကတော့ အရုဏ်တက်ချိန်အစောဆုံးပါပဲ။ အဲဒီရက်များမှာလည်း ၄-နာရီ၊ ၃၅-မိနစ်မှာ စားသုံးဖွယ်အကပ်ခံပြီး စားသုံးယင် သာပြီးသင့်လျော်ပါတယ်။ မတ်လ ၂၅/ ၂၆/ ၂၇ ရက်များမှာတော့ နေထွက်ချိန်ကို ၅-နာရီ၊ ၅၉-မိနစ်လို့ ပြထားပါတယ်၊ အောက်တိုဘာလ ၂၄/ ၂၅/ ၂၆ ရက်များမှာလဲ နေထွက်ချိန်ကို ၅-နာရီ၊ ၅၈-မိနစ်လို့ ပြထားပါတယ်။ အဲဒီ ၂-လမှာ အဲဒီရက်တွေကတော့ နေထွက်ချိန် အလယ် အလတ်ဖြစ်၍ အရုဏ်တက်ချိန်လဲ အလယ်အလတ်ဖြစ်တယ်လို့ အသိအမှတ်ပြုထားသင့်ပါတယ်။

တခြား လ-ရက် တွေမှာလည်း နေထွက် နေဝင်ပုံကို သိရအောင် ၁၉၈၁-ခုနှစ်အတွင်း၊ အင်္ဂလိပ်လ ရက်များမှာ ဖော်ပြထားတဲ့ နေထွက်ချိန် နေဝင်ချိန်ကိုလည်း အသိအမှတ်ပြုကြရအောင် စာရွက် ၂-ခုနှင့် ဖော်ပြထားစေပါမည်။

တစ်ချို့က နေမွန်းလွဲနေတဲ့ ညနေခင်းအချိန်မှာ လဘက်ရည်တို့၊ မုန့်စသည်ပါဝင်သော ဖျော်ရည်တို့ လီမွန်ဗာလီတို့ ဒီလိုမတော်မသင့်တာတွေကို ဘေသဇ္ဇလို့ သဘောထားပြီး စားသုံးနေကြတာလဲ ရှိပါတယ်။ အဲဒီလို ဘေသဇ္ဇသတ္တာဟာ ကာလိကမျိုး မဟုတ်တာတွေကို မသုံးဆောင်ပဲ ကြဉ်သင့်ပါတယ်၊ သတိပဋ္ဌာန် ကမ္မဋ္ဌာနာစရိယတွေ သတိပဋ္ဌာန် ရှုနည်းကို အလေးပြုနေတဲ့ ရဟန်းတွေမှာတော့ အဲဒီလို မတော်မသင့်တာတွေ ကင်းနေတယ်လို့ ယုံကြည်ပါတယ်။

http://www.dhammadownload.com

အသုဘစျာပနကိစ္စများနှင့်စပ်၍ အတီးအမှုတ် အကအဆို ပွဲလမ်းကျင်းပတာတွေက တော်တော်များများပင် ရှိတတ်ကြပါတယ်။ အဲဒီလိုဟာကို ရဟန်းများမှာ မကျင်းပသင့် မပြုသင့် မကြည့်ရှုသင့် နားမထောင်သင့်ပါဘူး၊ ဒါပေမယ့် ဘုန်းကြီးတဲ့ ရဟန်းတော်များ ကွယ်လွန်သွားတဲ့အခါမှာ တပည့်ရဟန်းများကရော၊ ဒကာတွေကရော ပွဲလမ်းသဘင်တွေ ကျင်းပပြီး ပူဇော်ပွဲတွေ ပြုလုပ်တတ်ကြပါတယ်။ ဝိနည်း သိက္ခာပုဒ်ကို ရိုသေတဲ့သူတွေ ဘာဝနာကို အလေးအမြတ်ပြုတဲ့ သူတွေကတော့ **ဒီပွဲလမ်းမျိုးကို မပြုသင့်ပါဘူး၊ ကြည့်ရှု နားထောင်ရန်လည်း မသင့်ပါဘူး၊ ဒါကြောင့် အဲဒီပွဲလမ်းမျိုးကို ကိုယ်တိုင်လဲ မပြုဖို့၊ သူများကပြုလုပ်နေရာမှာလည်း သွားမကြည့်ဖို့ အားမပေးဖို့ သတိပေးလိုက်ပါတယ်။**

နောက်ပြီးတော့ တစ်ခြားဌာနများက အဆင်း အသံဖမ်းယူလာတဲ့ တိတ်ခွေ စသည်များဖြင့်လဲ ကမ္မဋ္ဌာန်းရိပ်သာဌာနအတွင်းမှာ ဖွင့်ပြခြင်း၊ ကြည့်ရှုနားထောင်ခြင်းများကို မပြုမလုပ်ကြသင့်ကြောင်း သတိပေးပါတယ်၊ မဟာစည်သတိပဋ္ဌာန်နည်းအရ အားထုတ်ထားတဲ့ ရဟန်းများကတော့ အဲဒါမျိုးတွေ မပြုလုပ်ပေးဘူးလို့လဲ ယုံကြည်ပါတယ်။

နောက်တစ်ခုကတော့ သူတစ်ပါးကို ကဲ့ရဲ့အပြစ်တင်ပြီး ပြောယင် အပြစ်တင်ခံရတဲ့ သူမှာ စိတ်မချမ်းမသာဖြစ်ပြီး ပင်ပန်းဆင်းရဲတတ်ပါတယ်။ ဒါကြောင့် အဲဒီလို အပြစ်တင်ခြင်းမျိုးကိုလဲ မပြုလုပ်ဘဲ ကြဉ်ရှောင်သင့်ပါတယ်၊ မတော်မသင့်ပြုလုပ်နေသူကို သတိပေးသင့်ယင်တော့ သူတစ်ပါးအားမပြောပြဘဲ ပြောသင့်သူအား သာလျင် ချိုသာစွာပြောပြပြီး စောင့်ရှောက်သည့်အနေဖြင့် သာသာ

http://www.dhammadownload.com

ယာယာသတိပေးရုံမျှသာ သတိပေးသင့်ပါတယ်။ တရားဟောတဲ့ အခါမှာလဲ အပြစ်ရှိသူတွေကို မဖော်ပြဘဲ မတော်မသင့်ပြုမူ ပြောမှုများကိုသာ ပြောပြသင့်ပါတယ်။ ဒါလောက်ဆိုယင် သြဝါဒပေးရန်မှာ ပြည့်စုံလောက်ပါပြီ။

နောင်နှစ်အတွက် နှစ်ပတ်လည်ပူဇော်ပွဲကတော့ ၁၃၄၄-ခုနှစ်၊ နတ်တော်လဆန်း(၄)ရက်၊ တနင်္ဂနွေနေ့ဖြစ်ပါတယ်။ နတ်တော်လ မပြည့်မီ အစောကြီး အသိအမှတ်ပြုထားရတာက ဘာကြောင့်လဲဆိုတော့ တိပိဋကတ်စာပြန်ပွဲ၊ စာမေးပွဲ စပြီးကျင်ပမည့်နေ့ရက်က ဒီဇင်ဘာ ၂၆-ရက်၊ တနင်္ဂနွေနေ့ (နတ်တော်လဆန်း ၁၁-ရက်နေ့) ဖြစ်မှာကြောင့် အဲဒီရက်မတိုင်မှ ပြီးစီးရအောင်လို့ လမပြည့်ခင် စောစောရက်သတ်မှတ်ထားရခြင်း ဖြစ်ပါတယ်။ တိပိဋကတ်စာပြန်ပွဲ စာမေးပွဲ စပြီးကျင်းပနေကြရက်က နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ နောက်ဆုံး တနင်္ဂနွေဖြစ်ပါတယ်။ ယခုရက်သတ်မှတ်တဲ့ ၁၉၈၂-ခုနှစ်မှာတော့ အဲဒီ ဒီဇင်ဘာလ နောက်ဆုံး တနင်္ဂနွေနေ့က နတ်တော်လဆန်း ၁၁-ရက်နေ့ ဖြစ်သောကြောင့် အဲဒီရက်မှ (၇)ရက် ရွှေ့ကျတဲ့ တနင်္ဂနွေဟာ နတ်တော်လဆန်း(၄)ရက်နေ့ ဖြစ်သောကြောင့် အဲဒီရက်ကို နှစ်ပတ်လည်ပူဇော်ပွဲနေ့အဖြစ် ကျင်းပရန် ယခုသတ်မှတ်ထားတဲ့ အတိုင်း ပြောပြထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ၁၃၄၄-ခုနှစ်၌ အဲဒီ နှစ်ပတ်လည်ပူဇော်ပွဲအတွက် ကြွရောက်လာကြပြီး သာသနာပြုကိစ္စ ဆောင်ရွက်ကြမည့် အရှင်မြတ်တို့ဟာ ယခုကပင်သိမှတ်ထားပြီး ထိုရက်မတိုင်မီ စောစောပိုင်းကတည်းက အဆင်သင့်ပြုစု စီစဉ်ထားကြဖို့ပါပဲ။

http://www.dhammadownload.com

ယခု ရှေ့နားပိုင်းက ပြောပြခဲ့တဲ့ သြဝါဒစကားတွေကတော့ သာသနာရေးနှင့်ပတ်သက်ပြီး အရှင်ဘုရားတို့ ရှေးက ဆောင်ရွက်လာကြသလို နောင်လဲ အလားတူပင် စောင့်ရှောက် ဆောင်ရွက်သွားကြဖို့ပါပဲ။

သို့ဖြစ်၍ ဘုရားတပည့်တော် ယခုထပ်မံ၍ သတိပေး ပြောပြခဲ့သည့်အတိုင်း လိုက်နာကျင့်သုံး ပြုစုနိုင်ကြသဖြင့် မြတ်စွာဘုရား၏ သာသနာတော် တိုးတက် ကြီးပွားပါစေ၊ မိမိတို့လည်း ဘေးရန်အန္တရာယ် ဟူသမျှမှ ကင်းပြီးတော့ ကိုယ်စိတ်နှစ်ဖြာ အလိုရှိတိုင်း တိုးတက်ချမ်းသာကြပါစေ။

သာဓု ..... သာဓု ..... သာဓု .....

http://www.dhammadownload.com

အနုန္တဂုဏ်အင်ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော
ဩဝါဒကထာ

- သာသနာတော်၏ မဆုတ်ယုတ်ရေး၊ တိုးတက်ရေးကို တကယ်တမ်း အလေးပြုတော်မူကြသော ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်မြတ်တို့သည် နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ အလုံးစုံသော ဘုရားတရားတော်တို့ကို သဘာဝကျကျ စေ့ငှစုံလင်စွာတတ်သိ အောင်လေ့လာခြင်း၊ သင်ကြားပေးခြင်းစသည်ဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တော်မူကြရမည်။

- ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်မြတ်တို့သည်လည်း မိမိတို့၏ တာဝန်ဖြစ်သော ပဋိပတ္တိဆိုင်ရာ ကျင့်ဝတ်ဟူသမျှကို ဆင်ခြေကန်၍ ငြင်းပယ်ရှောင်ရှားခြင်း၊ ခိုကပ်ခြင်း အလျင်းမရှိမူ၍ အင်အားရှိသမျှ ပြည့်ပြည့်ဝဝကြီး ကျင့်ဆောင်တော် မူသွားကြရမည်။

- သာသနာတော်၏ ဂုဏ်ကျက်သရေကို သိသိသာသာကြီးတိုးတက်စေမည်ဟု နှလုံးသွင်းဆောက်တည်ကာ ပြည့်စုံစွာကျင့်ဆောင်ကြလျက် ပဋိပတ္တိသာသနာတော်ကြီးကို အစွမ်းကုန် မြှင့်တင်တော်မူကြရန် ဆရာတော်က ဩဝါဒစကားဖြင့် လေးနက်စွာ မှာကြားအပ်ပါသည်။

၁၃၄၁-ခုနှစ်
တော်သလင်းလဆန်း (၁၅)နေ့
(၃. ၉. ၁၉၅၂)

အရှင်သောဘန
မဟာစည်ဆရာတော်
မဟာစည်သာသနာ့ရိပ်သာ